www.burmeseclassic.com

ရွှေပဒေသာစာပေ

လှိုင်းကြာဖြူ (လားရှိုး)

# ကြယ်ပန်းတစ်စင်း .. လမင်းတာရာ ...




( အချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇ဖေဖော်ဝါရီလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၁၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက္ကဆံလမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက္ကဆံလမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၁.၈၃

လှိုင်းကြာဖြူ (လားရှိုး)
ကြယ်ပန်းတစ်စင်း လမင်းတာရာ/လှိုင်းကြာဖြူ(လားရှိုး)–ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇။
၂၈၇ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) ကြယ်ပန်းတစ်စင်း လမင်းတာရာ

# ကြယ်ပန်းတစ်စင်း လမင်းတာရာ

လှိုင်းကြာဖြူ (လားရှိုး)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

လေးလုံးထိုးထော်လာဂျီတစ်စီးသည် မြေနီလမ်းထက်၌ အိပ့်အိပ့် မောင်းနှင်လာသည်။ ရာသီဥတု ပွင့်လင်းသာယာမှုရှိလျှင် ဤလမ်းသည် ဖုန်မှုန့်များ ထောင်းထောင်းထလျက် ထော်လာဂျီပေါ်တွင် လိုက်ပါလာသူများကို မျောက်နီများဖြစ်အောင် စွမ်းဆောင်နိုင်လေသည်။

ချော်နေသည့်လမ်းပေါ်တွင် ထော်လာဂျီကို အရှိန်ကြီးကြီး မောင်းရှိမ်ရပါ။ လမ်းကကျဉ်းပြီး ဘေးတစ်ဖက်တစ်ချက်တွင် တောင်များ၊ ချောက်များက အသည်းယားဖွယ်တည်ရှိနေသဖြင့် သတိထား



www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်ကာမှ တော်ကာကျပေမည်။

ဤလမ်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့မှ 'တောင်ကျော်ရွာ' သို့ သွားသောလမ်း ဖြစ်သည်။

"ဟော ... ထော်လာဂျီက နေ့ရတဲ့အထဲ ဘာလို့ရပ်သွားတာလဲ"

ထော်လာဂျီရပ်သွားသဖြင့် ပဲ့ထည်းပစ္စယများကြားတွင် ဖြစ်သလို ထိုင်နေရသော ကလေးများကြားမှ လူတစ်ယောက်က အော်မေးလိုက်ခြင်း ဖြစ်သည်။

"ဆရာ ... ကျွန်တော်တို့ ဒီမှာပဲ ညအိပ်ရတော့မယ် ထင်တယ်ဗျို့"

"ဘာဖြစ်လို့လဲဗျ"

"ရှေ့မှာ သစ်ပင်တစ်ပင်လဲနေတယ်ဗျာ။ လမ်းတွေပိတ်နေတယ်။ လွန်းကျောက်တို့တောင် ထိုင်နေကြတယ်"

နိုင်မင်းစိုးက ထော်လာဂျီနောက်ပိုင်းဘက်သို့ လျှောက်လာပြီး ပြောသဖြင့် ဆရာဆိုသူက ထော်လာဂျီပေါ်မှ ခဲရာခဲဆစ်ဆင်း၍ ထော်လာဂျီရှေ့ဘက်သို့ ကြည့်လိုက်မိသည်။ ဆရာရဲ့နောက်မှ အသက်ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ်ကလေးများလည်း ဆင်းလာသည်။





ကျောင်းကလေးများဖြစ်သည်။ နေလောင်ထားသည့် အသားများမှာ ညိုမည်းနေသည်။

သို့သော် ရုပ်ကလေးများမှာ တိုင်းရင်းသားများပီပီ ဖြူဖြူစင်စင် ရိုးရိုးသားသားပင် ဖြစ်သည်။

"လွန်းကျောက် ဘယ်လိုလုပ်မလဲ"

မနေ့ညက မိုးသည်းသည်းမည်းမည်း ရွာထားခြင်းကြောင့် သစ်ပင်ကြီးလဲနေခြင်းဖြစ်သည်။ နမ့်ဆန်သို့အသွားတုန်းက မလဲသေးချေ။

သစ်ပင်ကြီးက နှစ်ချို့သစ်ပင်ကြီးဖြစ်ကာ အခြေမခိုင်တော့သဖြင့် ရေစီးအဟုန်၊ မိုးအဟုန်တို့ကြောင့် အမြစ်မှကျွတ်ခြင်းဖြစ်နိုင်သည်။ လမ်းကို ကန့်လန့်ပိတ်ကာ လဲနေခြင်းကြောင့် အားလုံး စိတ်ပျက်လက်ပျက်ရှိနေသည်။

"ဇွဲ ... ဘယ်လိုလုပ်မလဲ ဆရာရယ်။ ထော်လာဂျီတွေ သွားလို့မရမှတော့ ရွာအထိ ဒီသစ်ပင်ကိုကျော်ပြီး ခြေလျင်သွားဖို့ပဲ ရှိတော့တယ်"

အသိဉာဏ်မကြွယ်သော တိုင်းရင်းသားများဖြစ်သဖြင့် ဉာဏ်မတွေ့ဘဲ လူပင်ပန်းမည့်နည်းလမ်းကိုသာ စဉ်းစားမိတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာမှ တောင်ကျော်ရွာသို့ ခြေလျင်လျှောက်ဖို့ဆိုသည်မှာ မလွယ်ကူလှချေ။

ရိုးသားနုံချာလှသည့် လူများကို အပြစ်မတင်ချင်ပါ။ ပြောရမည်ဆိုလျှင် ဤလူများထဲ၌ သူသာ ဘာမှမပြောဘဲ ငြိမ်နေလျှင် အားလုံး လမ်းပိတ်နေသည့် သစ်ပင်ကြီးကို ဖယ်ရှားဖို့ထက် ခြေလျင်သွားဖို့သာ ရွေးချယ်ပေလိမ့်မည်။ ထို့ကြောင့် –

"အဲဒီလို ဘယ်ဖြစ်မလဲ။ ဒီမှာလည်း လူအင်အားအများကြီး ရှိနေတာပဲ။ ဒီသစ်ပင်ကိုဖယ်ဖို့ ကျွန်တော်တို့ ကြိုးစားရမှာပေါ့"

သူ့စကားအဆုံးတွင် ထိုင်နေကြသော လူအုများသည် မျက်နှာအမူအယာအမျိုးမျိုးဖြစ်လျက် ဘာသာစကားဖြင့် ညည်းညူနေကြသည်။ သို့သော် သူ့စကားကိုလည်း ပယ်ရှားရဲဟန်မတူချေ။ တစ်ယောက်က မတ်တတ်ထရပ်၍ –

"ဖယ်မယ်ဆိုရင် ဘာနဲ့ဖယ်မလဲဆရာ။ ဒီသစ်ပင်ကို ဖယ်ဖို့ ကြိုးစားနေချိန် အိမ်ရောက်လောက်ပြီထင်တယ်"

"မပူပါနဲ့၊ အဓိက,က ခင်များတို့တစ်တွေ တက်ညီလက်ညီ လုပ်ဖို့ပါပဲ"

သူက ထိုစကားပြောပြီး လွန်းကျောက်ရဲ့ဆိုင်ကယ်ဖြင့်





နိုင်မင်းစိုးအား 'နမ့်ဆန်' သို့ ပြန်သွားခိုင်းသည်။ အသိတစ်ယောက်အိမ်မှ ဓား၊ လွှများ လုံလောက်စွာယူခိုင်းသည်။ ကျန်ခဲ့သည့်သူတို့ကတော့ နိုင်မင်းစိုး၏ ကားပေါ်မှာပါသည့် ဓားမများဖြင့် သစ်ကိုင်းများကို ခုတ်ဖဲ့ကြသည်။

"ဆရာ ... ခဏနားပါ၊ ကျွန်တော်တို့ လုပ်ပါ့မယ်"

ကျောင်းသားကြီးတစ်ယောက်က ပြောပေမယ့် သူ မနားပါ။ ကျောင်းသားကလည်း ဆက်မပြောရဲတော့ပေ။ သူတို့ဆရာသည် ကျောင်းသားများကို နိုင်း၍ အခန့်သင့်နေတတ်သော လူတစ်ယောက် မဟုတ်မှန်း သူတို့ သိလေသည်။

နာရီဝက်တစ်နာရီခန့်ကြာသောအခါ နိုင်မင်းစိုး ပြန်ရောက်လာသည်။ ခုတ်ထစ်ဖို့ပစ္စည်းများကလည်း စုံမှစုံ။ သူ့နောက်တွင် ဆိုင်ကယ်နှစ်စီးနှင့် လူလေးယောက်ပါလာသည်။

"စိုင်းအိုက်တို့ဆိုင်က ကူဖို့လူထည့်ပေးလိုက်တယ်ဆရာ။ လူနည်းရင် အလုပ်မတွင်မှာစိုးလို့တဲ့"

စိုင်းအိုက်ဆိုသူမှာ နမ့်ဆန်ဈေးထဲတွင် ကုန်စုံဆိုင်ဖွင့်ထားသောသူဖြစ်သည်။ သူတို့ရွာ၌ ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ လိုအပ်သမျှ သူ့ဆိုင်ပဲ အားပေးနေသဖြင့် သူတို့အပေါ် ကျေးဇူးတင်နေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ သစ်ပင်ကြီးကို တွန်းရွှေ့ဖယ်ရှားနိုင်လောက်သည့် အနေအထားကို ဓားဖြင့်မှတ်၍ အားကောင်းမောင်းသန် ယောက်ျားများက သစ်တုံး၏ ဟိုဘက်တစ်ဖက် ဒီဘက်တစ်ဖက်ထိုင်၍ လွှဖြင့် ဆွဲကြသည်။

ခပ်စောစောက ညည်းညူနေကြသော လွှများမှာ ယခုတော့လည်း လွှများကို သူ့ဘက်ကိုယ့်ဘက် ဟန်ချက်ညီညီ တွန်းလိုက်၊ ဆွဲလိုက်ဖြင့် စကားများပြောနေကြသည်။ ပလောင်စကားသည် မြန်လည်းမြန်သည်။ ကျယ်လည်းကျယ်သည်။ ရယ်လျှင် ပါးစပ်များကို အစွမ်းကုန်ဖွင့်၍ ရယ်ကြသည်။

ကွမ်းကျိုးများဖြင့် မည်းနေသော သွားများ အစီအရီ ပေါ်လာတတ်သည်။ ပလောင်အင်္ကျီအနက်ကို ရင်ဖွင့်ဝတ်ထားလျက် အတွင်း၌ ဖွပ်ကျယ်များမှာ အရောင်အဆင်းမဲ့ကာ မည်းညစ်နေသည်။

ဆရာဆိုသူကိုယ်တိုင်က တစ်ခါတလေ ပလောင်လို ဝင်ပြောရင်း ရယ်တတ်သည်။

အမှန်တော့ ထိုဆရာမှာ ဗမာစစ်စစ်ဖြစ်၏။ 'တောင်ကျော်ရွာ' မှာနေတာကြာပြီမို့ ပလောင်တစ်ယောက်နှင့်ပင် တူနေတော့သည်။ ကြာလာသောအခါ လွှတိုက်နေကြသူများ လက်ပန်းကျလာကြသည်။





တုံးကြီးက နည်းသည့်တုံး မဟုတ်ချေ။ အဖျားပိုင်းက ပြတ်သွားသည်။ ဆော်ချောင်းသားများက ထိုအဖျားပိုင်းကို ချောက်ထဲသို့ တွန်းချလိုက်သည်။

ထိုစဉ် တောင်ပေါ်သုံးဂျစ်ကားတစ်စီးရဲ့အသံကို ကြားရသဖြင့် လွှဆွဲနေသူများသည် လှည့်ကြည့်ကြသည်။ လမ်းပိတ်နေတာကို မြင်သဖြင့် ဂျစ်ကားသည်ရပ်သွားသည်။ ကားပေါ်မှ အသက်အရွယ်ရသော လူကြီးတစ်ယောက်ဆင်းပြီး သူတို့အနီးသို့ လျှောက်လာသည်။

"လမ်းပိတ်နေတာကို။ ဦးလေးတို့ကော ကူညီပါရစေ"

"နေပါစေ ဦးလေး။ ဒါ ကျွန်တော်တို့လုပ်နေကျအလုပ်တွေပါ"

ထိုလူကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ချွေးများရွှဲနစ်နေသော လူများကိုကြည့်နေ၏။ အားလုံးပြတ်ပြီးသောအခါ ဝမ်းသာအားရဖြင့် အော်ရယ်ကြသည်။ သုံးနာရီနီးပါး မနားမနေဆွဲခဲ့ရသဖြင့် ပြတ်ပြီးသားတုံးများကို မဖယ်နိုင်သေးဘဲ ခဏအမောဖြေကြသည်။

"မောင်ရင် အမောဖြေစားပါဦး"

ဘီစကွတ်ထုပ်များကိုတစ်လှည့်၊ ကမ်းပေးလာသော လူကြီးကိုတစ်လှည့် အပြန်အလှန်ကြည့်ပြီး တစ်ခုခုပြောဖို့ပြင်စဉ် –



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ၊ ဦးလေးလို့ ပြောဦးမလို့လား မောင်ရင်၊ ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြတဲ့ မောင်ရင်တို့တစ်တွေကို ကျေးဇူးတင်လို့ပါ။ မောင်ရင်တို့သာ ဒီလိုမဖယ်ဘူးဆိုရင် ဒီသစ်ပင်ကြီးကြောင့် ဘယ်သူမှ ရှေ့ဆက်သွားလို့ရမှာ မဟုတ်ဘူး။ ဒီညအမီ ဦးလေးတို့ တောင်ကျော်ကို သွားရမှာလေ"

"တောင်ကျော် ဟုတ်လား။ ကျွန်တော်တို့ကလည်း တောင်ကျော်ကပဲဗျ"

ရွာသားများသည် သူနှင့် လူကြီး အပြန်အလှန်ပြောနေသည့် စကားများကို နားထောင်နေကြသည်။ ကားပေါ်၌ ကျန်နေသောလူများက နှစ်ယောက် သုံးယောက်ပေါင်း၍ သစ်တုံးကြီးများကို ချောက်ထဲသို့ တွန်းချဖို့ ကြိုးစားနေကြသည်။

"ဟာ . . . ကျွန်တော်တို့လုပ်မှာပေါ့။ ဦးရဲ့လူတွေကို ပြောပါဦး"

လူကြီးက လက်ကာပြကာ –

"ရပါတယ် လုပ်ပါစေ၊ ဦးလေးတို့က သတ္တုတွင်းဝန်ထမ်းတွေလေ။ မောင်ရင်က"

"ကျွန်တော်က တောင်ကျော်ရွာက ကျောင်းဆရာပါ"





သူသည် စကားစဖြတ်ပြီး သူ့လူများကို အချက်ပေး၍ သစ်တုံးများကို ရွှေ့ဖို့ ထလိုက်သည်။ နောက်ဆုံးတော့ လမ်းပေါ်တွင် ပိတ်နေသည့် သစ်တုံးများသာမက သစ်ရွက်များပါအားလုံး ရှင်းလင်းသွားပြီးလေပြီ။ သူ့ ဂျစ်ကားပေါ်မှ လူကြီးကို နှုတ်ဆက်ပြီး လှည့်ထွက်လာသည်။

"ဟိုး ခင်ဗျား . . . သက်ဝေလင်း မဟုတ်လား"

"စိုင်းထွန်းအေး"

စိုင်းထွန်းအေးမှာ သူငယ်ချင်းဖြစ်သူ သက်ဝေလင်းအား မယုံကြည်နိုင်စွာ ကြည့်နေမိသည်။ တစ်ချိန်က မင်းသားလို ဖြူဖြူချောချော သူငယ်ချင်း၊ ယခု အသားများညိုမည်းကာ အဝတ်အစားများမှာ ဖြစ်သလို ဝတ်ထားသည်။ ဖျက်ပြီးပြန်လုပ်လိုက်သည့် အရုပ်တစ်ရုပ်နှင့်ပင် တူနေသေးသည်။ စိုင်းထွန်းအေးသည် အံ့ဩသောလေသံဖြင့် –

"မင်း ဘယ်လိုလုပ်လိုက်တာလဲကွာ။ စာမေးပွဲဖြေမယ်ဆိုပြီး ထွက်သွားလိုက်တာ (၅) နှစ်တောင်ရှိတော့မယ်။ ဘာတွေ ဒီလောက် စိုင်းထားနေတာလဲ။ စာလေးတစ်စောင်တောင် ရောက်မလာခဲ့ဘူး။ အခုတော့ ဒီလောက်ခေါင်တဲ့နေရာမှာ ဘယ်လိုရောက်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ မင်းပုံစံက အလည်သက်သက်လာတဲ့ပုံလည်း မပေါက်ပါဘူး။ ဆရာမ မင်းကို စောင့်မျှော်နေတာ မင်း မသိဘူးလား"

တောင်ကျော်ရွာမှ ရွာသူရွာသားများသည် ငြိမ်သည်လူစိမ်းနှင့် သူတို့ဆရာကို ငေးကြည့်နေကြသည်။ သူ့မှာကတော့ အသိချင်ဆုံး မေးခွန်းတစ်ခု။

"မင်းနဲ့ ဆရာမ လက်မထပ်ကြသေးဘူးလား ဖိုးစိုင်း"

"ဘာကွ"

✸



## အခန်း (၂)

"မြမြ ... မင်းရဲ့သား မထသေးဘူးလား။ အခု ဘယ်နှနာရီရှိနေပြီလဲ"

ဟိန်းထွက်လာသောအသံကြောင့် တံမြက်စည်းလှည်းနေသလိုလို၊ ဖုန်သုတ်နေသလိုလို အလုပ်ရှုပ်ပြနေသော ဒေါ်မြမြ တစ်ယောက် လန့်သွားသည်။ ငြိမ့်ခန်းထဲတွင် ချိတ်ထားသည့် ရှေးဟောင်းနာရီလေးကို မော့ကြည့်မိသည်။ ဆယ်နာရီ။ မဟုတ်သေးပါဘူး။ အကြည့်ပဲ မှားသလားဟု စဉ်းစားသော်လည်း အမှန်တကယ် ဆယ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်နေ့တိုင်း ကြားနေရသော ဆူညံသံများကြောင့် ဒေါ်မြမြ စိတ်ညစ်ရသည်။ အလိုက်မသိသော သားနှင့် ဒေါသကြီး သော အဖေကြားတွင် ဟိုဟာထေးရ ဒီဟာထေးရနှင့် ကိုယ့်ကိုယ်ကိုယ် လည်း ငါ ပလီတာတ်ပါလားဟု တွေးမိကာ ဘုရားခန်းထဲဝင်၍ ဘုရား ရှိခိုးတိုင်း လေးပါးသီလကိုသာ လုံခြုံစွာ စောင့်နိုင်ပါတယ်အရှင်ဘုရား ဟု ဆုတောင်းရသည်။

အမျိုးမျိုး လှည့်ပတ်လိမ်ပေးနေရသဖြင့် မုသာဝါဒကံကို မစောင့်ထိန်းနိုင်သောကြောင့် ဖြစ်သည်။

မနေ့က သားဖြစ်သူ 'သက်ဝေလင်း' အား အသေအချာ မှာလိုက်သည်။ 'မင်းအဖေက ည (၇) နာရီအရောက် အိမ်မှာတွေ့ချင် တယ်လို့ပြောထားတယ်' ဟု ဆိုထားလျက်နှင့် သားတော်မောင်က ည (၁၁) နာရီမှ ပြန်လာသည်။

ဒါတောင် ဖအေက (၇) နာရီ ပြန်မလာတာပဲသိပြီး ညနက်မှ ပြန်လာတာကို မသိသေးချေ။ ဟော အခုပဲကြည့်လေ။ အဖေက မနက်စောစော ဆိုင်သွားဖွင့်ပြီး ယခု နေ့လယ်စာပြန်လာစားသည့် အချိန်ထိ သားဖြစ်သူက အိပ်ရာမထသေးချေ။

"မနက်အစောကြီးထမှ ကိုယ်စောင့်နတ်က နတ်သဘင်





အစည်းအဝေး တက်ရတယ်ဆိုရင် ဒီကောင်ရဲ့ကိုယ်စောင့်နတ်ကတော့ နတ်သဘင်အစည်းအဝေးဆိုတာ ဘာလဲလို့တောင် ပြန်မေးရတော့ မယ်။ နည်းနည်းမှ အလိုက်ကမ်းဆိုးမသိတဲ့ကောင်။ မိဘတွေက မနက်အစောကြီးကနေ ညနေနေဝင်မိုးချုပ်တဲ့အထိ မနားမနေ စီးပွား ရှာ။ ဘာမှ ကူလုပ်ပေးရကောင်းမှန်းမသိတဲ့ကောင်က မိဘရှာထား သမျှကို ထိုင်ဖြုန်းဖို့လောက်ပဲ တတ်တယ်"

ဦးဘကျော်ရဲ့လေသံမှာ တဖြည်းဖြည်း တင်းမာလာတော့ သည်။ ဒေါ်မြမြသည် ခင်ပွန်းဖြစ်သူအား ကြည့်ရင်း အလိုက်မသိတတ် သည့် သားကို အနည်းငယ် စိတ်ဆိုးလာသည်။ ဒီလောက် တစ်အိမ် လုံး ဆူညံနေအောင် အော်ဟစ်နေသည်ကို မကြားဘဲနေမည်မဟုတ် ဘယ်ဘက်နားကကြားလျှင် ဘယ်ဘက်နားကိုပိတ်၊ ညာဘက်နားက ကြားလျှင် ညာဘက်နားကိုပိတ်၍ မရ,ရအောင် အိပ်မည့်ကလေး ဖြစ်သည်။

မိဘကို ကူနိုင်သည့်အရွယ်ရောက်သော်လည်း ကူရကောင်း မှန်းမသိ။ ဆိုင်ကိုလည်း မုန့်ဖိုးတောင်းမှသာ ရောက်လာသည်။

ဟန်လုပ်၍တောင်မှ –

"အဖေ သွားနားပါလား။ သား ထိုင်လိုက်မယ်" ဟု တစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆိုချေ။ မအေကသာ ကိုယ့်သားသမီးငယ်သေးတယ်။ ဘယ်လိုပဲ ထင်ထင် အဖေဆိုတာမျိုးက နေလိမ့်မည်မဟုတ်ချေ။ ပြီးတော့ မအေတဲ့သို့ 'သားရယ်၊ အမေ့ကိုကူပါဦး။ မင်းအမေ့ကို မသနားဘူးလား'' တု အပျော့ခွဲနှင့် ပြောတတ်သလောက် ဖအေဆိုတာက ဒါလုပ်ဆိုရင် လုပ်လိုက်၊ မလုပ်လျှင် ပါးစပ်တင်မကာ ခြေလက်ပါ ပါလာလိမ့်မည်။

"ဆိုင်မှာ မကူရင်လည်း ဆယ်တန်းကို အောင်အောင်ဖြေမယ် စိတ်ကူးမရှိဘူး။ ပြောလိုက် ဆိုလိုက်ပြီဆိုရင် မကျက်ချင်လို့ပါ၊ ကျက်လိုက်ရင် ရမှာစိုးလို့တဲ့ တော်တော် စာမေးပွဲအောင်မှာကြောက်နေတယ်။ လူကသာ အဖြစ်မရှိတာ ပြောလိုက်ရင် ဘယ်တော့မှ မလျှော့ဘူး။ လေတစ်လုံး မိုးတစ်လုံးနဲ့ သူလောက်တော်တာ သူလောက်တတ်တာ ဘယ်သူမှ မရှိတော့တဲ့အတိုင်းပဲ။ သူများတွေလို ကိုယ့်ဘာဝကိုယ်ကျောင်းရမယ်ဆိုရင် အခါတစ်ရာ ငတ်သေနေလောက်ပြီ"

"ကိုဘကျော် ... ရှင် ထမင်းစားပြီး ဆိုင်သွားရဦးမယ် မဟုတ်လား။ နောက်ကျနေလိမ့်မယ်၊ ကျွန်မ ထမင်းခူးလိုက်ရတော့မလား"

"မင်း ပါးစပ်ပိတ်ထား မြမြ"





စကားစပြတ်အောင် ပြောလိုက်သော ဒေါ်မြမြကို ဦးဘကျော် မီးကုန်ယမ်းကုန် အော်ပစ်လိုက်သည်။ ပြီးမှ ထိတ်လန့်သလို ကြည့်လိုက်သော ဒေါ်မြမြကြောင့် အော်ဟစ်နေသော လေသံကို အနည်းငယ်လျှော့၍ –

"မင်း ဘာမှမပြောနဲ့။ ဒီနေ့တစ်ရက် ငါ ဆိုင်မသွားလို့လည်း ဘာမှပျက်မသွားနိုင်ဘူး။ မင်းသားနဲ့ငါ ဒီနေ့ မျက်နှာစုံညီ ပြောမှကိုဖြစ်မယ်။ တော်တော် ကြီးပြော်မှတဲ့ကောင်။ တော်ရုံဆိုးတာမဟုတ်ဘူး။ ဒီကောင်လုပ်ပုံနဲ့ ကြာရင် ငါပါ စီးပွားပျက်ပြီး လမ်းဘေးရောက်သွားနိုင်တယ် ဒေါ်မြမြရဲ့"

ခပ်ရွှဲရွှဲပြောလိုက်သောလေသံကို နားထောင်ပြီး ဒေါ်မြမြဆက်မပြောဝံ့တော့ဘဲ ညှော်ခန်းထဲမှ မီးဖိုချောင်သို့ အလျှင်အမြန် ဝင်လိုက်သည်။ မဟုတ်လျှင် စကားကြောရှည်နေဦးမည်။

စိတ်ထဲမှ ဆိုင်ကကိစ္စတစ်ခုခုပေါ်ပြီး ဖုန်းဆက်ပါစေ။ ဒါမှ သူ ဆိုင်သွားတာနှင့် သားနိုးတာ အတော်ကျမည်ဟု ဆုတောင်းမိတော့ ဆိုသည့်အတိုင်း ကိုဘကျော်၏ဒေါသသည် ကောက်ရိုးမီးကဲ့သို့ ငြိမ်းလျှင် အရှာသာ ဒေါသပြေသွားကာ 'သားရေ ဘာညာနှင့် ပြီးသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်"

သို့သော် ဒေါ်မြမြ၏ဆုတောင်းသည် မပြည့်တော့ချေ။ ကျော ဘက်မှ ဦးသာကျော်၏လေသံသည် တင်းမာပြတ်သားစွာ ထွက်ပေါ်လာ သည်။ ဒေါ်မြမြနောက်သို့ လှည့်ကြည့်လိုက်သောအခါ အိပ်မှုန်စုံမွှား ပုံစံဖြင့် သက်ဝေလင်းက အိပ်ခန်းထဲမှ ထွက်လာသည်။ ဒေါ်မြမြသည် ယောင်ယမ်းကာ နာရီကိုမော့ကြည့်မိတော့ (၁၁) နာရီထိုးတော့မည်။ ဆူညံပူညံသံများတော့ ကြားရပေဦးမည်။

"အဖေ ထမင်းစားပြန်လာတာလား။ သားနဲ့အတူစားရ အောင်လေ"

"မင်း ဘာမှဝေ့လည်ကြောင်ပတ် ပြောမနေနဲ့။ မင်း အကြောင်းကို မင်းသိရင် အေးအေးဆေးဆေး ငါ့ရှေ့မှာ လာထိုင် သက်ဝေလင်း"

သက်ဝေလင်းသည် အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်၊ မျက်လုံးမျက်ခုံးကောင်းသောလူတစ်ယောက် ဖြစ်သဖြင့် ယောကျ်ား ပီသသော ရုပ်ရည်ရှိသူဟု ဆိုနိုင်သည်။ သို့သော် ပခုံးမရောက် တရောက် ဆံပင်ရှည်များကို အဝါရောင်ဆံပင်ဆိုးဆေးများ ဆိုးထား သဖြင့် ကြည့်၍မရချေ။





ဒါတင်မကသေး ဝတ်ထားသော အဝတ်အစားများမှာလည်း ခေတ်အမြင်နှင့်ကြည့်လျှင် ကောင်းတာယ်ဟု ထင်ကြသော်လည်း ရွာသူကြီးတစ်ယောက်၏မျက်လုံးထဲ၌ ဆိုးရွားလှသည်။

သက်ဝေလင်းက ဖခင်ရဲ့ရှေ့ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင် မိုးသေး ပြင်းထန်သော လက်သီးတစ်လုံးသည် သူ့မေးရိုးတည့်တည့် သို့ ထိုးလိုက်လေသည်။ သူ့မျက်နှာ လည်ထွက်သွားသည်။ သက်ဝေ လင်း ခေါင်းကိုပြန်မတ်ပြီး ဖခင်ကို ကြည့်လိုက်သည်။ ဦးသာကျော် သည် ဒေါသကြီးတတ်၍ ပါးစပ်ပူတတ်တာမှန်သော်လည်း ယခုကဲ့သို့ ကိုယ်ထိလက်ရောက် တစ်ခါမှ မလုပ်ခဲ့ဖူးချေ။ ယခုတော့ –

"မင်းလိုသားကိုမွေးထားရတာ ငါရှက်တယ်။ သား ဘာလုပ် လို့လဲမမေးနဲ့။ မနေ့က မင်း ဘာလုပ်ခဲ့သလဲ၊ မင်းကိုယ်မင်းတော့ သိမှာပေါ့"

အဖေ့ရဲ့အသံက ဒေါသသံမှ ငိုသလိုလိုနှင့် မချင့်မရဲဖြစ်လာ သည်။ မနေ့က မင်းဘာလုပ်ခဲ့သလဲ မေးခါမှ သူ ပြန်စဉ်းစားမိသည်။

"နင့်လို ဆယ်တန်းမအောင်၊ မိဘရဲ့ပိုက်ဆံကို ထိုင်ဖြုန်း၊ တောင်းမှုမှန်သမျှ လုပ်နေတဲ့လူက ငါ့ကိုကြိုက်တယ် ထင်တာလား။ အမလေး ငါ့ကိုယ်ငါတောင် သနားလာပြီ ဟဲ့ကောင်ရဲ့"



www.burmeseclassic.com

ရုပ်ကလေးနှင့်မလိုက် အပြောကြမ်းသော နွယ်နွယ်အေး။

နွယ်နွယ်အေးသည် ရပ်ကွက်လူကြီးရဲ့ တူမပေမယ့် ရပ်ကွက်လူကြီးက တူမကို ပြန်မွေးစားထားသဖြင့် ကြီးကျယ်ချင်တိုင်း ကြီးကျယ်နေသည်။ နွယ်နွယ်အေးနှင့် သူက ဆယ်တန်းတုန်းကတော့ တစ်တန်းထဲ တစ်ခန်းထဲ ဖြစ်သည်။ ထိုတုန်းကတော့ ဖော်ဖော်ရွေရွေ ဖြစ်သည်။

ယခု နွယ်နွယ်အေးက တက္ကသိုလ်ကျောင်းသူ၊ သူက ဆယ်တန်းမအောင်တဲ့ အပေအတေ၊ မိဘပိုက်ဆံထိုင်ဖြုန်းသလေး ဘာလေးနှင့် ပြောထားသဖြင့် သက်ဝေလင်း တေးထားလိုက်သည်။

ဟော မနေ့ညနေက သူသူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်တွင် သီချင်းနားထောင်လိုက်၊ စကားပြောလိုက်ရှိနေသည်။ ထိုအချိန် ဆိုင်ရှေ့မှ နွယ်နွယ်အေး ဖြတ်သွားတာကို တွေ့လိုက်ရသည်။

ဘယ်ဘက်ပခုံးတွင် ချုံလုံးများပါသော အပြာရောင် လွယ်အိတ်ကိုလွယ်ထားပြီး လက်တစ်ဖက်က စာအုပ်အချို့ကို ပွေ့ပိုက်ထားသည်။

ဝတ်ဆင်ထားသော အဝါရောင်ဝမ်းဆက်က သကြန်ဆင်လိုမျိုး အဝါအစိမ်း ခပ်များများဖြစ်သည်။ တက္ကသိုလ်ကပြန်လာခြင်းဖြစ်သည်။





နောက်ဆုံးနှစ်တက္ကသိုလ်ကျောင်းသူကြီးဆိုတော့ စွာနိုင်ခြင်းဖြစ်ချေသည်။

"သက်ဝေ ဘယ်လဲ"

မတ်တတ်ထရပ်လိုက်သော သူ့ကို သူငယ်ချင်းများက မေးပေမယ့် သူ ဘာမှမဖြေဘဲ လက်ကာပြခဲ့ကာ ဆိုင်အပြင်ဘက်သို့ ရွေ့ထွက်ခဲ့သည်။ ခပ်ဖြည်းဖြည်းသွားနေသော နွယ်နွယ်အေးက သူနှင့် သိပ်မဝေးသေးချေ။ သူ ခြေလှမ်းခပ်သွက်သွက်ဖြင့် –

"ဒီမှာ နွယ်နွယ်အေး"

ဖျတ်ခနဲ လှည့်ကြည့်လာသော အကြည့်များသည် အရောင်ပြောင်းသွားသည်။ တစ်ဆက်တည်း မျက်နှာထားပါ တင်းသွားပြီး–

"ဘာကိစ္စ ငါ့နောက်လိုက်နေရတာလဲ"

"ဒါ. အများပြည်သူပိုင်တဲ့လမ်းပဲ၊ ဘာလို့ နင့်နောက်ကို လိုက်ရတယ်လို့ ပြောရတာလဲ"

ကတ်သီးကတ်သတ် မေးလိုက်သောစကားကြောင့် နွယ်နွယ်အေးရဲ့မျက်နှာ ဆူပုပ်သွားကာ ရှေ့ဘက်သို့ ပြန်လှည့်သွားသည်။ ဆံပင်ရှည်ရှည် အဝတ်အစား ကြောင်ကြောင်ကျားကျားနှင့် သူ့ကို အဖတ်မလုပ်ချင်သည့်ပုံစံနှင့် ခပ်သွက်သွက် လျှောက်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း နွယ်နွယ်အေးနှင့် အမီလိုက်ရင်း –

"ဟိုတစ်ခါတုန်းက နင့်ကိုငါ ကြိုက်တယ်လို့ပြောတာ အတည်ထင်မနေနဲ့နော်။ နင့်လို အပေါက်ဆိုးဆိုး၊ စိတ်ထားပုပ်ပုပ်နဲ့ မိန်းကလေးကို ငါက ကြိုက်ပါ့မလား။ အလကား ငါလျှောက်ပြောတာ နင်များ ရင်ခုန်သွားမလားလို့"

"နင်"

မြန်လိုက်သည့်လက်။ သူသာ အရှောင်မမြန်လျှင် ပါးပြင်နှင့် လက်ဖဝါးပြင် မိတ်ဆက်ရပေတော့မည်။ နွယ်နွယ်အေးသည် ယခုပဲ ငိုချလိုက်တော့မည့်ဟန်ဖြင့် –

"နင် တော်တော် လူစိတ်မရှိတဲ့ကောင်ပဲ။ နင့်မှာ နှမသားချင်း စာနာစိတ်မရှိတော့ဘူးလား။ တော်တော်ရိုင်းစိုင်းတဲ့ကောင်"

ဘာပဲပြောပြော၊ ပြောချင်ရာပြော၊ ရိုင်းတယ်လို့ပဲ ပြောပြော လူစိတ်မရှိတဲ့ကောင်လို့ပဲဆိုဆို သူ့ကိုပြောခဲ့သည့်စကားကို ပြန်ချေပလိုက်ရသဖြင့် သူပျော်သည်။ ကြိုက်တယ်ဟုပြောလျှင် အလွန်ဂုဏ်ယူချင်တတ်ကြသည်။ ပြီးလျှင် ထိုလူကို သနားစရာကောင်းသူ တစ်ယောက်ကဲ့သို့ ပျောင်ပြောင်ချင်တတ်ကြသည်။

"မင်းရဲ့လုပ်ရပ်က ဘယ်လောက် ကလေးကချေဆန်သလဲ။





မင်းကိုယ်မင်း သေချာဆန်းစစ်မိရဲ့လား"

သေချာသည်မှာ သူနှင့်နွယ်နွယ်အေး၏ ပြဿနာအား ဖခင်ကြီးအကျော်သည် တစ်နည်းနည်းနှင့် သိသွားပုံရ၏။ သူ ဘာမှမပြောတဲ့ အသာလေးငြိမ်နေတုန်း။

"ငါ မင်းကို တော်တော် စိတ်ကုန်နေပြီ သက်ဝေလင်း။ မင်းဟာ ဒီဘက်နှစ်တွေမှာ ပြောမနိုင်၊ ဆိုမနိုင်အောင်ကို ဆိုးတယ်။ စနေဖြစ်တဲ့ငါတောင် မသောက်တဲ့အရက်ကို သောက်တယ်။ အုပ်စုဖွဲ့ ရန်ကားတယ်။ ပြီးရင် အချုပ်ခန်းမှာလိုက်တွေ့ရတယ်။ လျော်လိုက်ရတဲ့ ငွေကလည်း သောက်သောက်လဲ။ မင်းလိုတိုင်းပေးနေရအောင် ငါတို့က ငွေတွင်းဖင်ခုထိုင်နေတာ မဟုတ်ဘူးကွ နားလည်လား။ ကိုယ့်ရဲ့တိုးတက်ရာ တိုးတက်ကြောင်းတော့ လုပ်ဖို့စိတ်မကူးဘူး။ တစ်နေ့ တစ်နေ့ ပြဿနာမရှိုးနိုင် ရှာတယ်။ အချိန်တွေကို မင်းမနှမြောတတ်ဘူး မဟုတ်လား"

"သား ပြင်ပါ့မယ် ဖေဖေ"

"တော်စမ်းကွာ။ လျှာရိုးမရှိတိုင်း လျှောက်မပြောနဲ့ကွ။ ဒီစကားတွေကို အဟုတ်မှတ်ပြီး ယုံရအောင် ငါ မရူးသေးဘူးကွ။ နားလည်လား သက်ဝေလင်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကျော်သည် လက်ကြောမတင်းသော၊ အပိုးမကျိုးသော သားဖြစ်သူ သက်ဝေလင်းအား အပိုးကျိုးစေချင်သည်။

ဆန်ဘယ်ကရလဲ၊ အိုးထဲကရတယ်ဆိုလောက်သော အသိသာရှိ၍ ဆန်စပါးရရှိအောင် ရုန်းကန်ရမှုများအား သိစေချင်သည်။ တစ်နေ့ မိမိတို့ မျက်ကွယ်ပြုသွားချိန် ဤကဲ့သို့ လောကတွင် အလုပ်အကိုင်မရှိ လေတေနေသောသူတစ်ယောက်အဖြစ် သားကို မကျန်ခဲ့စေချင်ပါ။ လောက၏ ဒုက္ခတရားဆိုသည့် သင်ခန်းစာများကို သင်ယူဖူးမှသာ လောကဓံတရား၏ အကောင်းအဆိုးကို ခံနိုင်ပေလိမ့်မည်။

"သားသမီးကြောင့် အခါခါ အရှက်ရ အခါခါ မျက်နှာပျက်ရတဲ့ မိဘတွေအကြောင်း မိဘမဖြစ်သေးတဲ့ မင်းကတော့ ဘယ်သိမလဲ၊ ငါ ဒီလောက်ပြောနေရင် မင်း သဘောပေါက်တော့ သက်ဝေလင်း။ မင်းယူချင်တာ ယူသွားပြီး မင်းကြိုက်တဲ့လမ်း မင်းသွားတော့။ မင်းကို လိမ္မာအောင် မဆုံးမနိုင်တဲ့ ငါပဲ ညံ့ပါတယ်။ ကဲ မင်း ကြိုက်ရာယူပြီး သွားတော့"

"ကိုဘကျော် . . . ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မတို့မှာ ဒီသားလေးတစ်ယောက်တည်း ရှိတာပါ"





မီးဖိုချောင်နှင့်ညေ့်ခန်းအကူး တံခါးပေါက်ဝတွင် ရပ်နေသော ဒေါ်မြမြသည် မထင်မှတ်သောစကားကြောင့် တုန်လှုပ်စွာ ပြောလေသည်။ မိခင်မို့ ဖခင်ကဲ့သို့ နှလုံးသားမမာနိုင်ချေ။ ဦးဘကျော်သည် မည်သူ့ကိုမှ မကြည့်ဘဲ –

"တစ်ယောက်ပဲ မွေးမွေး၊ တစ်ဖွဲ့ပဲမွေးမွေး မိဘအပေါ် သေိတတ်ရင်တော့ မသိတတ်သလို ဆုံးမရမှာပဲ။ ဒီကောင်ရှိနေလို့ နောက်ထပ် တစ်ယောက်ပြီးတစ်ယောက် ဘယ်လိုတိုင်တောတာကိုမှ ငါ မကြားချင်တော့ဘူး။ ပတ်ဝန်းကျင်ကို မျက်နှာပူလွန်းလို့ ငါ့မျက်နှာတောင် ဘေးနဲ့လိုးပစ်ချင်လာပြီ။ မိဘက မနိုင်ဝန် ထမ်းခိုင်းတာလည်း မဟုတ်ဘူး။ မိဘကို မကူရင်တောင် ကိုယ်က စာသင်သားအရွယ်ပဲ စာကို ကြိုးကြိုးစားစား လုပ်ပါတော့လား။ အခုတော့ မဟုတ်ဘူး ထမ်းဘေားမှာ ခွေးဖြစ်ချင်တဲ့ကောင် သွားစမ်းကွာ။ သွားစမ်း။ မင်းမျက်နှာကို ငါ မကြည့်ချင်တော့ဘူးကွ"

"ဖေဖေ သားကို အဲဒီလိုမပြောပါနဲ့၊ သားက သူများတွေလို ဆေးစွဲ မိဘပိုက်ဆံခိုးသုံးနေတဲ့ကောင်မဟုတ်ဘူး။ တစ်ခါလေးလေ သူများတွေရန်စလို့ အချုပ်ရောက်တာလေးကို"

"ဟေ့ကောင် . . . ဒီမှာ မင်းဆေးစွဲနေတယ်လို့သိရင်



www.burmeseclassic.com

www.burmeseclassic.com



ငါကလည်း မင်းကို ငါ့အိမ်မှာ တင်ထားဦးမယ် မှတ်နေသလား။ မင်းကုပ်က ကိုင်ဆွဲပြီး ငါကိုယ်တိုင် ရဲစခန်းလိုက်အပ်မယ်"

"ရတယ် ဖေဖေ။ ဒီအိမ်က ဖေဖေ့အိမ်ပဲ။ ဖေဖေက မနေနဲ့ဆင်းဆိုမှတော့ သားလည်း ဆင်းတယ်"

လူငယ်တစ်ယောက်၏ မာနဖြင့် သက်ဝေလင်းသည် ဖခင်အား အော်ဟစ်ခဲ့ပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ မိခင်က ဖခင်အား တောင့်းပန်နေသံများ။ ဖခင်ရဲ့ အော်ဟစ်သံများကို ကြားနေရသည်။

နောက် ကိုယ်မွေးထားသည့်သားသမီးကို ယခုကဲ့သို့ နှင်ထုတ်ရက်သဖြင့် ဖခင်ကို စိတ်နာချင်လာသည်။

အဝတ်အစားများကို ကျောပိုးအိတ်ထဲသို့ ဖြစ်သလို ထိုးသိပ်ထည့်လိုက်သည်။

"သား . . . သားရယ်၊ မင်းအဖေက စိတ်ဆိုးလို့ပြောတာဘာလို့မှိုက်ရတာလဲ။ မင်းအဖေက ဆူတုန်းခဏဆိုတာ သိလျက်နဲ့"

အမေက မျက်ရည်လည်ရွဲနှင့်ပြောနေသည်။ သူ့ရင်ထဲ လှုပ်ရက်ရှလခြင်းဟူသော မောဟစိတ်တွေသာ ဖုံးလွှမ်း၍ အမေ့ရဲ့





ထားခြင်စကားများကို နားမဝင်တော့ချေ။ အိမ်အပြင်သို့ ရောက်သောအခါ ကျောနောက်ဘက်ရှိ အိမ်ကို လှည့်မကြည့်မိအောင် ထိန်းချုပ်ထားမိသည်။

ကဲ . . . သူ ဘယ်ကိုသွားရမည်နည်း။ သူ့ရဲ့အပေါင်းအသင်းသူငယ်ချင်းများဆီသို့ ခြေဦးလှည့်လိုက်မိသည်။ လွင့်ချင်ရာလွင့်၊ ရောက်ရာပေါက်ရာသို့ သွားတော့မည်။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"လားရှိုးမြို့က လှပတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ပေါ့ကွာ။ မြောက်ဘက်မှာ သိန္နီမြို့နယ်၊ အရှေ့ဘက်မှာ သံလွင်မြစ်ခြားတဲ့ ဟိုပန်မြို့နယ်၊ တောင်ဘက်မှာ တန့်ယန်းမြို့နယ်နဲ့ ပိုင်းရယ်မြို့နယ်၊ အနောက်တောင်ဘက်မှာ သီပေါမြို့နယ်၊ အနောက်ဘက်မှာ နမ္မတူမြို့နယ်နဲ့ နယ်နိမိတ်ချင်း ထိစပ်နေတယ်ကွ"

"တော်တော်ကို အလွတ်ကျက်ထားပုံရတယ်။ ဘာလဲ လားရှိုးမြို့အကြောင်း စာမေးပွဲထဲ ထည့်ဖြေမလို့လား"

"မင်းကတော့လုပ်တော့မယ်။ ငါက ဘူမိဗေဒကျောင်းသား





တစ်ယောက်ဆိုတာ မင်းမမေ့နဲ့လေ။ ပြီးတော့ကွာ ငါက လားရှိုးသား တစ်ယောက်ပါ။ သူများတွေ ငါတို့လားရှိုးမြို့အကြောင်းမေးလို့မှ မသိရင် ခွေးအကြီးလှည်းနင်းထားသလို ဖြစ်နေမှာပေါ့။ ငါသာမက ငါ့မြို့ရဲ့ သိက္ခာလည်း ကျတယ်"

"ဟုတ်ပါပြီ၊ မင်းတို့မြို့အကြောင်းကို ဆက်ပြောပါဦး"

"လားရှိုးမြို့နယ်အတွင်းမှာ ရပ်ကွက် (၁၂) ခု၊ ကျေးရွာအုပ်စု (၃၈) ခုနှင့် ကျေးရွာပေါင်း (၄၃၈) ရွာနဲ့ ဖွဲ့စည်းထားတာလေ။ မြင့်မြင့်သမျှ မြေပြန့်လွင်ပြင်နည်းပါးပြီး တောင်ကုန်းတောင်တန်းတွေ ပေါများတယ်။ 'တစ်တောင်ပေါ် တစ်တောင်ဆင့် တောင်အမြင့်ပတ်ပြီး တစ်တောင်ဆုံးပြန်တော့ တစ်လုံးကျန်ပေသမို့' ဆိုတာ တို့ လားရှိုးကိုပြောတာကွ"

"ဟုတ်တယ်နော်၊ ငါကတော့ မန္တလေးမြို့ကလွဲရင် ဘယ်မှ မရောက်ဖူးတော့ တောင်တွေရဲ့အလှနဲ့ ရှမ်းပြည်ရဲ့ရှုခင်းက ငါ့ကို ဖမ်းစားတယ်ကွ"

"ကိုပင်ရဲ့ ရာသီဥတုခွဲခြားနည်းအရဆိုရင် လားရှိုးမြို့ဟာ အပူလျော့မုတ်သုန်ရာသီဥတု အမျိုးအစားလေ။ လားရှိုးမြို့ရဲ့ ရာသီဥတုက အပူအအေး ပြင်းထန်လွန်းခြင်းမရှိတဲ့ သင့်တင့်မျှတမှုရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဓိကစိုက်ပျိုးတဲ့ သီးနှံတွေကတော့ ဆန်စပါး၊ ပြောင်း၊ ပဲပိစပ် (ပဲပုပ်)၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်နဲ့ ဟင်းသီးဟင်းရွက်တွေပေါ့။ မြေပဲလည်း နည်းနည်းစိုက်တယ်။ ဘယ်လိုလဲ မင်း ငါတို့လားရှိုးကို စိတ်ဝင်စားသွားပြီ မဟုတ်လား"

စိုင်းထွန်းအေး၏ အမေးစကားကို နှုတ်ဖြင့် မတုံ့ပြန်ဘဲ ခေါင်းညိတ်လိုက်သည်။ သူ ပက်လက်လှန်လိုက်သောအခါ အပြာရောင် မိုးသားကောင်းကင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားလေသည်။

တိမ်များကြားတွင် ဖေဖေ၏မျက်နှာ ပေါ်လာသည်။

ဖေဖေပြောရက်လိုက်တာ၊ ရက်စက်လိုက်တာဟု တွေးမိသော်လည်း တစ်ဖက်က ယောက်ျားမာနဖြင့် မျက်စိမှိတ် ခေါင်းယမ်းပစ်လိုက်သည်။ လောကတွင် အသုံးမကျသူတစ်ယောက်ကို 'မင်း အသုံးမကျလိုက်တာ' ဟုပြောခြင်းကို မခံနိုင်သကဲ့သို့ သူသည်လည်း ကိုယ်တိုင်ကိုယ်ကျတော့ မည်သည့်နေရာမှ သုံး၍မရ၊ ထိုသို့ သုံးမရခြင်းကို အပြစ်တင်တာ မခံနိုင်ဖြစ်မိသည်။ တလွဲမာနလားတော့မသိပါ။

မျက်လုံးပြန်ဖွင့်လိုက်သောအခါ မျက်ရည်စက်လက်နှင့် အမေ့ရဲ့မျက်နှာ ပေါ်လာသည်။

"မင်းအဖေ စိတ်ဆိုးလို့ပြောတာပါသားရယ်။ မင်းအဖေကို





တစ်မျိုးထင်မနေနဲ့နော်။ သား သူငယ်ချင်းတစ်ယောက်ယောက်အိမ်မှာ နေချင်တယ်ဆိုရင်လည်း စိတ်ပြေလက်ပျောက် ခဏနေလိုက်။ မင်းအဖေရဲ့ အခြေအနေကို ကြည့်ပြီး အမေ ပြန်လာခေါ်မယ်နော်"

"အမေ ဘာမှပြောမနေနဲ့တော့။ အမေခိုင်းတဲ့အတိုင်းလုပ်ရင် အဖေက သားကို ပိုပြီး အရှက်မရှိတဲ့ကောင်၊ သူငယ်ချင်းအိမ်မှာ ထမ်းနေတဲ့ကောင်ဆိုပြီး ပြောမှာ။ တော်ပြီ သား မန္တလေးနဲ့ဝေးရာ ထွက်သွားတော့မယ်ဗျာ"

"မင်း ငယ်ပါသေးတယ်သား။ လောကအကြောင်း၊ လူတွေအကြောင်း မင်း ဘာမှမသိသေးဘူး။ တစ်ဖွတ်ထိုးမဆန်ချင်စမ်းနဲ့။ အမေပြောတာကိုပဲ နားထောင်စမ်းပါကွယ်"

အမေက သူ့အပေါ် ငယ်ပါသေးတယ်ဟုဆိုခြင်းကို သူ သိပ်မကျေနပ်ချင်ပေ။ ယခု သူ့ရဲ့အသက် ဆယ့်ရှစ်နှစ်ပြည့်လို့ ဆယ့်ကိုးနှစ်ထဲရောက်ပြီ။

ဒါလား ငယ်သေးတာ၊ ထိုသို့ စဉ်းစားရင်း သူ မျက်စိမှိတ် ခေါင်းယမ်းလိုက်သည်။

မျက်စိပြန်ဖွင့်လိုက်သောအခါ သူငယ်ချင်းအချို့၏ ရုပ်ပုံလွှာတို့ တစ်ယောက်ပြီးတစ်ယောက် မြင်ယောင်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေနဲ့မင်း ဖြစ်မှာမဟုတ်ဘူးထင်တယ် သက်ဝေ။ တစ်ခုခုဖြစ်ရင် ငါပါ ခေါင်းနဲ့ဆင်းနေရဦးမယ်"

"တို့အိမ်မှာ မနက်ဆို ငါးနာရီထရတယ်ကွ။ ထမင်းကလည်း အားလုံးလူစုံမှ စားရတာ။ မင်းနဲ့ဖြစ်ပါ့မလား သူငယ်ချင်းရာ။ ငါ့ကိုတော့ တစ်မျိုးမထင်ပါနဲ့"

"မင်းငွေလိုနေရင်တော့ ငါ ခဏလှည့်ချေးပေးမယ်။ အိမ်မှာ နေလို့တော့ ဖြစ်မယ်မထင်ဘူး သူငယ်ချင်းရာ"

သူငယ်ချင်းများသည် တစ်ချိန်က ဆိုးဖော်ဆိုးဘက်များ မဟုတ်တော့သကဲ့သို့ ပျာပျာသလဲ အကြောင်းပြချက်ကောင်းကောင်းနှင့် ငြင်းနေခြင်းကြောင့် သူ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်သည်။

"မင်း ဒီနေ့ အိမ်ပေါ်က ဆင်းသွားကြည့်လိုက်။ ဘာကျောထောက်နောက်ခံမှ မရှိတော့တဲ့မင်းကို လမ်းပေါ်ရောက်တာနဲ့ ဘယ်သူမှ လှည့်ကြည့်လိမ့်မယ်မထင်နဲ့။ ကံကောင်းလို့ ကူညီရင် တစ်ယောက်တလေပေါ့"

အဖေရဲ့စကားသံများက သူ့ရဲ့အတွေးထဲသို့ အလိုလိုပင် ရောက်လာခဲ့သည်။





ထိုစကားတစ်ခွန်းတော့မှန်ကြောင်း သူ အလိုလိုထောက်ခံသည်။ 'လောကမှာ ကိုယ်ရှိမှ ကိုယ်ဟာ' ဆိုသောစကားလေးကို ရေးရေးလေး သဘောပေါက်လိုက်သည်။ ဟန်လုပ်၍ ဖိတ်ခေါ်သူပင် နည်းလွန်းသည်။ တစ်ချိန်တုန်းကတော့ –

"သက်ဝေ ... မင်းနဲ့ ဟိုငပွေး ချိတ်ကြတယ်ဆို။ လုံးဝ မကြားမခံနဲ့ တို့တော်ဒါထိရင် တို့ကိုထိသလို နာတယ်ကွ"

အင်းပေါ့လေ။ တကယ်ရန်ဖြစ်ကြသေးတာမှ မဟုတ်သေးဘဲလေ။ သူ သက်ပြင်းချလိုက်သည်။

လူတွေသနားသလိုလာကြည့်ခြင်းကို သူ မခံနိုင်ချေ။ အဖေ့ရဲ့ အကြောင်း တစ်နေ့နေ့ကျရင် အိမ်ပေါ်ပြန်တက်လာဦးမယ်ဆိုသော စကားကိုလည်း မကြားချင်။

အမှန်အတိုင်းပြောရရင် ဤပုံစံနှင့်တော့ အိမ်ပေါ်သို့ ဘယ်တော့မှ ပြန်မတက်တော့ပေ။

"ကြည့်စမ်း သူငယ်ချင်း"

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေစဉ် စိုင်းထွန်းအေးရဲ့ စကားသံကြောင့် မျက်လုံးအကြည့်ရွေ့သွားသည်။

"ပြာလွင်လွင် မိုးသားကောင်းကင်ကို နောက်ခံပြုထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



တိမ်သားတိမ်လိပ်တွေက မင်းတို့ ငါတို့အတွက် အနှောင့်အယှက် ပါလားလို့ ထင်ကောင်းထင်လိမ့်မယ်။ တကယ်တော့ တိမ်သား တိမ်လိပ်တွေဆိုတာ ရေနိုးရေငွေ့တွေ ငွေ့ရည်ဖွဲ့ခြင်းကြောင့် ဖြစ်လာတာကွ"

ငယ်ငယ်တုန်းက ဖတ်စာအုပ်ထဲမှာ သင်ခဲ့ရသောစကားလုံးတွေကို ရွတ်နေခြင်းလားဟု သူ ငြိမ်သက်စွာတွေးမိသည်။ စိုင်းထွန်းအေးက ဆက်ပြီး –

"ဟော ဟိုးမှာမြင်နေရတဲ့ မြစ်ချောင်း၊ အင်းအိုင်တွေထဲက ရေတွေက နေအပူရှိန်ကြောင့် အငွေ့ပျံတက်ပြီး လေထုနဲ့ထိတွေ့တယ်။ အဲဒီလိုထိတွေ့တဲ့အခါ အငွေ့သဏ္ဌာန်ဖြစ်ပေါ်လာပြီး မိုးအဖြစ် ရွာချစေနိုင်တဲ့ တိမ်တိုက်တွေ ဖြစ်ပေါ်လာစေတယ်။ ဒီတိမ်တိုက်တွေသာ မရှိခဲ့ရင် မိုးရွာခြင်းဆိုတာလည်း မဖြစ်ပေါ်နိုင်ဘူး"

"-----"

"ဒါ့ကြောင့် ငါတို့လူသားတွေက ပြာလွင့်လွင့်မိုးကောင်းကင်ကို နောက်ခံပြုထားတဲ့ တိမ်သားတိမ်လိပ်တွေကို တန်ဖိုးထားရမယ်။ ငါကတော့ အဲဒီ မိုးကောင်းကင်အောက်က မြေပြင်ပေါ်မှာ ရပ်နေရတဲ့ လူတစ်ယောက်အနေနဲ့ အရမ်းဂုဏ်ယူတယ် သူငယ်ချင်း"





ထက်သန်စွာ လိုက်လိုက်လှဲလှဲပြောနေသည့် စကားသံများကြောင့် လောကကို စိတ်ပျက် စိတ်ကုန်နေသည့်အတွေးနှင့် ငြိမ်သက်နေရာမှ သူ ဘေးဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်။

စိုင်းထွန်းအေးကတော့ သူ့ကိုမကြည့်။ မိုးကောင်းကင်ကို ငေးကြည့်လျက် စကားတွေ တတွတ်တွတ်ဆိုနေသည်။

စိုင်းထွန်းအေးပြောနေသည့်စကားလုံးများမှာ လေးနက်လွန်းသည်။ ရှင်းရှင်းဆိုရလျှင် သူတောင် လိုက်မမီနိုင်တာကို ဝန်ခံပါသည်။

ဤလောက၏ အလှတရားကို ကြည့်ရှုဖို့တောင် သူ့မှာ အချိန်ကိုမရှိခဲ့ချေ။ ဘဝမှာ လည်ခြင်း၊ စားခြင်း၊ သွားလာနေရခြင်းများနှင့် သူ့ရဲ့တစ်နေ့တာအချိန်ဇယားများထဲတွင် ချာချာလည်နေသည်။ [illegible] ခံစားဖို့မဆိုနှင့် ဂစ်တာတဒေါင်ဒေါင်တောင် နားဝင်သာအောင် [illegible]တတ်ခဲ့ချေ။

စိုင်းထွန်းအေးနှင့်သူသည် ဆယ်တန်းတုန်းက ဘော်ဒါဆောင်တစ်ခုတွင် တစ်ခန်းထဲ အတူနေခဲ့ရသော သူငယ်ချင်းဖြစ်သည်။ စိုင်းထွန်းအေးသည် လားရှိုးသားဖြစ်ပြီး အများနည်းတူ လည်ပတ်ပျော်ပါးခဲ့သော်လည်း သူ့ရဲ့စာသင်ချိန်နှင့် စာကျက်ချိန်ကိုမူ နည်းနည်းမှ အလျှော့ပေးခံသူ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်စိုင်းထွန်းအေးသည် ကြိုးစားပုံ ကြိုးစားနည်းခြင်း မတူခဲ့ချေ။ သူက စာမှစာ၊ တစ်စာတည်းစာ၍ နားချိန် အားလပ်ချိန် တောင် မရှိခဲ့ချေ။

"သဒ္ဓါလွန်လျှင် တွန့်သည်၊ ဝီရိယလွန်လျှင် ဆွံ့သည်၊ သမာဓိလွန်လျှင် ပြန့်သည်၊ ပညာလွန်လျှင် ကွန့်သည်၊ သတိသာလျှင် လွန်သည်မရှိ" ဟူသော ကျည်းကန်ရှင်ကြီး ဆုံးမစာကဲ့သို့ပင် မည်သည့်အရာမှ အလွန်အကြူးလုပ်၍ မရချေ။

နောက်ဆုံး ဝီရိယလွန်သောသူက စာမေးပွဲကျ၍ လိပ်တစ် ကောင်ကဲ့သို့ ဖြည်းဖြည်းနှင့်မှန်မှန် တစ်နေ့စာတစ်နေ့ လုပ်ဆောင်သွား သော စိုင်းထွန်းအေးကတော့ ဂုဏ်ထူးနှစ်ခုဖြင့် အောင်သွားသည်။

ယခု စိုင်းထွန်းအေးသည် ဘူမိဗေဒမေဂျာဖြင့် နောက်ဆုံး နှစ်ကျောင်းသားပင် ဖြစ်နေတော့သည်။ အင်းပေါ့လေ၊ တက္ကသိုလ် ရောက်သွားသူရဲ့အတွေးနှင့် ဆယ်တန်းတောင် မအောင်သေးတဲ့ လူ တစ်ယောက်ရဲ့အတွေးမှာ များစွာကွဲပြားပေလိမ့်မည်။

သူသည် စိုင်းထွန်းအေးထက် လည်လွန်းပတ်လွန်းသဖြင့် ပြင်ပအတွေ့အကြုံ စုံကောင်းစုံမည်။ သို့သော် စိုင်းထွန်းအေးကဲ့သို့ ဘွဲ့ရအသိပညာတတ်ရဲ့ အသိဉာဏ်ရှိမှုကိုတော့ လိုက်လို့မီနိုင်လိမ့်မည်





မဟုတ်ပေ။ တစ်ခါမှ သူများတွေရဲ့ ကဲ့ရဲ့မှုကို ရှက်ရကောင်းမှန်းမသိ၊ ပြင်ရကောင်းမှန်းမသိသောသူက အခုတော့ ရှက်ရွံ့သလို ခံစားလာ ရလေသည်။

"မြေပြင်ဆိုလို့ ပြောရဦးမယ်။ ငါတို့ ခြေထောက်နဲ့ နင်းခံထား ရတဲ့ မြေကြီးကလည်း နယ်နယ်ရရတော့ မဟုတ်ဘူးနော် သက်ဝေ။ အသိလောက်ထိတောင် တန်ဖိုးရှိပါတယ်လို့ တန်ဖိုးချပြလို့မရ၊ ဆိုင်းတာပြလို့မရတဲ့ အနုပ္ပရတနာပဲကွ။ ရေ၊ မြေ၊ သယံဇာတတွေ၊ သဘာဝတွင်းထွက်ပစ္စည်းတွေ စုဝေးနေတယ်။ စိုက်ပျိုးတဲ့ သီးနှံက သည်း ဘာဖြစ်ထွန်းသလဲ မမေးနဲ့"

"ပြောပါဦး"

ကိုယ့်ရဲ့လေသံက ခပ်ဖော့ဖော့လေသံပေါက်နေသလားမသိ စိုင်းထွန်းအေးကလည်း အစစအရာရာ အဲဒီလောက်စကားလုံးကို သရုပ်မခွဲတတ်သူဆိုတော့ သတိမထားမိ။ ပြောချင်ရာဆက်ပြောခဲ၏။

"ငါတို့မိသားစုပဲကြည့်လေ။ ဒီတောင်ယာနဲ့ စိုက်ပျိုးရေး လုပ်ငန်းကြောင့်ပဲ ငါတို့ ညီအစ်ကိုနှစ်ယောက်စလုံး ဘွဲ့ရပညာတတ် ဖြစ်ခဲ့ရတာယ် လူပင်ပန်းပေမယ့် အများနဲ့တန်းတူ စားနိုင်သောက်နိုင် တယ်။ သဘာဝသယံဇာတအပေါ်ကြွယ်ဝဆုံးနိုင်ငံတွေထဲမှာ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံက ထိပ်ဆုံးပဲ။ ဒါကတော့ အဖိုးတန်တဲ့ မြန်မာနိုင်ငံသားဖြစ်ရတာကို လည်း ဂုဏ်ယူတယ်။ မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံသားအဖြစ် မွေးဖွား ပေးခဲ့တဲ့ ငါ့မိဘတွေကိုလည်း ကျေးဇူးတင်တယ် သက်ဝေ”

စိုင်းထွန်းအေး၏ အားမနာပါလှသော စကားများကြားတွင် သူသည် အရှက်ရပြီးရင်းရ ဖြစ်နေရတော့သည်။

စိုင်းထွန်းအေးက မျက်လုံးမှိတ်နေသော သူ့ဘက်သို့ ခေါင်းငဲ့ စောင်း၍ အိပ်နေပြီလားဟု မေးသောအခါ သူ မဖြေဘဲ အသာလေး ငြိမ်နေမိ၏။ ၏

စိုင်းထွန်းအေးက ဆက်မမေးတော့ချေ။ သူလည်း သူ့ အတွေးနှင့်သူ ငြိမ်သက်သွားဟန်တူ၏။

သူသည် ပြာလွင်လွင် မိုးသားကောင်းကင်နှင့် ရွေ့လျားနေ ရသော တိမ်များကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိ၏။ ဟုတ်ပါသည်။ အဓိပ္ပာယ်မဲ့စွာဖြင့် ကြည့်နေသည်ဟု သူဆိုလိုက်ပါသည်။ ဘဝ၏ အနှစ်သာရကို စူးစမ်းဖို့ သူ့မှာ အချိန်မပေးနိုင်ခဲ့ပါ။

သေချာတာတစ်ခုက စိုင်းထွန်းအေးကဲ့သို့ ဘဝကို နဖူးတွေ့ ဒူးတွေ့ ရင်မဆိုင်ခဲ့ရသဖြင့် ဘဝဆိုတာကလည်း နားလည်ရကောင်း မှန်း မသိခဲ့ခြင်းဖြစ်သည်။





မန္တလေးဈေးချိုအတွင်းတွင် သူ့အဖေသည် စတိုးဆိုင် တစ်ဆိုင်၊ အထည်ဆိုင်တစ်ဆိုင်ဖြင့် ဟိုဆိုင် ဒီဆိုင် ကူးချည်သန်းချည် ချောင်းဝယ်နေခြင်းကြောင့် သူ့ဘဝသည် ပြေလည်သောဘဝဟု ပြော နိုင်သည်။ မိဘက မဝယ်ပေးချင်သည့်ပစ္စည်းကို ပူဆာမိလျှင် အောင် ညည်းညူညည်းညူ၍ ဆူဆူပြောပြောဖြင့် ဝယ်ပေးခဲ့သည်။

ဘဝအကြောင်း သိရဖို့ တကယ့်ဘဝထဲသို့ ဆင်းကြည့်မှ သိနိုင်မှာလား။ သူ မဝေခွဲတတ်တော့ချေ။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သက်ဝေတို့သားအဖအကြောင်း စိုင်းထွန်းအေးပြောသမျှကို ဦးရွှေတစ်ယောက် စိတ်ဝင်တစား နားထောင်နေလေသည်။

ဦးရွှေ၏ နာမည်အရင်းမှာ ဦးစိုင်းရွှေဖြစ်သော်လည်း ရင်းနှီးသူများက ဦးရွှေဟု ခေါ်တတ်ကြသည်။ ဦးရွှေသည် ရှမ်းတိုင်းရင်းသားဖြစ်သော်လည်း ရှမ်းနှင့် သိပ်မတူချေ။ ရှေးခေတ် မြန်မာ့ယောက်ျားတို့နှင့်ပင် တူသေးသည်။

အသားညိုညို၊ အရပ်မြင့်မြင့်နှင့် ဥပဓိရုပ်သန့်သူဟု ဆိုနိုင်သည်။





စိုင်းထွန်းအေး၏ စကားဆုံးသောအခါ ဦးရွှေက သက်ဝေ [illegible]ရဲ့ ပခုံးကို လှမ်းပုတ်ကာ –

“ဦးလေးတို့အိမ်မှာ ဘာမှ အားမနာနဲ့ ဟုတ်လား။ မိဘကို [illegible] စိတ်ဆိုးစိတ်ညစ်မနေနဲ့ ဟုတ်လား။ မိဘဆိုတာက စိတ်ဆိုး [illegible]ပြောတာ၊ ပြီးရင် မေ့သွားရော မောင်သက်ဝေရဲ့။ မောင်သက် [illegible]အဖေ ကိုဘကျော်က မောင်သက်ဝေကို တော်တော်ချစ်ရှာပါ [illegible] တစ်ခါတလေ မိဘနဲ့သားသမီးကြား အပေးအယူမတတ်တော့ [illegible]ည်မှုတွေ လွဲသွားတာပေါ့။ ဒီမှာတော့ မောင်သက်ဝေ ပျော်သလို [illegible] ဘာမှ အနေမကျဉ်းနဲ့။ ဒီအိမ်မှာ အားနာရမယ့်သူ ဘယ်သူမှ [illegible]”

ဦးရွှေသည် မည်သည့်ဟန်ဆောင်မှုများမပါဘဲ လိှုက်လှိုက် [illegible] ပြောနေမှန်း သိသာသည်။ နောက်ပြီး သက်ဝေတို့သားအဖ [illegible] တော့ရှုဆပ်ခွင့်ရပြီဆိုပြီး ဝမ်းသာနေဟန်လည်း ရှိသည်။

ရှင်းရဦးမည်။

စိုင်းထွန်းအေး မန္တလေးတွင် ဘော်ဒါဆောင်နေစဉ်အခါက [illegible]သည် ယခုလောက် မပြေလည်သေးချေ။ သားမှုကို ပညာ [illegible] ဖြစ်စေချင်သည့်ဆန္ဒကြောင့်သာ မဖြစ်ဖြစ်အောင် ပို့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ခ၊ ကျူရှင်ခများမှာ တစ်လနှင့်တစ်လ အလျင်မမီတတ်ချေ။

သက်ဝေနှင့်စိုင်းထွန်းအေးက ကိုးတန်းကတည်းက ဘော်ဒါဆောင်တွင် အခင်ဆုံး သူငယ်ချင်းများဖြစ်သည်။ သက်ဝေက သူ့ဖခင်အား စိုင်းထွန်းအေးနှင့် ပတ်သက်သမျှ ပြောပြထားသဖြင့် ဦးဘကျော်က အဆောင်မှ ကျူရှင်ခ၊ အဆောင်ခတောင်းလျှင် သက်ဝေနည်းတူ စိုင်းထွန်းအေးအတွက်ပါ ကူညီစိုက်ရှင်းပေးတတ်သည်။

နှစ်လတစ်ခေါက် သားကိုလာကြည့်တတ်သော ဦးရွှေက သက်ဝေရဲ့ဖခင်အား ရှိရိုးမတတ် ကျေးဇူးတင်ကာ စိုက်ထားသည့် ပိုက်ဆံများ ပြန်ပေး၏။ ဦးဘကျော်က လိုသည့်နေရာတွင် သုံးထားနှင့်ဦး နောက်အခင်ပြေမှပေး။ မပေးလျှင် ပိုကောင်းသည်။ သူ့အတွက်လည်း ပညာဒါနမြောက်ကြောင်း ပြောတတ်သည်။

ထိုအချိန်မှစ၍ ဦးစိုင်းရွှေနှင့် ဦးဘကျော်သည် နှစ်ပေါင်းများစွာက ခင်ခဲ့သည့်မိတ်ဆွေများပမာ ဖြစ်သွားလေတော့သည်။

"ကဲ ကဲ ... ခရီးကလည်း ပန်းလာတယ် မဟုတ်လား။ နားပါဦး၊ တစ်ရေးတစ်မောအိပ်လို့ရသေးတာပဲ"

သူ့ကို ပြောရင်း ဦးရွှေက စိုင်းထွန်းအေးဘက်သို့ လှည့်၍-





"အိုက်ထွန်း ... မင်းသူငယ်ချင်းအတွက် အိပ်ရာပြင်ပေးလေဦး။ ကဲ ... မောင်သက်ဝေ ဦးလေးတော့ ရွာထဲ ခဏသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဦးရွှေ"

ဦးရွှေက ဖျင်နီရှမ်းဘောင်းဘီကို ဝတ်ဆင်ပြီး အပေါ်ပိုင်းတွင် ချွေးရှုပ်လွယ်သော စွပ်ကျယ်လက်တို အဖြူရောင်ကို ဝတ်ဆင်ထားသည်။

နံရံတွင်ချိတ်ထားသော ရှမ်းခမောက်ကိုယူ၍ အောက်ထပ်သို့ ဆင်းသွားလေသည်။ စိုင်းထွန်းအေးက သူ့အတွက် အိပ်ရာပြင်ပေးရင်း

"လှုပန်းနေပြီ မဟုတ်လား။ လန်းဆန်းသွားအောင် အိပ်လိုက်ဦး။ မှန်လုံကားတွေလောက်တော့ ခရီးက သက်သောင့်သက်သာ ရှိတာ မဟုတ်ဘူး"

"ရပါတယ်ကွ။ မင်းကော မအိပ်တော့ဘူးလား"

ကြမ်းပြင်ပေါ်တွင် ဖျာကြမ်းခင်းပြီး ထိုပေါ်တွင် တစ်ယောက်အိပ် မွေ့ရာအပါးနှင့် စောင်ခေါင်းအုံးများ ချထားသည်။

အိပ်ရာပေါ်တက်ထိုင်ရင်း အောက်ထပ်သို့ဆင်းဖို့ ပြင်နေသော စိုင်းထွန်းအေးကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်တော့ပါဘူး။ ငါ့အတွက်တော့ ဒီခရီးနဲ့ ဒီခရီးက မထူးဆန်းတော့ပါဘူး"

"အံမာ . . . ပြောပုံက"

"တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်၊ ဟား ဟား နောက်တာပါကွာ။ ငါ့အမေကို ခေါ်ပုတ်ထောင်းကူဖို့ရှိသေးတယ် သက်ဝေရေ၊ ငါ ပြန်လာ တုန်းလေး အမေ့ကို တစ်လှည့်နားစေချင်သေးတယ်။ မင်းသာ အနား ယူလိုက်ဦး။ ဟုတ်ပြီလား"

စိုင်းထွန်းအေးက ပြောရင်းဆိုရင်းဖြင့် အောက်ထပ်သို့ ဆင်း သွားလေ၏။

အိပ်ရာပေါ် တစ်ကိုယ်လုံး ပစ်လှဲလိုက်ကာမှ တစ်ကိုယ်လုံး ညောင်းကိုက်နေမှန်း သတိထားမိတော့သည်။

ဖရဲသီးကားနှင့် လိုက်လာခဲ့ခြင်းကြောင့် ဘယ်လိုမှ သက် သောင့်သက်သာမရချေ။

စိုင်းထွန်းအေးကတော့ ဤသို့ သွားလာရခြင်းမှာ ရိုးနေသည့် တန်ဖြင့် သီချင်းများပင် အော်ဆိုနေခဲ့သေးသည်။

သူကတော့ ယောက်ျားတန်မဲ့ ငိုချင်သလိုလို၊ ဝမ်းနည်းသလို လိုတောင် ဖြစ်လာခဲ့သည်။ သို့သော်လည်း ဘာဖြစ်လဲ၊ ဒီလောက်





[illegible]များ။ နောက်ဆို ဒီထက်ပင်ပန်းဆင်းရဲမယ့်ဒုက္ခတောင် ရှိချင် [illegible]မှာတု မာန်တင်းလိုက်သည်။

ဟိုတွေး ဒီတွေးနှင့် သူအိပ်ပျော်သွားသည်။ ရှေးလူကြီးများ [illegible]တဲ့သို့ လူငယ်များ ခေါင်းချတာနှင့် တုံးခနဲအိပ်ပျော်သွားသည် [illegible] သူ့လိုလူကိုပြောခြင်းဖြစ်မည်။

ဖျတ်ခနဲ နိုးလာသောအခါ လက်မှနာရီကို ကြည့်လိုက်မိ [illegible]။ နေတောင်ဝင်တော့မည်။

စောင်များကို တတ်နိုင်သမျှ သပ်သပ်ရပ်ရပ် ခေါက်ပြီး [illegible]ခါက်ဆီသို့ ထွက်လာခဲ့သည်။ အပေါ်ထပ်၌ ဝရန်တာရှည်ထုတ် [illegible]သည်။ နှစ်ထပ်အိမ်မြင့်သည် တစ်ထပ်နှင့်တစ်ထပ် အနိမ့်အမြင့် [illegible]။ အပေါ်ထပ်သည် အိပ်ရုံလောက်ပဲမို့ အောက်ထပ်ထက် [illegible]ထယ်နိမ့်သည်။

သူ ဆင်းလာတာမြင်တော့ –

"ဒီနေ့တော့ အိမ်မှာပဲ နေလိုက်ဦး သက်ဝေ။ မနက်ဖြန်မှ [illegible] မြို့ထဲလိုက်ပို့ပေးမယ်"

"ရပါတယ်၊ မင်းအဆင်ပြေတဲ့အချိန်ပေါ့။ သွားဖို့လာဖို့က [illegible]အရေးကြီးတာ မဟုတ်ပါဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းထွန်းဇော်အေးသည် သူ့ကို စကားပြောနေသော်လည်း မော့မကြည့်အားပေ။

ပါးစပ်ကလည်း ပြောရင်း လက်ကလည်း ငှက်ပျောဖက်ရွက်များကို ညီညီညာညာ ခွဲနေပြန်သည်။

သူက စိုင်းထွန်းအေး ဘာလုပ်နေသလဲဟူသော စူးစမ်းအကြည့်ဖြင့် ကြည့်နေမိသည်။ စိုင်းထွန်းအေးရဲ့ဘေးဘက်က လွတ်နေသောခုံတွင် ဝင်ထိုင်လိုက်သည်။

စိုင်းထွန်းအေးက ခွဲပြီးသော ငှက်ပျောရွက်များကို တစ်ရွက်ချင်း အဝတ်စဖြင့် သုတ်၏။ ပြီးမှ စနစ်တကျ ထပ်ကာ မီးဖိုဆောင်ဘက်သို့ ယူသွားသည်။ သွားနေရင်းမှ –

"မင်း ရေချိုးချင်ရင်ချိုး သက်ဝေ။ ဒီချိန် ကန်ထဲကရေတွေ နွေးတယ်။ ရေလဲပုဆိုးမပါရင် တန်းပေါ်မှာ ငါ့ရဲ့ပုဆိုးတစ်ထည်ယူကွာ"

စိုင်းထွန်းအေးရဲ့စကားကို သူ နားထောင်လိုက်သည်။ ကန်ထဲကရေက စိုင်းထွန်းအေးပြောသကဲ့သို့ နွေးနေသည်။ ရေကို တဗွမ်းဗွမ်းလောင်းချိုးလိုက်သောအခါ လူက ပေါ့ပါးလန်းဆန်းသွားသည်။

စိတ်က အဖေနဲ့အမေ့ဆီသို့ ရောက်သွားပြန်သည်။ အမေကတော့ တစ်ပတ်မပြောနှင့် သူ့သားကို တစ်ရက်မတွေ့ရလျှင်တောင်





[illegible]ပူကြောင်း ပြောတတ်သည်။

"ဒို့မှာလေ မင်းများ ညပြန်မအိပ်တဲ့ရက်တွေဆိုရင် ဒီကောင်[illegible]တော့ အရက်တွေမူးပြီး ပုဆိုးမနိုင် ပဝါမနိုင်နဲ့ ဘယ်အမှိုက်[illegible] ပုဆိုးခေါင်းမြီးခြုံ အိပ်နေမလဲ။ စိတ်ပူနေရတာ" ဟု တဗျစ်[illegible]တောက်နှင့် ပြောတတ်သည်။

ယခုလို တစ်ပတ်ကြီးဆိုလျှင်တော့ အမေ သူ့ကို စိတ်ပူ၍[illegible]ရဲ့ ပူမင်သောကရောက်ပြီး အိပ်ရာထဲပဲ လှဲနေမလား စိုး[illegible]သော်လည်း 'ထွက်သွားစမ်း' ဟု နှင်ထုတ်ရက်သော အဖေ့[illegible]တို့ မြင်ယောင်မိချိန် ခေါင်းကို ခပ်သွက်သွက် ယမ်းခါပစ်လိုက်[illegible]

"နေပါလေ့စေ၊ စိတ်ပူလျှင် ပူပလေ့စေ"

"လာ သက်ဝေ၊ မင်း ဗိုက်ဆာနေရောပေါ့။ ထမင်းစားလိုက်[illegible]"

"မင်းတို့ကော"

"ငါတို့ မစားသေးဘူးလေ။ မင်းပဲစားနှင့်ပါ"

"အားလုံးနဲ့မှ အတူတူစားပါ့မယ်ကွာ။ ညီသည်နှမဟုတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူတာ စာရေး သောက်ရေးထက် စိုင်းထွန်းအေးတို့၏ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းလေးကို စိတ်ဝင်စားမိသည်။

စိုင်းထွန်းအေးတို့၏ မီးဖိုဆောင်သည် အိမ်၏ဘေးဘက်တွင် အိမ်နှင့်အပြိုင် ဆောက်ထားသည့် အဆောက်အအုံ ခပ်ရှည်ရှည်ဖြစ်သည်။

တံခါးပေါက်၏ဘယ်ဘက်ခြမ်းတွင် ချက်ရေးပြုတ်ရေးအတွက်ဖြစ်ပြီး ညာဘက်တွင် ခေါပုတ်ထောင်းရန်အတွက် နေရာတစ်ခု လုပ်ထားသည်။

သူတို့၏ ခေါပုတ်ထောင်းသောဆုံကို တစ်ခါမှ မမြင်ဖူး။ ယခုမှ ပထမဦးဆုံး မြင်ဖူးခြင်းပင် ဖြစ်သည်။

ဆုံအကြီးကြီးတစ်မျိုးကိုတော့ သူမြင်ဖူးခဲ့သည်။ သူ့အဖေရဲ့ ဆွေမျိုးများရှိသော အညာဘက်ရွာတစ်ရွာသို့ အလည်တစ်ခေါက် သွားခဲ့စဉ်အခါက ဖြစ်သည်။ ထိုစဉ်က တွေ့ခဲ့ဖူးသော စပါးထောင်းသည့် မောင်းဆုံကြီးသည် လုံနှစ်ဖက်စာလုံးပတ်၊ လူကြီးတစ်ထိုင် အမြင့်ရှိသော မန်ကျည်းပင်သားကို ဆုံသဖွယ်ထွင်းပြီး စပါးများကို ထောင်းသည်ဟုဆို၏။

သူ သွားသောကာလသည် စပါးခြွေလှေ့ထောင်းသောကာလ မဟုတ်ပေ။

နွေနှောင်းကာလ မိုးဦးအဝင်မို့ ထိုဆုံကြီးသည် သိပ်အသုံးမဝင်။ သို့သော် တစ်ခါတစ်ရံ ဆန်များကို အခြောက်ထောင်းသည်။ ညက်ညက်ကြေအောင် ထောင်းထားသော ဆန်မှုန့်၊ ကောက်ညှင်းမှုန့်များကို သင့်သလို ရေနှင့်ရောနယ်၍ မုန့်ဆီကြော်များ၊ မုန့်ပျစ်သလက်များ လုပ်ကျွေးသည်ကိုတော့ အမှတ်ရမိသည်။

သူ ယခုမြင်ရသော ခေါပုတ်ထောင်းသည့်ဆုံကို သမံတလင်းနှင့် တစ်ပြေးထဲတွင် ပြုလုပ်ထားသည်။

ဆုံပြုလုပ်သည့်နေရာကို မသေးမကြီး၊ မနိမ့်မမြင့် ကျင်းတစ်ကျင်းတူးကာ ကျောက်ရေတ်ဆုံကဲ့သို့ ကျင်းကို အချောကိုင်ထားသည်။

သူ့အထင်အမြင်သည် တစ်တောင်သာသာမြင့်ဟန်တူ၏။ ထိုကျင်းနှင့် တစ်ပေခန့်အကွာတွင် တိုင်နှစ်တိုင် မျက်နှာချင်းဆိုင်စိုက်ထားပြီး ထိုကြားတွင် ကလေးငယ်များစီးသော ချောက်ကဲ့သို့ တန်းတစ်တန်းခံကာ ထိုတန်းပေါ်တွင် သစ်သားချောင်း၊ နားလည်လွယ်အောင်ဆိုရသော် မောင်းတံ။

ထိုမောင်းတံ၏ထိပ်သည် ဆုံအလယ်ဗဟိုတည့်တည့်နှင့် ထွက်တိုဖြစ်သည်။ လူသည် ဆုံနှင့်ဆန့်ကျင်ဘက်မောင်းတံအစွန်းကို







www.burmeseclassic.com

နင်းထားရပြီး ခြေထောက်ကို ဖယ်လိုက်လျှင် မောင်းတံသည် ဆုံထဲသို့ သွားသွားစိုက်ခတ်သည်။

သူမြင်နေရသည်က စိုင်းထွန်းအေး၏မိခင် ဒေါ်နန်းနွဲ့အေးသည် မောင်းတံ၏ ဆန့်ကျင်ဘက်အရပ်တွင် ထိုင်ပြီး ထိုမောင်းတံကို နင်းလိုက်၊ လွှတ်လိုက်ဖြင့် ရှိနေ၏။

ဆုံရှိရာအရပ်တွင် ထိုင်နေသည့် စိုင်းထွန်းအေးက မောင်းတံ ပြန်တက်သွားတိုင်း ဆာလာအိတ်အသန့်ဖြင့် ထုပ်ထားသော ကောက်ညှင်းပေါင်းအိတ်ကို သင့်သလို လှည့်ပေးနေသည်။

မောင်းတံကျလျှင် လက်ဖယ်လိုက်၊ မောင်းတံတက်လျှင် လှည့်လိုက်နှင့် လုပ်ကိုင်နေသည်ကိုကြည့်ရင်း သူ အတွေးတစ်ချက် ပေါက်သွားရပေသည်။

ဤအလုပ်သည် နှစ်ဦးနှစ်ဖက် အပေးအယူ မျှတမှသာ ဖြစ်နိုင်ပေမည်။ တစ်ဖက်က ခပ်မြန်မြန်နင်းလိုက်၊ လွှတ်လိုက်ဖြင့် ကျွန်လူအားမစောင့်နိုင်လျှင် တစ်ဖက်လူသည် မောင်းတံအောက် လက်ရောက်၍ ထိခိုက်နိုင်သည်။

မောင်းတံနင်းသူသည် သတိ ဝီရိယနှင့် ခပ်မှန်မှန်နင်းမှသာ ကောက်ညှင်းအိတ်လှည့်နေသူမှာ သက်သာရာရပေလိမ့်မည်။





နှစ်ဦးနှစ်ဖက်လုံး စည်းလုံးခြင်းဖြင့် ပြုလုပ်ရသောအလုပ် တစ်ခုဖြစ်သည်။ ဤကဲ့သို့ စည်းစည်းလုံးလုံး လုပ်မှသာ ကောက်ညှင်းလုံးမျှောက်ကာ ကောင်းမွန် အိစက်သော ခေါ်ပုတ်များကို ရပေလိမ့်မည်ဟု သူ သဘောပေါက်လိုက်သည်။

ထိုစဉ် စိုင်းထွန်းအေးသည် အိမ်မကြီးဘက်သို့ ရှမ်းလို လှမ်းအော်လိုက်သည်။ သိပ်မကြာခင် စိုင်းထွန်းအေး၏မရီး မနန်းစံတစ် ထွက်လာသည်။

မနန်းစံတစ်သည် ချက်ပြုတ်သည့်ဘက်သို့သွားကာ ခေါ်ပုတ်ကြော်များကို ပန်းကန်နှင့်ထည့်ကာ သူထိုင်နေသော ဘေးကခုံတန်းရှည်ထက်တွင် တင်လိုက်ပြီး –

“ထမင်းမစားသေးဘူးဆိုရင် ခေါ်ပုတ်ကြော်လေး အဆာပြေစားထားနှင့် အိုက်နေအောင်”

စိုင်းထွန်းအေးရဲ့မရီးမှာ စိုင်းထွန်းအေးတို့ထက် ပို၍ ရှမ်းသံပေါက်သဖြင့် လေသံက ဝဲလွန်းသည်။

“အဲ့မယ် လှုံ့ဆုံ့လုချည်လား”

တံခါးပေါက်ဆီမှ အရိပ်ထိုးလာပြီး ချိုသာသော အသံနှင့် ...ချင်းတနီး ပြောလိုက်သံကို ကြားလိုက်ရသည်။ သူ လှည့်မကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



သေးခင် စိုင်းထွန်းအေးက တံခါးပေါက်သို့လှမ်းကြည့်ပြီး –

"ဟာ ဆရာမ"

ဟု ဝမ်းသာအားရ ခေါ်လိုက်သည်။ နောက် သူ့မရီးနှင့် နေရာချင်းချိန်းလိုက်သည်။ မနန်းစံတစ်သည် စိုင်းထွန်းအေး၏နေရာတွင် ဝင်ထိုင်ကာ ကောက်ညှင်းအိတ်ကို လှည့်ပေးနေသည်။

သူကတော့ ဆရာမဆိုသူကို ခပ်ဖြည်းဖြည်း လှည့်ကြည့်လိုက်မိသည်။ သူ့စိတ်ထဲတွင် စိုင်းထွန်းအေးက တလေးတစားနှင့် ဆရာမဟု ခေါ်ခံရသူသည် အသက်လေးဆယ်ကျော်ဟု ထင်လိုက်၏။

ယခု သူမြင်လိုက်ရသော မိန်းမပျိုသည် သူတို့ထက် သုံးလေးနှစ်ခန့်သာ ကြီးသော အရပ်မနိမ့်မမြင့်နှင့် အသားအနည်းငယ်ညိုသူဖြစ်သည်။ သို့ပေမဲ့ ညိုပေမဲ့ စိုသည်ဟု ပြောနိုင်သည်။

မျက်လုံးမျက်ခုံးကောင်းပြီး ယဉ်ညို့ချောသူဖြစ်၏။ ဆံပင်ကို နောက်တွဲဆံထုံးထုံးထားသဖြင့် သူမ၏ဆံပင် မည်မျှရှည်ကြောင်း မခန့်မှန်းတတ်ချေ။ ရွှေအိုရောင်အခက်အလက်များပါသော ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။

"လာ သက်ဝေ၊ အိမ်မကြီးဘက်သွားရအောင်။ ဆရာမကို ကျွန်တော် စောစောတုန်းက လာရှာသေးတယ်ဗျာ"





"ဟုတ်တယ်၊ မမနန်းပြောလို့ ကျွန်မလည်း အစည်းအဝေး ပြီးတာလာချင်း အဝတ်အစားမလဲနိုင်ဘဲ ဒီကိုတန်းလာခဲ့တာလေ"

"ဘာအစည်းအဝေးများပါလိမ့် ဆရာမ"

"ကျောင်းဖွင့်ခါနီးပြီလေ ကိုထွန်းအေးရဲ့။ ကျောင်းအကျိုးဆောင်ဆောင် အစည်းအဝေးပေါ့။ ဒီနှစ်ရဲ့ ရန်ပုံငွေတော့ တိုးလာပါရဲ့ ဒါပေမဲ့ ဆရာအင်အားလျော့သွားတယ်ရှင့်"

"ဆရာဦးစောဦးတို့၊ ဆရာမဂျာဖန်တို့တွေရှိတယ်မလား ဆရာမရဲ့"

"ဆရာမဂျာဖန်က အိမ်ထောင်ကျသွားပြီးကတည်းက နားသွားတာလေ။ ဆရာဦးစောဦးတော့ ရှိပါတယ်။ ဒါပေမဲ့ ကျောင်းသားအင်အားနဲ့ ဆရာ ဆရာမအင်အား အချိုးချလိုက်တဲ့အခါ ဆရာဆရာအင်အားက နည်းလွန်းတယ်လေ။ အဲဒါ ဘုန်းဘုန်းကတော့ ကျောင်းအကျိုးတော်ဆောင်များနဲ့ စည်းစည်းလုံးလုံး တိုင်ပင်ပြီး သင့်သလိုလုပ်ပါတဲ့လေ"

"ဒါပေါ့ ဆရာမရယ်"

သူက စကားကောင်းနေသူနှစ်ယောက်ရဲ့နောက်မှ အသာအယာ ငြိမ်သက်စွာ လိုက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမဆိုသူရဲ့အသံမှာ မိမိကိုယ်ကို ယုံကြည်မှုများစွာ ပါဝင်နေသည်။ မည်သူ့ကို မည်ကဲ့သို့ ဆက်ဆံရမည်ကို ကောင်းစွာ နားလည်တတ်ကျွမ်းသူတစ်ယောက် ဖြစ်ပေမည်။

ထိုင်ခုံတွင် ထိုင်မိကြသောအခါ စိုင်းထွန်းအေးက –

"ဆရာမကို မိတ်ဆက်ပေးဦးမယ်။ ဒါ ကျွန်တော့်ရဲ့ သူငယ်ချင်း သက်ဝေလင်းတဲ့။ မန္တလေးကနေ အလည်လာတာလေ"

"ဟုတ်ကဲ့ပါရှင့်၊ မင်္ဂလာပါ ကိုသက်ဝေလင်း"

ရုတ်တရက် ပြုမူလိုက်သော အပြုအမူတစ်ခုကြောင့် သူသည် ထိုင်ရမလို ထရမလိုနှင့် ဖြစ်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူ့အား ဆရာမသည် လက်အုပ်ချီ ဦးခေါင်းညွှတ်၍ နှုတ်ဆက်လိုက်သောကြောင့် ဖြစ်သည်။

သူ ထူထူပူပူဖြင့် စိုင်းထွန်းအေးဘက်သို့ လှည့်ကြည့်လိုက်သောအခါ စိုင်းထွန်းအေးရဲ့မျက်နှာ၌ ထူးခြားမှုများ ရှိမနေပေ။ ဒါဟာ သူတို့ရဲ့ လုပ်ရိုးလုပ်စဉ်တစ်ခုပဲ ဖြစ်ပေမည်။

"သက်ဝေ ... ဒါက ငါတို့ရဲ့အိမ်နီးချင်းမိတ်ဆွေဆရာမ ချိုသင်းခင်တဲ့။ နတ်ရေကန်ဘုန်းတော်ကြီးသင်ကျောင်းက ဆရာမလေ"





"တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ။ ကျွန်တော့်ကိုလည်း စိုင်းထွန်းအေးလို ခင်မင်နိုင်ပါတယ် ခင်ဗျာ"

ဆရာမ ချိုသင်းခင်၏မျက်နှာထက်တွင် သာယာသော အပြုံးတစ်ပွင့် ဖြစ်တည်သွားပြီး ဦးခေါင်းအသာညိတ်လေသည်။

ထိုအပြုံးသည် ဆရာမ၏ တည်ငြိမ်မှုကို ထပ်လောင်း အားဖြည့်ပေးလိုက်သည်ဟု ထင်မိပါသည်။

✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"နားမခေါ်" ရွာသည် တောမက မြို့မကျဖြစ်သဖြင့် ကျေးကျော်မြို့သစ်ဟု ခေါ်ဆိုနိုင်သည်။ မန္တလေးမှလာသော် လားရှိုးမြို့အဝင်တွင် တည်ရှိ၏။ နားမခေါ်ရွာမှ မြို့မဈေးသို့ ခြေလျင် (၄၅) မိနစ်ခန့်၊ ဆိုင်ကယ် သုံးဘီးဆိုင်ကယ်နှင့်ဆိုလျှင် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့်သာ မောင်းရ၏။

ထိုရွာသည် ရှေးယခင်က ရှမ်းရွာလေးတစ်ရွာဖြစ်ခဲ့သော်လည်း ခေတ်စနစ်ပြောင်းလာသောအခါ မြို့ထဲ၌ လူနေထူထပ်လာကာ အချို့က နားမခေါ်ရွာတွင် တိုးချဲ့နေထိုင်ခဲ့ကြသည်။





အဓိကအားဖြင့် ရှမ်းဗမာများ နေထိုင်ကြပြီး တောင်ယာလုပ်ကိုင်နေသော အခြားလူမျိုးစု အနည်းငယ်လည်း နေထိုင်ပါသည်။

တောင်ယာလုပ်သူအိမ်များစုသည် မနက်မိုးလင်းသည့်အချိန်မှစ၍ တစ်နေကုန် တောင်ယာသွားသူသွားနှင့် ညအခါမှသာ လည်ပတ်ကြသည်။

အချို့ကတော့ နယ်စပ်တွင် ရော်ဘာခြံစောင့်ရန်၊ ကြံခုတ်ရန်အသားစုလိုက် စရိတ်ငြိမ်းသွားသူများလည်း ရှိပါသည်။ ညအခါ လည်ပတ်သည်ဆိုတာကလည်း ဝေးဝေးလံလံသို့ သွားရောက်လည်ပတ်ခြင်းမျိုးတော့မဟုတ်ပါ။ သက်ဝေတို့ ဗမာခလေ့ထုံးစံကဲ့သို့ အပျိုအိမ်သို့ လူပျိုလည်ခြင်းသာ ဖြစ်သည်။

ကလေးလူငယ်နှင့် လူကြီးများကတော့ ရွာထဲတွင် တစ်ရုံတည်းသာရှိသော 'ရှမ်းဗီဒီယိုရုံ' သို့ မှောင်ပြီဆိုလျှင် ရောက်တတ်ကြသည်ကတော့ ထုံးစံလိုလိုပင်။ ပေးရသည့် ရုံဝင်ကြေးကလည်း သိပ်များများစားစား မဟုတ်၊ တီဗွီမရှိသော အိမ်ထောင်စုများအတွက် ကြည့်ပျော်သည်ဟု ပြောရပေမည်။

သူမြင်ရသလောက် ပြောရမည်ဆိုလျှင် အချို့သော မိဘများသည် သားသမီးများအား ပညာရေးဘက်တွင် လုံလောက်အောင်မပေးတာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ အရွယ်ရောက်လျှင် တောင်ယာခုတ်လုပ်စားတတ်လျှင် ပြီးရောဟု တရားသေမှတ်ယူထားကြ၏။

ထိုအရာနှင့် ပတ်သက်၍ စိုင်းထွန်းအေးကလည်း သူ့ကို ပြောဖူး၏။ သဘောထားကျဉ်းမြောင်းသော ရှမ်းမိဘအချို့ထဲတွင် သူ့မိဘတွေကို ချီးကျူးကြောင်း၊ လေးစားကြောင်း၊ ကျေးဇူးတင်ကြောင်းပင်ဖြစ်သည်။

"တကယ်လို့ ငါ့မိဘတွေက ကျောင်းဆိုတဲ့နေရာကို မပို့ခဲ့ရင် ငါလည်း သူတို့လိုပဲ တောင်ယာခုတ်ရင်ခုတ်၊ မခုတ်ရင် နယ်စပ်မှာ ကြံခုတ်သွားရမှာကတော့ သေချာတယ်။ တစ်ထွာလောက် ဝမ်းရေးအတွက် နေပူစပ်ခါးမှာ နေပူမရှောင်၊ မိုးရွာမရှောင် လုပ်ရမယ့်ဘေးက ဝေးအောင် တက္ကသိုလ်ကို ပို့ပေးခဲ့တဲ့ ငါ့အဖေနဲ့ ငါ့အမေကို ကျေးဇူးတင်တယ်ကွာ။ တချို့က ငါ့ကိုဝေဖန်ကြတယ်။ မြို့ကြီးမှာ ပညာသွားသင်ပြန်လာတော့လည်း ခေါ်ပုတ်ရောင်းရတဲ့ဘဝက မတက်ပါလားလို့ ကဲ့ရဲ့ကြတယ်။ လူတွေက တကယ်တော့ အမြင်မှားနေကြတာ။ ကျယ်ကျယ်ပြန့်ပြန့် မတွေးတတ်တာ သူငယ်ချင်း။ ဒီမှာ ငါပြောပြမယ်။ ဘွဲ့ရရောင်းတဲ့ခေါ်ပုတ်နဲ့ ပညာမတတ်တဲ့သူရောင်းတဲ့ ခေါ်ပုတ် ဘာမှ မကွာပါဘူး"





စိုင်းထွန်းအေးက ဘဝတွင် သူထက်စာလျှင် လောကနှင့် [illegible]ထက်၍ ပို၍ အသိကြွယ်၊ အမြင်ကျယ်၏။ သူမတွေးတတ်သော အကြောင်းအရာများကိုလည်း တွေးတတ် မြင်တတ်ပါသည်။

"ဒါပေမဲ့ကွာ မတတ်သာလို့ ဈေးပဲရောင်းရောင်း၊ ကူလီပဲ [illegible]ထမ်း ဘွဲ့ရဆိုတဲ့ လေးစားမှုရှိတယ်။ နောက်ပြီး ဒီဘွဲ့ရဟာ [illegible]ရုန်ထမ်းပဲလုပ်လုပ်၊ ကုမ္ပဏီမှာပဲလုပ်လုပ် သူ့မှာ ရွေးချယ်ခွင့် [illegible]ရွေးရှိတယ်။ ဘွဲ့ရမဟုတ်တဲ့ လူတစ်ယောက်မှာ အဲဒီအခွင့် [illegible] ရပါ့မလား"

စိုင်းထွန်းအေးက ရှည်လျားစွာ ရှင်းပြနေ၏။

"ဘဝချင်းကွာတာနှင့် စိတ်ဓာတ်ရော စရိုက်ပါ ကွဲပြားခြားနား [illegible] တူသောစကားလေးကို အံမှတ်ရမိ၏။

ဆင်းရဲသူတစ်ယောက်သည် ရုန်းကန်ကြိုးစားခဲ့ရသဖြင့် ဘဝ [illegible]သည်၊ ကြိုးစားသည်။ ဘဝကို ခပ်ပေါ့ပေါ့လေး ဖြတ်သန်းနေသူ [illegible]ယောက်နှင့် အသိအမြင်ရော အတွေးအခေါ်ပါ ကွဲပြားခြားနား [illegible]သည်။

ဥပမာ–သူ့လိုလူဖြစ်သည်။ ဆန်အိုးထဲ ဆန်မရှိ၍ ရှာရသည့် [illegible] လိုတဲ့ပိုက်ဆံ လက်ဖြန့်တောင်းလို့မှ မရမရှိတဲ့အခြေအနေမို့



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရဲ့တန်ဖိုး၊ ဘဝရဲ့တန်ဖိုး နားလည်ဖို့မကြိုးစားခဲ့ပေ။

မနေ့တစ်နေ့ကို နောက်ကြောင်းပြန်ကြည့်လျှင် သူသည် အနှစ်နှစ်ဆယ်ဘဝကို ပေါ့ပေါ့လေး ဖြတ်သန်းခဲ့သည်။ အများကောင်းကျိုးမပြောနှင့် ကိုယ့်ကို စာမေးပွဲအောင်စေချင်သည့် ကိုယ့်ကျိုးကိုတောင် အလေးမထား ဂရုမစိုက်တတ်ခဲ့ပေ။

ထိုသို့ဆိုလျှင် ရသည့်အချိန်လေးမှ အများကောင်းကျိုးတွေ လုပ်နေကြသော စိုင်းထွန်းအေးနှင့် ဆရာမတို့ကြားတွင် သူသည် ရှက်စရာကောင်းသော သိုးမည်းတစ်ကောင်သာ ဖြစ်ပေသည်။

စိုင်းထွန်းအေးသည် တက္ကသိုလ်တက်စဉ်အခါက ပျော်ခဲ့ကောင်း ပျော်ခဲ့မည်။ လည်ခဲ့ကောင်း လည်ခဲ့မည်။ သို့သော် ဇာတိမြေသို့ ပြန်ရောက်သောအခါ သူ့မိဘရဲ့ စီးပွားရေး ခေါ်ပုတ်ရောင်းသည့်နေရာတွင် ကူညီသည်။ အများကောင်းကျိုးဖြစ်သော ပရဟိတဘက်တွင်လည်း အစွမ်းကုန် ဆောင်ရွက်ပေးလေသည်။

ပရဟိတဆိုသည့်စကားလုံးမှာ ကျယ်ပြန့်လွန်းပါသည်။ ကိုယ်တူကိုယ်ထဖြစ်သော ဘုန်းတော်ကြီးသင် စာသင်ကျောင်းတွင် ဘာအလုပ်ရယ်ဟု သတ်သတ်မှတ်မှတ်မဟုတ်တဲ လိုအပ်လျှင် လိုအပ်သလို ကူညီသည်။





စာသင်ဖို့ဆိုလျှင် စာသင်မည်။ ကျောင်းကိစ္စနှင့် ပညာရေးမှူးရုံး သွားလိုက်ပါဦးဟုဆိုလျှင် မနေ။ အခုံးစွန်ကျောင်းတွင် စုပေါင်းအမှိုက်ကောက်သည့်နေ့ ဖြစ်သော ဥပုသ်နေ့တိုင်း ကလေးတွေနှင့်အတူ ရောကောက်တတ်သည်။ စိုင်းထွန်းအေးက သူ့အား –

“ဆရာမက ငါ့ကို စကားလေးတစ်ခွန်း ပြောဖူးတယ်။ ‘လိုအပ်ချက်နှင့်လျော်ညီစွာ’တဲ့။ တကယ်တော့ အဲဒီစကားကို အမှန်တကယ်ပြောခဲ့သူက မဟာကရုဏာရှင် မာသာထရီဇာက ပြောခဲ့တာတဲ့။ ဘယ်အချိန်မှာ ဘာလုပ်မယ်၊ ဘယ်အချိန်မှာ ဘာဖြစ်ရမယ်ဆိုတဲ့ တားကတ်ရှိရမယ်။ ဒါပေမဲ့ လိုအပ်ရင်တော့ လိုအပ်သလို အရေးကြီးတဲ့အလုပ်ကို ဦးစားပေးရမယ်တဲ့”

“နေပါဦး . . . အရေးကြီးတယ် မကြီးတယ်ဆိုတာ ဘာကိုကြည့်ပြီးပြောတာလဲ”

စကားကောင်းပြောနေသော စိုင်းထွန်းအေးကို သူက ဝင်၍ တပျက်ကဖျက်လုပ်ရာကျနေပြီလား။ မစဉ်းစားတတ်တော့ပါ။ ဘာကြောင့် ငြိမ်နားမထောင်ဘဲ လွှတ်ခနဲ ပြောသွားလိုက်မိတာလဲ။

“ငါ့အလုပ်ကတော့စာသင်ပဲမို့ အမှိုက်မကောက်ဘူးမတွေးပါနဲ့။ အမှိုက်ကောက်ရတာ ရှက်စရာမဟုတ်ပါဘူးတဲ့။ အမှိုက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် နိုင်ငံကြီးသားပီသခြင်းကို ပြသပါတဲ့။ ငါက စစချင်းတော့ ရှက်တာပေါ့။ ဒါပေမဲ့ ငါ့လို လုပ်အားပေးဆရာမပြောနဲ့ ကျောင်းအုပ်ဆရာကြီးလည်း ကောက်တာပဲ။ ကလေးတွေကလည်း ပျော်ပျော်ပါးပါး ကောက်တာပဲလေ"

ထိုစကားတင်မကသေး နောက်ထပ် –

"ဆရာမကြောင့် ငါတို့ရွာထဲက ပညာတတ်တချို့ အသိတရားလေးတွေရလာတယ်။ ငါကိုယ်တိုင်ပဲဆိုပါတော့။ ကျောင်းတက်ချိန်မှာ ကျောင်းတက်မယ်၊ ကျောင်းပြင်ပမှာ ငါ့မိဘကို ကူညီမယ်။ ဒါဆိုရင် ငါ့တာဝန်ကျေပြီပေါ့လေ။ ဒါပေမဲ့ ဆရာမက ငါသာမကဘူး တခြားပညာတတ်လူငယ်တွေ တော်တော်များများကို စည်းရုံးတယ်။ ဒီလို ပထမအရွယ်ဖြစ်တဲ့ ဆယ်ကျော်သက်ဘဝမှာ ဒါန၊ သီလ၊ ဘာဝနာကို လုပ်ပါဆိုရင် ဟာ ကျွန်တော်တို့က ငယ်သေးတယ် ပြောကြလိမ့်မယ်တဲ့"

"အေးလေ … အဲဒါလည်း ဟုတ်တာပဲ"

"မင်းကလည်း စကားကို ဆုံးအောင်နားထောင်စမ်းပါ"

စိုင်းထွန်းအေးက သူ့ရဲ့လက်မောင်းကို ခပ်ဖွဖွ ထိုး၍ လှမ်းပြောသည်။





"အေးပါ … အေးပါ ဆရာရယ်"

ခပ်ရွှဲရွှဲနှင့် ပြောတာကိုလည်း ဂရုမစိုက်ဘဲ သူပြောချင်တာ [illegible]ပြောသည်။

"ကျွန်မကတော့ အဲဒါတွေကို လုပ်ပေးပါလို့ မတောင်းဆိုပါ[illegible] [illegible]နိုင်မယ်ဆိုရင် တစ်နာရီအားအား၊ နှစ်နာရီအားအား အားတဲ့[illegible]လေး ကျောင်းမှာ လုပ်အားပေးစာသင်ပေးဖို့ပါပဲတဲ့။ ဒါကလည်း [illegible]ဒါနပဲပေါ့တဲ့"

စိုင်းထွန်းအေး၏မျက်ဝန်းများသည် 'ဆရာမ' ကို အထင်ကြီး[illegible] လေးစားသည့်စိတ်များဖြင့် တဖိတ်ဖိတ် တောက်ပလျက်[illegible]

[illegible] အားနွဲ့သော မိန်းမသားတစ်ဦးသည် ကျား၊ မအားလုံးကို [illegible]ရှင် လိုအပ်သလို စည်းရုံးရေးလုပ်နိုင်ခြင်းကိုတော့ သူ သိပ်မယုံ[illegible]

မိန်းမမျက်လျှင် ပြည်ပျက်သည်ဆိုသောစကားကိုသာ ကြား[illegible]သည်။ မိန်းမတစ်ယောက်ကြောင့် လောကကြီးကောင်းစားနေ[illegible]သည် ဆိုတာကတော့ ယုံတမ်းစကားပုံပြင်တစ်ပုဒ်သာ ဖြစ်နေလိမ့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သက်ဝေလင်းဆိုတဲ့သူက သရဲပာဆိုကြသော မကောင်းဆိုးဝါးများကိုပင် ကိုယ်တွေ့မဟုတ်လျှင် မယုံတတ်သူမို့ ဆရာမသည် ထိုကဲ့သို့ တော်ပါသည်ဆိုတာကိုတော့ လက်မခံသော်လည်း 'ပုဂ္ဂိုလ်ခင်၍ တရားမင်' နေသော စိုင်းထွန်းအေးကိုတော့ ဘာမှတ်ချက်မှ မပေးလိုက်ပါ။

ယခုလည်းကြည့်။ ညီ့သည်ဖြစ်သောသူ့ကို မေ့ကာ ဆွေးနွေးနေလိုက်တာ အပေးအယူမျှတနေတာကိုကြည့်ရင်း သူ တောင် မနာလိုချင်ဖြစ်လာသည်။

"တန်ခူး မိဿ စိတ္တရ လနှင့် ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကဲ့ကော် ထုံသင်းပျော် ပွဲတော်အတာညွှန်းဆိုပြီး ကင်းဝန်မင်းကြီးဦးစက ဆယ့်နှစ်လရာသီကို တစ်လချင်း လ၊ နက္ခတ်၊ ပွင့်တဲ့ပန်း၊ ပွဲတော် စသဖြင့် စုံလင်စွာပါအောင် ဖွဲ့ထားတာဗျာ"

"တစ်လ တစ်လ မှတ်ရတာ တော်တော်ရှည်တယ် ကိုထွန်းအေးရဲ့။ ကျွန်မလည်း အရင်တုန်းကတော့ ကင်းဝန်မင်းကြီးဖွဲ့တဲ့ ဆယ့်နှစ်လရာသီပွဲတော်ကို အလွတ်ကျက်တဲ့အထိ။ ဒါပေမဲ့ ဖွဲ့တဲ့ပါဒတွေ များလို့လားမသိဘူး မေ့ မေ့သွားတယ်။ အဲဒါကြောင့် ဆယ့်နှစ်လလုံးကို ကဗျာတိုတစ်ပုဒ်နဲ့ သိနိုင်တဲ့ အဖွဲ့ကို ကျွန်မ မှတ်ထားတာ





ရှိတယ်"

"ဟုတ်လား၊ ဆရာမရွတ်ပြကြည့်လေ။ မှတ်ရလွယ်တယ်ဆိုတော့ ကျွန်တော်လည်း စိတ်ဝင်စားပါတယ်၊ ဟဲ ဟဲ"

"သင်္ကြန်တာကူး နှစ်ဦးညောင်ရေ
စာပလွေစင်း ပဥ္စင်းတော်ခံ
စာရေးတံနှင့် မြစ်ယံပွဲပြီး
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း
မြင်းခင်းထွက်ဝင်၊ သဘင်မီးဖို
ဂူလုံးသဲပုံ၊ စေ့စုံဆင်ယင် ဤသို့ရင်သာ၊
ပြုလျှင်အမြဲ ဆယ့်နှစ်ပွဲတဲ့။ လက်ဝဲသုန္ဒရအမတ်ကြီး ရေးခဲ့တာလေ"

အဖြတ်အတောက်မှန်ကန်စွာနှင့် ရွတ်ဖတ်နေသော ဆရာမရဲ့ မျက်နှာကို သူ သေချာစွာ စိုက်ကြည့်မိပါသည်။ ယောက်ျားနှစ်ယောက်၏ ဘေးတွင်ထိုင်နေရသော်လည်း ရှက်ကိုးရှက်ကန်းမဖြစ်၊ ကလက်တက်တက်အမူအရာမရှိ။

"မှတ်ရလွယ်သားပဲ၊ ကျွန်တော့်ကို အဲဒီကဗျာလေး ကူးပေးပါနော် ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ကိုထွန်းအေး"

ပျော်နေလိုက်ကြတာ။ သူ့ကိုတောင် သတိမရတော့ဘူးလား။ ထသွားတာပဲကောင်းပါတယ်ဟု ဆုံးဖြတ်ကာ ထိုင်နေရာမှ ထလိုက်သောအခါ ဆရာမက အခုမှ သူရှိမှန်းသတိရသလိုလိုနှင့်။

"ညည်းသည်ကိုမေ့ပြီး စကားကောင်းနေလိုက်တာ။ ထိုင်ပါဦး ကိုသက်ဝေရဲ့။ အိမ်အပေါ်ထပ်မှာ ဘာလုပ်စရာရှိတာမှတ်လို့။ ဒါနဲ့ မေးပါရစေဦးရှင့်။ ကိုသက်ဝေကော ကျောင်းပြီးရင် ဝန်ထမ်းလုပ်မှာလား"

ထိုမေးခွန်းသည် သူ့အရှိက်ကို ကောင်းစွာထိသွားစေနိုင်လေသည်။ ပညာတတ်ဘွဲ့ရနှစ်ယောက်ကြား ရှက်ရွံ့ထူပူစွာ ဆရာမရဲ့ မေးခွန်းကို သူ ရှိုင်းစိုင်းစွာ တုံ့ပြန်လိုက်မိသည်။

"ဝန်ထမ်းလုပ်ဖို့နေနေသာ ဆယ်တန်းတောင် မအောင်သေးဘူး။ ဘယ်တော့မှလည်း အောင်မှာမဟုတ်ဘူး"

"ရှင်"

သူ့ရဲ့စကားကြောင့် ဆရာမသည် နှုတ်ခမ်းဟသွားကာ အံ့သြသလိုကြည့်နေခဲ့သည်။ စိုင်းထွန်းအေးက သက်ဝေလင်းရဲ့စကားသံမာမာကို အားနာသည့်ဟန်နှင့် –





"တောင်းပန်ပါတယ် ဆရာမရယ်။ သက်ဝေက အဲဒီဆယ်တန်းကိုစွန့်ပစ်သက်ပြီး သူ့အမေနဲ့စကားများပြီး အိမ်ပေါ်ကဆင်း[illegible] သက်ဝေရဲ့အစား ကျွန်တော်ကပဲ ကြားက တောင်းပန်ပါတယ် ဆရာမ"

"အို ... နေပါ ရပါတယ်ရှင်၊ ရပါတယ်။ ကျွန်မကိုက [illegible]တန်းဆိုးမသိ ဘာတွေသွားမေးလိုက်မှန်းမသိဘူး။ တောင်းပန်[illegible] ကိုသက်ဝေရဲ့။ ကျွန်မမေးခွန်းကြောင့် ကိုသက်ဝေ စိတ်[illegible]အယုက်ဖြစ်ရတယ်ဆိုရင် ကျွန်မဘက်က အနူးအညွတ် [illegible]ပန်ပါတယ်နော်"

အမှားကို ဝန်ခံရဲတဲ့သူက ပညာရှိတဲ့။ မှားတဲ့သူကတော့ [illegible] ဝန်ခံသွားသည်။ သူကတော့ ရှက်ရွံ့စရာ။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သက်ဝေ ခဏလောပါဦးကွ"

အပေါ်ထပ်မှ ဆင်းရင်း အင်္ကျီလက်ကကြယ်သီးကို တပ်နေစဉ် စိုင်းထွန်းအေးက လှမ်းခေါ်၏။

လေှကားရင်း၌ ချတ်ထားသော ကတ္တီပါဖိနပ်ကို စီးရင်း စိုင်းထွန်းအေးဆီသို့ လှမ်းကြည့်မိသည်။ စိုင်းထွန်းအေးကို ကိုးတန်းကျောင်းသားတစ်ယောက်က စာလာမေးခြင်းဖြစ်သည်။ ဤကဲ့သို့ပင် တစ်ရက်နှစ်ယောက်၊ သုံးယောက် အနည်းဆုံး စာလာမေးတတ်ကြသည်။





"ဘာလဲ ... ဘာတွေအရေးကြီးနေတာလဲ"

စိုင်းထွန်းအေးထိုင်နေသော ခုံတန်းရှည်ပေါ်တွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

"ဒီမှာ မင်း ဒီပုစ္ဆာကို ရှင်းပြလိုက်စမ်းပါကွာ။ ငါ ရှင်းပေးနေတာ သူ့အတွက် ရှင်းလေ ရှုပ်လေ ဖြစ်နေတယ်။ မင်းသိတဲ့အတိုင်း ငါက သင်္ချာဆိုရင် စိတ်ဝင်စားတာမဟုတ်ဘူး။ သူကလည်း ဒါက ဘယ်လို တစ်လုံးချင်းရှင်းပြမှ နားလည်တာ။ ခက်တာက ငါကလည်း တစ်ခါတလေ အဆင့်ကျော်တွက်တတ်တော့ ဂျာအေးသူ့အမေ ရိုက်သလို ဖြစ်နေပြီ"

"ဟာ ဟောကောင် ... မလုပ်နဲ့ကွာ။ မင်းလို ဘွဲ့ရပညာတတ်တောင် မရှင်းပြတတ်ဘူးဆိုရင် ငါလို ဆယ်တန်းမအောင်တဲ့ကောင်က ဘယ်လိုသိမှာလဲ။ တော်ပြီ ကိုယ့်ကိစ္စကိုယ်လုပ်"

"မင်းကလည်း ကပ်မနေနဲ့ကွာ။ ဆယ်တန်းကတည်းက မင်းစာရှင်းပြရင် ငါတို့နားလည်တာပဲ။ မင်းက သူများနားလည်လွယ်အောင် ရှင်းပြတတ်ပါတယ်။ လုပ်စမ်းပါ။ မင်းစာရှင်းပြီးတာနဲ့ သွားဖို့အဆင်သင့်ဖြစ်အောင် ငါလုပ်ထားမယ်။ အားကိုးပါရစေ သူငယ်ချင်းရာ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

စိုင်းထွန်းအေးက တဟဲဟဲနှင့်ရယ်ကာ သူ့ခေါင်းကို မကြားယောင်ပြု၍ အပေါ်ထပ်သို့ အပြေးတက်သွားသည်။

သူ ခေါင်းတစ်ချက်ကုတ်လိုက်သည်။ ကောင်လေးကိုကြည့်လိုက်တော့ ကိုးတန်းကျောင်းသားဟု မထင်ရအောင် သေးညှက်သည်။

သူ ဆယ်တန်းတစ်နှစ်ကျပြီး ဆက်မဖြေဖြစ်တာ လေးနှစ်ရှိပြီ။ လေးငါးနှစ်ခန့် စာနှင့်အဆက်အသွယ် ပြတ်သွားခဲ့သည်။

ဆယ်တန်းထိ တစာစာဖြစ်ခဲ့သော သူ ဆယ်တန်းလည်းကျရော စာအုပ်ကို လှန်ချင်စိတ်တောင် မရှိတော့ချေ။

ဆယ်တန်းတုန်းက စစ်ဗိုလ်ကြီး ဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် စာများကို အချိန်ရှိသရွေ့ ကျက်မှတ်တွက်ချက်လေ့လာခဲ့သည်။

ထမင်းစားသောက်ဖို့ပင် သတိမရလောက်အောင် စာမှစာ။ အမေက ထမင်းစားပါဦး၊ ရေချိုးပါဦး၊ အနားယူပါဦး တတွတ်တွတ်ပြောနေရသည်အထိ သူ ကြိုးစားခဲ့ပါသည်။

ထိုသို့အချိန်ကို ကောင်းစွာ အသုံးမချတတ်ခဲ့သော ဆိုးကျိုးကြောင့် ဖြစ်မည်။ စာမေးပွဲနီးသောအခါ ဝီရိယလွန်ကာ စိတ်ပါလျှင်





စိတ်ပါသလောက် ညလုံးပေါက် စာလုပ်ခဲ့သည်။

သူ့များတွေကတော့ စာမေးပွဲနီးလျှင် စာကျက်ချိန်များကို လျှော့ပစ်လိုက်သည်တဲ့။ သူကတော့ မလျှော့ဘဲ ပိုတိုးလို့တောင် ကျက်မှတ်ခဲ့သည်။

စာမေးပွဲက မနက် (၉) နာရီဖြေရသည်။ အိပ်ချိန်က ဘယ်လောက်မှမရခဲ့ပေ။ စာမေးပွဲကလည်း အားရကျေနပ်လောက်သည်အထိ ဖြေလို့ကောင်းသည်။ နောက်ဆုံးဘာသာဖြေသည့်နေ့တွင် တံကြမ္ဘာက သူ့ကို အလဲထိုးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စာမေးပွဲဖြေနေရင်း သတိလစ်သွားခဲ့သည်။

သူ သတိမလစ်အောင် အားတင်းထားသော်လည်း မျက်လုံးများ ပြာဝေလာကာ ဘာဆိုဘာမှ မသိတော့ချေ။

စာမေးပွဲအခန်းစောင့်သည့်ဆရာမ၏ အသိပေးမှုကြောင့် ကြက်ခြေနီအဖွဲ့တွေ သူ့ကိုခေါ်ထုတ်သွားသည်ကိုသာ သူ နောက်ဆုံးသိရတော့သည်။

သူ သတိပြန်ရလာသောအခါ ဆယ့်တစ်နာရီခွဲနေပြီ၊ သူသွေးရူးသွေးတန်းနှင့် ဆရာဝန်၊ သူနာပြုများအား နာရီဝက်ကျန်သော အချိန်အတွက် သူ့ကို ဆက်ဖြေခွင့်ပေးပါဟု တောင်းပန်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်ပါနဲ့ သားရယ်။ ဒီတစ်နှစ်မဖြေဖြစ်ပေမယ့် နောက်တစ်နှစ် ကြိုးစားလိုက်ပါ။ အဲဒီအခါ စာကို ဘယ်လို စည်းစနစ်နဲ့ ကျက်ရမယ်ဆိုတာ အရင်လုပ်ပါ"

သူ အရူးတစ်ယောက်လို သောင်းကျန်းပစ်လိုက်ချင်သည်။ စိတ်ဝိညာဉ်က ကျန်သောနာရီဝက်အတွက် စာမေးပွဲသွားဖြေဖို့ ပြင်းထန်နေသည်။ ဤနေ့ သူ တစ်မှတ်တန်များသာ ဖြေရသေး၏။ သူများတွေအတွက် စာမေးပွဲအောင်စာရင်းသည် နောက်မှထွက်သော်လည်း သူ့အတွက်မူ ယခုပင် အနုတ်လက္ခဏာပြသောအဖြေ ထွက်လာလေသည်။

အောင်စာရင်းထွက်သောအခါ ကျောင်းသူကျောင်းသားများက ငိုသူငို ရယ်သူရယ်။

သူကတော့ တတ်များတတ်နိုင်လျှင် စာမေးပွဲအောင်စာရင်း ဘယ်တော့မှ ထွက်မလာအောင် တားထားလိုက်ချင်သည်။ အမှတ်စာရင်းများ တောင်းကြည့်သောအခါ ပို၍ ရင်နာစရာကောင်းနေသည်။

ဘိုင်အိုက နှစ်ဆယ့်လေးမှတ်နှင့်ကျသည်။ နောက် သင်္ချာ၊ ရူပဗေဒနှင့် ဓာတုဗေဒတို့တွင် ဂုဏ်ထူးသုံးခုပါသည်။

အမေကတော့ အိပ်ရာထဲ ဘုန်းဘုန်းလဲတော့သည်။ အဖေ





ကတော့ ဒီတစ်နှစ်ဆက်ဖြေလျှင် ဒီထက်မက ဂုဏ်ထူးရမှာပါဟု အမေ့ကို နှစ်သိမ့်၏။

သူကတော့ စာမေးပွဲဆိုသည့်အရာကို စိတ်နာသည်။ နာရီဝက်ကျန်သော အခြေအနေကို ဆက်ဖြေခွင့်မပေးသော ဆရာဝန်နှင့် ဆရာမများကိုလည်း မုန်းသည်။ ထိုနာရီဝက်ကို ဆက်ဖြေခွင့်ရခဲ့လျှင် အမှတ်မများလျှင်တောင် အောင်မှတ်နှင့် ကပ်အောင်လျှင် သူ ကျေနပ်သည်။

"အစ်ကို ကျွန်တော်တွက်တာ မှန်ရဲ့လား ကြည့်ပေးပါဦး"

ပြန်စဉ်းစားစရာမကောင်းသော အတိတ်ကို တွေးနေစဉ် အနားကပ်ခေါ်လိုက်သံကြောင့် သူ လက်ရှိကာလကို သတိရလိုက်သည်။

ကောင်လေး တရိုတသေကမ်းပေးသောစာအုပ်ကို ယူကြည့်လိုက်သည်။ စိုင်းထွန်းအေးက ကျော်တွက်ပြသဖြင့် ကောင်လေးက နားမလည်၊ သဘောမပေါက်ခြင်း ဖြစ်သည်။

"အေး . . . ဟုတ်ပြီ၊ စာမေးပွဲမှာ ဒီလေ့ကျင့်ခန်းက အမေး အများဆုံးပဲ။ အကုန်ကျွမ်းကျွမ်းကျင်ကျင် နားလည်အောင်ကြည့်ထားနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို။ ဒါဆို ကျန်တာတွေ အိမ်မှာပဲ ကျွန်တော် ပြန်တွက်လိုက်တော့မယ်"

ကောင်လေးက သူ့ကို နှုတ်ဆက်ပြီး ပြန့်ဖို့စာအုပ်တွေ သိမ်းနေသည်။ စိုင်းထွန်းအေးက အပေါ်ထပ်မှ ဆင်းလာပြီး ကောင်လေးအား ရှမ်းလိုတာပြောလိုက်သည်မသိ ကောင်လေးက သူ့ကိုကြည့်ပြီး ရယ်ကာ ပြန်သွားသည်။

သူ စိုင်းထွန်းအေးထံ လှမ်းကြည့်တော့ –

"ဆရာအသစ်က ငါ့ထက်တော်တယ် မဟုတ်လားလို့ မေးလိုက်တာကွ။ ဒီကောင်လေးက ဉာဏ်သိပ်မပြေးဘူး။ ဒီတစ်ခန်း သေချာမတတ်ဘဲ နောက်လေ့ကျင့်ခန်း လုံးဝတက်လို့ မရတော့ဘူးကွ။ ကဲလာ သွားမယ်"

"ရော့၊ ဆိုင်ကယ်ဦးထုပ်ဆောင်းဦးနော်။ မြို့ထဲမှာ ဆိုင်ကယ် ဦးထုပ် မဆောင်းလို့မရဘူး"

ဒီနေ့ စိုင်းထွန်းအေးက မြို့ထဲကိုစွတစ်ခုနှင့် သွားရင်း လားရှိုးမြို့ရဲ့ အထင်ကရနေရာများဆီသို့ သူ့အား လိုက်ပို့ပေးမည်ဖြစ်သည်။

ပထမဦးစွာ လမ်းသင့်သော မြို့လယ်ရှိ 'မဟာမြတ်မုနိရုပ်ပွားတော်' ဆီသို့ ဝင်ဖူးသည်။ မြို့အဝင်တွင်ရှိသော 'ရန်တိုင်းအောင် ဘုရားဆီကိုတော့ ညနေ ညနေတိုင်း ခဏတဖြုတ် လမ်းလျှောက်ဖူးမျှော်နေရသဖြင့် မဝင်တော့ခြင်းဖြစ်သည်။





ရန်တိုင်းအောင်၊ စေတီတော်မြတ်တွင် သူ အနှစ်သက်ဆုံးသဘောကျဆုံးအရာကတော့ ဘုရားဝန်းသို့ အဝင်မုခ်ဦးပေါက်ဝပင်ဖြစ်သည်။

အချွန်အတက်၊ အခက်အလက်များ၊ ခုနစ်များ၊ ခုနစ်နံ အကောင်များဖြင့် သရုပ်ဖော်ဆောက်လုပ်ထားသော မုခ်ဝအဝင်သည် ခမ်းနားလွန်းလှသည်။ မြန်မာ့ပန်းပညာရှင်များသည် တော်လှပါသည်ဟုပင် အခါခါ ချီးကျူးမိတော့သည်။

မဟာမြတ်မုနိရုပ်ပွားတော်ကာအထွက် စိုင်းထွန်းအေးက မန်ဆူဘုရားသို့ ဆိုင်ကယ်ကို ဦးတည်လိုက်သည်။ ဆိုင်ကယ်မောင်းရင်း မန်ဆူဘုရားသည် လားရှိုးမြို့တွင် သက်တမ်းအရှည်လျားဆုံးသော ဘုရားဖြစ်ကြောင်း၊ အချို့ကလည်း မန်ဆူဘုရား ကုန်းတော်ပေါ်က ထန်းနှစ်ပင်သည် ဘိုးတော်ဦးဝိုင်းရဲ့ လက်ထက်ကစိုက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြ၏။

နောက်ပြီး မန်ဆူတပေါင်းပွဲသည် လားရှိုးမြို့တွင် အစည်ကားဆုံးသော ဘုရားပွဲဖြစ်ကြောင်း၊ အညာသူ အညာသားများကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ပွဲကို နှစ်နှစ်ခြိုက်ခြိုက်ကြီး မကြည့်ကြသော်လည်း တပေါင်းပွဲတွင် ထော်လာဂျီများ၊ ကားများ၊ ဆိုင်ကယ်များဖြင့် ဘုရားပွဲပြုလုပ်သည့် ကာလတစ်လျှောက်လုံး မိုးအလင်း စည်ကားနေတတ်ကြောင်း ရှင်းပြသည်။

မန်ဆူဘုရားရင်ပြင်ပေါ်သောအထိ ဆိုင်ကယ်များ၊ ကားများ တောက်လျှောက်မောင်း၍ရသည်။

သပ္ပါယ်လှသောဘုရားကို ရိုသေစွာ ရှိခိုးကန်တော့ပြီး ရင်ပြင်ပေါ်မှ ပတ်ကြည့်သည်။

ဘုရားရင်ပြင်သည် အတော်မြင့်သဖြင့် ပတ်ဝန်းကျင်ကို အပေါ်စီးမှကြည့်၍ မြင်ရသည်။ မြင်မြင်သမျှရှုခင်းတို့သည် လှပလို့နေသည်။

လားရှိုးမြို့သည် တိုက်တာ၊ အဆောက်အအုံများ ပေါလှသည်။ တော်တော်များများ နှစ်ထပ်၊ သုံးထပ် အမြင့်များ အပြိုင်အဆိုင် ခမ်းနားလှပစွာ ငွေကြေးတော်တော်များများ အကုန်ကျခံ၍ ဆောက်ထားကြ၏။

နားမခေါ်ရွာ၌ လက်လုပ်လက်စားများ၊ တောင်ယာလုပ်သူများပေါခြင်း၊ ထို့ပြင် ပိုက်ဆံရှိသော လူတချို့သည် စေ့စေ့ကုပ်ကုပ်





စုသဖြင့် အလွန်ဆုံးမြင့်လှ အုတ်ကြမ်းခံသည့် နှစ်ထပ်ပျဉ်ခံအိမ်ပဲ ရှိသည်။

များသောအားဖြင့် အိမ်ကို အနေတော်ဆောက်၍ ခြံထဲတွင် စားပင်သီးပင်များကို စိုက်ပျိုးထားသည်။ ဤမြို့ထဲ၌မူ မြေနေရာလွတ်များကို ကွန်ကရစ်လောင်းလိုက်သဖြင့် အပင်ပေါက်စရာမြေများ မရှိတော့ချေ။

အိမ်ဝန်းအတွင်း အမြဲတမ်း ပေါင်းမြက်ရှင်း၊ ခြံခုတ်မလုပ်ရတာ တစ်ခုကောင်းသော်လည်း စိုးရိမ်စရာတစ်ခု ရှိသေးသည်။

မိုးရွာလျှင် မြေကြီးသည် ရေများကို စုပ်ယူသဖြင့် ရေများ မြောင်းပိတ်မတတ် စီးဆင်းခြင်းကို ဟန့်တားနိုင်သည်။ ခြံဝင်းအပြည့် ကွန်ကရစ်လောင်းထားသော အိမ်များတွင် ရေများ ဒလဟော စီးဆင်းနေသည်။

မြောင်းများ ရေထွက်ပေါက်များ ကျဉ်းမြောင်းသဖြင့် ရေများ စီးသင့်သလောက် မစီးတော့ ထွက်သင့်သလောက် မထွက်လျှင် မြောင်းရေလျှံခြင်း၊ ရေကြီးခြင်းအတွက် များစွာစိုးရိမ်ရ၏။

မန်ဆူဘုရားနှင့် မျက်နှာချင်းဆိုင်ကားလမ်းတစ်ဖက်ခြမ်းတွင်ရှိသော မန်ဆူနီးဘုရားကို ဝင်ဖူးသည်။ မန်ဆူနီးကျောင်းဝန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် နာရီစင်ကြီးတစ်ခုရှိ၏။

စိုင်းထွန်းအေးက ဤလမ်းမအတိုင်း တောက်လျှောက် မောင်းပြီး ယာဉ်ရပ်နားစခန်းအနီးမှ ချိုးကွေ့ဝင်သွားလျှင် ရေပူစမ်း ရောက်နိုင်ကြောင်း ရှင်းပြသည်။

"နေက တော်တော်ပူတာပဲကွာ"

"ဟုတ်တယ်၊ အခုနောက်ပိုင်း ငါတို့မြို့လည်း ရာသီဥတု မညီမျှတော့ဘူး။ ပူရင် ပက်ပက်စက်စက်ပူပြီး အေးရင် အရိုးကွဲမတတ် အေးတာပဲ။ မင်းတော့ ကြုံပါဦးမယ်"

"ဘာကိုလဲ"

"လားရှိုးရဲ့ဆောင်းဒဏ်ကိုပေါ့။ အလွန်အေးတဲ့ရာသီ၊ အလွန်ချမ်းတဲ့ရာသီ"

"ဘာဖြစ်လဲ ဆက်ဆိုလေ"

"အဟီး ရတော့ဘူးကွ ... ဟား ဟား"

စိုင်းထွန်းအေးက သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ ဝါးလုံးကွဲမတတ် ထရယ်သဖြင့် ဆိုင်ကယ်တောင်ယမ်းခါသွားသည်။



## အခန်း (၇)

ဆရာမရဲ့စကားကြောင့် သူ မျှားစွာအံ့သြသွားရသည်။ ဆရာမ သူ့ကို နောက်နေတာလားဟူသော အကြည့်ဖြင့် ကြည့်လိုက် သောအခါ ဆရာမရဲ့မျက်နှာ၌ အထူးလေးနက်တည်ငြိမ်နေတာကို တွေ့ရသည်။

စိုင်းထွန်းအေးကတော့ သူတို့စကားဝိုင်းထဲတွင် ရှိမနေပါ။ သူ့အမေ အလှူသွားသဖြင့် မနန်းစံတစ်နှင့်အတူ ခေါ်ပုတ်ထောင်းနေ ခြင်း ဖြစ်သည်။

ပြောစရာစကားရှိလျှင်တော့ လှမ်းမြင်နေရသော သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်ပြီး ပြောတတ်သည်။ သူတို့က အိမ်ရှေ့တွင် ချထားသော ခုံတန်းရှည်တွင် ထိုင်နေခြင်းဖြစ်သည်။

ဆရာမသည် အနက်ပေါ်တွင် အဖြူရောင်အပွင့်သေးသေး နုပ်နုပ်များပါသော လုံချည်ကို ဝတ်ဆင်ထားကာ အနက်ရောင် ရင်ဖုံး လက်စကအင်္ကျီနှင့် တွဲ၍ ဝတ်ထားသည်။

ခေါင်းလျှော်ပြီးစဖြစ်ဟန်တူသည်။ ခါးကျော်သောဆံပင်များက စိုလဲ့နေသည်။

ဆံထုံးများထုံးခြင်း၊ အမြဲတစေ ဆံပင်များကို လိပ်တင်ထားခြင်းများကြောင့် ဆံပင်ဖျားလျားချထားခြင်းသည် အမြင်ဆန်းနေသလို လို ထင်မိသည်။

တစ်ခါတစ်ရံ စံပယ်ပန်းရနံ့လိုလို၊ နှင်းဆီပန်းရနံ့လိုလို ရနံ့ မွှေးမွှေးက သူထံ လွင့်ပြန့်လာသည်။ အမြဲတမ်း ဆံနွယ်ထက်တွင် ပန်းများ ပန်ထားတတ်သောကြောင့် ဖြစ်ပေမည်။

"ဆရာမ ကျွန်တော့်ကို စနောက်နေတာတော့ မဟုတ်ပါဘူးနော်"

"မယုံသလိုပါလား ကိုသက်ဝေရဲ့၊ ကျွန်မ စနောက်နေတာ မဟုတ်ပါဘူး။ ဟိုတစ်နေ့က ကျွန်မ ကိုသက်ဝေတို့အိမ်ဘက်





လာသေးတယ်။ ကိုသက်ဝေ မောင်အောင်ရင်ကို စာရှင်းပြနေတာကို ကြည့်ပြီး ကျွန်မ ဒီရဲ့စိတ်ကူးရခဲ့တာလေ။ အမျိုးသားတွေက တော်ရုံ တန်ရုံ စာရှင်းပြဖို့ သင်ကြားဖို့ စိတ်မဝင်စားတတ်ကြဘူး။ ဒါကြောင့်လည်း ကျွန်မတို့မြန်မာနိုင်ငံမှာ ဆရာဦးရေ နည်းနေတယ်ထင်တယ်"

"ဆရာမ မေ့နေပြီထင်တယ်။ ကျွန်တော်က ဆယ်တန်းတောင် မအောင်သေးဘူးလေ။ ဘယ်လိုလုပ် ဆရာတစ်ယောက်ဖြစ်နိုင်မှာလဲ"

ဆရာမက သူ့ကိုပြုံး၍ ကြည့်နေပုံက အရာရာကို သေချာစွာ ချင့်စားဆုံးဖြတ်ထားသူနှယ်။ သူ့ဘဝ၌ ဤမျှရဲရင့်သော အမျိုးသမီးမျိုးကို မတွေ့ဖူးပါ။

ဘယ်သူ့အပေါ်မဆို ရိုးသားလွန်းသောကြောင့် မရိုးမသားစိတ် ဖြစ်မိသောသူပင် အားနာစိတ် ဖြစ်မိမည်ထင်၏။ ကိုယ့်အပေါ် လိုက်လိုက်လျောလျောရှိလွန်း၍ ဒီအမျိုးသမီး ငါ့အပေါ် မရိုးသားဘူး ဟုထင်ကာ အထင်သေးမိလျှင် မှားလေစွ။ သူမသည် ဘယ်သူ့ပေါ် မဆို ဤကဲ့သို့ တစ်ပြေးညီစိတ်ထားရှိနေပါသည်။

"ကျွန်မရဲ့လက်ကိုင်ဆောင်ပုဒ်တစ်ခုက မာသာထရီဆာ ပြောခဲ့သလို လိုအပ်ချက်နှင့် လျော်ညီစွာတဲ့။ ဆယ်တန်းမအောင်ဘဲနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် အနစ်နာခံပေးဆပ်နေတဲ့ ဆရာ ဆရာမတွေလည်း အများကြီးပါ ကိုသက်ဝေ"

"——————"

"ပြီးတော့ ကျွန်မတို့ သင်ကြားရမယ့်အတန်းမှာ ဆယ်တန်း မပါဘူးလေ။ ဒါပေမဲ့ ကလေးတွေ နားလည်အောင် ရှင်းမပြတတ်တဲ့ သူမျိုးကျတော့လည်း ရေရှည်မှာ အဆင်မပြေဘူး။ အဓိကအားဖြင့် ဆရာဆိုတာ ကျောင်းသူ ကျောင်းသားများကို နားလည်သဘောပေါက် အောင် ရှင်းပြပေးနိုင်တဲ့ စွမ်းရည်ရှိဖို့လိုအပ်တယ်"

"သင်ကြားဖို့ မဟုတ်ဘူးလား"

ရှင်းပြဆိုသည့် စကားလုံးက သူ့နားထဲတွင် စိမ်းနေသဖြင့် သံယောင်လိုက်ရွဲပြောတော့ သူမက ခေါင်းညိတ်ပြီး –

"ဟုတ်ပါတယ်၊ အခုခေတ် စာပေသင်ကြားမှုပုံစံက ပြောင်း နေပါပြီ ကိုသက်ဝေ။ အရင်တုန်းက ဆရာဗဟိုပြုသင်ကြားတဲ့စနစ် နောက်ပိုင်းမှာ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦး ပူးပေါင်းတဲ့ပညာရေး စနစ်။ အခုတော့ ကျောင်းသားဗဟိုပြုစနစ်လေ"

"အဲဒါကိုပဲ ကျွန်တော် နားမလည်တာ ဆရာမရဲ့။ ကျောင်းသားဗဟိုပြုစနစ်ဆိုတာ ဘာကိုပြောတာလဲ။ အရင်တုန်းက





ပညာရေးစနစ်တွေနဲ့ ဘာကွာခြားလို့လဲ ဆရာမရဲ့"

"သိပ်ကိုကွာခြားတာပေါ့ ကိုသက်ဝေ။ အရင်တုန်းက ပညာရေးစနစ်အရဆိုရင် ဆရာက ကျောင်းသားကို ရှေ့ကနေ သင် ကြားသွားတဲ့စနစ်။ အခုစနစ်ကတော့ ကျောင်းသားကို ပုစ္ဆာတစ်ခုရဲ့ အဖြေမှန်ကို ပြောပြစရာမလိုတဲ့ အဲဒီအဖြေကို ဘယ်လိုနည်းနဲ့ သွားရင် ရနိုင်တဲ့သဘာဝတရားကိုပြောပြ။ ကျောင်းသားက သူကြိုက်တဲ့နည်းနဲ့ အဲဒီအဖြေကို ရယူနိုင်ရမယ်"

"ဪ . . . ဟုတ်ကဲ့။ ကျွန်တော် သဘောပေါက်သလိုတော့ ရှိပြီ ဆရာမ။ ဒီနည်းလမ်း တကယ်ဖြစ်မြောက်မယ်ဆိုရင် ကျောင်းသူ ကျောင်းသားတွေအတွက် တကယ်ကို အသုံးတည့်မယ့် စနစ်ပါ"

"အဲဒါပဲကြည့်လေ ကိုသက်ဝေရဲ့။ စကားလုံးတွေထဲမှာ ကလေးတွေအတွက် စေတနာပါနေတယ်ဆိုတာ ကျွန်မ မြင်နေရတယ် လေ"

"ဆရာမကလည်းဗျာ"

ဆရာမရဲ့ မျက်ဝန်းတွေက တဖိတ်ဖိတ်တောက်ပနေသည်။ သူ့စိတ်ထဲတွင် –

"ဒါကြောင့် ဆရာမကို စည်းရုံးရေးကောင်းတာလို့ သူများ

www.burmeseclassic.com

www.burmeseclassic.com



တွေပြောတာပေါ့" ဟု မှတ်ချက်ပြုရင်း ဆရာမအပေါ် အမြင်မကြည်လင်မှုမှာ အနည်းငယ် လျော့သွားသည်။ လုံးဝတော့ မဟုတ်သေးပေ။

"အမှန်အတိုင်းပြောရရင် ကျွန်တော်က စာသင်ရတာကို ဝါသနာပါတာမဟုတ်ဘူး ဆရာမရဲ့"

သူ့ရဲ့စကားကြောင့် ဆရာမက ရယ်ပြီး –

"ကိုသက်ဝေအကြောင်း ကျွန်မ ကိုထွန်းအေးဆီက ကြားပြီးပါပြီရှင့်"

"ဘာလဲ ကျွန်တော့်မကောင်းကြောင်းတွေလား။ ဥပမာ– ကျွန်တော် အရွယ်ငယ်ငယ်နဲ့ ကိုယ့်ထက်ကြီးတဲ့သူတွေနဲ့ အရက်ပြိုင်သောက်တာ။ စိတ်လေလေနဲ့ ကောင်မလေးတွေကို ညည်းစားစကားလိုက်ပြောတာ ဟိုကငြင်းရင် မကျေနပ်တဲ့ အရှက်ပြန်ခွဲတာ အခုံးစွန်အဖေက မုန့်ဖိုးပေးနေရက်နဲ့ အဖေမသိအောင် ပိုက်ဆံပုံးထဲက နှိုက်နှိုက်သုံးတာ"

"အဲဒါ ကျွန်မ မပြောဘူးနော်၊ မပြောဘူး။ ကိုသက်ဝေပြောလို့ ကျွန်မသိရတာ။ ကိုထွန်းအေးပြောတာက ကိုသက်ဝေက စာအရမ်းတော်တယ်တဲ့။ ဆယ်တန်းတစ်နှစ်ကျပြီးကတည်းက စာမေးပွဲပြန်ဖြေဖို့ ဘယ်လိုမှ တိုက်တွန်းလို့မရဘဲ လောကကြီးကို အရွဲ့တိုက်





နေတာတဲ့။ အခုမှ အသက်ငယ်ငယ်လေးရှိသေးတာ အတတ်မစုံချင်စမ်းပါနဲ့ ကိုသက်ဝေရယ်"

သူ့ညဉ့်ကိုက ဆုံးမစကားပြောလျှင် အလိုလို အမြင်ကတ်လာခြင်းပင်ဖြစ်သည်။ အင်းလေ၊ ဟုတ်သားပဲ။ သူဟာ ဆယ်တန်းတုန်းက သက်ဝေလင်းမှ မဟုတ်တော့ဘဲ မွေးကတည်းက ဆယ်တန်းအထိ သက်ဝေလင်းသည် လိမ္မာသော၊ တော်သော၊ ဆရာ ဆရာမချစ်သော သက်ဝေလင်းဖြစ်သည်။

ဆယ်တန်းကျပြီးနောက် သက်ဝေလင်းသည် ဖျက်ပြီး ပြန်လုပ်ထားသည့် အရုပ်ကဲ့သို့ ဖြစ်သည်။ မိုက်ဖို့ ဆိုးဖို့၊ လောကကြီးကို အရွဲ့တိုက်ဖို့ အဆင်သင့်ဖြစ်နေသော သက်ဝေလင်းဖြစ်သည်။

ယခုလည်း သူနှင့် အသက်သိပ်မကွာသော ဆရာမက ဆုံးမစကားပြောနေသဖြင့် –

"ဒါနဲ့ နေပါဦး ... ဆရာမက အသက်ဘယ်လောက်ရှိပြီလဲ။ ကျွန်တော်က ကျွန်တော်မိဘဆုံးမတာကိုတောင် နားမထောင်နိုင်လို့ အိမ်က နှင်ထုတ်တာခံရတဲ့ကောင်လေ"

သူကတော့ ပြောပြီး ဆရာမများ သူ့စကားကို ရှက်ပြီး ထထွက်သွားမလား၊ ဒါမှမဟုတ် မျက်နှာပျက်သွားမလားဟူသော



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် ဆရာမကို ကြည့်လိုက်သည်။

သူ့ပုံစံက ဆရာမ ထိုသို့ရှက်ပြီး ထွက်သွားမှာကိုပဲ ကြည့်ချင်သလိုလိုနှင့် အမြင်ကတ်ဖွယ်ကောင်းသော စိတ်ရိုင်းက ဝင်လာလိုက်သေးသည်။

ကိုယ့်ကိုယ်ကိုယ်လည်း ဒီလိုမပြောသင့်ပါလားဟူသော အတွေးနှင့် တစ်ဖက်မှလည်း ပြောတော့ ဘာဖြစ်လဲကွာဟူသော စိတ်ကောင်းနှင့် စိတ်ယုတ်က အားပြိုင်နေ၏။

"ကျွန်မအသက်၊ ကျွန်မအသက်ကို ကိုသက်ဝေက တကယ်သိချင်တာလား။ တချို့က အသက်မေးရင် ရိုင်းတယ်လို့ ပြောကြတယ်၊ ကျွန်မကတော့ မပြောပါဘူး။ ကျွန်မအသက် (၂၅) နှစ်ရှိပြီ၊ ကိုသက်ဝေထက် လေးနှစ်ကျော်ကြီးတယ်နော်"

သူ့မျက်နှာ ဘယ်လိုဖြစ်သွားသလဲဆိုတာ သူကိုယ်သူတောင် မခန့်မှန်းတတ်ချေ။ ဆရာမကတော့ သူ့ကို ခပ်ပြုံးပြုံးကြည့်နေသည်။

မကောင်းတဲ့စိတ်ရိုင်းက ဒါ လှောင်ပြုံးပြုံးနေတာဟု တွေးလျက် ကောင်းတဲ့စိတ်ကတော့ တော်သေးတယ်။ ဆရာမ ထမထွက်သွားတာကိုပဲ ကျေးဇူးတင်မိတယ်ဟု တွေးလိုက်မိတာ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိလိုက်ချေ။





"ကိုသက်ဝေရဲ့ခံစားချက်ကို ကျွန်မ နားလည်တယ်။ ကိုယ်ချင်းလည်းစာတယ်၊ ကျွန်မကတော့ ကိုသက်ဝေလိုတော့ မဟုတ်ဘူး။ ဆယ်တန်းအောင်တော့ ကိုယ်တက်ချင်တဲ့လိုင်းနဲ့ ရတဲ့အမှတ်တတခြားစီဖြစ်နေတယ်။ ဒါကြောင့်လည်း အခုတော့ ဖြေနိုင်တယ်။ ဘယ်လိုပဲဖြေနိုင်တယ်ပြောပြော အောင်စာရင်းထွက်တော့ သိမှာပေါ့တဲ့။ ဟုတ်တယ်၊ ကျွန်မလည်းလေ ဖြေနိုင်လိုက်တာ အရမ်းပဲ။ ဘာလို့ အမှတ်နည်းသလဲ မသိဘူး"

"-----"

"ကျွန်မက မျက်စိလျှမ်းတတ်တယ်လေ။ နောက်တော့ ကျွန်မ သာမာန်ဘွဲ့တစ်ခု ရခဲ့တယ်။ လမင်းကိုလိုချင်လို့ ငိုနေရင် ကြယ်ကလေးတွေနဲ့ လွဲတတ်တယ်ဆိုတဲ့ စကားလေးကို ကျွန်မ သတိရလိုက်တယ်။ အဲဒါကြောင့် ကိုသက်ဝေလည်း လမင်းကို လိုချင်ပြီး ငိုမနေနဲ့။ ကြယ်ကလေးတွေရဖို့ ကြိုးစားစေချင်တာပါ"

သူ့စိတ်သည် တစ်ဦးတစ်ယောက်၏ ညှို့ယူခြင်းကို ခံနေရသူတစ်ယောက်ကဲ့သို့ ရိုကျိုးသွားသည်။ ဆရာရှေ့ရောက်နေသောတပည့်တစ်ယောက်ကဲ့သို့ဟု ဆိုနိုင်သည်။

"အခု ကျွန်တော် အသက်နှစ်ဆယ် ပြည့်ခဲ့ပြီးပြီ။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလာတဲ့ ကျွန်တော့်လိုလူတစ်ယောက်က လောကကြီးမှာ ဘယ်လို အသုံးတည့်မှာလဲ''

''ဘာမှမလုပ်တဲ့ ဘာမှဖြစ်မလာတာကို ဘာလို့ ထိုင်ဝမ်းနည်းနေရတာလဲ။ သေချာတယ်၊ ဘာမှ မလုပ်ရင်တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ ဒါကြောင့်လည်း ပညာရှိအချို့က လူမှာ အရွေ့ရှိဖို့ လိုအပ်တယ်လို့ ပြောခဲ့တာကိုး''

''အရွေ့''

''ဟုတ်တယ်၊ မင်း လမ်းလျှောက်နိုင်ရင် လျှောက်ပါ မလျှောက်နိုင်ရင်ပြေးပါ။ မပြေးနိုင်တော့ရင် တရွတ်တိုက်သွားပါတဲ့။ မင်းမှာ အရွေ့ရှိနေရင်တော့ မင်းအောင်မြင်မှာပါဆိုတဲ့ အဆိုကို ကျွန်မ တော်တော်သဘောကျပါတယ်''

နောက်တော့ ဆရာမက သူ့အား မြင်သာထင်သာရှိစေသော ဥပမာတစ်ခု ရှင်းပြလေသည်။

လူများသည် နှမ်းတစ်လုံးဖြင့် ဆီမဖြစ်နိုင်ဟုဆိုကြသည်။ သို့သော် နှမ်းတစ်လုံးဖြင့် ဆီဖြစ်နိုင်ပါသည်။ နှမ်းတစ်လုံးဖြင့် နှမ်းတစ်ပင်ဖြစ်နိုင်သည်။ နှမ်းတစ်ပင်သည် နှမ်းစေ့များစွာ သီးပွင့်နိုင်သည်။

နှမ်းတစ်ပင်မှရသော နှမ်းစေ့များစွာ စိုက်ပျိုးသော် နှမ်းပင်





များစွာ နှမ်းပင်များစွာမှ နှမ်းစေ့များစွာ အဆုံးသတ်သော် နှမ်းတစ်လုံးသည် နှမ်းတစ်ခင်းကိုပင် ဖြစ်စေနိုင်သည်။

ဤကဲ့သို့ပင် လူတစ်ဦးတစ်ယောက် စွမ်းရည်ဖြင့် မြို့ရွာသာယာဖို့မဖြစ်နိုင်ဆိုသည်မှာ မှား၏။ ထိုလူတစ်ယောက်၏ စွမ်းရည်ဖြင့် လူတစ်ယောက်၊ လူဆယ်ယောက်၊ လူတစ်ရာထိ ကူးစက်ပျံ့သွားသော် မြို့ရွာ မသာယာနိုင်ဆိုသည်မှာ ဖြစ်နိုင်ပါ့မလား။

''ဒါပေမဲ့ ဆရာမရယ်။ အဲဒီနှမ်းက အစေ့မအောင်တဲ့နှမ်းဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ ဟိုပုံပြင်လေးလို ဖြစ်နေဦးမယ်''

''ဘယ်ပုံပြင်လိုလဲ''

ဆရာမက စိတ်ဝင်တစားပင် သူ့ကို စကားထောက်လေသည်။ သူက ကိုယ်ပြောမည့်ဇာတ်လမ်းကို သဘောကျစွာ ဦးစွာပြုံးရင်း –

''ကြက်ဥတစ်လုံးကောက်ရတာကို စိတ်ကူးယဉ်လိုက်တာလေ။ ကြက်ဥကနေ ကြက်ကလေးပေါက်၊ ကြက်ကလေးကနေ နောက်ထပ် ကြက်များကြီးပေါက်၊ ဒီလိုဆိုရင် ငါ သူဌေးဖြစ်ပြီ။ မိန်းမနှစ်ယောက်ယူမယ်။ ပထမမိန်းမက ဒုတိယမိန်းမကို မနာလိုရင် ငါကဟောသလို ဟောသလို ရိုက်မယ်ဆိုပြီး ကြက်ဥကို ပေါက်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလေ”

ဆရာမက သူ့ရဲ့ပုံပြင်ကို သဘောကျစွာ ရယ်လေသည်။ လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်သော ဆရာမကို သူကြည့်မိသည်။ အချို့သော အမျိုးသမီးတွေကဲ့သို့ ဟိတ်ဟန်မရှိ မတ္တမတန်မှု တစ်ချက်မှမရှိဘဲ လူတိုင်းကို ခင်မင်လေးစားတတ်သည်။

“ဘယ်အရာကိုကြည့်ကြည့် အဆိုးမြင်စိတ်မထားရဘူးလေ ကိုသက်ဝေ။ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ပဲရှိတော့ပါလားဆိုတဲ့ အပျက်တွေးထက် ဩော် ရေတစ်ဝက်ကြီးများတောင် ကျန်ပါသေးလားဆိုတဲ့ အကောင်းမြင်စိတ်ကလေးရှိမှသာ ကျွန်မတို့နေထိုင်တဲ့ ကမ္ဘာလောကကြီးက သာယာလှပမှာ မဟုတ်လား ကိုသက်ဝေ။ ကြက်ဥဆိုလို့ ကြက်ဥနဲ့ပတ်သက်တဲ့ နောက်ထပ် ဥပမာတစ်ခုလည်း ရှိသေးတယ် သိလား ကိုသက်ဝေ”

“ပြောပါဦးဆရာမရဲ့”

ဆရာမက လှပစွာပြုံး၏။ ဆရာမ၏အပြုံးသည် အရာရာပြီးပြည့်စုံခြင်းကို ဖော်ညွှန်းနေပါသည်။

“ဒီလိုလေ . . . တစ်ခါက ကြက်ဥဝယ်ပြီးပြန်လာတဲ့ လူတစ်ယောက်က ချိုင့်ပုတ်တစ်ခုထဲမှာ ကြက်မတစ်ကောင် ဝပ်နေတာကို





တွေ့သတဲ့။ အဲဒီအခါမှာ အင်း ကြက်မကိုမိအောင် ဖမ်းနိုင်ရင် ကြက်ဥဥတဲ့အခါ ကြက်ဥလည်း စားရမယ်၊ ကြက်ဥမရရင်လည်း အသားစားရတာ အမြတ်ပဲဆိုပြီး အဲဒီကြက်ကို လိုက်ဖမ်းတော့တာပေါ့။ လက်ထဲက ကြက်ဥလည်း ကွဲ၊ ချိုင့်ပုတ်ထဲက ကြက်မလည်းလွတ်သွားပါလေရော။ ဒါကြောင့် ကျွန်မကတော့လေ ဘွဲ့မရသေးဘူးဆိုတဲ့ ကြက်မကြီးကို ဖမ်းဦးမယ့်အစား”

“ဩော် . . . ဆရာမက လက်ထဲကကြက်ဥကို မဆုံးရှုံးချင်ဘူးဆိုတဲ့သဘောပေါ့လေ”

“ဒါပေါ့ကို သက်ဝေရယ်။ ချိုင့်ပုတ်ထဲက ကြက်မကြီးဆိုတာက ဝေးလွန်းပါတယ်လေ”

သူ့နားထဲတွင် ဆရာမရဲ့ ‘ကိုသက်ဝေ’ ဟုခေါ်နေသည်မှာ တစ်မျိုးဖြစ်နေ၏။

သူသည် ဆရာမထက်ငယ်သဖြင့် သက်ဝေဟု ခေါ်လည်း ရသည်။ ထို့ကြောင့် မေးကြည့်မိသည်။

ဆရာမရှင်းပြသည်က လူတို့၏အမည်နာမရှေ့တွင် ‘မောင် ဘယ်သူ’၊ ‘မ ဘယ်သူ’ တပ်ခေါ်ခြင်းမှာ လေးစားခြင်းကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်နိုင်ငံတွင် ဦး၊ ဒေါ် သတ်သတ်မှတ်မှတ် မသတ်မှတ်တဲ့ ယောက်ျားလေးဆိုရင် မစ္စတာ၊ မိန်းကလေးဆိုရင် မစ္စစ်ဟုခေါ်ကြသည်။

မြန်မာနိုင်ငံတွင်တော့ အရွယ်သုံးပါးနှင့် လိုက်၍ ခေါ်ဝေါ်ကြသည်။ မောင်တန်မောင်၊ ကိုတန်ကို၊ ဦးတန်ဦး တပ်ခေါ်မှသာ ယဉ်ကျေးသူဖြစ်၏ဟု ရှည်လျားစွာ ရှင်းပြလေသည်။

"စိုင်းထွန်းအေးရေ . . . ဆရာမက စည်းရုံးရေး သိပ်ကောင်းတာပဲလို့ မင်းပြောတာကို ငါ အပြည့်အဝ လက်ခံပြီဟေ့။ ဆရာမက ပုံပြောလည်း ကောင်းတယ်ကွ"

မီးဖိုဆောင်၌ ခေါ်ပုတ်ထောင်းနေသော စိုင်းထွန်းအေးထံသို့ သူ အကျယ်ကြီး လှမ်းအော်ပြောလိုက်သောအခါ ဆရာမ မျက်လုံးဝိုင်းဝိုင်းဖြင့် –

"ဟောတော် . . . သူများအတင်း တုတ်ထားကြတယ်ပေါ့လေ"

"အတင်းမဟုတ်ပါဘူး ဆရာမရဲ့။ ပန်းသတင်း၊ လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်ဆိုသလို သတင်းတွေ ပြောနေတာပါ။ ဆရာမတော်ကြောင်း၊ သဘောကောင်းကြောင်းတွေပါ"





"ဟေ့ ဟေ့ . . . လာရှိမနေနဲ့။ ကျွန်မတော်ကြောင်း သဘောမကောင်းကြောင်း၊ ကျွန်မကိုယ်တိုင်သိပါတယ်နော်။ ကိုထွန်းအေးကတော့ ဖွတ်မြှောက်နေပြီရှင့်။ ကိုယ်တင်တဲ့စစ်က ကိုယ်မနိုင်ရင်တော့ ကျွန်မအပြစ်မဟုတ်ဘူးနော်"

"ဆရာမပြောပုံက ဆရာမကပဲ လူဆိုးကြီးလုပ်မလိုလိုနဲ့"

"ဪ . . . လုပ်မှာလိုလိုမဟုတ်ဘူး ကိုသက်ဝေရဲ့။ လုပ်ကြည့်ရင် ကောင်းမလားလို့ စိတ်ကူးထဲမှာ လူဆိုးလုပ်နေတာလေ။ တစ်ခါတလေကျတော့လည်း လွတ်လွတ်လပ်လပ် ဆိုးကြည့်ချင်တယ်။ အဲဒီလိုဆိုရင်တော့ လူတွေက ဒီဆရာမ ဘာတွေဖြစ်သွားပြီလဲဆိုပြီး အံ့ဩကြမှာပဲနော်"

မီးဖိုဆောင်မှရယ်သံကြောင့် ဆရာမကောသူပါ လိုက်ရယ်မိကြသည်။

ထိုရယ်သံများကို လေညင်းလေးသည် သယ်ဆောင်သွားလေသည်။ ရာသီဥတုက သာသာယာယာဖြင့် ပူခြင်း၊ အေးခြင်း ရှိနေပါ။

ပြာလွင်လွင် မိုးသားကောင်းကင်က မိုးတိမ်လေးမြူနှင်းဘမ်းစင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကလည်း နောက်တတ်သားပဲနော်"

"စကားလမ်းကြောင်း မလွှဲပါနဲ့ဦး ကိုသက်ဝေရဲ့။ ကျွန်မ တောင်းထားတဲ့အကူအညီအတွက် ဘယ်လိုသဘောရလဲ ပြောပါဦး ရှင့်"

ကျောင်းဆရာအလုပ်ကိုမေးသဖြင့် သူ တွေခနဲဖြစ်သွားသည်။ ဘယ်လိုဆုံးဖြတ်ရမလဲ မစဉ်းစားတတ်သေးသဖြင့် –

"ကျွန်တော့်ကို စဉ်းစားခွင့်ပေးပါ ဆရာမ။ အစမ်းလုပ်ကြည့်ပါရစေလို့လည်း သူများတစ်တွေကို ကျွန်တော် အလုပ်မရှုပ်စေချင်ဘူး။ လွယ်လွယ်ကတိပေးပြီး တကယ်တမ်းမလုပ်နိုင်ခဲ့ရင်လည်း အားလုံး မျက်နှာပျက်ရလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်ကို စဉ်းစားခွင့်ပေးပါ။ သိပ်မကြာခင် အကြောင်းပြန်ပါ့မယ်"

"ကောင်းပါပြီ ကိုသက်ဝေ။ ကျွန်မ မျှော်လင့်နေတဲ့အဖြေ ဖြစ်ပါစေလို့တော့ ဆုတောင်းနေရမှာပဲရှင်"

✱



## အခန်း (၈)

ဤညသည် ကဆုန်လပြည့်ညဖြစ်၏။ ကောင်းကင်ထက်၌ မိုးတိမ်လေမြူနှင်း ကင်းစင်လျက်ရှိသည်။ ဝိုင်းစက်နေသော လမင်းကြီးက ထိန်ထိန်သာလျက်ရှိ၏။ မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးများသည် များပြားလွန်းသဖြင့် 'ကြယ်တွေစုံတဲ့ည' ဟုပင် ခေါ်ဆိုနိုင်လေသည်။

ကောင်းကင်ပေါ်မှ အလင်းတန်းတစ်ခု ကြွေကျသွားသဖြင့်–

"ဟော ကြယ်တစ်ပွင့်တော့ ကြွေသွားပြီကွ။ ကြယ်ကြွေတဲ့ အချိန် ဆုတောင်းရင် ဆုတောင်းပြည့်တယ်တဲ့ ဟိုနိုင်း။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ ဆုတောင်းရမယ်ထင်တယ်"

"ရှုံးပြီ သက်စေရာ"

"ဘာလဲကွ၊ ငါ ဘာရှုံးလို့လဲ"

"အဲဒါ ကြယ်ကြွေတာမဟုတ်ဘူးကွ။ ဒီမှာ ငါပြောပြမယ် နားထောင်။ ကမ္ဘာဟာ ဂြိုဟ်တစ်လုံးဆိုတာကိုတော့ မင်းကို ငါထူးပြီး မရှင်းပြတော့ဘူး။ ကြယ်ဆိုတာ တကယ်တော့ ပုံသဏ္ဌာန်အတိအကျ မရှိတဲ့ အစိုင်အခဲပါတဲ့။ အဲဒီအစိုင်အခဲတွေက အနည်းဆုံး (၂) သိန်း (၇) သောင်းခန့် ကမ္ဘာထဲကို ဝင်လာတယ်။ အဲဒီ နှစ်သိန်းခုနစ်သောင်းက တစ်ရက်တည်းနော်။ အခု မင်းမြင်လိုက်ရတဲ့ မြင်ရပုံမျိုးနဲ့ ဝင်ရောက်လာတာ။ ကြယ်ကြွေတာမဟုတ်ဘူးတဲ့"

"ဟုတ်လား၊ ဒါဆို ကြယ်ကြွေတာမဟုတ်ဘူးပေါ့"

"ဒါပေါ့ သူငယ်ချင်းရ၊ မင်းပြောသလို ကြယ်ကြွေတယ်ဆိုရင် အဲဒီကြွေကျသွားတဲ့ အစိုင်အခဲအပိုင်းအစတွေကို ဘယ်သူတွေက ရှာဖွေတွေ့ရှိရလို့လဲ"

စိုင်းထွန်းအေး၏စကားကို ခေါင်းတညိတ်ညိတ်နှင့်လက်ခံကာ မဆီမဆိုင် မိုးကောင်းကင်ကို မော့ကြည့်ရင်း ကဗျာတစ်ပုဒ်ကို အမှတ်ရမိသည်။





ကဗျာ၏အမည်မှာ "မိုးရွာခြင်းအကြောင်း"ဖြစ်သည်။ ကဗျာဆရာကတော့ ညွှန့်အေး (အင်းဝ) ဖြစ်၏။

**"မိုးရွာခြင်းအကြောင်း"**

တိမ်ထဲကမိုးကို
လိုချင်တာက
မြေအက်ပက်ကြာ။
မိုးတိမ်တွေ မျက်နှာလိုက်တယ်
ပျံလိုက်ချေ တောင်ထွတ်များ
မိုးရွာဖို့ သွား။

တဲ့။ ထိုကဗျာနှင့် တစ်ဆက်တည်း မနွှလေးက ထွက်လာစဉ်က သူ့ကို စိုင်းထွန်းအေးပြောသည့် မိုးကောင်းကင်နှင့် ငွေ့ရည်ဖွဲ့ခြင်း သဘော။

ပြော်် သူမှတ်မိသည့်စကားတစ်ခွန်းက စိုင်းထွန်းအေးရဲ့ တိမ်သားတိမ်လိပ်တွေကို အပြစ်မတင်သင့်ဘူး။ မိုးမရွာရင် ရေဘယ်ကရမလဲဆိုသည့် စကားဖြစ်၏။

အခက်အခဲ ဆင်းရဲမှုများသည် လောကတရားကို သိမြင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခောင်းပေးသည့်ဆရာဟု ဆိုချင်ပါသည်။ ထမင်း ဘယ်ကရလဲ၊ ပေါင်းအိုးထဲကရတယ်ဆိုသည့်အသိမှ ထမင်းတစ်လုပ်စားရဖို့အတွက် လူတွေ သေလုအောင် ရှာဖွေနေရပါလားဟု သိမြင်တတ်လာသည်။

"မင်း ဘာတွေစဉ်းစားနေတာလဲ သက်ဝေ။ အိမ်ကို သတိရသွားတာလား"

သူ့ဘေးတွင်ရှိသော စိုင်းထွန်းအေးကို မေ့လျော့သည်အထိ အတွေးတွေ ပျံ့လွင့်နေသည်။

စိုင်းထွန်းအေးက မနက်ဖြန် မန္တလေးသွားရမည်။ နောက်ထပ် စာသင်ကာလ (၄) လကျန်သေးသောကြောင့် ဖြစ်သည်။ ဦးရွှေက –

"မောင်သက်ဝေ ... မင်းသူငယ်ချင်းမရှိလို့ဆိုပြီး ဘာမှ အားနာစရာမလိုဘူးနော်။ ပျော်သလိုနေ။ ဒီမှာနေရတာပျင်းရင် လိမ္မော်ခြံလိုက်ခဲ့ပေါ့"

ဦးရွှေက ယခု လိမ္မော်ခြံလုပ်ငန်း လုပ်နေသည်။ သူဌေး တစ်ဦးက အရင်းအနှီးစိုက်ပြီး ဦးရွှေက လုပ်အားစိုက်ခြင်းဖြစ်သည်။ ဟိုတစ်လောက ဦးရွှေနှင့် လိမ္မော်ခြံလိုက်သွားသေးသည်။

လိမ္မော်ပင်စိုက်ပျိုးခြင်းသည် သူ့ကို စိတ်ဝင်စားမှုပေး၏။





သူ လိုက်သွားစဉ်က လိမ္မော်သီးများ သီးနေလေပြီ။ သိပ် လည်းမကြီးသေး၊ မှည့်လည်းမမှည့်သေးချေ။ ဦးရွှေက လိမ္မော်သီးပင် စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းပြလေသည်။

လိမ္မော်သီးပင်များသည် အဖူးကူးနည်းနှင့် စိုက်လျှင် သုံးပေ အနက်တူး၍ မြေကိုနှပ်ပြီး စနစ်တကျ စိုက်ပျိုးသောအခါ အသီးအောင် ၍ ထွားသည်။ လေးနှစ်သားအရွယ်မှာ ပန်းဖြူဖြူလေးများ စတင်ပွင့် ပြီး အသီးသီးမည့်လက္ခဏာ ပြသည်။

ထိုသို့ပြခြင်းကို 'ပန်းပြခြင်း' ဟုခေါ်၏။ ငါးနှစ်သားမှ ဆယ့် ငါးနှစ်အထိ ဆယ်နှစ်လုံးလုံး သီး၏။ အောက်တိုဘာလမှ စတင်၍ မှည့်ကာ ခူး၍ရပြီ။

အပြင်အခွံ စိမ်းသော်လည်း အထဲက အသီးမှည့်၏။ ထို အစိမ်းရောင်အသီးကိုခူးပြီး မို၊ မြေပြန့်သို့ရောက်လျှင် ဝင်းဝါသွားမည် ဖြစ်သည်။

ဒီဇင်ဘာသည် လိမ္မော်သီးလှိုင်လှိုင်ပေါ်သောရာသီ ဖြစ်လေ သည်။

ပုလဲခေတ်မြေသြဇာ ကျွေးပြီး အရေးကြီးသည့် အကြောင်းကြောင့် ဖြစ်သော "အူလျှောက်ပိုး" ရန်ကို ကာကွယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းကိုဖြတ်ကာ ကြိုတင်ပြီး "အင်အရင်း" ကဲ့သို့ ပိုးသတ်ဆေးများ ဖြန်းပေးရသေး၏။ တစ်လတစ်ကြိမ် ရေသွင်းပေးရ၏။

"အဖူးကူးနည်း" ဆိုသည်မှာ ရှောက်သီးပင်၏ပင်စည်ကို ဖြတ်၍ အင်္ဂလိပ်လို 'တီ' ပုံစံခွဲရသည်။ လိမ္မော်ဖူးလေးကိုခူးကာ အရိုးက ရှောက်ရိုးပင်ကြားမှသွင်းပြီး အဝတ်နှင့် ပတ်ထားရမည်။ ပျိုးထားပြီးမှစိုက်သော နည်းဖြစ်၏။ ပိုးကျသော အပိုင်းဖြူဖြူတွေကို ပိုးကုန်သွားသည့်နေရာအထိ ဖြတ်ထုတ်ပစ်ရမည်။

အပင်များ ကြီးထွားလာသောအခါ ဆယ့်ခြောက်ပေ၊ ဆယ့်ရှစ်ပေ ခြားထားသည့် အောက်ခြေမြေမျက်နှာပြင်တွင် သီးညှပ်အဖြစ် မြေပဲ၊ ပဲပုတ် စသဖြင့်စိုက်၍ရ၏။

လိမ္မော်ပင်စိုက်ပျိုးခြင်းကို အခြားလုပ်ငန်းများထက် ပို၍ သူ စိတ်ဝင်စားလေသည်။ "တစ်သက်လုံး ပျော်ချင်လျှင် သစ်ပင်စိုက်" ဆိုသည့် စကားလေးကလည်း ရှိလေသည်။

စိုက်ခင်းထဲတွင်ရှိနေသော လူတစ်ယောက်ရဲ့ခံစားချက်နှင့် လုပ်ငန်းခွင်တွင် ဖိစီးမှုများနေသော လူတစ်ယောက်ရဲ့ ခံစားချက်မှာ များစွာကွာခြားပါသည်။ စိုက်ခင်းထဲတွင်နေရသည့်အချိန်တွင် စိတ်ထဲ၌ ငြိမ်းချမ်းနေသည်။ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်နေသည်။





"မင်းလိမ္မာနေတဲ့အကြောင်း၊ ကျောင်းဆရာလုပ်နေတဲ့အကြောင်း ငါ မင်းအဖေကို ဝင်ပြောလိုက်ရမလား သက်ဝေ"

"ဘာ ဘာလို့ ဝင်ပြောမှာလဲ။ မပြောနဲ့ဦး ဖိုးစိုင်း။ မင်း ငါတို့သားအဖကြားထဲ ဝင်မပါနဲ့ဦး။ ဝမ်းသာစရာစကားဆိုရင်လည်း ငါကိုယ်တိုင်ပဲ ပြောချင်တယ်။ အခုနေ မင်းသွားပြောလိုက်ရင် ခွေးရူး ကောင်းစား တမွန်းတည်းလို့ ပြောနေဦးမယ်။ ငါ့ရဲ့ မသိနားမလည်မှု တွေကို ငါ တဖြည်းဖြည်း နားလည်သဘောပေါက်ပါပြီ။ အဲဒါက လည်း မင်းတို့၊ ဆရာမတို့ရဲ့ကျေးဇူးကြောင့်ပေါ့။ ငါ့ကို ဒဏ်ခတ်တဲ့ အနေနဲ့ လောကကောင်းကျိုး ငါတတ်နိုင်သရွေ့ လုပ်ဦးမယ်ကွာ"

"အင်းပေါ့ သူငယ်ချင်းရာ။ အကျင့်တစ်ခုကို ဖျောက်ဖို့ရာ ပြုတင်းပေါက်က လွှင့်ပစ်လိုက်လို့ မရဘူးတဲ့။ အဲဒီအကျင့်ကို လှေကား ထစ်ကဆင်းသကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် ဖျောက်ပစ်မှ ပျောက် ကောင်းပျောက်နိုင်မယ်တဲ့။ ကံကောင်းတာတစ်ခုက မင်းက ပြောမနိုင် ဆိုမနိုင်နဲ့ ဆိုးသွမ်းသောင်းကျန်းနေတဲ့သူမှ မဟုတ်တာ"

သူတို့ လေးနက်သော စကားလုံးများစွာကို ပြောနေမိကြသည်။

သူကိုယ်သူတောင် ဤကဲ့သို့ ပြောင်းလဲလာလိမ့်မည်ဟု မထင့်ပေ။ သို့သော် ဤလောက်ပြောင်းလဲမှုလေးနှင့်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



တင်းတိမ်နေ၍ မရချေ။ မိဘရဲ့အလိုလိုက်မှုကို မသိနားမလည်သူ တစ်ယောက်ကဲ့သို့ ဆိုးခဲ့တော့ခဲ့လေသည်။

"ဒုက္ခ သုက္ခများပြောင်းလှတဲ့ ဒီလောကကြီးထဲမှာ တစ်ဦးကို တစ်ဦး အပြန်အလှန် ကူညီစောင်မကြည့်ရှုဖော်မရလျှင် အသက်ရှင်နေတာဟာ ဘာများ အဓိပ္ပာယ်ရှိပါ့မလဲ ကိုသက်ဝေ။ လူရယ်လို့ဖြစ်လာရင် လွတ်လပ်ရမယ် ဟုတ်တယ်မလား။ တကယ်တမ်းကျတော့ လွတ်လပ်တယ်ဆိုတာ အပြောလွယ်သလောက် လက်တွေ့ခက်ခဲကျင့်ကြံဖို့ ခက်ခဲကောင်းခက်ခဲမယ်။ ဒါပေမဲ့ လွတ်လပ်တဲ့စိတ်ထားတော့ ဇီဇ စတ်ခံ ရှိရမယ်"

"လွတ်လပ်တဲ့စိတ်ထား ဟုတ်လား ဆရာမ"

"ဟုတ်တယ် ကိုသက်ဝေရဲ့။ ဒဿနိကဗေဒပညာမှာ ကျွန်မ သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူက ဘာပြောလဲဆိုတော့ ဖြစ်တည်မှုဝါဒဆိုတာ ဗုဒ္ဓဘာသာတရားတော်နဲ့ နီးစပ်တယ်။ ဘာတဲ့ "Man is Freedom but he must responsibility his action" တဲ့၊ အဓိပ္ပာယ်ကတော့ လူဆိုတာ ဘာကိုလုပ်လုပ် လွတ်လပ်စွာ လုပ်ခွင့် ရှိတယ်။ ဒါပေမဲ့ သူလုပ်လိုက်တဲ့ အပြုအမူအတွက် သူမှာ တာဝန်ယူစိတ်အပြည့် ရှိရမယ်။ ကောင်းတာပဲလုပ်လုပ် ဆိုးတာပဲလုပ်လုပ်လေ။





ကောင်းတာလုပ်လည်း ကိုယ့်အပေါ် မူတည်တယ်။ ဆိုးတာလုပ်တာကလည်း ကိုယ့်ပေါ်မူတည်တာပဲ"

"အဲဒါ ဗုဒ္ဓအယူဝါဒနဲ့ ဘယ်လိုပတ်သက်မှုရှိလို့လဲ ဆရာမရဲ့"

ဆရာမက ကလေးတစ်ယောက်ကို စိတ်ရှည်လက်ရှည် ရှင်းပြနေရသလိုပုံစံနှင့် နောက်မေးခွန်းတွင် ဒီလောက်တောင်မတွေးတတ်ဘူးလားဟူသော မျက်စောင်းနှင့်။

"ကောင်းကျိုးကိုယ်၌ တည်စေမင်းပေါ့"

"ဟုတ်ပါရဲ့ ကျွန်တော်တော့ အဲဒီ ဒဿနကို ကြိုက်သွားပြီ"

သိုးမည်းကဲ့သို့သော အဖြစ်အပျက်ဆိုးများကြောင့် သူကိုယ်သူ ယုံကြည်မှုနည်းခြင်းအား ဆရာမက ကဲ့ရဲ့ပြစ်တင်ခြင်းမရှိဘဲ အားပေးစကားပြောလေသည်။

ထိုသို့ အတွေးလွင့်နေစဉ် စိုင်းထွန်းအေးက ဖာတ်သံနှော၍–

"အနောက်မှာနေဝင်၊ ကြယ်မြင်ပေါ့လေ၊ ဝတ်တက်ချိန်ကျခဲ့ကြစို့လေ။ ကိုင်း သူငယ်ချင်းရေ . . . ညဉ့်နက်နေပြီ အိပ်ကြစို့ရဲ့"

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရုပ်အကျီလက်ရှည်အဖြူ၊ ပုဆိုးအစိမ်းရောင်ဝတ်ထားသော လူတစ်ယောက်ရဲ့ပုံရိပ်သည် မှန်ထဲတွင် ပေါ်လာသည်။ ဒါက စိုင်းထွန်းအေးရဲ့ဝတ်စုံ ဖြစ်သည်။ သူနှင့်စိုင်းထွန်းအေးက အရပ်အမောင်း သိပ်မကွာသဖြင့် ဝတ်ရပြုရ အခက်အခဲမရှိပါ။

နားရွက်အထက် ခပ်တိုတိုညှပ်ထားသော ဆံပင်ကို စိတ်နှင့် မတွေ့သလို ကိုင်ကြည့်လိုက်သည်။

အကျီကိုကိုင်လိုက်၊ ကိုယ့်ကိုယ်ကိုယ်ငုံ့ကြည့်လိုက်ဖြင့် သူ့ကိုယ်သူ စိတ်တိုင်းမကျသလို ခံစားရ၏။





"ငါ့ပုံစံက ဆရာတစ်ယောက်ရဲ့ပုံစံထက် ကျောင်းသား တစ်ယောက်နဲ့ ပိုပြီးတူနေသလိုပါလား"

တကယ်တော့ သူ့ရဲ့စိတ်များ လှုပ်ရှားနေခြင်းဖြစ်သည်။

ကလေးတွေရဲ့ရှေ့၌ ကျောင်းဆရာတစ်ယောက်ကဲ့သို့ ရပ်တည်ဖို့ သူ့မှာ အတွေ့အကြုံ ဘာမှမရှိသေးချေ။ တစ်စုံတစ်ရာ လွဲချော်သွားမှာကိုလည်း မလိုလားချေ။ ညကလည်း တစ်ညလုံး ဟုတ်တိပတ်တိ အိပ်မပျော်ချေ။ နောက်တစ်ရက် ကျောင်းသွားဖို့ အတွက် အမျိုးမျိုးတွေးရင်း အိပ်မပျော်ဖြစ်နေသည်။

သူသည် ဆယ်တန်းတုန်းကထက် အနည်းငယ် အသက်ရ လာသော်လည်း ကျောင်းသားတစ်ယောက်လိုလိုနှင့် ရင့်ကျက်မှု မရှိသေးသလိုပင်။

အကျီလက်ကြယ်သီးစုံတပ်၊ လည်ပင်း၊ နားတွင် အသက်ရှူ ရ အဆင်ပြေစေရန် ဖြုတ်ထားသည့် ကြယ်သီးကို တပ်၍ ပွသလိုလို ကားသလိုလိုဖြစ်နေသည့်ပုဆိုးကို ချပ်ချပ်ရပ်ရပ်ဖြစ်စေရန် ပြင်ဝတ် လိုက်သည်။

လွန်ခဲ့သောတစ်ပတ်က နီကြောင်ကြောင်၊ ဝါတာသော ဖြစ်နေ သော ဆံပင်ကို ဆေးအနက်ဆိုးခဲ့ပြီးပြီ။ ယခု ထိုဆံပင်များမှာ အနက်ဆီ



www.burmeseclassic.com

မဲ့နေသဖြင့် ပွစာကြီးလျက်။

မှန်တင်ခုံထက်၌ရှိသော အုန်းဆီပုလင်းထဲမှ အုန်းဆီ အနည်းငယ်ယူ၍ ဆံပင်ထက်၌လိမ်းပြီး ခေါင်းကိုဖြီးလိုက်သောအခါ သပ်သပ်ရပ်ရပ်နှင့် ရည်မွန်သော ယောကျ်ားပျိုတစ်ယောက်ပုံ ပေါ်လာသည်။

သူ အပေါ်ထပ်ကဆင်းလာသောအခါ အောက်ဘက်ခုံတန်းပေါ်တွင် ထိုင်နေသော ဆရာမကို တွေ့သဖြင့် ခပ်သွက်သွက်ဆင်းကာ

"ဆရာမ စောင့်နေရတာကြာပြီလား။ အားနာလိုက်တာဗျာ"

ဆရာမက သူ့ရဲ့မေးခွန်းကို မဖြေသေးဘဲ ခြေဆုံး ခေါင်းဆုံး ကြည့်နေသဖြင့် သူတောင် အနေခက်သွားရသည်။ ဘာများပြောမလဲ ဟု တွေးမိသော်လည်း ဆရာမက ဘာမှတ်ချက်မှ မပေးဘဲ –

"ကျောင်းထိ လမ်းလျှောက်နိုင်ပါ့မလား ဆရာ"

"ဟာ ဆရာမကလည်း ကျွန်တော့်ကို ဆရာလို့မခေါ်ပါနဲ့။ ကိုသက်ဝေလို့ခေါ်နေမြဲ ခေါ်ပါ။ ဘာလို့ လမ်းမလျှောက်နိုင်ရမှာလဲ။ ဆရာမလို မိန်းကလေးတစ်ယောက်ကတောင် လျှောက်နိုင်သေးတာ ကျွန်တော်လို ယောကျ်ားတစ်ယောက်က ဘာလို့ မလျှောက်နိုင်ရမှာလဲ"





ကံဆိုးခြင်းလား။ ကံကောင်းခြင်းလားမသိ မိုးက တဖွဲဖွဲ ကျလာသည်။

မိုးရွာလျှင် တောင်ပေါ်လမ်းသည် သွားရခက်ကြောင်း မိုးတွင်းတစ်တွင်းလုံး လမ်းခရီးဆိုးကြောင်း ပြောပြလေသည်။

တောင်ပေါ်တွင်ရှိသော နတ်ရေကန်ဘုန်းတော်ကြီးသင် စာသင်ကျောင်းသည် ကျောင်းထိုင်ဆရာတော်က ကမကထပြု၍ ဖွင့်လှစ်ထားသော ကျောင်းဖြစ်သည်။ ကိုယ်ထူကိုယ်ထ ကျောင်း တစ်ကျောင်းဖြစ်သည်။

ကျောင်းဆိုသော်လည်း ကျောင်းဟု အမည်တွင်ရုံသာ။ စာသင်ခန်း (၆) ခန်းပါသော သွပ်မိုး၊ ထရံကာတန်းလျားလေးနှင့် မူလတန်းကျောင်းတစ်ကျောင်းဖြစ်သည်။

၂၀၀၇–ခုနှစ်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ ကိုယ်ထူကိုယ်ထ ကျောင်းလေးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည်ပင်လျှင် သာဓုခေါ်နိုင်စရာပင်။

လောကတွင် အချို့သော ဖြစ်ရပ်များတွင် 'မရှိလို့မလှ မလှုလို့မရှိ'' ဟု ဆိုခြင်းထက် ရှိသူက လှူဖို့ သတိမမူ၊ မရှိသူက လည်း မလှူနိုင်ဆိုလျှင် ဘယ်မှာလာပြီး လောကချမ်းသာခြင်း

www.burmeseclassic.com



အကျိုးငှာ ရနိုင်အံ့နည်း။ တစ်ပြားတတ်နိုင် တစ်ပြား၊ တစ်ကျပ်တတ်နိုင်တစ်ကျပ်လှူလျှင်လည်း ဒါနမြောက်ပါသည်။

ထိုမူလတန်းကျောင်းနှင့် ပတ်သက်၍ ဆရာမက ရှင်းပြရင်း မြန်မာနိုင်ငံ၏ ပညာရေးရည်မှန်းချက် (၆) ချက်ကို ပြောပြသည်။

ပထမတစ်ချက်က ၂၀၁၅–ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး အခမဲ့ မသင်မနေရ၊ အရည်အသွေးကောင်းမွန်သည့် အခြေခံပညာကို ပြီးဆုံးအောင် သင်ယူခွင့်ရရှိရေးအတွက် သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရရှိလာစေရန် သေချာအောင်ဆောင်ရွက်ရေးဖြစ်သည်။

ဒုတိယတစ်ချက်ကတော့ ဆရာများ၊ ပညာရေးလုပ်သားများနှင့် သင်ရိုးညွှန်းတမ်းတို့ ပါဝင်သည့် အရည်အသွေးကောင်းမွန်သော အခြေခံပညာရေး ထောင့်စုံ၊ ဘက်စုံ တိုးတက်လာစေရေးဖြစ်သည်။

တတိယတစ်ချက်နှင့် စတုတ္ထချက်များမှာ ၂၀၁၅–ခုနှစ်တွင် လူတိုင်းအတွက် လုပ်ငန်းအခြေပြု စာတတ်မြောက်ရေးနှင့် စဉ်ဆက်မပြတ်ပညာရေးအခွင့်အားလုံး သိသာထင်ရှားစွာ တိုးတက်အောင်မြင်ရေး၊ ကျောင်းပြင်ပ ပညာရေး၊ ဘဝတွက်တာ ကျွမ်းကျင်မှုနှင့် ကာကွယ်တားဆီးမှု ပညာရေးအစီအစဉ်များမှတစ်ဆင့် လူငယ်များနှင့် သက်ကြီး





များ၏သင်ယူမှု လိုအပ်ချက်များ ရရှိလာစေရန် သေချာအောင်ဆောင်ရွက်ရေးဟု ဖော်ပြထားလေသည်။

ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေး၊ ၎င်းနှင့်ဆိုင်သော ပညာပေးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ဆောင်ရေးနှင့် ပိုမိုကောင်းမွန်အောင် ဖော်ဆောင်ရေးဆိုသည့် ပဥ္စမအချက်ကတော့ ကလေးသူငယ်များအတွက် ပို၍ လိုအပ်သည်။

နောက်ဆုံးတစ်ချက်ကတော့ ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေး သတင်းအချက်အလက်စနစ်ကို အားဖြည့်ဆောင်ရွက်ရေး ဖြစ်သည်။

"အရင်တုန်းကတော့ သက်ကြီးရွယ်အိုကအစ သေစာရှင်စာသာမက အခြားသောစာများလည်း ဖတ်တတ်စေဖို့ 'အသုံးလုံး' သင်တန်းတွေ ဖွင့်တယ်။ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်စနစ်မှာတော့ သေစာရှင်စာ ဖတ်တတ်ဖို့တစ်ခုနဲ့ မလုံလောက်တော့ဘူး ကိုသက်ဝေ၊ အခုခေတ်မှာ ကျောင်းနေနိုင်သည်ဖြစ်စေ၊ မနေနိုင်သည်ဖြစ်စေ မူလတန်းပညာကိုတော့ ကလေးတိုင်းတက်ရမယ်။ ကျွန်မပြောတယ်နော်၊ တက်ရမယ်လို့ တက်သင့်တယ်လို့ပြောတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ကော တတ်သင့်သလောက် တတ်ပါ့မလား ဆရာမ"

"အဲဒါက လက်ဦးဆရာတွေရဲ့ ကျွမ်းကျင်မှုပေါ်မှာ မူတည်တယ် ကိုသက်ဝေ။ သူငယ်တန်း၊ တစ်တန်း၊ နှစ်တန်းအစရှိတဲ့ အတန်းတိုင်းမှာ ဆရာတွေရဲ့ ကျွမ်းကျင်ပိုင်နိုင်မှုက အဓိကပဲ။ ဥပမာ– ကျွန်မဖတ်ခဲ့တဲ့ ဆောင်းပါးလေးတစ်ပုဒ်ကို ပြန်ပြောပြချင်တယ်"

"ပြောလေ ဆရာမ"

ဆရာမက မှတ်သားစွမ်းရည်ကောင်းမွန်သူဖြစ်သည်။ ဘယ်စာကို ဖတ်ထား ဖတ်ထား ဒိုးဒိုးဒေါက်ဒေါက်နှင့် ပြန်လည်ပြောပြနိုင်သည်။ ဤကဲ့သို့သော မှတ်ဉာဏ်စွမ်းရည်ဆိုသည်မှာလည်း ထူးကဲသော သူတွေသာ ရနိုင်သည့်အရာ ဖြစ်သည်။

ဆရာမက ခေါက်ထီးပြာလေးကို ဟိုဘက် ဒီဘက် ပြောင်းကိုင်ပြီး –

"ဆရာမတစ်ယောက်က 'ကလေးတစ်ယောက်က ပုဂံခေတ်တွင် ထင်ရှားသောမင်းမှာ ကျန်စစ်သားမင်း ဖြစ်သည်' လို့ ရေးထားတာကို အမှန်ပေးထားတယ်တဲ့။ နောက်ကလေးတစ်ယောက်က ပုဂံခေတ်တွင် ထင်းရှာသောမင်းမှာ ကျန်စစ်သားမင်းဖြစ်သည်ဆိုတာကိုလည်း အမှန်ပေးထားတယ်တဲ့"





"ဗျာ 'ထင်းရှာသောမင်း' လို့ ရေးထားတာကိုလည်း အမှန်ပေးထားတယ် ဟုတ်လား ဆရာမ"

အံ့ဩတကြီးမေးလိုက်သော သူ့ကို ဆရာမက ပြုံး၍ကြည့်ကာ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် ကိုသက်ဝေ၊ ဒါကြောင့် ဆောင်းပါးရှင်ဆရာကြီးက ဆရာမတွေ သတ်ပုံ သဒ္ဒါဂရုတစိုက် စစ်ဖို့၊ ကျောင်းသားကျောင်းသူတွေရဲ့ ဦးနှောက်ထဲမှာ အမှားကို အမှန်မဖြစ်စေဖို့ ပြောထားသေးတယ်။ ပြီးတော့ ရာဇဝင်ကို မဖျက်ပါနဲ့တဲ့။ ကျွန်မတို့ ဆရာဆရာမတွေ သင်ခန်းစာယူစရာပဲလေ"

တဖွဲဖွဲရွာနေသော မိုးက တိတ်သွားခြင်းမရှိဘဲ ပိုတောင်သည်းလာသေးသည်။ သူတို့ရဲ့ လုံခြည်အနားစများ၊ ပုဆိုးအနားစများမှာ ရေတွေ ရွဲရွဲစိုစေလေသည်။ တောင်ပေါ်မှရေများ စီးနေသဖြင့် သွားရသည့်ခရီးက မတွင်ရချေ။

တော်သေးရဲ့၊ ဒါတောင် လေးတန်းကျောင်းသား တစ်ယောက်သည် ဆရာမရဲ့ ထမင်းချိုင့်နှင့် စာအုပ်များထည့်ထားသည့် ကြိမ်ခြင်းတောင်းလေးကို ယူသွားပေးသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်လျှင် ထီးတစ်လက်၊ ခြင်းတောင်းတစ်ဖက်နှင့် ဆရာမ ရေတွေ့ပို့ရှိနေပေမည်။ ကျောင်းသားများနှင့် ကျောင်းသားမိဘများကိုလည်း တွေ့ရသည်။

တချို့ကလေးကြီးတွေက မိုးရေထဲသွားရတာကိုပင် ပျော်နေပုံရ၏။ ကျောင်းသားမိဘအချို့သည် ဆရာမကို နှုတ်ဆက်ပြီး သူ့ကို စူးစမ်းသလို ကြည့်နေသဖြင့် ဆရာမက ကျောင်းသားမိဘများအား–

"ဒီနှစ်သုံးတန်းမှာသင်မယ့် ဆရာလေ"

ဟု မိတ်ဆက်ပေးသည်။

အမှန်တော့ ယခင်နှစ်က ၁သုံးတန်းသင်သောသူမှာ ဆရာမချိုသင်းခင်ဖြစ်သည်။ ယခုနှစ်တွင်မူ ဆရာမက သူ့အား သုံးတန်းကို လွှဲပေးပြီး သူ့ငယ်တန်းအဆင့် သင်ခြင်းဖြစ်သည်။

သူသာ သူငယ်တန်းသင်လျှင် တစ်ရက်တည်းနှင့် စာသင်ချင်စိတ်ကုန်သွားမည်ဆိုးသောကြောင့်ဟု ဆိုလေသည်။

သူငယ်တန်းသည် စာသိပ်မသင်ရသော်လည်း ကဗျာတွေ ရွတ်ပြရသည်။ ကလေးတွေ လက်ရေးလက်သားကောင်းအောင် 'က၊ ခ' အစရှိသည့် အက္ခရာများကို အခါခါ ရေးခိုင်းရသည်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့စေရန်





မိဘနှင့်မခြား သင်ကြားပေးရသဖြင့် တော်ရုံစိတ်ရှည်မှုနှင့် မရနိုင်ကြောင်း ပြောပြလေသည်။

"ဆရာကြီး မင်္ဂလာပါရှင့်"

ဆရာမရဲ့နှုတ်ဆက်သံကြားမှ ကျောင်းသို့ရောက်လာပြီမှန်း သူ သတိထားမိလိုက်၏။ ဆရာကြီးက ဤကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေး ဖြစ်လေသည်။

ဆရာကြီးက အရပ်ပုပု ခပ်ပြည့်ပြည့်ဖြစ်သည်။ မျက်နှာကပြုံးချိုသည်။ သူနှင့် ဆရာကြီးကတော့ ကျောင်းအပ်နှံရေး ရက်သတ္တပတ်တွင် တွေ့ဆုံပြီးပြီမို့ စိမ်းမနေတော့ချေ။

"မင်္ဂလာပါ ဆရာ"

အပြန်အလှန် လက်အုပ်ချီ၍ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ခြင်းသည် ဤကျောင်း၏အလေ့အထဖြစ်၏။

"သုံးတန်းကျောင်းသားတစ်ယောက် ကျောင်းအပ်ချင်လို့တဲ့ ဆရာမချိုသင်းခင် ကျွန်တော့်ရုံးခန်းထဲမှာ စောင့်ခိုင်းထားလိုက်တယ်၊ ဆရာမပဲ လက်ခံပေးလိုက်ပါနော်"

"ဟုတ်ကဲ့ပါ ဆရာကြီးရှင့်"

"ဆရာ ဆရာ့ကိုတော့ ဆရာသင်ရမယ့် သုံးတန်းက



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့ မိတ်ဆက်ပေးပါ့မယ်"

ဆရာမက ရုံးခန်းဘက်သို့ လျှောက်သွားသည်။ သူနှင့် ဆရာကြီးကတော့ လေးတန်းခန်းနှင့်ကပ်လျက် သုံးတန်းခန်းဘက်သို့ လျှောက်လာခဲ့သည်။

တံစက်မြိတ်အောက်သို့ ရောက်သောအခါ ထီးကို ရှေ့ဘက် ကော်ရစ်တာတွင် ထားခဲ့၏။ မိုးတွေရွာနေသဖြင့် ကျောင်းရှေ့ကွက်လပ်တွင် ကျောင်းသားများ ဆော့ကစားမနေသော်လည်း ကျောင်းခန်းရှေ့ ဝရန်တာတွင် ပြေးလိုက်လွှားလိုက်နှင့် ဆော့ကစားနေကြ၏။

သူတို့ဝင်လိုက်သော သုံးတန်းအခန်းတွင်မူ ကျောင်းသားများ၊ ကျောင်းသူများ ရောက်နှင့်နေကြပြီ။ သူတို့ဝင်လာသောအခါ ကျောင်းသား၊ ကျောင်းသူများအားလုံး မတ်တတ်ရပ်၍ လက်အုပ်ချီ၍ နှုတ်ဆက်ကြသည်။ ဆရာကြီးက မင်္ဂလာပါဟုပြောပြီး –

"ကဲ . . . ထိုင်ကြပါ သားတို့ သမီးတို့။ ဟောဒီက ဆရာဦးသက်ဝေလင်းက သားတို့သုံးတန်းအတန်းကို သင်ကြားပေးမယ့် ဆရာပဲကွဲ့။ ကဲ . . . ဆရာ့ကို မင်္ဂလာပါလို့ နှုတ်ဆက်လိုက်ကြပါဦး ကွယ်"

ဆရာကြီးရဲ့စကားအဆုံးတွင် ကလေးများ ပြန်ထကာ ညီညီ





ညာညာ နှုတ်ဆက်ကြသည်။ သူကလည်း ဆရာကြီးနည်းတူ ပြန်နှုတ်ဆက်လိုက်လေသည်။ ကလေးများ ပြန်ထိုင်သွားသောအခါ ဆရာကြီးက သူ့ဘက်သို့လှည့်၍ –

"ဒါက ဒီသုံးတန်းအခန်းရဲ့ ကျောင်းခေါ်ချိန် အချိန်စာရင်းနဲ့ ကျောင်းသားဦးရေစာရင်းပါ ဆရာ။ ကျွန်တော် ဟိုဘက်လေးတန်း အခန်းဘက်မှာ ရှိနေပါ့မယ်ဆရာ။ ကိစ္စရှိရင်ဖြစ်ဖြစ်၊ အခက်အခဲရှိရင် ဖြစ်ဖြစ် ပြောပြနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးက သူ့ကိုနှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားလေသည်။ ကလေးများက သူ့ကို မျက်လုံးပြူးပြူးလေးများဖြင့် စိတ်ဝင်တစား ကြည့်နေကြ၏။ သူ ကလေးများအားလုံးကို ခြုံ၍ တစ်ချက် ပြုံးပြကာ –

"ကဲ သားတို့သမီးတို့ရေ ကျောင်းတက်ချိန်မှာ ဘာလုပ်ရမှာလဲ"

"ဘုရားရှိခိုးရပါ့မယ် ဆရာ"

"ကဲ . . . ဟုတ်ပြီ။ ဒါဆိုရင် ဆရာက ရှေ့ကနေတိုင်ပေးမယ် သားတို့သမီးတို့က လိုက်ဆို ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ဆရာမက ကျောင်းတွင် တစ်နေ့တာ လုပ်ဆောင်ဖွယ်ရာများကို ပြောပြသည် မနက်ကျောင်းတက်တက်ချင်းတွင် ကလေးများအား ဘုရားရှိခိုးတိုင်ပေးရကြောင်း၊ အရပ်ရှစ်မျက်နှာ မေတ္တာပို့သင်ပေးရကြောင်း ပြောပြ၏။

ထို့ကြောင့် ကလေးများရှေ့တွင် ဘုရားစာများ အလွဲလွဲအမှားမှားမဖြစ်စေရန် ကြေညက်အောင် ကျက်ခဲ့ရသေး၏။ ကလေးတွေက သူတိုင်ပေးသည့်နောက်မှ စနစ်တကျ လိုက်ဆိုကြ၏။ ထိုအချိန်တွင် သူ့ရဲ့စိတ်သည် လောဘ၊ ဒေါသ၊ မောဟများ ကင်းစင်ကာ စိတ်ချမ်းသာမှုရလေသည်။ ဟိုဘက်အခန်းမှ ဘုရားရှိခိုးသံကလည်း သာယာစွာ ထွက်ပေါ်နေသည်။

ဘုရားရှိခိုး မေတ္တာပို့ အမျှဝေပြီးသွား၏။ သူ အတန်းရှေ့တွင် ရပ်ရင်း ကလေးများအားလုံးကို ကြည့်လိုက်သည်။

ဆရာကြီးပေးသွားသည့် ကျောင်းသားစာရင်းစာအုပ်ကို ဖွင့်ကြည့်ကာ တစ်ယောက်ပြီးတစ်ယောက် နာမည်ခေါ်သည်။ ကျောင်းသား၊ ကျောင်းသူများသည် ဝတ်ဆင်ထားသည့် အဖြူနှင့်အပြာရင် မျက်လုံးလေးတွေက ဖြူစင်သည်။ မည်သည့်လိမ်ညာကွေ့ကောက်မှုမှ မရှိချေ။





ကလေးများ၏မျက်နှာကိုယ်စီတွင် သနပ်ခါးများ လိမ်းကျံထားသည်။ တချို့က ပါးပေါ်တွင် ဝလုံးကဲ့သို့ သနပ်ခါးများ ဝိုင်းအောင် ကွက်ထားကြ၏။

တချို့ကလေးများကျတော့လည်း ပါးပေါ်အပြည့်၊ တချို့ကျတော့ ဖြစ်သလိုပွတ်ထားသဖြင့် ကလေးများ၏ မျက်နှာလေးများသည် ရောင်စုံပန်းခင်းလေးများသဖွယ် ကြည့်သူရင်ကို အေးမြစေလေသည်။

ကျောင်းသား၊ ကျောင်းသူလေးများသည် အနာဂတ်အတွက် သားကောင်းရတနာများဖြစ်သည်။ တွေးခေါ်ပညာရှင် တစ်ဦးကတော့ လူတိုင်းသည် မွေးဖွားစဉ်အခါက အပြစ်ကင်း (innocence) ကြသည်။

ပတ်ဝန်းကျင်၏ အရောင်ဆိုးမှုကြောင့်သာ စရိုက်အမျိုးမျိုး ထွက်ပေါ်လာခြင်းဖြစ်သည်။ ကောင်းမွန်သော ပတ်ဝန်းကျင်တွင် ကြီးပျင်းလာရသောကလေးသည် ကိုယ်ကျင့်တရား၊ စရိုက်ကောင်းမွန်ပြီး ဆိုးသွမ်းသော ပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ရသော ကလေးများသည် ကိုယ်ကျင့်တရား၌ ချို့ယွင်းကြ၏။

အကယ်၍ ကလေးတိုင်းသည် ကောင်းမွန်သော လူ့ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းတွင် ကြီးပျင်းလာပါလျှင်မူ နိုင်ငံအတွက် အဖိုးတန်သော သားကောင်းရတနာများဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဝင်ခွင့်ပြုပါ"

ကလေးများ၏ အမည်စာရင်းခေါ်နေစဉ် ဆရာမချိုသင်းခင်နှင့် ကျောင်းသားတစ်ယောက်က ဝင်ခွင့်တောင်းပြီး ဝင်လာလေသည်။ ဆရာမကို ပြန်နှုတ်ဆက်ပြီး ကလေးများထိုင်ကုန်မှ –

"ကျောင်းသားသစ်ပါ ဆရာ"

"သားနာမည် ဘယ်လိုခေါ်လဲ"

"စိုင်းကျော်လှပါ ခင်ဗျာ့"

"ကဲ သား ... ဟိုမှာ သူငယ်ချင်းနားသွားထိုင်နော်"

ကျောင်းသားသစ်လေးကို ယောကျ်ားလေးတန်းဘက်တွင် ထိုင်ခိုင်းလိုက်သည်။

"ဆရာ ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

"အခုထက်ထိတော့ အဆင်ပြေတယ်လို့ ဆိုရမှာပဲ ဆရာမရဲ့"

"ဟုတ်ကဲ့ပါ"

ဆရာမက သူ့ကိုနှုတ်ဆက်ပြီး ထွက်သွားသည်။ သူက မြန်မာစာဖတ်စာအုပ်ကို လှန်လိုက်ပြီး တစ်နေ့တာ စာသင်ခြင်းကို စတင်လိုက်ပါတော့သည်။



## အခန်း (၁၀)

မိုးကတော့ တစ်ဦးတစ်ယောက်ကို အငြိုးရှိနေသည့်ဟန်ဖြင့် သည်းမည်းစွာ ရွာနေလေသည်။ တစ်ခါတစ်ရံ လေများကလည်း ဝေ့ခနဲ ပါလာလိုက်သေးသည်။

ကျောင်းခန်းသွပ်မိုးပေါ်သို့ မိုးရေကျသံများ ဆူညံစွာ ထွက်ပေါ်နေသကဲ့သို့ ကျောင်းခန်းထဲတွင် ကျောင်းသူ ကျောင်းသားများကလည်း ဆူညံနေကြသည်။

"မိုးဖြူမစဲ မိုးမည်းမရွာ" ဆိုသကဲ့သို့ နေ့လယ်နေ့ခင်းတုန်းက ပူပြင်းနေသော နေမင်းကြီးသည် ဘယ်သို့ရောက်သွားသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းခါနီး သုံးနာရီခန့်သို့ရောက်သောအခါ မိုးမခြိမ်း အသံမပေးဘဲ တရုန်းရုန်း တဒိုင်းဒိုင်းနှင့် ရွာလေတော့သည်။

အရပ်လေးမျက်နှာမှ မိုးများပက်ထားသဖြင့် ဝရန်တာတစ်ခုလုံး ရွှဲစိုနေလေသည်။ ပြတင်းပေါက်တံခါးများဆီသို့ မိုးပေါက်များ အရှိန်နှင့် လာရောက်မှန်လေသည်။

မိုးနှင့်ပတ်သက်၍ ငယ်စဉ်က စကားထာများ ဖွက်ခဲ့ကြသည်။

"ကမ္ဘာ့စည်ကြီး တီးလိမ့်မည်၊ မျက်နှာမည်းကြီးငိုလိမ့်မည်၊ သေသောသူများ ရှင်လိမ့်မည်။ ပုန်းသောသူများ ပေါ်လိမ့်မည်' ဟု မေးပြီး သူငယ်ချင်းများ မဖြေနိုင်လျှင် နဖူးတောက်၍ အဖြေတောင်းခဲ့ရတာလည်း မမေ့နိုင်စရာပင်။

မိုးတွင်းအစတွင် အဘယ်ကြောင့် ကျောင်းစတင်ဖွင့်ရသလဲ ဟု သူ တကယ်မစဉ်းစားတတ်ချေ။ သူတို့ကလေးဘဝတုန်းက ယခုကလေးများကဲ့သို့ပင် မိုးရွာလျှင် ပျော်သည်။

ကျောင်းဆင်းချိန်မိုးရွာလျှင် ပုဆိုးကိုချွတ်၍ ကျောတွင် လွယ်ထားသည့် ကျောပိုးအိတ်ပေါ်သို့ ထပ်၍ စလွယ်သိုင်းလွယ်သည်။ ထီးပါလျှင် ထီးကိုဖွင့်မဆောင်းချင်။ မိုးကာကိုလည်း မေ့ချင်





ယောင်ဆောင်ကာ လမ်းပေါ်တွင် မိုးစိုစိုနှင့် ဂေါ်လီပစ်လိုက်၊ စိန်ပြေးလိုက်တမ်းကစားလိုက်၊ ဟိုသစ်ပင်ပေါ်တက်လိုက်၊ ဒီသစ်ပင်ပေါ်တက်လိုက်ဖြင့် အိမ်ကို ဘယ်သောအခါမှ တန်းတန်းမတ်မတ် ရောက်အောင် မပြန်တတ်ချေ။

ယခုတော့ မိုးက မစဲနိုင်အောင် တဖွဲဖွဲရွာနေလျှင် အလုပ်ကမတွင်။ သွားရေးလာရေးက မလွယ်ကူဖြစ်ရသည်။ သူ စာသင်တာယခုဆို တစ်လတိုင်တိုင် ရှိနေလေပြီ။

ယောက်ျားသားဖြစ်သော သူက ကိစ္စမရှိပေ။ မိန်းမဖြစ်သော ဆရာမကတော့ ပင်ပန်းလှသည်။ သို့သော် ညည်းညည်းညူညူ မရှိ။ နေမကောင်းသော်လည်း ကျောင်းမပျက်ချေ။

မိန်းကလေးတောင် မညည်းညူလျှင် ယောက်ျားလေးဖြစ်တဲ့ သူက ဘာလို့ညည်းညူရမည်နည်း။ သူ့အတွက်သေချာတာတစ်ခုကတော့ အတွေ့အကြုံသစ်မှာ စိတ်လှုပ်ရှားခြင်းဖြစ်သည်။

ထိုတစ်လအတောအတွင်း သူ့အတန်းမှ ကလေးများနှင့် ရင်းနှီးနွေးထွေးမှုကို ရရှိခဲ့၏။ တကယ်တော့ ဘာအရောင်အစွန်းမှ မရှိသော အဖြူထည်ကလေးများကြားထဲတွင် နေရခြင်းသည် စိတ်ချမ်းသာစရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်များသည် သူတို့နည်း သူတို့ဟန်ဖြင့် တစ်ယောက်တစ်မျိုး ချစ်စရာကောင်းလေသည်။ ဆရာ့အပေါ်တွင်လည်း ချစ်ကြောက်ရိုသေရှိလေသည်။

တစ်နေ့ကဆို မှတ်မှတ်ရရ ရယ်လည်းရယ်ချင်၊ ချစ်လည်း ချစ်စရာကောင်းသည့်အဖြစ်ပျက်ကလေးတစ်ခုနှင့် သူ ကြုံခဲ့ရသည်။

အဲဒီနေ့က သူ အတန်းထဲတွင် ခုံများကို စားပွဲများပေါ်သို့ တင်ပြီး တံမြက်စည်းလှည်းသည်။ အစိုးရကျောင်းမဟုတ်သဖြင့် အလုပ်သမားခန့်ထားနိုင်ခြင်း မရှိချေ။

တစ်ခါတစ်ရံ နေ့လယ်စာ ထမင်းကျောင်းဆင်းလျှင် ထမင်းလာပို့သော ကျောင်းသားမိဘများက လှည်းပေးသွားတတ်တာ ရှိသော်လည်း များသောအားဖြင့် သူ့ဘာသာသူ လှည်းလိုက်သည်။

သူက တံမြက်စည်းလှည်းဖို့အတွက် ခုံများတင်နေသော အချိန်က မနက်ပိုင်းဖြစ်သည်။ ကျောင်းသို့ ခပ်စောစောရောက်နေသော သူ့အတန်းသားများဖြစ်တဲ့ ကျော်အောင်နှင့် ဇော်ဇော်သည် ဆရာ့အား ကူညီချင်စေဖြင့် သစ်သားဖင်ရှည်ကို ဟိုဘက်ဒီဘက် မကြသည်။

သုံးတန်းကျောင်းသားဖြစ်ပေမယ့် ကလေးတွေက သေးညှက်သည်။ သို့သော် ဆရာက လုပ်ကြဟု ပြောစရာမလိုဘဲ သူတို့





ဘာသာသူတို့ အလိုက်တသိနှင့် ဝင်ရောက်ကူညီနေကြတာက ချစ်စရာ။ ထိုအကြောင်းကို ဆရာမအား ပြန်ပြောပြမိတော့ –

"ကိုသက်ဝေ ပျော်တယ်ဆိုလို့ ဝမ်းသာပါတယ်။ ကျွန်မက ကိုသက်ဝေမပျော်လို့ ဘယ်အချိန် စာမသင်တော့ဘူးလို့ ပြောမလဲ စိုးရိမ်နေတာ။ ဟုတ်တယ်၊ ကလေးတွေက သိတတ်မှုရှိတယ်။ ကိုယ့်ကျောင်းကကလေးမို့ ပြောတာမဟုတ်ဘူး။ သူတို့က သူတို့အိမ်မှာ ဆိုးကောင်းဆိုးမယ်။ ဒါပေမဲ့ ကျောင်းမှာတော့ ဆရာမတွေ သင်ကြားပေးထားတဲ့ အချင်းချင်း ရိုင်းပင်းရမယ်၊ ကူညီရမယ်၊ သူငယ်ချင်းတွေနဲ့ ဘယ်တော့မှ ရန်မဖြစ်ရဘူးဆိုတဲ့စကားကို သူတို့လေးတွေ မှတ်ထားကြတယ်။ နောက်ကျရင် ကိုသက်ဝေ ကြုံရဦးမှာပါ။ ကလေးတွေ ဆုံးမတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်လို့ဆိုတဲ့စကားကို ဒီကျောင်းမှာ ကြားဖူးမှာတောင် မဟုတ်ဘူး"

တကယ်တော့ ဤကျောင်းတွင် လာတက်သော ကလေးအများစုမှာ ငွေကြေးချို့တဲ့ နွမ်းပါးသော မိသားစုဝင်များမှ ဖြစ်သည်။

ဆင်းရဲသား လက်လုပ်လက်စားများ ပေါများသည့် ရပ်ကွက်ဖြစ်သောကြောင့် မိဘများသည် ကလေးများကို ကျောင်းသို့ လွှတ်ချင်မှ လွှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဆရာ့ပါးမဝသေးသူဟုဆိုလျှင်လည်း ခံရပေမည်။ အတန်းမှာ ကျောင်းပျက်သူများလျှင် သူ မကြိုက်ပေ။ စိတ်ဆိုးသည်။ သင်တဲ့လူက စေတနာပါပါ သင်သလောက် လိုချင်စိတ်မရှိသူလေးတွေအဖြစ် စိတ်ထဲက ထင်ပစ်လိုက်၏။

နောက်တစ်ချက် မန္တလေးက ရောက်လာခါစ သက်ဝေလင်းနှင့် ဆရာတစ်ယောက်ဖြစ်နေသော သက်ဝေလင်းရဲ့ လုပ်ဆောင်ချက်မှာ လုံးဝခြားနားခဲ့၏။ သူဟာ အချိန်တန် အိမ်ပြန်ထမင်းစား၊ လည်ပတ်၊ ရန်ဖြစ်လိုက်၊ မူးလိုက် ရမ်းကားလိုက်နှင့် အချိန်ကုန်နေသော သက်ဝေလင်းတစ်ယောက် မဟုတ်တော့ချေ။

ယခုတော့ သူက ဆရာမပြောသကဲ့သို့ လိုအပ်ချက်နှင့် လျော်ညီစွာ လုပ်ဆောင်တတ်သူဖြစ်လေတော့သည်။

ကျောင်းသား၊ ကျောင်းသူများနှင့် မြက်ရှင်း၊ ချုံခုတ်ဖို့ ဝန်မလေးသကဲ့သို့ အမှိုက်ကောက်ခြင်းဟာ ရှက်စရာမဟုတ်ကြောင်းကိုလည်း လက်တွေ့ပြသနိုင်ခဲ့၏။

ဆရာမကတော့ ရောက်ခါစနှင့်မတူ ပုဆိုးတိုတိုဝတ်၍ ချွေးတရွှဲရွှဲဖြစ်နေသော သူ့ကို –

"ကိုသက်ဝေတောင် အသားတွေ တော်တော်ညိုသွားပြီး





လောကအကြောင်းကို လက်တွေ့ကွင်းဆင်းလိုက်လို့နဲ့ တူပါရဲ့"

ဟု ရယ်ရယ်မောမော စနောက်သောအခါ သူ ပြုံးရုံသာ ပြုံးလိုက်၏။ ကလေးတွေနှင့်အတူ ကျောင်းနောက်ဘက်တွင် ချုံခုတ်နေရာမှ ခဏနားခြင်း၊ ချွေးများကို လက်မောင်းနှင့် ဖြစ်သလို သုတ်လိုက်၏။ ပြီးမှ –

"ဒါက ဆရာမရဲ့ ကျေးဇူးတွေလေ"

"အို … ကျွန်မနဲ့ မဆိုင်ပါဘူးနော်။ 'အမေဘယ်လောက်သိပ်သိပ် ကိုယ်တိုင်အိပ်မှ ဖြစ်တာပါ ကိုသက်ဝေရဲ့'။ ကိုသက်ဝေရဲ့ စိတ်ရင်းကိုက အများအကျိုးဆောင်ချင်တဲ့စိတ် ရှိနေလို့ပါ"

"ဆရာမရဲ့ တိုက်တွန်းချက်လည်း ပါပါတယ်။ နောက်ထပ် တိုက်တွန်းချက်တွေကတော့ ကျွန်တော်ဖတ်ထားတဲ့ စာအုပ်ထဲက စကားတွေပဲ ဆရာမ"

"ဘယ်ဟုတ်ပါလိမ့်။ ဘာများပါလိမ့်။ ကျွန်မလည်း သိပါရစေ ကိုသက်ဝေ"

ဆရာမက စိတ်ဝင်တစားမေးလေသည်။ သူ့ကိုသာ ချွေးတွေတရွှဲရွှဲနှင့်ဟုပြောသော ဆရာမကိုယ်တိုင် ချွေးများကြောင့် သနပ်ခါးများပျက်ပြယ်လုနီးပါး ဖြစ်နေလေသည်။ လက်များမှာလည်း အမှိုက်များ



www.burmeseclassic.com

www.burmeseclassic.com



ကျုံးထားခြင်းကြောင့် ရှုံ့မှုံးမှုလျက် ရှိသည်။

အမှိုက်များ ထိုင်ကျုံးလိုက်၊ အမှိုက်များ ထပစ်လိုက်နှင့် ထိုင်ထဖြစ်နေသော်လည်း ဆရာမထံမှ ညည်းညူသံ မကြားရချေ။

ပင်ပန်းမှုကို တောင့်ခံနိုင်သူတစ်ယောက်အနေဖြင့် ချီးမကျုံးဘဲ မနေနိုင်ချေ။ ထို့ပြင် ထိုချွေးများ ကွက်တိကွက်ကျား ဖြစ်နေသော မျက်နှာလေးကိုပင် ကြည့်၍ မဝဖြစ်မိခြင်းက ဘာကြောင့်မှန်းမသိချေ။

"ဘာလဲ . . . မေ့သွားလို့လား ကိုသက်ဝေ"

ဆရာမရဲ့အသံကြားမှ သူ အကြာကြီးစိုက်ကြည့်နေမိသည့် အဖြစ်ကို ရှက်ရွံ့အားနာသွားမိသည်။ ဆရာမကတော့ ရိပ်မိသိရှိဟန် မတူချေ။

"အဓိကနံပါတ် (၁) က လူတွေဆီကိုသွားပါ။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုမရှိရှာသေးတဲ့ လူအများစုဆီသို့ သွားပါတဲ့။ နံပါတ် (၂) က သူတို့နှင့်အတူနေထိုင်ပါ။ နံပါတ် (၃) က သူတို့ဘဝ၊ သူတို့ရဲ့ အတွေ့အကြုံ အသိတရားတွေကို လေ့လာမှတ်သားပါတဲ့ ဆရာမရဲ့"

"သုံးချက်လား ကိုသက်ဝေ"





သူ ခေါင်းယမ်းပြကာ လက်ကအမှိုက်တွေကို ခါထုတ်ပြီး–

"မဟုတ်ဘူး၊ ကျန်သေးတယ် ဆရာမ။ နံပါတ် (၄) က သူတို့ကို အလုပ်အကျွေးပြုစုပါ။ နံပတ် (၅) က သူတို့နှင့်အတူ သူတို့ရဲ့ဘဝ တိုးတက်ရာတိုးတက်ကြောင်း စီမံချက်တွေ ရေးဆွဲပါ။ နံပါတ် (၆) က သူတို့တတ်နိုင်သမျှ ဗဟုသုတ၊ သူတို့မှာရှိတဲ့ပစ္စည်း သူတို့ထုတ်နိုင်တဲ့ ခွန်အားများအပေါ် အခြေခံပြီး အစပျိုးလုပ်ကိုင်ဆောင်ရွက်ပေးပါဆိုတဲ့ စကားတွေပဲ ဆရာမ"

"ကောင်းလိုက်တဲ့စကားလုံးတွေပဲ ကိုသက်ဝေ။ ဘယ်သူပြောခဲ့တဲ့စကားတွေပါလိမ့်"

"တရုတ်ပြည်မှာ စာမတတ်သူပပျောက်ရေးအတွက် ဦးဆောင်ခဲ့တဲ့ 'ဂျင်မီယင်း' ဆိုတဲ့ ပညာတတ်ပုဂ္ဂိုလ်က ပြောခဲ့တာပါ။ အပြောသက်သက်တော့ မဟုတ်ဘူးနော်၊ လက်တွေ့ ဆင်းရဲသားလူထုတွေကြားထဲ သူ ဆင်းခဲ့တာ။ သူဟာ ပညာတတ်ပေမယ့် သူ့ပညာတွေကို မရှိဆင်းရဲသားတွေ၊ ပညာမဲ့သူတွေအတွက် အသုံးချလို့ များစွာအကျိုးဖြစ်ထွန်းခဲ့တယ် ဆိုပါတော့ဗျာ။ သူဟာ စစ်မြေပြင်မှာ အလောင်းကောင်နေရတဲ့ တရုတ်ကူလီတွေအတွက် စစ်မြေပြင်ကို စာသင်ကျောင်းအဖြစ် ပြောင်းလဲနိုင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်ဝေက ဂျင်မီယင်းနဲ့ပတ်သက်ပြီး လေးစားစရာ ပြောမှ ကျွန်မလည်း ပြောဖို့သတိရတယ်။ ကျွန်မတို့ မြန်မာနိုင်ငံက တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေဟာ စာမတတ်သူ ပပျောက် ရေး 'အသုံးလုံး' သင်တန်းကို ဝေးသီခေါင်လွန်းတဲ့ဒေသ၊ ရွာလေး တွေမှာ လုပ်အားပေးခဲ့တာလည်း ဂုဏ်ယူစရာပဲ ကိုသက်ဝေ၊ အလုပ် မအားရင် ညသင်ပေးတယ်။ နောက်လုပ်ငန်းခွင်အထိတောင် လိုက် သင်ပေးကြတဲ့ ဆရာ ဆရာမလေးတွေရဲ့ စေတနာဟာ ဘယ်လောက် လေးစားစရာကောင်းသလဲ"

"အ,သုံးလုံးသင်တန်းက ၁၉၆၄–ခုနှစ် ဝန်းကျင်လောက်က လှုပ်ရှားမှုမဟုတ်လား ဆရာမ။ ကျွန်တော် မှတ်မိနေတာက စာမ တတ်သူ ပပျောက်ရေးနေ့နီးတိုင်း ပြသလေ့ရှိတဲ့ 'ဘယ်သူပြိုင်လို့ လုပါနိုင်' ဆိုတဲ့ ဇာတ်ကားကြောင့်ပေါ့ဗျာ"

"ဟုတ်ပါတယ်၊ အဲဒါက ဇာတ်လမ်းပါ ကိုသက်ဝေ၊ ကျွန်မ အခုပြောမှာက လက်တွေ့ပါ"

"ဟုတ်ကဲ့ ဆရာမ"

"ကျွန်မရဲ့အဘွားက ငယ်စဉ်ကတည်းက စာမသင်ခဲ့ရဘူး။ မိဘတွေက တင့်တောင်းတင့်တယ်နေနိုင်တယ်။ ဒါပေမဲ့ ပညာ





ဆိုတာ ယောကျ်ားလေးတွေမှ တတ်အပ်တယ်။ မိန်းကလေးဆိုတာ အိမ်ထောင်မှုသိမ်းထုပ် အချုပ်အလုပ် ပိုင်နိုင်ရင် တော်ရောပေါ့ဆိုပြီး မသင်ကြားပေးခဲ့ဘူး။ အဘွားအသက် ငါးဆယ်ကျော်မှ အသုံးလုံး စီမံကိန်းကြောင့် စာရေးတတ်၊ ဖတ်တတ်လာတယ်။ အဲဒီအချိန်က စာမတတ်သူ ပပျောက်ရေး လုပ်ဆောင်မှုက အတော်ပျံ့နှံ့ခဲ့တယ်လေ။ အဘွားပြောပြလို့ စာလာသင်ပေးတဲ့ ဆရာ၊ ဆရာမတွေရဲ့ စေတနာ၊ မေတ္တာတွေကို လေးစားအထင်ကြီးရင်း ငါလည်း တစ်နေ့တော့ အများ က လေးစားချစ်ခင်ရတဲ့ ဆရာမ ဖြစ်ရမယ်ဆိုတဲ့စိတ် ဖြစ်လာခဲ့တာ ကိုသက်ဝေ"

ဆရာမရဲ့ မျက်နှာတွင် ယုံကြည်ချက်တို့ဖြင့် ရဲရင့်လျက်ရှိ လေသည်။

သူတို့သည်လည်း စကားတပြောပြောနှင့် လုပ်နေကြသဖြင့် မောလို့မောမှန်းမသိ။ အလုပ်ကလည်းတွင်သည်။ ကျောင်းသား ကျောင်းသူလေးများသည်လည်း အရွယ်ငယ်သော်လည်း မနိုကပ်ဘဲ တက်ညီလက်ညီ လုပ်ဆောင်နေကြသည်မှာ ချစ်စဖွယ်ကောင်းလှ သည်။

"ဆရာ သက်ဝေလင်းနဲ့ ဆရာမ ချိုသင်းခင် နားပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အအေးလေး လာသောက်ပြီး အနားယူပါဦး''

''ဟုတ်တယ် ဆရာမတို့ရေ။ ဒီနေ့ပြီးပြီပဲဟာ။ အေးအေး ဆေးဆေးပေါ့ လာကြပါ''

ဆရာမတွေနှင့်အတူ ဆရာကြီးကပါ ခေါ်နေသဖြင့် သူတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်ကာ လုပ်လက် စအလုပ်များကို ထားခဲ့လိုက်သည်။

အမှိုက်များကျုံးဖို့ပဲ ကျန်တော့သည်။ ကျောင်းနောက်ဘက်၌ လွတ်နေသော ချုံကိုရှင်းပြီး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖို့အတွက် ဖြစ်သည်။ ကျောင်း၌ ဟင်းသီးဟင်းရွက်စိုက်ထားလျှင် ဘုန်းကြီး ကျောင်း၌ ဆွမ်းဟင်းများ ကပ်လှူ၍ရသည်။ ဆရာကြီးရဲ့အတွေးမှာ ကုသိုလ်လည်းရ ဝမ်းလည်းဝဖွယ်ဖြစ်၍ သာဓုခေါ်မိပါသည်။

သူ့လက်ကို ဆပ်ပြာနှင့် ဆေးသောအခါ ဆရာမက ရေ လောင်းပေးလေသည်။ သူ ကျေးဇူးတင်စွာကြည့်လိုက်သည်။

ဆရာတော်က အအေးနှင့်မုန့်များ ပြန်လည်စွန့်ခြင်း ဖြစ် သည်။ ဆွမ်းချက်သော ဒန်အိုးကဲ့သို့ ဒန်အိုးအကြီးကြီးထဲတွင် အချို ရည်များ အပြည့်ထည့်ဖျော်သည်။ မုန့်များကလည်း စားပွဲပေါ်တွင် အပြည့်ပင်။





ကလေးများကလည်း ပင်ပင်ပန်းပန်းနှင့် အားရပါးရ စားနေ ကြသည်မှာ မည်သည့်ဟန်ဆောင်မှုများမှ မပါချေ။

''ရော့ ... ဆရာ''

ဆရာကြီးက ပန်းကန်ထဲတွင် လိုးထည့်ထားသော ကိတ်မုန့် ပန်းကန်ကို သူ့ရှေ့သို့ ထိုးပေးလေသည်။

ပင်ပန်းသောကြောင့်လားမသိ။ အေးမြသောအစာသည် ရင်ဘတ်ထဲထိ အေးပြီး အမောပြေသွားလေသည်။

ကိတ်မုန့်စားလိုက်၊ အအေးသောက်လိုက်နှင့် နားနားနေနေ ရှိနေစဉ် ကျောင်းသူကျောင်းသားတွေက ကျန်နေသေးသည့် အမှိုက် များကို ဆက်လက်ကျုံးနေသဖြင့် သူ အအေးခွက်ချလိုက်သောအခါ ဆရာကြီးက –

''ရပါပြီ ဆရာ။ အမှိုက်ကျုံးပြီးရင် ပြီးပြီပဲဟာ။ အေးအေး ဆေးဆေးစားပါ။ ကျွန်တော်လည်း ဆရာ့ကို ကျေးဇူးတင်တယ်ဗျာ။ ဘာပဲဖြစ်ဖြစ် အခုလို ကျောင်းသူကျောင်းသားတွေနဲ့ ဆရာတွေ စည်း စည်းလုံးလုံး အလုပ်လုပ်နေတာမြင်တော့ ကျွန်တော်တို့ ငယ်ငယ်တုန်း က သင်ခဲ့ရတဲ့ မိတ်ဆွေသုံးဦးနဲ့ ဝန်လိုင်ကပ်ပုံပြင်ကို သတိရတယ် ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ပုံပြင်ဆိုတာထက် ဘုရားလောင်းရဲ့ နုစဉ်ဘဝလို့လည်း ဆိုနိုင်တယ်။ ဘာလို့လဲဆိုတော့ သူက ဇာတကဝတ္ထုလို့ ဆိုထားတာကိုးဗျာ"

"ခုနစ်တန်းတုန်းက သင်ခဲ့ရတာထင်တယ် ဆရာကြီး"

"ဟုတ်တာပေါ့၊ ဇာတ်လမ်းကို ဆရာသက်ဝေလင်းလည်း သိပြီးသား။ ဒါပေမဲ့ လောကမှာ လူတွေက သိလျက်နဲ့ အကျင့်ခက်နေကြတာ။ ဒီဇာတ်တော်ကို သာကေပြုမယ်ဆိုရင် လူတွေမှာ မိတ်ဆွေကောင်းဆိုတာ မရှိမဖြစ် လိုကိုလိုအပ်တယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"မိတ်ဆွေကောင်းလို့ဆိုတဲ့ နေရာမှာလည်း တစ်ဦးရဲ့ အခက်အခဲကို တစ်ဦးက မခိုမကပ်မှ တစ်ဦးရဲ့အကျိုးကို တစ်ဦးက မှဒိတာပွားပေးမှ မိတ်ဆွေစစ်တယ်လို့ ဆိုနိုင်တယ်။ တကယ်ဆို လူတွေနဲ့ ဝန်လိုင်ငှက်ဆိုတာ အရွယ်အစားအကွာကြီးကွာတယ်။ ဒါပေမဲ့ မိတ်ဆွေကောင်း ပီသစွာ ဝန်လိုင်ငှက်က ဝန်လိုင်ငှက်အလျောက်၊ လိပ်က လိပ်အလျောက်။ ခြင်္သေ့က ခြင်္သေ့အလျောက် တစ်ယောက်တစ်လက် ဝိုင်းကူတော့ သူတို့ထက် အသိဉာဏ်ရှိတဲ့လူ၊ ခွန်အားကြီးတဲ့လူက ဘယ်ခံနိုင်မလဲ ပြောရတော့တာပေါ့လေ"





"ဇာတကဝတ္ထုဟာ ကလေးတွေ စည်းလုံးညီညွတ်အောင်၊ လိမ္မာအောင်၊ ယဉ်ကျေးသိမ်မွေ့အောင် သင်ပေးတဲ့ ပုံပြင်လေးတွေလို့ ဆိုရင်လည်း မမှားဘူးထင်တယ်နော် ဆရာကြီး"

"ဒါပေါ့ ဆရာရာ . . . ဘယ်မှားလိမ့်မလဲ။ မိတ္တဗလဆိုတဲ့ မိတ်ဆွေအချင်းချင်း ပေါင်းသင်းဆက်ဆံရေးအတွက် လုံးဝအထောက်အကူပြုတယ်လို့ ကျွန်တော်ကတော့ ရဲရဲကြီးကို အာမခံတယ်ဗျာ"

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အဖေက သူ့ကို အမြဲတမ်း ဆုံးမခဲ့ဖူးသည့် စကားလေး တစ်ခွန်းရှိသည်။ အဓိကနှင့် သာမညကို ကောင်းကောင်းခွဲခြားတတ် ပါစေတဲ့။

ဘဝတွင် မလုပ်မဖြစ် အလုပ်များကိုပင် ထားခဲ့ရသဖြင့် ယခုချိန်တွင် မသိသာသော်လည်း အသက်အရွယ်ရလာသည့်တစ်နေ့ အတွေ့အကြုံ ရင့်ကျက်လာတဲ့တစ်နေ့တွင် လေခဲ့၊ ဆိုခဲ့မှုများအတွက် ကောင်းကောင်းကြီး နောင်တရလိမ့်မည်။

နောင်တဆိုသည်မှာ ပြုသင့်သည်ကို မပြု၊ မပြုသင့်သည်ကို





ပြုခဲ့မိသည့်အတွက် အချိန်လွန်မှ ပူပန်မိခြင်းသာ ဖြစ်သည်။

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟု ဆိုသည်။ လူကတော့ မလုပ်ဘဲ ထိုင်နေ၍ ရကောင်းရနိုင်သော်လည်း အချိန်ကတော့ သူ့ရဲ့ အလုပ်ကို တာဝန်ကျေစွာ လုပ်ဆောင်နေမည်။

နာရီလက်တံ၊ မိနစ်တံ၊ စက္ကန့်တံတို့ကတော့ ကိုယ်စီတာဝန် ထမ်းဆောင်နေမည်။ လူကသာ တစ်ထိုင်တည်းပါဟု တွေးနေချိန် နာရီလက်တံတွေကတော့ အလုပ်များစွာလုပ်ခဲ့ပြီးပြီ။

အသိတရားဝင်၍ ဟယ် ငါအလုပ်လုပ်ဖို့ မေ့နေလိုက်တာ ဆိုပြီး ကမန်းကတန်း ထလုပ်လိုက်သော်လည်း ကုန်ဆုံးသွားသော အချိန်များကို ပြန်၍ အစားထိုးမရနိုင်တော့ချေ။

*သက်ဝေ . . .*

*ဒီစာကို မင်းဖတ်နေချိန်မှာ ငါ့ကို စိတ်ဆိုးကောင်း စိတ်ဆိုး နေမယ်။ ငါကတော့ သူငယ်ချင်းကောင်း ဗီသချင်တယ်ကွ။ သူငယ် ချင်း တစ်ယောက်ရဲ့ ကောင်းသောပြောင်းလဲခြင်းကိုလည်း ငါ ဂုဏ်ယူ စွာနဲ့ ပြောပြချင်နေတယ်။ မင်းဆရာလုပ်နေတဲ့အကြောင်း ပြောပြလိုက် တော့ အိပ်ရာထဲလဲနေတဲ့ မင်းရဲ့အမေ ထူထူထောင်ထောင် ဖြစ်လာ တယ်။*



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ကုသိုလ်ရတယ် မဟုတ်လား။ သားတစ်ယောက်အတွက် မိခင်တစ်ယောက်ရဲ့သောကကို မဖွဲ့နွဲ့ပြတတ်ပေမယ့် အမေရှိတဲ့ လူတိုင်းကတော့ မိခင်မေတ္တာကို ခံစားဖူးကြတဲ့သူတွေပဲ သူငယ်ချင်း။ မင်းအဖေပြောတဲ့စကားကို ငါပြန်ပြောပြချင်တယ်ကွာ။

တစ်ထစ်လောက်ကျန်တဲ့လှေကားကို ဆုံးအောင်မတက်မှတော့ လှေကားအဆုံးမှာရှိတဲ့ ပန်းတိုင်ကို မမြင်ရတာခြင်းလည်း အတူတူပဲတဲ့။ ငါ့အထင် မင်းအဖေက မင်းကို စာမေးပွဲဆက်ဖြေစေချင်ပုံရတယ်။ ငါလည်း ထောက်ခံတယ် သူငယ်ချင်း။ မင်းဟာ စာမလိုက်နိုင်လို့ စာမေးပွဲကျတာမှမဟုတ်တာ။

မင်း ဒီနှစ်ဆယ်တန်းပြန်ဖြေဖို့ ငါ မျှော်လင့်တယ်။ အပြစ်မမြင်ဘဲ အကောင်းမြင်စိတ်နဲ့ ငါ့စေတနာကို နားလည်ပေးပါ သူငယ်ချင်း''

စိုင်းထွန်းအေး

သူ့လက်ထဲတွင်ရှိသော နောက်ထပ်စာတစ်စောင်ကိုတော့ မဖတ်သေးဘဲ ငြိမ်သက်နေမိသည်။ လူက ငြိမ်သက်နေသော်လည်း အတွေးက မငြိမ်သက်ချေ။





သူငယ်ချင်းကောင်းပီသသော စိုင်းထွန်းအေးကို သူ စိတ်မဆိုးပါ။ အဖေနဲ့အမေကို သတိရမိသည်။

ယခုကဲ့သို့ဆိုလျှင် သူ့မိခင်၏ ကျန်းမာရေးအခြေအနေမှာ ပူစရာလိုတော့ဟန် မတူချေ။ ကောင်းတာလုပ်ခြင်းအတွက် ပီတိဖြစ်ခြင်းပေတည်း။ ရပ်ဝေးမြို့ တစ်ယောက်တည်း မည်သို့နေနေသူသည် မိဘ၏ မေတ္တာရိပ်က ခွဲခွာခဲ့သည်မှာ တစ်နှစ်မပြည့်သေး။

သူ သက်ပြင်းချကာ နောက်ထပ်စာတစ်စောင်ကို ဖွင့်ဖောက်လိုက်သည်။

ဤစာက အမေ့ရဲ့စာ။ အမေကတော့ သူ့ရဲ့အမှားများကို မည်သို့သော ဆုံးမဩဝါဒများပေးမည်နည်း။

သားလေး ...

မောင်ထွန်းအေးပြောလို့ အမေ အကုန်သိရပြီးပြီ။ သာခုခေါ်ပါတယ် သားရယ်။ သူများကိုလည်း သင်ပေးခွင့်ရတယ်ဆိုတာ ပါရမီတစ်မျိုးပဲ သားရဲ့။ ငါ့သားက အခု ဆရာဖြစ်နေတယ်ဆိုတော့ အမေ ဝမ်းသာတယ်ကွဲ့။ သားရဲ့ဖေဖေလည်း စိတ်ဆိုးပြေပါပြီ။ သားကိုလည်း သတိရနေရှာတယ်။ ကျောင်းပိတ်ရက်ရှည် အိမ်ကိုပြန်လာပါဦး။ ငွေလိုရင်လည်း မှာနော်။ အမေကတော့ တခြား ဘာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး တစ်ခုပဲ 'ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်းနော်' ငါ့သားလေးစိတ်ဆတ်လို့ မှာနေရတာကွဲ့။ ကျန်းမာရေးလည်း ဂရုစိုက်ပါ သားရယ်။

အမေကတော့ သူ့ကို ဘယ်တော့မှ ဖိအားမပေးတတ်ချေ။ ယခုလည်း သူ အဆင်ပြေဖို့ကိုသာ ပြောနေ၏။

အမေရယ် ... အမေ့ကို သားသတိရလိုက်တာ။

ဘာမဲ့ဖြစ်ဖြစ် အမေ့ကိုလည်း စိတ်ချမ်းသာစေချင်သည်။

ဒီနေ့က ဥပုသ်နေ့မို့ ကျောင်းပိတ်သည်။ စာများကတော့ မနေ့တုန်းကရောက်သည်။

ကလေးတွေ စာမေးပွဲပြီးသဖြင့် စာအုပ်တွေစစ်နေရခြင်းကြောင့် ရောက်ရောက်ခြင်း စာကိုတောင်မဖတ်အားပေ။

အမေနန်းနှင့် မနန်းစံတစ်က ဘုန်းကြီးကျောင်းသွားကြသည်။ ဥပုသ်နေ့ဆိုလျှင် အမေနန်း စျေးရောင်းမထွက်ဘဲ ဘုန်းကြီးကျောင်းတွင် ဥပုသ်သွားစောင့်တတ်သည်။

ဤရှမ်းပြည်တွင် ထူးခြားချက်တစ်ခုရှိသည်။ ဗမာတွေကဲ့သို့ ဥပုသ်စောင့်၊ သီလယူပြီးပြန်လာခဲ့ခြင်းမျိုး မဟုတ်ပေ။

ပန်းပေါ်တွင် ဝါးထမ်းပိုးတစ်ချောင်းတင်ကာ စောင်၊ ခေါင်းအုံး၊ အိပ်ရာလိပ်များကို ဝါးထမ်းပိုးရဲ့ ဟိုဘက် ဒီဘက်မှာအောင် ချည်သည်။

ဘုန်းကြီးကျောင်းတွင် ဥပုသ်သည်များ အိပ်ရန်အတွက် ဇရပ် ဆောက်ပေးထားသည်။ ဥပုသ်စောင့်သူ သက်ကြီးရွယ်အိုများ မနက်ဝေလီဝေလင်းမှ ပြန်လာကြသည်။ တစ်ခုကောင်းသည်မှာ အိပ်မှာကဲ့သို့ အမြင်မတော်၍ ဆူရတာမျိုး၊ အော်ငေါက်ရတာမျိုး မရှိတော့ ဥပုသ်မကျိုးနိုင်တော့ပေ။

သူတစ်ယောက်တည်းပေမို့ ယခုကဲ့သို့ တွေးချိန်၊ ဆေးချိန်ရနေခြင်းဖြစ်သည်။ မဟုတ်လျှင် ကျောင်းကပြန်လာတာပဲဖြစ်ဖြစ်၊ ကျောင်းပိတ်ရက်နှင့်ဆုံတာပဲဖြစ်ဖြစ် အမေနန်းရဲ့အလုပ်များကို ဝိုင်းကူပေးတတ်သည်။

သူတောင် ခေါပုတ် ကောင်းကောင်းတောင်းတတ်နေပြီ။ အစပိုင်းတွင် အမေနန်းက အားနာနာနှင့် တားသေးသော်လည်း သူက အတင်းဝင်ကူညီလွန်းသောကြောင့် မတားသာတော့ချေ။

ထို့ပြင် အမေနန်းအတွက် သီလယူဖို့ ဆန်၊ ဆီများနှင့် အခြားမုန့်ပဲ သရေစာများဝယ်ပေးလျှင် ဝမ်းသာအားရ သာဓုခေါ်ရင်း–

"မောင်သက်ဝေ မလီမွှာဘူးဆိုတာ မယုံဘူးဝေ့"




www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတတ်သေးသည်။ နောက် စိုင်းထွန်းအေး အဝေး ရောက်နေသဖြင့် သားတစ်ယောက်အစားရနေသလိုပါလားဟုလည်း သူ အားမငယ်ရအောင် ပြောတတ်သေးသည်။

"တကယ်တော့ ကျွန်မ အတွေ့များကြီးသွားသလားမသိဘူး ကိုသက်ဝေ။ အနာဂတ်ရှိတဲ့ လူတစ်ယောက်ကို ဒီမှာ ကူပါ၊ ကယ်ပါ ဆိုပြီး တောင်းဆိုမိတယ်။ အခု ကျွန်မလုပ်ရပ်က ကျွန်မတို့ အခက် အခဲ ပြေပျောက်ဖို့အတွက် ကိုသက်ဝေကို အသုံးချနေသလို ဖြစ်နေပြီ"

"ဆရာမ ဘာကိုဆိုလိုတာလဲ၊ ကျွန်တော်နားမလည်ဘူး"

"ကိုသက်ဝေဘက်က အဲဒီလို ရိုးသားပြလေလေ ကျွန်မ ဘက်မှာ ပိုပြီးအပြစ်မကင်းသလိုလို ခံစားရလေလေပါရှင်"

ခုထက်ထိ ဆရာမချိုသင်းခင် ဘာကိုဆိုလိုနေသလဲ သူ နားမလည်နိုင်ချေ။

ဆရာမဘက်ကသာ မှားပြီ မှားပြီတွင်တွင်ပြောနေသလောက် သူကတော့ ရှင်းလေ ဝေးလေ ဖြစ်နေ၏။ ဆရာမက မျက်နှာပျက်ပျက် ဖြင့် –

"တကယ်တမ်း ကျွန်မဆန္ဒအရဆိုရင်လေ ကိုသက်ဝေကို စာမေးပွဲအရမ်းဖြေစေချင်တာပါ"





"––––––"

သူ ဘာမှ မထောက်ပဲ ဆရာမကို တည်ငြိမ်စွာ ကြည့်နေမိ၏။

"အောင်မှ ဒီဆရာအလုပ်လည်း ဆက်လုပ်ရင်လုပ်၊ ဒါမှ မဟုတ်လည်း တခြား ဝါသနာပါတာပဲဖြစ်ဖြစ် လုပ်စေချင်တာ။ ပညာ ရေးစနစ်ကလည်း ပြောင်းနေပြီ မဟုတ်လား။ ပညာရေးစနစ် မပြောင်း ခင် ကိုသက်ဝေကို စာမေးပွဲပြန်ဖြေစေချင်တာပါ။ အသက်လည်း လိုက်မမီတော့တဲ့အရွယ်မှ မဟုတ်ဘဲ။ အခုလိုပြောရင်း ကျွန်မ ဖတ်မိ တဲ့အကြောင်းအရာတစ်ခုကို သတိရမိတယ်"

ဆရာမသည် ဘယ်အချိန်ပဲဖြစ်ဖြစ်၊ ပုံတိုပတ်စများဖြင့် သူမ လိုရာ ဦးတည်ချက်သို့ ဆွဲယူတတ်၏။

စကားအဆက်အသွယ်မှာ ကျွမ်းကျင်သည်။ လိုရင်းကို ထိထိ မိမိရအောင် သယ်ဆောင်နိုင်သည်။

များသောအားဖြင့် သူကိုယ်တိုင်လည်း ပုဂ္ဂိုလ်ခင်၍ တရား မင်နေသလားမသိ၊ ဆရာမ ဘာပြောပြော နားထောင်ကောင်းသည်ဟု မှတ်ယူမိသည်ချည်း။ ဆရာမ ယခုပြောပြသောအကြောင်းအရာက လည်း စိတ်ဝင်စားဖို့ကောင်း၏။

ပါမောက္ခတစ်ယောက်သည် သူ၏ ဒဿနိကဗေဒ စာသင်



www.burmeseclassic.com

www.burmeseclassic.com



ခန်းရှေ့တွင်ရပ်နေပြီး သူ့ရှေ့တွင် ပစ္စည်းအချို့ ရှိနေသည်။

စာသင်ချိန်စသောအခါ ဘာစကားမှမပြောဘဲ အလွန်ကြီးမား ပြီး အလွတ်ဖြစ်နေသော ဖန်ခွက်ကြီးထဲသို့ ဂေါက်သီးလုံးများ ဖြည့် လိုက်သည်။ ဖန်ခွက်ပြည့်ပြီးလားဟု ကျောင်းသားများအားမေး၏။ ကျောင်းသားများက ပြည့်ကြောင်း ပြန်ပြော၏။

ထို့နောက် ပါမောက္ခသည် ကျောက်စရစ်ခဲလုံးများကို ဖန်ခွက်ထဲသို့ လောင်းထည့်ပြီး ဖန်ခွက်ကို ညင်သာစွာ လှုပ်ပေးလိုက် သည်။ ကျောက်ခဲများသည် ဂေါက်သီးများအကြားရှိ လွတ်နေသော နေရာတွင်းသို့ လိမ့်ဆင်းသွားသည်။ ထို့နောက် ပြည့်ပြီလားဟု မေး၏။ ကျောင်းသားများက ပြည့်ကြောင်း သဘောတူ၏။

ထိုအခါ ဆရာက သဲခွက်ကိုကောက်ယူကာ ဖန်ခွက်အတွင်း သို့ လောင်းထည့်လိုက်သည်။ နေရာကွက်တိုင်း သဲများဖြင့် ပြည့်သွား လေသည်။ ပြည့်ပြီးလားဟု ထပ်မေးသောအခါ ကျောင်းသားများက ပြည့်ကြောင်း ထောက်ခံပြန်သည်။ ထိုအခါ ဆရာက ကော်ဖီခွက်နှစ် ခွက်ကိုယူပြီး ဖန်ခွက်ထဲ လောင်းထည့်လိုက်၏။ သဲများအကြား ကော်ဖီ များ စိမ့်ဝင်သွားကာ အမှန်ပင် ပြည့်လေသည်။

ဆရာက –





"အခုဆိုရင် ဒီဖန်ခွက်က မင်းတို့ရဲ့ဘဝကို ကိုယ်စားပြု ကြောင်း အသိအမှတ်ပြုစေချင်တယ်။ ဂေါက်သီးတွေက မင်းတို့ရဲ့ အရေးကြီးတဲ့ကိစ္စတွေပါ။ အဲဒါတွေက ဘာတွေလဲဆိုတော့ မင်းတို့ရဲ့ ကိုးကွယ်ရာ၊ မိသားစု၊ မင်းတို့ရဲ့ကလေးတွေ၊ ကျန်းမာရေးတွေ၊ မိတ်ဆွေတွေ မင်းတို့ရဲ့ အနှစ်သက်ဆုံး စွဲလန်းမှုတွေ။

ကျောက်စရစ်ခဲတွေကတော့ အခြားကိစ္စတွေ။ မင်းတို့ရဲ့ အလုပ်၊ မင်းတို့ရဲ့ အိုးအိမ်တွေပေါ့။ သဲတွေကတော့ သေးငယ်တဲ့ကိစ္စ တွေ အကယ်၍ ဖန်ခွက်ထဲ သဲတွေအရင်ဦးဆုံးထည့်ထားလိုက်မယ် ဆိုရင်တော့ ဂေါက်သီး၊ ကျောက်စရစ်ခဲတွေအတွက် နေရာမရှိတော့ ဘူး။ ကျောက်စရစ်ခဲတွေအတွက် နေရာမရှိတော့ဘူး။ ဘဝအတွက် လည်း ထိုနည်းလည်းကောင်းပဲ။ မင်းတို့ရဲ့အချိန်၊ စွမ်းအားတွေ အကုန် လုံး သေးငယ်တဲ့ကိစ္စတွေပေါ်မှာ သုံးပစ်လိုက်မယ်ဆိုရင် မင်းတို့ အတွက် အရေးကြီးတဲ့ကိစ္စတွေအတွက် နေရာ လုံးဝမရှိတော့ဘူး"

ဟု ရှင်းပြလေသည်။

ကျောင်းသားတွေက 'ကော်ဖီခွက်နှစ်ခွက်၏ အဓိပ္ပာယ်က ကော ဘာလဲ' ဟု ဆက်မေး၏။

"ဒါကတော့ ရှင်းပါတယ်။ မင်းတို့ဘဝမှာ ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေ ရှုပ်နေနေ ချစ်သူနဲ့ကော်ဖီသောက်ဖို့တော့ မဖြစ်မနေ အချိန်ပေးရပါလိမ့်မယ်''

ကျောင်းသားအားလုံးသည် ပါမောက္ခ၏အဖြေကို သဘောကျသွားလေသည်။

''ဆရာမ ဘာကိုဆိုလိုတာလဲ၊ ဇာတ်လမ်းကတော့ နားထောင်ကောင်းပါတယ်။ ကျွန်တော်တောင် ကျွန်တော့်ဘဝထဲ သဲတွေ အရင်လောင်းဖြည့်ခဲ့မိသလား စဉ်းစားမိနေတယ်''

''ကျွန်မက ကိုသက်ဝေရဲ့ဘဝထဲ သဲတွေ လောင်းထည့်နေမိတဲ့ သူလားလို့ စိုးရိမ်နေတာပါ ကိုသက်ဝေ။ ကြီးမားတဲ့ ရည်မှန်းချက်တွေ မပျောက်ပျက်စေချင်ဘူး။ သေးငယ်တဲ့ သဲလေးတွေကို ဘဝမှာ အရင်မဖြည့်စေချင်ဘူး။ ဒါ ကျွန်မကြောင့် ကိုသက်ဝေရဲ့ အကျိုးစီးပွားကို မပျက်စီးစေချင်တာပါ''

✸



## အခန်း (၁၂)

''မောင်ဇော်ဇော်''

''မောင်အောင်ဖြိုး''

''မောင်စိုင်းကျော်လု''

နာမည်စာရင်းခေါ်သံကြားလျှင် ရှိသည့်ကလေးများက ရှိကြောင်း မတ်တတ်ထရပ်ကြသည်။

မတ်တတ်ထရပ်သည့်ကလေးများကို ကြည့်လိုက်၊ ခေါင်းငုံ၍ နာမည်စာရင်း ခေါ်လိုက်နှင့်ရှိနေသည်။ စာရွက်တစ်ဖက်သို့ လှန်ကာ ကျန်နေသောကလေးစာရင်းကို ဆက်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မျိုးဦး"

"____"

"မောင်မျိုးဦး"

"_____"

ထူးသံမကြားရသဖြင့် သူ မော့ကြည့်ကာ ဆက်ခေါ်သည်။ ကလေးများက တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ငြိမ်နေသဖြင့် သူ စာအုပ်ကိုပိတ်လိုက်သည်။ စာရေးစားပွဲမှထကာ အတန်းရှေ့သို့ ရပ်လိုက်သည်။

"မောင်မျိုးဦး မလာသေးဘူးလား"

သူ့မျက်နှာ ခပ်တင်းတင်းဖြစ်နေသဖြင့် ကျောင်းသားအားလုံးက တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ သူကလည်း ဖျတ်ခနဲ ဖြစ်ပေါ်လာသော ဒေါသစိတ်ကို ထိန်းဖို့ သတိမရချေ။

ဒီနေ့ဆိုလျှင် မောင်မျိုးဦး ကျောင်းမတက်သည်မှာ တစ်ပတ်ပြည့်ပြီ။

ကျောင်းခဏခဏပျက်သဖြင့် မောင်မျိုးဦးရဲ့မိဘများကို ခေါ်ယူ ဆွေးနွေးခဲ့ပြီးပြီ။ မိဘများက 'တောသူတောင်သားများမို့ ဆရာကို လန့်ကြ ရှိန်ကြသည်။ ကတိတွေအထပ်ထပ်ပေး၍ နောက်





မဖြစ်စေရပါဘူး။ မည်သို့ကတိပေးပေး ဒုံရင်း ဒုံရင်းမို့ ခေါ်ပြောရသည့် သူပင် အားနာလာရသည်။

အမှန်အတိုင်းဆိုရလျှင် မောင်မျိုးဦးသည် ဉာဏ်ကောင်းသော ကလေးတစ်ယောက် ဖြစ်သည်။ ထိုသို့သောကလေးများကို မြေတောင်မြှောက်ပေးလိုက်လျှင် နောင်တချိန်တွင် လူတော်လူကောင်းများ ဖြစ်လာနိုင်သည်။

"မောင်မျိုးဦးရဲ့အိမ်ကို ဘယ်သူသိလဲ"

အတန်း၏ရှေ့ဆုံးတွင် ထိုင်နေသော ကျောင်းသူလေးက မတ်တတ်ထရပ်သဖြင့် သူ ကြည့်လိုက်သည်။

"သမီးသိပါတယ် ဆရာ"

"မောင်မျိုးဦးနဲ့ တွေ့လားသမီး"

"သူ ကျောင်းထွက်တော့မယ်တဲ့ ဆရာ"

"ဟင်"

ကျောင်းသူလေးရဲ့စကားကြောင့် သူ အံ့ဩတုန်လှုပ်သွားသည်။

ဘာကြောင့်လဲ၊ ဘာကြောင့် ကျောင်းထွက်ရမည်နည်း။ စီးပွားရေးမပြေလည်လို့လား။ စာထဲ စိတ်မဝင်စားလို့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးနှောက်ထဲ မေးခွန်းများဝင်လာရင်း ဒီအခြေအနေကို လက်မခံနိုင်အောင် ရှိနေလေသည်။

ယခုအချိန်တွင် သူ မကြားချင်ဆုံးစကားမှာ ကျောင်းထွက်မည် ဆိုသောစကားပင်ဖြစ်သည်။ သူ့ရဲ့ သင်ကြားရေးမကောင်းလို့ ကလေးတွေက စိတ်မပါတော့တာလား။ ကျောင်းပျက်ထယ်ဆိုတာထက် ကျောင်းထွက်မယ်ဆိုတာက သူ့ကို ပို၍ တုန်လှုပ်စေ၏။

"ညနေ မောင်မျိုးဦးရဲ့အိမ်ကို ဆရာလိုက်ခဲ့မယ် သမီး၊ ကဲ ကဲ ထိုင်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ ဆရာပြောတာအားလုံး နားထောင်ကြ"

သူ့လက်ထဲတွင်ကိုင်ထားသည့် တုတ်ဖြင့် စာရေးစားပွဲခုံပေါ်သို့ သုံးလေးချက်လောက် တဖြန်းဖြန်းမြည်အောင် ရိုက်လိုက်တော့ ဆူညံနေသောတစ်ခန်းလုံး ငြိမ်သက်သွားကြသည်။

"ဆရာက ခွင့်မတိုင်ဘဲ ကျောင်းပျက်တာကို မကြိုက်ဘူးဆိုတာသိကြတယ်နော်။ ကျောင်းမလစ်နဲ့၊ ကျောင်းမပြေးနဲ့၊ စာမလိုက်နိုင်ဘူး၊ စာအုပ်ဖိုးမတတ်နိုင်ရင် ဆရာ့ကိုလာပြောမယ်။ ဘာမှ ကြောက်စရာမလိုဘူး ကြားလား"





"ကြားပါတယ်ရှင့်"

"ကြားပါတယ် ခင်ဗျာ့"

"ကျောင်းမှန်မှန်တက်"

"စာမခက်"

"ကျောင်းနေပျော်၍"

"စာတော်ရမည်"

သူက ဆောင်ပုဒ်များကို ရှေ့မှ တစ်ဝက်တိုင်ပေးလျှင် ကလေးများက ကျန်နေသည့်တစ်ဝက်ကို နောက်မှ သံပြိုင်အော်ကြသည်။

ညီညီညာညာ အော်လိုက်သံမှာ နားထောင်၍ ကောင်းသည်။

မုန့်စားကျောင်းဆင်းသောအခါ ကလေးများက 'မင်္ဂလာပါ' ဟု အပြိုင်အဆိုင် နှုတ်ဆက်ကာ ဆော့ကစားရန်၊ မုန့်ဝယ်စားရန် အပြေးအလွှား ထွက်သွားကြ၏။

သူက ပြတင်းပေါက်ဝ၌ ငြိမ်သက်စွာ ရပ်တန့်နေမိသည်။ သူ့အကြည့်များက အပူအပင်မရှိ လွတ်လပ်စွာ ဆော့ကစားနေသော ကလေးများဆီသို့ ကြည့်မိခြင်းရယ်ပါ။

နောက် သစ်သားစားပွဲခုံပုလေးအပေါ် အဖိုးနည်း မုန့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သရေစာများကို ဖလုံ၊ လင်ဗန်း စသဖြင့် ထည့်ထားကာ ရောင်းချနေသော ဈေးသည်များထံ အကြည့်ရောက်သွားပြန်သည်။

ငါးဆယ်တန်၊ တစ်ရာတန် ပိုက်ဆံလေးများကို လက်ထဲတွင် ကျစ်နေအောင် ဆုပ်ကိုင်၍ ကလေးတချို့ မုန့်များ အလုအယက် ဝယ်စားနေကြသည်။

မုန့်မဝယ်စားနိုင်သော ကလေးများကတော့ စားဖို့လည်း သတိရဟန်မတူချေ။ ဆူညံစွာ အော်ဟစ်ဆော့ကစားနေကြသည်။

ဤကျောင်း၌ အခြားကျောင်းကြီးများကဲ့သို့ ကစားကွင်းများ ရှိမနေပါ။ ကလေးငယ်များက သူတို့ဘာသာ စိန်ပြေးလိုက်တမ်း၊ ကြိုးခုန်၊ ဂေါ်လီထုကစားနည်းစုံလင်စွာ ကစားနေကြ၏။

သူ့အတွေးထဲ ညှိုးငယ်နွမ်းဖတ်နေသော မောင်မျိုးဦး၏ မိဘများကို မြင်ယောင်မိ၏။

စီးပွားရေးအဆင်မပြေလို့များကျောင်းထုတ်တာလား။ ဒါမှမဟုတ် အိမ်၌ ကလေးထိန်းမည့်သူများမရှိ၍ ထုတ်တာလား ဖြစ်နိုင်ခြေများကို သူ စဉ်းစားနေမိ၏။

သူနှင့်လာတွေ့တုန်းက "အိမ်မှာကလည်း အရွယ်မရောက်သေးတဲ့ ဘုစုခရုကလေးများ (၃) ယောက်ရှိသေးတယ်" ဟုပြော၏။





လူတစ်ဦး၏ ရှာဖွေနေသော လုပ်စာနှင့် မိသားစုခြောက်ယောက်စာ အိုးက ညီမျှမှုမရှိချေ။ မိဘများသည် သူတို့ကိုယ်တိုင် စီးပွားရှာရခက်သကဲ့သို့ လူ့လောကထဲကလေးများ အဆင်အခြင်မဲ့မွေးနေခြင်းမှာလည်း ဤကလေးများကို ဒုက္ခတွင်းထဲသို့ ဆွဲခေါ်နေသကဲ့သို့ပင်။

"လောကမှာ ကိုယ့်အကြောင်းနဲ့ကိုယ်ပါ ကိုသက်ဝေ။ လူအမျိုးမျိုး စိတ်အထွေထွေတဲ့။ ကိုယ့်လိုအသိမျိုးရှိရင် ဆင်းရဲမှု၊ အသိဉာဏ်အားနည်းမှုဆိုတာ ရှိမလာနိုင်ဘူးလေ။ အခု ကျွန်မတို့လုပ်ရမှာက "အဲဒီလိုလူမျိုးတွေကို ထိုင်ပြီးကဲ့ရဲ့အပြစ်တင်နေမယ့်အစား သူတို့ကိုယ်တိုင် လိုလိုလားလား လက်ခံလာနိုင်အောင် သူတို့နဲ့ လိုက်လျောညီထွေ ရှိနိုင်မယ့်အခြေအနေတစ်ခုကို ဖန်တီးပေးနိုင်ဖို့ပဲ"

"ဘယ်လိုလိုက်လျောညီထွေရှိနိုင်မယ့် အခြေအနေလဲ ဆရာမ"

"ဒီလိုလေ၊ ကျွန်မတို့ကျင့်သုံးနေတဲ့ စကားလေးတစ်ခွန်းက လိုအပ်ချက်နဲ့လျော်ညီစွာဆိုတဲ့ စကားလေးမဟုတ်လား။ အခုလို ကိုယ်ထူကိုယ်ထ နွမ်းပါးတဲ့ကျောင်းမှာ ကလေးတွေကို အလျှုငွေတော့ အုပ်ထိန်းသူ ဘာဖိုးညာဖိုးတွေ မတောင်းခံပဲ ပညာကိုသင်ပေးရမယ်။ အဓိက,က



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ စာအုပ်၊ ခဲတံ၊ ကျောင်းဖြူ၊ ကျောင်းစိမ်း မဝတ်နိုင်ရင် မပါခဲ့ရင်နေ ပညာသင်ချင်တဲ့စိတ်နဲ့ လာဖို့က အဓိက။ သူတို့အသိထဲ ပညာရေး ဝေးသည်မရှိဆိုတဲ့ အသိရှိဖို့ပါပဲ''

''တကယ်တမ်း ဒီအခြေအနေကလည်း တော်ရုံတော့ ဖြစ်နိုင်မှာမဟုတ်ဘူး''

''ဘာဖြစ်လို့လဲလို့ ကျွန်မ မမေးတော့ဘူး ကိုသက်ဝေ။ ကျွန်မကတော့ ဒီပတ်ဝန်းကျင်မှာ ဒီလူတွေနဲ့ အသားကျနေခဲ့ပြီးသား ဆိုတော့လေ''

''ဒါပေါ့ ဆရာမရယ်''

ဆရာမကတော့ ဤပတ်ဝန်းကျင်တွင် တကယ်ပဲ လိုက်လျောညီထွေနေတတ်ခဲ့ဟန် တူသည်။

တစ်နေကုန် စာသင်ပြီးသွားသောအခါ ကျောင်းဆင်းလေသည်။

ကျောင်းဆင်းခေါင်းလောင်းထိုးသောအခါ ကျောင်းသားများက နှုတ်ဆက်ပြီး ပြန်သွားလေသည်။

သူ မနက်ကတည်းက မှာထားသည့် ကျောင်းသူလေးက အခန်းပေါက်ဝ၌ သူ့ကိုစောင့်နေလေသည်။ ကျောင်းခန်းတံခါးကို





သော့ခပ်ပြီးချိန် ဆရာမကလည်း သူ့အခန်းဘက်သို့ လျှောက်လာသည်။

သူ ဆရာမကိုပြုံးပြကာ –

''ဆရာမ ပြန်နှင့်ပါလား။ ကျွန်တော် တစ်ပတ်လောက် ကျောင်းပျက်နေတဲ့ မောင်မျိုးဦးရဲ့အိမ်ကို ခဏသွားချင်လို့''

ဆရာမက လက်ပိုက်၍ ရပ်နေသော ကျောင်းသူလေးရဲ့ ခေါင်းကို ခပ်ဖွဖွပွတ်ကာ –

''သွားလေ၊ ကျွန်မလည်း လိုက်လို့ရရင် လိုက်ခဲ့ပေးမယ်လေ ကိုသက်ဝေ''

''ရတာပေါ့ ဆရာမရဲ့။ ဘာလို့မရရမှာလဲ။ ကျွန်တော်က ဆရာမကို အားနာလို့ အိမ်က ဘယ်လောက်ဝေးမှန်းမသိဘူးလေ။ အဲဒါကြောင့်ပါ''

''အဲဒါအတွက်ဆို မပူပါနဲ့ရှင်။ ရွာမှာဆိုရင် နှစ်တိုင်း (၄ မိုင်) ခရီးဝေးတဲ့နေရာကနေ ကျောင်းကို ခြေလျင်တက်ခဲ့တာပါနော်''

ဆရာမက တခြားသူများ အားနာအနေခက်ရမည့်အဖြစ်မျိုး ဖန်တီးသူမဟုတ်ချေ။ တစ်ဖက်လူကို ပေါ့ပါးအောင် ပြောနိုင်သူ တစ်ယောက်ဖြစ်သည်။ ဆရာမသည် သူ လေးစားရသော အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရသောသူတစ်ယောက် ဖြစ်လေသည်။

သူတို့ စကားတပြောပြောနှင့် လာခဲ့ကြသည်။ စကားတပြောပြောနှင့် လာသဖြင့် ဝေးသည်မထင်ရသော်လည်း တော်တော်ဝေးသည်။

မညီမညာ တောင်ကုန်းပေါ်တွင် တဲအိမ်များ အများအပြား ရှိသည်။ လမ်းရယ်ဟု သတ်သတ်မှတ်မှတ် မရှိချေ။

ဆရာမကိုသိသူများက –

"အပြန်ဝင်ခဲ့ပါဦး ဆရာမ။ ရေနွေးကြမ်းလေး သုံးဆောင်ပါဦး"

ဆရာမက အလိုက်သင့် တုံ့ပြန်သည်။ သူ့ကိုလည်း ကွက်ကြည့်၊ ကွက်ကြည့်လုပ်နေသဖြင့် ဆရာအသစ်ဖြစ်ကြောင်း မိတ်ဆက်ပေးလေသည်။

ခနော်နီ ခနော်နဲ့ တဲအိမ်ရှေ့တွင် မောင်မျိုးဦးကို တွေ့ရသည်။ ရှိုးရှိုးရှိနေခြင်းတော့မဟုတ်ချေ။

အော်ဟစ်ငိုယိုနေသောကလေးကို 'အို အို အေး အေး' ချော့သိပ်နေခြင်းဖြစ်သည်။ ထိုငိုနေသောကလေးမှာ ယောကျ်ားလေး ဖြစ်ကာ ဘောင်းဘီတိုမပါချေ။ သွားရည်များ၊ မျက်ရည်များဖြင့်





မျက်နှာက ပေလူးနေသည်။

တဲအိမ်ထဲ လှမ်းကြည့်တော့ လူမတွေ့ရ။ သို့သော် အိမ်နောက်ဘက်တွင် မီးခိုးတလူလူထွက်နေသည်။ မောင်မျိုးဦးသည် ငိုနေသောကလေးကို မနိုင်မနင်း ပွေ့ရင်း သူ့ကို ထိတ်လန့်စွာ ကြည့်နေ၏။

အခြေအနေတစ်ခုကို သုံးသပ်မိသောအခါ သူ့စိတ်ထဲတွင် ဖော်မပြနိုင်သော ဝေဒနာတစ်ခု စွဲကပ်နေသည်။

"တိတ်စမ်း"

မောင်မျိုးဦးက ကလေးငယ်ကို ငေါက်ဆတ်ဆတ်ဆိုပြီး–

"ဆ ဆရာ ကျွန်တော်"

"မောင်မျိုးဦးအမေရှိလားကွဲ့"

သူ့နှုတ်တွေ ဆွံ့အနေစဉ် ဆရာမက အလိုက်တသိဖြင့် ညင်သာစွာမေးလိုက်သည်။

"ရှိပါတယ် ဆရာမ။ အမေ ဒီမှာ ကျုပ်တို့ဆရာ လာနေတယ်"

ထိုစဉ် နောက်ဘက်ဆီမှ အမျိုးသမီးတစ်ယောက် ပျာယီးပျာယာ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်သောအခါ –

"ဆရာ ... ဆရာတို့လာတယ်။ ဟို အထဲဝင်ပါဦးလား ဆရာ။ အိမ်ကတော့ မြင်တဲ့အတိုင်းပဲ ဆရာရယ်"

သူတို့အိမ်ထဲသို့ ဝင်လိုက်သောအခါ မြေကြီးပေါ်တွင် ဟိုတစ်စ၊ ဒီတစ်စ ရှုပ်ပွနေသော အဝတ်အစားများကို ခပ်သွက်သွက် ကောက်ယူလုံးထွေး လက်တစ်ဖက်ကလည်း အဝတ်တစ်ထည်ဖြင့် ကွပ်ပျစ်ပေါ်သို့ တစ်ဖတ်ဖတ်နှင့် ခါယမ်းလှည်းကျင်းသွားသည်။

"ရပါတယ် အစ်မရဲ့"

"အို ... ဘယ်ဟုတ်မလဲ ဆရာမရယ်၊ ဆရာ ထိုင်ပါဦး နော်"

အမျိုးသမီးက အဝတ်လုံးကြီးကို ပွေ့ပိုက်ကာ အိမ်နောက်ဘက်သို့ ထွက်သွားသည်။

ထို့နောက် သူတို့ဘေးတွင် ယောင်ပေပေလုပ်နေသော မောင်မျိုးဦးကို လှမ်းခေါ်လိုက်သည်။ မောင်မျိုးဦးက အိမ်နောက်ဖေးသို့ ထွက်သွားသည်။

သူ ဟိုဟိုဒီဒီကြည့်နေစဉ် ဆရာမက အိမ်နောက်ဘက်သို့ အသာကြည့်ရင်း –





"အစ်မ ဘာမှမလုပ်နဲ့နော်၊ ကျွန်မတို့က ညည်သည်မှ မဟုတ်တာ"

"အို ... ဆရာမကလည်း ရပါတယ်"

တော်ပါသေးရဲ့။ ဆရာမပါနေ၍ မဟုတ်လျှင် ဤအခြေအနေနှင့် သူတစ်ယောက်တည်း ကြောင်တောင်တောင် ဖြစ်နေမည်။ အိမ်က အခန်းဖွဲ့ထားခြင်းမရှိချေ။ ကွပ်ပျစ်၏ခေါင်းရင်းထိပ်တွင် အိပ်ရာလိပ် တစ်ခုရှိနေခြင်းကြောင့် ညအခါတွင် ဤနေရာသည် အိပ်ရာဖြစ်မည် အိမ်နောက်ဘက်တွင် အဖီချထားခြင်းမရှိပေ။

"ကိုသက်ဝေ ... စိတ်ညစ်နေပြီလား"

"မညစ်ပါဘူး ဆရာမ။ ဒါပေမဲ့ ... ကိုယ်နဲ့ရင်းနှီးမှုမရှိတဲ့ အခြေအနေကို မြင်လိုက်ရတော့"

သူ စကားမဆုံးလိုက်ပါ။ အိမ်နောက်ဘက်မှ မောင်မျိုးဦး၏ မိခင် ဝင်လာခြင်းကြောင့် ဖြစ်သည်။ လက်ထဲတွင် လက်ဖက်သုပ်ပန်းကန်ကို ကိုင်ထားသဖြင့် အားနာသွားကာ –

"မလုပ်ပါနဲ့ဆိုတာ အစ်မရယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က အလိုက်မသိ ဖြစ်နေသလို ဖြစ်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွေးချင်လို့ပါ ဆရာရယ်။ စားပါ အားမနာပါနဲ့ရှင့်"

မောင်မျိုးဦးက သူ့ရဲ့မီခင်သေးမှာ ခပ်ကုပ်ကုပ်ကလေး ထိုင်နေသည်။ သူက လာရင်းကိစ္စပဲ ပြောလိုက်သည်။

"မောင်မျိုးဦး ကျောင်းထွက်မယ်လို့ ကြားတယ်။ ကျွန်တော် မထွက်စေချင်ပါဘူးဗျာ။ ဘာအခက်အခဲရှိလို့လဲ။ ကျွန်တော့်ကို အားမနာပါနဲ့ အစ်မကြီး။ ကလေးက စာမလိုက်နိုင်တာလည်းမဟုတ်ဘဲ ငွေရေးကြေးရေးကြောင့် ဆိုရင်တော့ပြောပါ"

အမျိုးသမီးက ကြမ်းခင်းကို စိုက်ကြည့်ပြီး ငြိမ်သက်နေသည်။ မောင်မျိုးဦးက သူ့အမေကိုကြည့်လိုက်၊ ဆရာဖြစ်သူကို ကြည့်လိုက် ရှိနေသည်။ မောင်မျိုးဦးရဲ့မျက်ဝန်း၌ ကျောင်းတက်ချင်စိတ်၊ ပညာလိုလားတဲ့စိတ် ရှိနေကြောင်း သူ တွေ့မြင်လိုက်ရလေသည်။

"ကျွန်တော့်ကို အားမနာပါနဲ့ အစ်မကြီး။ ပွင့်ပွင့်လင်းလင်း ပြောပါ ခင်ဗျာ"

"ကျွန်မရဲ့သားကို ကျွန်မလည်း ပညာတတ်တစ်ယောက် ဖြစ်စေချင်ပါတယ် ဆရာရယ် ဒါပေမဲ့ ...တစ်ခါတလေ ကျွန်မ ဈေးရောင်းသွားရင် အိမ်မှာ ကလေးတွေကြည့်မယ့်သူ မရှိဘူးဆရာ။ ငွေရေးကြေးရေးအတွက်တော့ မဟုတ်ပါဘူး။ ဆရာတို့ကျောင်းက





ကျောင်းသားမိဘတွေအတွက် သက်သာအောင် ပညာရေးအတွက် အစစအရာရာ တာဝန်ယူတာ ကျွန်မတို့သိပါတယ်ရှင့်"

"ဒါက ဒီလိုရှိပါတယ် အစ်မကြီး။ အစ်မကြီးရဲ့သားကို ချစ်တယ်ဆိုရင် ကိုယ့်သားရဲ့အနာဂတ်ရှေ့ရေးကို ကြည့်ရမှာပေါ့။ သာမန်မိသားစုမှာ ကိုယ့်သားသမီးအတွက် ပညာအမွေကလွဲရင် ဘာမှ ချန်မပေးနိုင်ပါဘူး။ ဒီပညာဆိုတာကသာ ကိုယ်နဲ့မခွဲအတူရှိနေမှာပါ။ ပညာရွှေအိုး လုမခိုးဆိုတဲ့ နိုးသူအန္တရာယ်လည်း မရှိဘူး။ ရန်သူမျိုးငါးပါးကလည်း နှောင့်ယှက်ဖျက်ဆီးလို့မရဘူး။ ကလေးတစ်ယောက်ရဲ့ ပညာရေးကို ဘာအကြောင်းတရားမှ မယ်မယ်ရရ မရှိဘဲ ရပ်တန့်ပစ်လိုက်တာကို ကျွန်တော်တို့လည်း မလိုလားဘူး"

"-----"

အမျိုးသမီးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဘာမှတော့ မပြောချေ။

"အခုခေတ်ကာလက သားသမီးက ကျောင်းကိုမသွားချင်ပါဘူးဆိုရင်တောင် ကျောင်းခန်းမပေါက်ဝရောက်တဲ့အထိ မရောက်ရောက်တဲ့နည်းနဲ့ ချော့မော့ပို့ရမယ့်အချိန်ပါ။ မူလတန်းအဆင့်လောက်တတ်ရင် သေစာ ရှင်စာ ဖတ်တတ်ရင် ရပါပြီဆိုတဲ့အတွေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဆီမှာမှ မရှိသင့်တော့ဘူး"

အမျိုးသမီးသည် သူ့စကားဆုံးသောအခါ မျက်ရည်တွေ သွင်သွင်ကျ၍ ငိုနေသည်။ သူလည်း ထိုအမျိုးသမီးအငိုတိတ်အောင် စောင့်နေသည်။ အတော်ကြာမှ –

"ကျွန်မ နားလည်ပါပြီ ဆရာ၊ စိတ်ချပါ ကျွန်မသားလေးကို မနက်ဖြန် ကျောင်းပြန်တက်ခိုင်းပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်မကြီး"

✸



## အခန်း (၁၃)

"မင်းကွာ ပြန်လာမယ်ဆိုတာ ဖုန်းမဆက်ဘူး"

နှစ်ယောက်သား ပွဲ့ဖက်ရင်း သူပြောတော့ စိုင်းထွန်းအေးက သဘောကျစွာ တဟားဟားရယ်နေသည်။

ဒီနေ့ ဦးရွှေက လိမ္မော်ခြံမသွားသေးသောကြောင့် အိမ်တွင် လူစုံနေသည်။ အမေနန်းတစ်ယောက်သာ ခေါ်ပုတ်ရောင်းက ပြန်မရောက်သေးချေ။

သူ စိုင်းထွန်းအေးရဲ့ အဝတ်အစားထည့်ထားသော လက်ဆွဲအိတ်ကို အပေါ်ထပ်တင်ပြီး အောက်သို့ဆင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းထွန်းအေးက သူ့ဖခင်နှင့်စကားပြောနေသည်။

"ပြီးပြီ အဖေရေ ... အောင်မှုလည်း သေချာတယ်"

"ပြီးမှပဲ၊ မဟုတ်ရင် သွားလိုက်လာလိုက်နဲ့ ကျောင်းစရိတ်ကော၊ လမ်းစရိတ်ကော မသက်သာဘူး"

"အဖေကလည်း ဒါတောင် ကျွန်တော် လိုင်းကား သက်သက်မစီးဘဲ ကြုံရာကားစီးတာတွေ ရှိသေးတယ်နော်။ အခင်း နှစ်လ ပိုင်းကျရင် ဘွဲ့ယူဖို့ ပြန်သွားရဖို့ပဲ ရှိတော့တယ်"

"လာပြန်ပါလား"

ဦးရွှေက မကျေမနပ်သလိုနှင့် လှမ်းကြည့်တော့ သူ သဘောကျစွာရယ်သည်။ စိုင်းထွန်းအေးက စပ်ဖြဲဖြဲနှင့် –

"ဒါတောင် သူငယ်ချင်းတွေက မပြန်ကြသေးဘူး။ လည်ပတ်ကြတုန်း"

"လည်ကြည့်ပါလား။ ပညာသွားသင်ခိုင်းတာ အလည်အပတ်အတွက် လွှတ်လိုက်တာ မဟုတ်ဘူး"

"နောက်တာပါ အဖေရာ။ ကျွန်တော်ကကော အဲဒီလို လည်ပတ်တတ်တဲ့ကောင်မို့လား။ သူတို့လည်း ခဏပါ"

စိုင်းထွန်းအေးက သူ့အတွေ့အကြုံများကို ဖောက်မွဲ၍





မဆုံးသေးချေ။ သူ့ လက်က နာရီကို တစ်ချက်ကြည့်ပြီး –

"ငါ ကျောင်းသွားရဦးမယ် သူငယ်ချင်း။ ညနေ ကျောင်းက ပြန်လာမှ အေးဆေးစကားပြောကြစို့လေ"

"ဟာ ... ငါလည်း လိုက်ခဲ့မယ်လေ။ ဘာဖြစ်လဲ နေ့လယ်စာတော့ မင်း ထမင်းချိုင့်ပဲ ကစ်စားရမှာပေါ့ကွာ"

စိုင်းထွန်းအေးက ကျောင်းသို့လိုက်ရန် တက်တက်ကြွကြွ ဖြစ်နေသည်။ အပေါ်ထပ်သို့ ခပ်လောလော တက်သွားပြီး သိပ်မကြာခင် အောက်ထပ်သို့ ပြန်ဆင်းလာသည်။

ထိုမုန့်ဘူးများကို ကျွတ်ကျွတ်အိတ်နှင့်ထည့်၍ ဆွဲလာသဖြင့်

"ဘယ်သူ့အိမ် ဝင်ဦးမလို့လဲ"

"မင်း ဆရာမကို ဝင်ခေါ်ပြီးမှ သွားမှာမဟုတ်ဘူးလား။ ဆရာမစားဖို့လေ"

ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလိုက်သော စိုင်းထွန်းအေးကြောင့် သူ့စိတ်ထဲတစ်မျိုးဖြစ်သွားသည်။

စိုင်းထွန်းအေးရဲ့စိတ်ထဲတွင်ရှိသော တစ်စုံတစ်ရာကိုလည်း မြင်သလိုလို ရှိလာသည်။

စိုင်းထွန်းအေးသည် ဆရာမအပေါ် လေးစားတာ၊ အထင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာ မည်သည့်အကြောင်းတရားတွေပေါ်မှာ အခြေခံသနည်း။

ဦးရွှေက –

"နားနားနေနေ နေမယ် စိတ်မကူးဘူး။ ရောက်ရင် ဆရာမတို့ရဲ့အိမ်ကို ခြေထောက်က အရင်ရောက်နေပြီ"

စိုင်းထွန်းအေးက ဦးရွှေရဲ့စကားကို သဘောကျပုံနှင့် ရယ်နေလေသည်။

စိုင်းထွန်းအေးသည် တက္ကသိုလ်ကျောင်းသားဖြစ်သော်လည်း ရည်းစားမရှိ။ တည်ကြည်သူဖြစ်တာ သူလည်းအသိ။ သူငယ်ချင်းများနှင့် လည်ပတ်မည်။

ကျောင်းအခမ်းအနားများတွင် ဝိုင်းဝန်းကူညီဖို့ စာကြည့်တိုက်တွင် စာအုပ်သွားဖတ်ဖို့လောက်သာ အရေးထားသည်။

ဘယ်မိန်းကလေးကိုမှ အရေးတယူ စကားမပြောသော်လည်း ဆရာမအကြောင်းပြောရလျှင် သူ့မျက်လုံးတွေက အသက်ဝင်၍ စကားလုံးများက ချိုသာလာသည်။

"ချောမောလှပမှုဆိုတာ တကယ့်ဘဝတိုက်ပွဲကိုဝင်တဲ့အခါကျတော့ ဘာမှ အသုံးမဝင်တော့ဘူးကွ။ ရုပ်ချောလျက်နဲ့ အတွင်းပုပ်စပ်နေရင်လည်း ပေါင်းသင်းဆက်ဆံရေးမှာ ရှုံးနိမ့်တတ်ပြန်ရော။





အပြောလေးကတော့ ချိုပါရဲ့ အပြောတခြား အလုပ်တခြားဆိုရင်လည်း မနိုင်သေးဘူး။ စိတ်လှရင် ရုပ်လှတယ်ဆိုတဲ့စကားကို အလိုလို လက်ခံလာတယ်"

"ဒါပေမဲ့ ရုပ်လှတဲ့သူနားပဲ တဝဲလည်လည်ဖြစ်နေတာက ဆိုးတယ်မဟုတ်လား"

"မင်းလား"

"မင်းလေ လောကမှာ လူတွေက ဒီလိုပဲ စကားကြီးစကားကျယ် ပြောတတ်ကြတဲ့လူတွေချည်းပါပဲ ဖိုးစိုင်းရဲ့။ ရုပ်လှတဲ့လူက ဘာဖြစ်ညာဖြစ်နဲ့ မစားရတဲ့စပျစ်သီး ချဉ်နေကြတာလေ"

"ဘာလဲ . . . ငါ့ကို တိုက်ခိုက်တာပေါ့လေ"

"ဘာလဲ တိုက်ဆိုင်သွားတာလား။ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ပါ ခင်ညာ"

"တော်စမ်းပါ၊ ဒီမှာ စကားအကောင်းပြောနေတဲ့ဟာကို။ အရင်တုန်းက မင်းပြောခဲ့သလိုပဲ ရုပ်လှတဲ့သူနား တဝဲလည်လည်နေခဲ့ပါလည်း ပုထုဇဉ်ယောက်ျားပဲလေ။ ဘာသားနဲ့ထုထားတာမို့လဲ။ လှတာတွေ့ရင် ကြည်နူးချင်တယ်။ ချောတာတွေ့ရင် ရင်ခုန်ချင်တယ်။ ဒါ သဘာဝပဲ။ အခုတော့ . . . ပါးစပ်နဲ့ ငါတို့တွေ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ယူနေပါလားလို့ သဘောပေါက်လာတော့တယ်"

ဒါက ကျောင်းသို့ ပြန်မသွားခင်ကတည်းက စိုင်းထွန်းအေး ပြောခဲ့သောစကားများဖြစ်သည်။

တကယ်တော့ စိုင်းထွန်းအေးသည် ယောက်ျားပီသစွာ ခန့်သူ ဖြစ်သည်။

တိုင်းရင်းသားမို့ အသားဖြူသည်။ အရပ်မြင့်မြင့်နှင့် အပြော အဆို သိမ်မွေ့သဖြင့် တခြားသော မိန်းကလေးတွေတောင် သဘော ကျရသောသူ ဖြစ်သည်။

နောက် တက္ကသိုလ်ဘွဲ့ရပညာတတ်တစ်ဦး မကြာခင်တွင် အစိုးရဝန်ထမ်း ဖြစ်တော့မည်။

သူတို့နှစ်ယောက်ကို နှိုင်းယှဉ်ကြည့်လျှင် ရုပ်ရည်အရာ၌ သူက သာနိုင်သော်လည်း ပညာရေးတွင် တစ်ပန်းရှုံးနေသည်။

"ဟ ငြိမ်လှချည်လား"

သူ ငြိမ်သက်စွာ တွေးနေစဉ် စိုင်းထွန်းအေးက သူ့ရဲ့ပခုံးကို တိုက်၍ မေးသဖြင့် သူ လန့်သွားသည်။

သူ ဘေးသို့လှည့်ကြည့်လိုက်သောအခါ စိုင်းထွန်းအေးက သူ့ကို စူးစမ်းသလိုကြည့်နေသည်။ ညှိုးငယ်သလိုနှင့် သူ့အမူအရာ





ပျက်သွားတာကို သတိရ၍ ထိန်းလိုက်သည်။

ဘာမှမဖြစ်သလို ဟန်ဆောင်ကာ –

"တွေးနေတာပါကွာ"

"အရင်တုန်းက အတွေးမပွား ချေးမများတဲ့သူငယ်ချင်း အခု အတွေးများနေပြီဆိုတော့ ဘာတွေ ထူးခြားနေပါလိမ့်။ ပော့ကောင် ...ငြိမ်မနေနဲ့ကွာ။ တစ်ခုခုပြော၊ ငါလည်း စိုင်းအကူအညီပေးရ အောင်"

"ဟာ ...မင်းကလည်း၊ ဘာတွေ ထူးခြားရမှာလဲ။ ဒီ ကျောင်းကိစ္စ စဉ်းစားနေတာပါ"

ဟု မှသားသုံးလိုက်သောအခါ စိုင်းထွန်းအေးက လွတ်လပ် ပေါ့ပါးစွာ ရယ်ရင်း –

"ငါက ထူးခြားပြီမှတ်တာကွ"

သူငယ်ချင်းတစ်ယောက်နှင့် အကြီတူ၍လည်း ရန်သူမဖြစ် ချင်ပါ။

"ဟော ကိုထွန်းအေး ...ဘယ်တုန်းက ပြန်ရောက်နေ တာလဲဟင်"

ခြံပေါက်ဝတွင် အဆင်သင့်စောင့်နေသော ဆရာမရဲ့အသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ ဆရာမတို့အိမ်ရှေ့သို့ ရောက်လာမှန်း သတိထားမိ၏။

စိုင်းထွန်းအေးက လက်ထဲတွင် ကိုင်ထားသော ထိုးမုန့်ဘူးကို မြှောက်ပြရင်း –

“ဒီမနက်အစောကြီးရောက်တာ ဆရာမရဲ့။ ဆရာမအတွက် ထိုးမုန့်ဘူးလက်ဆောင်ပါတယ်”

“ကျေးဇူးတင်ပါတယ်ရှင့်”

“အဲဒါ ထိုးမုန့်ဘူးလည်းပေးရင်း ကျောင်းဘက်လည်း ရောက်ချင်လို့ လိုက်လာခဲ့တာလေ”

“ကောင်းတာပေါ့ရှင့်။ ဒါဆို ခဏနေပါဦးနော်။ ထိုးမုန့်ဘူး သွားထားလိုက်ဦးမယ်။ အိမ်ထဲ ဝင်ထိုင်ပါဦးလား”

“နေပါစေ ဆရာမ။ ကျွန်တော်တို့ ဒီကပဲစောင့်တော့မယ်”

သူ ဝင်ပြောလိုက်ခြင်းဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက် အပေးအယူ၊ အပြန်အလှန် သင့်မြတ်တာကိုပဲ မမြင်နိုင်တာလား မပြောတတ်ချေ။

ကျောင်းသို့အလာလမ်း၌ ဆရာမနှင့် စိုင်းထွန်းအေးက စကားပြောကောင်းနေသည်။ သူတစ်ယောက်သာ တိတ်ဆိတ်ငြိမ်သက်နေမိ၏။





“ဘွဲ့ယူတဲ့နေ့ကျရင် ပျော်စရာကြီးနော်။ ပါမောက္ခချုပ်ပေးတဲ့ ဘွဲ့လက်မှတ်ကို ယူနေတဲ့အချိန်မှာ ခံစားရတဲ့ခံစားချက်က ဘယ်လိုမှ ဖော်မပြနိုင်တဲ့ ပီတိပဲ ကိုထွန်းအေးရဲ့။ တချို့ကျလည်း တစ်သက်မှာ တစ်ခါယူရတဲ့ ဘွဲ့ကို အဝေးရောက်ဘွဲ့ယူလိုက်တော့ အဲဒီပီတိကို မခံစားရတော့ဘူး။ ကျွန်မဖြင့် အရမ်းနှမြောတာပဲ”

“ဪ . . . ဆရာမကလည်း မန္တလေးတက္ကသိုလ်မှာပဲ တက်ခဲ့တာနော်။ ကျွန်တော်မေ့နေလိုက်တာ။ ကျွန်တော်တို့ မဆုံ ဖြစ်ကြဘူးနော်”

“ဪ . . . မဆုံဖြစ်ဆို ကျွန်မက (၂၀၀၃) ခုနှစ်မှာ ဘွဲ့ယူ တော့ ဘယ်ဆုံဖြစ်မှာလဲ။ အဲဒီတုန်းက ကိုထွန်းအေးတောင် ရှာတိတ် လေးပဲ ရှိဦးမယ်ထင်တယ် . . . ဟင်း ဟင်း”

“ဟုတ်တယ် . . . ကျွန်တော်က ၂၀၀၅ ခုနှစ်မှာ ဆယ်တန်း အောင်တာလေ”

“ကိုသက်ဝေစကားပြောတာ အရမ်းဆူညံပွက်လောရိုက်နေ ပါလား။ နားတွေကို ငြီးရော”

ဆရာမက သူ့ကိုစနောက်ကာ သဘောကျစွာ ရယ်လိုက် တော့ သူ ရှက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ယောက်ျားနှစ်ယောက်ကြားမှာ မထစ်မငြေ တည်ငြိမ်စွာပြောနိုင်ပေမယ့် သူကတော့ မတည်ငြိမ်နိုင်ချေ။

အင်းပေါ့လေ။

သူ့အတွက်တော့ ဤခံစားချက်က ပထမအကြိမ်ဟု ပြောရလောက်အောင် 'မမြင်ဖူး မှုံမြစ်ထင်၊ မချစ်ဖူး ရှူပစ်ချင်' ဆိုသလိုခံစားချက်အသစ်ကြားမှာ မျောက် ငါးပိကိုင်မိသလို ဖြစ်တာတော့ မထူးဆန်းပေ။

"သက်ဝေပုံစံကြည့်ရတာ ငွေငွေဝေါင်ဝေါင်နဲ့"

"ဟုတ်တယ်၊ ကျွန်မလည်း သတိထားမိတယ်။ ကိုသက်ဝေ ဘာတွေအခက်အခဲရှိနေလဲ၊ အခုချိန်မှာ ကျွန်မတို့တစ်တွေက အရင်းနှီးဆုံး မိတ်ဆွေတွေပဲ မဟုတ်လား။ ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောပေါ့ရှင်"

အရင်းနှီးဆုံး မိတ်ဆွေဆိုတာ ရှေ့ဆက်မတိုးဖို့ သတိပေးလိုက်တဲ့ စကားများလား ဆရာမရယ်။

ကျွန်တော့်ရင်ထဲမှာ ဆရာမနဲ့ပတ်သက်တဲ့ ချစ်ခြင်းတွေ ပြည့်ကျပ်နေတယ်ဆိုရင် ဆရာမ အခုလို ကျွန်တော့်အပေါ် စကားပြောနိုင်ဦးမလား။





ဆရာမနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့အချစ်တွေက နိုင်မြဲသထက် နိုင်မြဲလာပေမယ့် ဖွင့်မပြောရဲခဲ့ဘူး။ အဲဒါက သတ္တိမရှိလို့ မဟုတ်ဘူး။ ဆရာမနဲ့ အခုလို အတူသွားလာခွင့် ပျောက်ပျက်သွားမှာစိုးလို့ပါ။

"ရင်ဖွင့်စရာဆိုလို့ ဒီသူငယ်ချင်းပဲရှိတာ သက်ဝေရာ။ မင်းမျက်နှာမကောင်းတော့ ငါတို့လည်း စိတ်မကောင်းဘူး"

"ငါ့အပေါ် အေးအတူပူအမျှ ရှိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဖိုးစိုင်း"

"ဟော ... တွေ့လား။ အဲဒါကိုက မဟုတ်တာပဲ။ ဘာ ကျေးဇူးတင်တာလဲ။ သူစိမ်းဆန်တဲ့စကားတွေ မပြောနဲ့ကွာ"

"ဒီမှာနေရတာ ကိုသက်ဝေမပျော်တော့ဘူးလား။ ဘာလဲ မန္တလေးကို သတိရနေပြီလား။ ကိုသက်ဝေက မိဘနဲ့ တစ်ခါမှ မခွဲခဲ့ဘူးထင်တယ်။ အခုဆို ဘာလိုလိုနဲ့ တစ်နှစ်တောင်ရှိတော့မယ်နော်"

"မဟုတ်ပါဘူး ဆရာမ။ ကျွန်တော် အိမ်ကိုသတိရတာက အမြဲပါ။ အခုဟာက အိမ်နဲ့မဆိုင်ပါဘူး"

"ဪ ... မေ့တော့မလို့၊ နှစ်ဆယ့်ခြောက်ရက်နေ့က အာစရိယပူဇော်ပွဲလေ။ အဲဒါပြီးရင် စာမေးပွဲဖြေ ပြီးရင် ဒီဇင်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆယ်ရက်ပိတ်တော့မှာ။ ကိုထွန်းအေးပြန်ရောက်လာတာနဲ့ အတော်ပဲ။ လုပ်အားပေး လှူဦးရေတိုးတာပေါ့ . . . ဟင်း ဟင်း''

''ရပါတယ် ဆရာမ။ ကူညီချင်လွန်းလို့ ရောက်လာတာပဲဟာ စိတ်ချ။ အဝစားဆိုလည်းဖြစ်တယ်၊ အလှစားဆိုလည်း ဖြစ်တယ်''

အကြောင်းအရာ တစ်ခုဆီသို့ ခေါင်းစဉ်ပြောင်းသွားသဖြင့် သူနှင့်ပတ်သက်သော အကြောင်းအရာကို သတိမရတော့ချေ။

ဒါကလည်း ခပ်ကောင်းကောင်းပင်။ နှစ်ယောက်သား ညှပ်ပူးညှပ်ကပ် အတင်းမေးလျှင် သူ့မှာ ရေရာတဲ့အဖြေ မရှိတာနှင့် အတော် ဒုက္ခရောက်နိုင်သေးသည်။

✹



## အခန်း (၁၄)

''ပညာကိုလိုသော်၊ ပညာရှိကိုယှဉ်
မေးစဉ် နှေးညှာမပြတ်
အဖတ်အအံ၊ အကြံအရေး
ရှေးရှေးထုံးကိုဆောင်။
ရှုးကျွန်မှူးရှကာဝ်
သွပ်ကျွန်မှူးရှ ချောင်း။
ခင်ပွန်းကောင်းလိုလိုသော်
သူ့စီပွားကိုရှာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ဥစ္စာမငှားရ''

ကန်တော်မင်ကျောင်းဆရာတော်၏ 'မေတ္တာစာ' ကိုဖတ်ပြီး သူ နှစ်သက်သဘောကျမိသည်။

ယခင်ကတော့ စာဖတ်ဖို့ ဒါမှမဟုတ် စာဖတ်ခြင်း၌ မမွေ့လျော်ခဲ့တာ ဝန်ခံရပေမည်။ ယခုတော့ စာတစ်ပုဒ်ဖတ်လိုက်လျှင် ထိုစာပိုဒ်၊ စာလုံးတွေက မည်သည့်အဓိပ္ပာယ်ဆောင်သနည်း။ မည်သည့် အနှစ်သာရကို ပေးသနည်း ရှာဖွေတတ်လာသည်။

သူတစ်ပါးမပေးလိုသောပညာကို လိုချင်လျှင် ရှူးချင်ယောင်ဆောင်၍လည်း ယူနိုင်ရမည်။

နောက် ချစ်ခင်နှစ်သက်သောသူနှင့် အမုန်းမပွားစေရန် ပစ္စည်းဥစ္စာ မငှားရမ်းပါနှင့်တဲ့။ ဘယ်လောက် တောင် ထိရောက်တဲ့ ဆုံးမစာလဲ။

''မင်းငှားခဲ့တဲ့ စာအုပ်က တော်တော်ဖတ်လို့ကောင်းတယ် ဖိုးစိုင်း''

''ဘယ်စာအုပ်လဲ''

''ဆရာချစ်ဦးညိုရဲ့ လက်ာဒီပချစ်သူဆိုတဲ့ စာအုပ်လေ။ ရာမဇာတ်တော်ကို ကြည့်တုန်းက သီတာဒေဝီကို သိမ်းပိုက်ချင်တဲ့





ဘီလူးတစ်ယောက်အနေနဲ့ မုန်းမိတယ်။ လက်ာဒီပချစ်သူစာအုပ်ထဲမှာတော့ တစ်ဖက်သတ်အချစ်ကြီးခံစားနေရတဲ့ ဒသဂီရိရဲ့အဖြစ်က သနား စရာ၊ ကြေကွဲစရာပဲ''

''စမှားတာက အဲဒီကတည်းက မှားတာ။ တစ်ဖက်သတ် အချစ်ဆိုတာ ဘယ်တုန်းက ပျော်စရာနဲ့ အဆုံးသတ်ဖူးလို့လဲ''

''မင်းပြောပုံက တစ်ဖက်စောင်းနင်းကြီးကွာ။ တစ်ဖက်သတ် အချစ်ဆိုတာ ပျော်စရာနဲ့ အဆုံးမသတ်ရဘူးဆိုတာကတော့ တစ်ယူသန် ဆန်တယ်။ တစ်ဖက်သတ်ဆန်လွန်းတယ်။ နှလုံးသားဆိုတာ ဦးနှောက်လို စဉ်းစားတွေးခေါ်နိုင်စွမ်း ဘယ်ရှိမလဲ''

''ဟ . . . ဘယ်လိုဖြစ်တာလဲကွ''

စိုင်းထွန်းအေးက သူ့ကို ပြုံးစိစိနှင့် ပြောသဖြင့် သူ စကားမပြောတော့ဘဲ ငြိမ်သက်ပစ်လိုက်သည်။

သူ့ခံစားချက်ကို မည်သူကမှ လှောင်ပြောင်၍ မရပေ။ ပြီးတော့ မသေချာ မရေရာသေးသည့်အခြေအနေတွင် ဘာဆိုဘာမှ မသိစေချင်သေးပေ။

အမှန်တော့ စိုင်းထွန်းအေး ပြန်ရောက်ကတည်းက သူနှင့် စကားကောင်းကောင်းမပြောရသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ကျောင်းတွင်အတူရှိနေသော်လည်း ကျောင်းအောက်ဘက်တွင်ရှိသော ဘုန်းကြီးကျောင်းဆီသို့ သွားလိုက်၊ ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းသွားလိုက်နှင့် အလုပ်ရှုပ်နေခြင်း ဖြစ်သည်။

ဤကျောင်းစတည်ကတည်းက စိုင်းထွန်းအေးက လုပ်အားပေးခဲ့သဖြင့် ယခုချိန်ထိ တစ်ကျောင်းလုံးနှင့် ရင်းနှီးခင်မင်လျက်ရှိသည်။

"မင်း ထမင်းချိုင့်ကပ်စားရမှာပဲ" ဟု ဆိုခဲ့ပေမယ့် တကယ်တမ်းကျတော့ ဟိုက စားပါဦး၊ ဒီက စားပါဦးနှင့် သူ့ ထမင်းချိုင့်တောင် သတိမရပါ။

သူကတော့ သူ့ကိုယ်သူ စိုင်းထွန်းအေးနှင့် ယှဉ်လိုက်တိုင်း 'နောက်မှပေါက်တဲ့ ရွှေကြာပင်' ဟု ခံစားရကာ မဝံ့မရဲ ဖြစ်နေမိတတ်သည်။

ဆရာမအား စိုင်းထွန်းအေးသည် ချစ်ရေးဆိုခဲ့ပြီလား၊ ဒါမှမဟုတ် ချစ်ရေးဆိုဖို့ ကြိုးစားခဲ့လေသလား၊ ထိုထိုသော များစွာသော အတွေးတွေနှင့် အိပ်မပျော်ခဲ့သည်မှာလည်း အတော်ကြာခဲ့ပြီ။

အချစ်ဆုံးသူငယ်ချင်းတစ်ယောက်နှင့် ရည်းစားလုဘက်လည်း မဖြစ်ချင်ပါ။ လက်ရှိကာလတွင် သူတို့အိမ်မှာ နေခဲ့ခြင်းကြောင့်





ကျေးစွပ်သူဟုလည်း အပြောမခံနိုင်ပေ။

"မင်း ဘာဖြစ်နေတာလဲ သက်ဝေ"

"ဟင်"

မဟုတ်မှန်တာ တစ်ခုခုကို ပြုလုပ်ထားသူတစ်ယောက်ကဲ့သို့ သူ ထိတ်လန့်တုန်လှုပ်သွားရသည်။

စိုင်းထွန်းအေးက သူ့ရဲ့မျက်နှာကို စူးစမ်းသလိုကြည့်လာသည်။ ထိုအကြည့်များ၌ တစ်စုံတစ်ရာကို ရှာဖွေနေသည့် စူးစမ်းကြည့်များဖြစ်သည်။

သူသည် ရင်တွင်းခံစားချက်များကို စိုင်းထွန်းအေး ရိပ်မိမည်စိုးသဖြင့် ဟက်ခနဲ ရယ်သွမ်းလိုက်သော်လည်း စိုင်းထွန်းအေးက လိုက်မရယ်ပါ။

"မင်း တစ်ခုခု ဖြစ်နေတာ သေချာတယ် သက်ဝေ"

ဒီနေ့မှာ သူ့ရဲ့ခံစားချက်ကို တွေ့မြင်ဖို့ သေချာကြိုးစားတော့မည့်နှယ်။

"ဘာမှမဖြစ်ပါဘူးကွာ၊ ဒါပေမဲ့ အခု ငါ့မှာ စဉ်းစားစရာတွေတော်တော်များလာပြီ ဖိုးစိုင်း၊ အရင်တုန်းကလို မလေးမနက် ပေါ့ပျက်ပျက် နေခဲ့သူပါလားဆိုတာတောင် မယုံချင်တော့ဘူး၊ အချိန်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း နှမြောမိတယ်"

သူ လွှဲလိုက်သည့်လမ်းကြောင်းပေါ်သို့ အတွေးရောက်သွားသည်ကို မြင်ရမှ သူ သက်ပြင်းကို ကြိတ်ချလိုက်သည်။

စိုင်းထွန်းအေးသည် မှောင်မည်းသောမြို့အပြင်သို့ အကြည့်ပို့ရင်း –

"ဒါတွေ ပြန်မတွေးပါနဲ့တော့ သူငယ်ချင်းရာ။ အခု ပစ္စုပ္ပန်ကာလနဲ့ အနာဂတ်ကာလအတွက် အကောင်းဆုံး ကြိုးစားပြနိုင်ရင် အတိတ်ဆိုတာကလည်း အလိုလို ကောင်းသွားမှာပဲလေကွာ"

"ဟုတ်ပါတယ်"

"အင်း . . . အခုလို အသိတရားတွေရလာတာမြင်ရတော့ ငါ ဝမ်းသာတယ်သူငယ်ချင်း။ ဒါကလည်း ငါ့အပေါ်မှာ ကျေးဇူးတင်ခဲ့တဲ့ မင်းရဲ့မိဘတွေရဲ့ကျေးဇူးကြွေးကို အကောင်းဆုံး ဆပ်နိုင်ခြင်းလို့ ငါ ယုံကြည်တယ်။ မင်းရဲ့မိဘတွေကလည်း မင်းရဲ့ပြောင်းလဲမှုအတွက် ဝမ်းသာနေကြတယ်"

"မင်း ငါ့အိမ်ကိုရောက်ခဲ့သေးတယ် မဟုတ်လား ဖိုးစိုင်း။ အိမ်က ငါ့ကို ဘာမှာလိုက်သေးလဲ။ ဥပမာကွာ ငါ့လက်ရှိ နေပုံထိုင်ပုံနဲ့ ပတ်သက်လို့ ဒါမှမဟုတ် ဆယ်တန်းပြန်ဖြေဖို့ပေါ့ကွာ"





သူ စိုင်းထွန်းအေးရဲ့ပခုံးကို ခပ်ဆတ်ဆတ်ပုတ်ကာ တက်တက်ကြွကြွ မေးလိုက်သည်။

စိုင်းထွန်းအေးက ကွပ်ပျစ်ထက်တွင် ခြေတစ်ဖက် အောက်ချ၍ ခြေတစ်ဖက်ဒူးထောင်ထိုင်ကာ တွေးဆဆနှင့်။

"ဒါကတော့ အမြင်နှစ်မျိုးနဲ့ ပြောရမယ်ထင်တယ်"

"အေးပါ . . . ပြောပါ"

"ငါ မင်းရဲ့အိမ်ကိုတော့ အပတ်တိုင်းရောက်ဖြစ်တယ်။ မင်းအဖေကတော့ မင်းကို အစိုးရရုံးတစ်ရုံးရုံးမှာ ဝန်ထမ်းဖြစ်စေချင်ပုံရတယ်။ သူ့လိုတော့ ကုန်သည်ဖြစ်စေချင်ပုံ မရဘူး။ အစိုးရဝန်ထမ်းဆိုတာ ပုံမှန်လစာလေးနဲ့ အိုးနွေးရတယ်။ အနာဂတ်အတွက်လည်း မပူရဘူးတဲ့။ မင်းအမေကတော့"

"ငါ့အမေက ငါ့အမေက ဘာပြောလဲ"

အမေဆိုတော့လည်း သူ အငမ်းမရမေးဖြစ်သည်။ အမေက သူ့ကို အတော်ချစ်သည်။ အဖေ သူ့ကိုရိုက်တိုင်း ရှေ့မှကာဆီးကာဆီးဖြင့် အဖေမဆူအောင် ကွယ်ပြောပေးခဲ့သည် မဟုတ်လား။

"မင်းအမေကတော့ ဆယ်တန်းအောင်ဖို့ ဘာဖို့ တိုက်တွန်းလိုပါဘူးတဲ့။ တစ်ခုပဲပြောတယ်။ လူတော်တစ်ယောက်မဖြစ်ချင်နေပါ



www.burmeseclassic.com

www.burmeseclassic.com



လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါတဲ့။ လူတော်တစ်ယောက် ဖြစ်ဖို့လွယ်ပေမယ့် လူကောင်းတစ်ယောက်ဖြစ်ဖို့တော့ အနစ်နာခံမှု၊ စွန့်လွှတ်မှုတွေရှိရမယ်၊ ကိုယ်ကျင့်တရားဆိုင်ရာ စောင့်ထိန်းမှုတွေပါဝင်ရမယ်။ ဒါကြောင့် လူတော်မဖြစ်ချင်နေ လူကောင်းဖြစ်အောင် ကြိုးစားစေချင်တယ်တဲ့။ သမီးမိန်းကလေးမဟုတ်တော့လည်း အစစအရာရာ မပူပန်ပါဘူးတဲ့လေ"

လူတော် လူကောင်း။

စိုင်းထွန်းအေး၏ စကားတွင်ပါသော လူတော် လူကောင်း ဆိုသည့်စကားကို သူ စိတ်ဝင်စားသွားခဲ့သည်။

တော်တဲ့လူကို လူတော်ဟုခေါ်ပြီး ကောင်းတဲ့လူကိုတော့ လူကောင်း။ လူတော်တစ်ယောက်မဖြစ်လျှင်နေပါ လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါဆိုသည့် အမေ့ရဲ့အမှာစကားက သူ့နှလုံးသားရင်တွင်းထဲသို့ ပဲ့တင်ထပ်လျက်ရှိသည်။

ယခုအချိန်မှာတော့ သူဟာ လက်ရှိအခြေအနေ တစ်ခုကို နှစ်သက်ကျေနပ်ပါသည်။ ဆိုးခဲ့၊ မိုက်ခဲ့မှုများကို အတိုးချပြုပြင်ခဲ့သည်။

သို့သော် မနေ့တစ်နေ့က တွေးမိခဲ့သော အတွေးစတစ်စ။





သူလုပ်နိုင်သည့်အတိုင်းအတာက ဒီလောက်ပဲလား။ ဒီထက်ကော သူ ဘာမှမလုပ်နိုင်တော့ဘူးလား။

အများက အသင့်အကောင်းအထည်ဖော်သည့် လမ်းပေါ်တွင် လျှောက်နေရသူက ဘာတွေများ ရင်းနှီးစိုက်ထုတ်လိုက်ရသနည်း။ ဘာတွေများပေးဆပ်လိုက်ရသနည်း။

ဆရာမတို့ကဲ့သို့ ကျောင်းဆိုသည့် သတ်မှတ်ချက်မရှိခဲ့သော ဤနေရာကို ကျောင်းဖြစ်ပေါ်လာစေရန် ကြိုးစားခဲ့ရသည့် လုပ်အား ရင်းနှီးခဲ့ရသည့်အချိန် သူ့၌ ဘာမှမရှိသေးပါ။

ဝိပြင်လာသောကျောင်းမှာ သူ လုပ်အားပေးနိုင်တာက တစ်ခုပဲ ရှိသေးသည်။ ကလေးများအား အခမဲ့ ပညာဖြန့်ဝေပေးမှုတစ်ခုတည်းသာ ဖြစ်သည်။

"မင်းရဲ့မျက်နှာမှာ အရင်ကထက် လေးနက်မှုတွေ၊ လောကအတွက် အကျိုးပြုလိုစိတ်တွေ ရှိနေတယ် သူငယ်ချင်း။ ငါ အရမ်းလေးစားတယ်၊ ဂုဏ်လည်း ယူတယ်ကွာ"

"ဒါ မင်းနဲ့ ဆရာမရဲ့ကျေးဇူးတွေကြောင့်ပေါ့ကွာ"

ဆရာမဆိုသည့် နာမ်စားကို သုံးစွဲမိသောအခါ စိုင်းထွန်းအေးဆီသို့ ဖျတ်ခနဲ ကြည့်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းထွန်းအေး လေးစားအထင်ကြီးသူတစ်ယောက်တွင် ဆရာမလည်းပါနေလေသည်။ စိုင်းထွန်းအေးမျက်နှာ၌ ဆရာမနှင့် ပတ်သက်၍ ထူးခြားစွာ ပြောင်းလဲသွားမှုများလည်း ရှိမနေပါ။

"ဆရာမက ဒီဇာတိမဟုတ်ဘူးလို့ မင်းပြောခဲ့တယ်နော်။ ဒါပေမဲ့ . . . ဆရာမက ဒီအရပ် ဒီဒေသနဲ့ အတော်အသားကျနေပုံရတယ်"

"ဆရာမရဲ့ဇာတိက မကွေးတိုင်း။ ပေါက်မြို့နယ်ထဲက 'မင်းကောင်းရွာ' တဲ့၊ ဆရာမပြောတာကတော့ မင်းကောင်းရွာကို ဆေးရွက်ကြီးကြောင့် လူသိပိုများတယ်တဲ့။ သူတို့ရွာက ခေါင်တယ်။ သူတို့ငယ်ငယ်တုန်းကဆိုရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်။ ကျောင်းကလည်း လေးမိုင်ခရီးလောက် အဝေးကြီးမှာ သွားတက်ရတယ်။ တချို့မိဘတွေကတော့ ရွာကျောင်းမှာ လေးတန်းအောင်ရင် တခြားရွာမှာရှိတဲ့ ကျောင်းကို ဆက်မထားတော့ ရွာမှာ များသောအားဖြင့် လေးတန်းနဲ့ ကျောင်းထွက်ရတာများတယ်။ သူ့ကတော့ တောသူ တောင်သားဖြစ်ပေမယ့် သမီးကို ပညာတတ်ဖြစ်အောင် အစစ အရာရာ ပံ့ပိုးပေးခဲ့တာတဲ့"

"ဪ . . . ဟုတ်လား၊ အညာသူက တောင်ပေါ်မြို့ကို





ရောက်လာပုံကတော့၊ အခုဆိုရင် ဆရာမက လားရှိုးသူတစ်ပိုင်းတောင် ဖြစ်နေပြီ"

"ဒါကတော့ ရေမြေအလိုက် ပေါင်းသင်းဆက်ဆံတတ်တဲ့ စိတ်ကြောင့် နေမှာပေါ့။ ဆရာမ ဒီကိုရောက်လာပုံက ဆန်းတယ်။ ဆရာမက ကျောင်းဆရာမ ဖြစ်ချင်သူ ဝါသနာပါပေမယ့် အမှတ်မမီလို့ ပညာရေးကောလိပ် မတက်ခဲ့ရဘူး။ မန္တလေးတက္ကသိုလ်မှာပဲ မြန်မာစာနဲ့ ကျောင်းပြီးခဲ့ရတယ်"

"ဪ"

သို့ လုံးဝမသိသေးသော အကြောင်းအရာမို့ စိတ်ဝင်တစားနားထောင်မိသည်။

စိုင်းထွန်းအေးနှင့် သူကလည်း ဆရာမ ချိုသင်းခင်နှင့်ပတ်သက်၍ ဘယ်တုန်းကမှ စကားလက်ဆုံ မကျခဲ့တာလည်းပါမည်။

"ဆရာမကျောင်းပြီးတော့ ဒီမြို့သူ သူ့သူငယ်ချင်း တစ်ယောက်နှင့်ပေါင်းပြီး ဘော်ဒါဆောင်ဖွင့်ခဲ့တယ်။ ဒါပေမဲ့ အကြောင်းတရားတစ်ခုခုတော့ ရှိမယ်ထင်တယ်။ အဲဒီဘော်ဒါဆောင်က သုံးနှစ်ပဲ ခံတယ်။ သူကတော့ ပုဂ္ဂိုလ်ရေးကြောင့်လို့တော့ ပြောတာပဲ။ ပုဂ္ဂိုလ်ရေးဆိုတော့ ငါလည်း ဆက်မမေးတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းထွန်းအေးက ဆရာမနှင့်ပတ်သက်၍ တော်တော်များများ စုံစမ်းလေ့လာထားခဲ့ဟန်တူ၏။

"ရှာပဲပြန်တော့မယ်။ မပြန်ခင် မြို့ပြင်မှာရှိတဲ့ ရပ်ဆွေ ရပ်မျိုးကို ဝင်နှုတ်ဆက်ဦးမယ်ဆိုပြီး ဒီကိုရောက်လာတာ။ ဆရာမရဲ့အခေါ်က ကျောင်းဖြစ်မြောက်ရေးကော်မတီမှာပါနေတော့ အကူအညီပေးပါ - တောင်းရင်း အခုလို ဆရာမဖြစ်သွားတော့တာပဲ"

"ဒီလိုကိုး"

"ကျုပ်လို့ ဝင်ကူလိုက်ရပေမယ့် ဆရာမက သာ့မန်စိတ်ရင်းနဲ့ ကူခဲ့တာ မဟုတ်ဘူးနော်။ တောတန်းကြီးကို ရှင်းလင်းထားတဲ့ မညီမညာ မြေကွက်လပ်ကိုကြည့်ရင်း ကျောင်းပီပီပြင်ပြင်လာရမယ်ဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့တာ။ အခက်အခဲတွေလည်းရှိခဲ့တယ်။ တော်ပါပြီလို့ နောက်ဆုတ်သွားတဲ့စိတ်လည်း မရှိဘူး"

"လေးစားစရာကောင်းပါတယ်ကွာ။ အမှန်တော့ အမျိုးသမီးတွေက အစွမ်းအစ မရှိကြတာတော့ မဟုတ်ဘူးကွ။ လုပ်ခွင့်မရသေးလို့ ရှက်ပုန်းသီးဖြစ်နေရတာ"

"အံမယ် . . . အခုတော့ ဆရာမကို အထင်ကြီးတတ်နေပြီလား"





စိုင်းထွန်းအေးက တစ်ချိန်တုန်းကသူပြောခဲ့သည့်စကားကို မမေ့သေးဟန်နှင့် ခနိုးခနဲ့မေးလေသည်။ သူက 'မကျေနပ်သလို တစ်ချက်ကြည့်ကာ –

"မင်းကော၊ ငါ့အထင် ဆရာမချိုသင်းခင်ကို မင်း လေးစားအထင်ကြီးတာ ငါ့ထက်ပိုဦးမယ် ထင်တယ်"

စိုင်းထွန်းအေးက မဟုတ်ဘူး ဘာညာမငြင်းဘဲ တဟဲဟဲ ရယ်နေတော့ သူ့ရဲ့စိတ်ထဲမှာ ခိုးလို့ခုလု ဖြစ်နေခဲ့သည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူး။ ကောင်းတာလုပ်တဲ့လူကို အထင်ကြီးလေးစားကြတာ ငါကော မင်းသာမကဘူး လူတိုင်းက လေးစားကြတာပဲ မဟုတ်လား သက်ဝေ။ လောကမှာ ကိုယ်မလုပ်နိုင်ရင်တောင် လုပ်နိုင်တဲ့သူကို အားပေးအားမြှောက်ပြုလိုက်ခြင်းက မင်္ဂလာတစ်ပါးပဲ"

"အောင်မလေး ဖိုးစိုင်းရေ။ မင်း မြောက်တက်သွားပါဦးမယ်။ ဘယ်တုန်းက အဲဒီလောက် ကြီးကြီးကျယ်ကျယ်တွေ ပြောတတ်သွားတာလဲ"

"ဘာလဲကွ"

အစပိုင်းတုန်းကတော့ စိုင်းထွန်းအေးက သူ့ရဲ့လေသံနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့မျက်နှာထားကို နားမလည်သလိုနှင့် ကယောင်ကတမ်း ပြန်မေးသည်။

ပြီးမှ သူ ရွှဲ့ပြောနေတာကို သိပုံနှင့်။

"မင်းလည်း စာတွေတတ်လာပြီပဲ သက်ဝေ။ အရင်တုန်းက တော့င် ဒီလိုတွေ မနောက်တတ် မပြောင်တတ်ဘူး။ မင်းလည်း ထိန်းပါဦး"

"ဟား ဟား ဟား"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ဖွဲ့ကာ ရယ်မော လိုက်ကြသည်။

ဒီလိုပါပဲ စိုင်းထွန်းအေးရှိတဲ့နေ့တွေဆိုလျှင် သူတို့ရဲ့ညတွေ က နက်မှန်းမသိ နက်သွားတာက ထုံးစံလိုလိုပင်။

သူက အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းကို တစ်ဝက် လျော့လျော့သွန်ကာ နောက်ထပ် ရေပူထပ်ရောပြီး တစ်ခွက်လုံး မော့သောက်ကာ –

"သူများကို လေးစားတယ်၊ အားကျတယ်၊ အထင်ကြီးတယ် ဆိုပြီး ငါတို့ထိုင်ပြောနေလို့ မရဘူးလေ"

"ဒါပေါ့ကွ"





စိုင်းထွန်းအေးက ထောက်ခံရေးဝင်နေသည်။

"ငါတို့ကိုယ်တိုင်လည်း ရှုအများ လေးစားအထင်ကြီးအောင် လုပ်ဆောင်နိုင်မှသာ လောကရဲ့ တိုးတက်မှုလို့ ဆိုရမှာပေါ့။ တိုင်းပြည် တစ်ပြည်ရဲ့ တိုးတက်မှုကို အပြောနဲ့ မဟုတ်ဘူး လက်တွေ့သက်သေ ပြရဦးမယ် မဟုတ်လား"

"ဒါပေါ့ကွ"

"နောက် ငါကြားဖူးတဲ့ အဆိုအမိန့်တစ်ခုက 'ဘဝဆိုတာ မျိုးဆက်တစ်ဆက်တည်းအတွက်ပါ။ နာမည်ကောင်းတစ်လုံးကတော့ ခွေစဉ်မျိုးဆက် ဆက်လက်တည်မြဲသွားမယ့်အရာပါ' တဲ့ ဂျပန်စကား ပုံလေးတစ်ခုလေ။ ဆိုလိုချင်တာက ငါတို့လက်ရှိဘဝလောက်ပဲ ကြည့် မနေသင့်ဘူး။ အဆိုးထဲမှာလည်း ကျင်လည်ခဲ့ဖူးပြီး အကောင်းအဆိုး သိမှတော့ နောက်မျိုးဆက်တိုင်းအတွက် နာမည်ကောင်းတစ်ခု ချန်ခဲ့ဖို့ သင့်ပြီ"

"ဒါပေါ့ကွ"

"ဟော့ကောင်"

ကိုယ်က စကားကောင်းပြောနေရှာသော အဆုံးသတ်ချင် သည့် စိတ်နှင့် ဆက်တိုက်ပြောနေရသည်။ ဖိုးစိုင်း၏ 'ဒါပေါ့ကွ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ထောက်ခံမှုက ရွံ့မှုတွေတောင် ပါနေသလား အောက်မေ့ရတာမို့ –

"ကဲ"

"အား"

"ကောင်းတယ်၊ ငါက စကားကောင်းပြောနေတယ် မင်းက ငိုက်ကောင်းနေတယ်ပေါ့လေ။ အိပ်ချင်ရင် သွားအိပ်မယ် မပြောဘူး။ ပြောနေတဲ့သူကို အားမနာ လျှာမကျိုးနဲ့ ထိုင်ငိုက်နေတာ"

"တော်ပြီ ... ငါမရတော့ဘူး၊ တကယ်သွားအိပ်တော့မယ်ကွာ"

"ကြွ ကြွ"

စိုင်းထွန်းအေးတစ်ယောက် ဟန်မဆောင်စတမ်းပင် အိပ်ရာထဲသို့ ခလုတ်တိုက် ဝင်သွား၏။

✸



## အခန်း (၁၅)

အချိန်ကား မနက် (၆) နာရီခန့်။ ဆောင်းတွင်းကာလမို့ ရှမ်းပြည်ရဲ့ အအေးဓာတ်ကတော့ အရိုးထဲ စိမ့်ဝင်မတတ် အေးလျက်ရှိသည်။

သို့သော် နတ်ရေကန်ကျောင်းကြီးကတော့ အဖြူအစိမ်းဆောင်စုံများနှင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်။

အာစရိယပူဇော်ပွဲအတွက် ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားအားလုံး အလုပ်ရှုပ်နေကြသည်။

ဆရာကြီးက မနက်စောစောကတည်းက အပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဝတ်ဖို့ ယူလာသည်။ တိုက်ပုံအင်္ကျီကို မဝတ်နိုင်အားဘဲ စားပွဲပေါ်တင်ရင်း ပြေးလွှားညွှန်ကြားနေသည်။

တကယ်တော့ ငွေရှိလွန်း၍ အာစရိယပူဇော်ပွဲပြုလုပ်နေခြင်း မဟုတ်ပါ။

ဘုန်းဘုန်းက ကလေးတွေ၊ ဆရာသမားများအပေါ် လေးစားချစ်ခင်စိတ် ခိုင်မြဲစေရန် အာစရိယပူဇော်ပွဲကို မဖြစ်ဖြစ်သည့်နည်းနှင့် ပြုလုပ်သင့်ကြောင်း မိန့်ကြားခဲ့ခြင်းဖြစ်သည်။

“ငွေရေး ကြေးရေးကို အကြောင်းပြပြီး ဒီပွဲကို မလုပ်နိုင်ခဲ့ရင် ကျောင်းသားကျောင်းသူတွေက အာစရိယပူဇော်ပွဲဟာ ဘာအတွက်လုပ်တာလဲ။ ဘာအဓိပ္ပာယ်ကြောင့် လုပ်တာလဲ သိတော့မှာ မဟုတ်ဘူး”

ဟု မိန့်ကာ အာစရိယပူဇော်ပွဲပြုလုပ်ဖို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကလေးငယ်များ၏ စေတနာရှိသလောက်ထည့်သော အလှူငွေများ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီမှ လူကြီးများ၏ အလှူငွေများ စုပေါင်းကာ သင့်တင့်လျောက်ပတ်သော ကန်တော့ပစ္စည်းများ ဝယ်ကြသည်။





နောက်ကျောင်းသား ကျောင်းသူများအတွက် ကော်ဖီနှင့် မုန့်များ စီစဉ်ကြသည်။ အစီအစဉ်စသော ဆယ်နာရီအချိန်တွင် မြို့ပေါ်က ကျောင်းများကဲ့သို့ ပဝါနှစ်စအသာချ၍ အခန့်သင့် တက်ရောက်ရတာတော့ မဟုတ်ချေ။

ကျောင်းသားကျောင်းသူများသည် အဖြူအစိမ်းများကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားကြသည်။ သနပ်ခါးပါးကွက်ကိုယ်စီနှင့် ချစ်စဖွယ်ကောင်းလှသည်။

အစီအစဉ်မစခင် ဘုန်းဘုန်းက ကျောင်းအုပ်ဆရာကြီးထံသို့ ရောက်လာသည်။

“အဆင်ပြေရဲ့လား ဆရာကြီး”

“တင်ပါ့၊ တတ်နိုင်သမျှ အစီအစဉ်အဆင်ပြေအောင် လုပ်ထားပါတယ် ဘုရား”

“ကောင်းတယ် . . . ကောင်းတယ်၊ ပွဲတစ်ခုဖြစ်မြောက်ဖို့ ဆရာဆရာမတွေအကုန်လုံး ပင်ပန်းကြရတယ်ဆိုတာ ဘုန်းဘုန်းသဘောပေါက်ပါတယ်”

“တင်ပါ့ ဘုရား”

“ကိုင်း ကိုင်း . . . လုပ်စရာရှိတာ ဆက်လုပ်ပါ”



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ကလေးငယ်များကို ဩဝါဒခြွေပြီး အောက်ကျောင်းသို့ ကြွသွားသည်။

ရေစိုနေသောလက်များကို ကပျာကယာသုတ်သူက သုတ်၊ ချိတ်ထားသော တိုက်ပုံအင်္ကျီကို ဝတ်သူက ဝတ်နှင့် ကသုတ်ကရိုက်နိုင်သည်။

ကန်တော့ခံ ထိုင်ခုံထက်တွင်ထိုင်၍ မိမိတို့အား ရှိသေစွာ ရှိခိုးနေသော ကျောင်းသား ကျောင်းသူများကိုကြည့်ရင်း သက်ဝေလင်း မျက်ရည်လည်လာသည်။

ရင်ထဲ၌ လေထဲလွင့်နေသလိုလို၊ တဒိတ်ဒိတ်ခုန်နေသလိုလို ခံစားရ၏။ ဆရာသမားတစ်ယောက်ရဲ့ ပီတိဆိုသည်မှာ ဤအရာကို ခေါ်လေသလား နားမလည်ချေ။ သို့ပေမဲ့ ဖော်မပြနိုင်သော ခံစားချက်က လူကို ငြိမ်းအေးစေသည်။

ငါဟာ လူအများ လေးစားခံရသော ဆရာတစ်ယောက်ပါလား ဆိုသောအတွေးဖြင့် တစိမ့်စိမ့် ပီတိဖြစ်နေရသည်။ နောက်ဘက်၌ ထိုင်နေသော ဆရာမကို တစ်ချက်လှည့်ကြည့်မိတော့ ဆရာမက မျက်လွှာချရင်း ခေါင်းကိုငုံ့ကာ လက်ကိုင်ပဝါတစ်ထည်ဖြင့် မျက်လုံးထောင့်များကို တို့သုတ်နေသည်။





သူကိုယ်တိုင်တောင် မျက်ဝန်း၌ ဝေ့ဝိုက်နေသော မျက်ရည်စများကို ကျဆင်းမလာစေရန် မျက်တောင်ကို တဖျတ်ဖျတ်ခတ်လိုက်သည်။

ကလေးများ၏ ရှိခိုးကန်တော့မှုအဆုံးတွင် ဆရာကြီးက ဆုံးမဩဝါဒစကားပြောလေသည်။ ဩဝါဒစကားဆုံးတော့ အပိတ်ရှိခိုးသည်။ ဆရာကြီးက ဆုများပေးသည်။

နောက်အခမ်းအနားကို ‘ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု’ သုံးကြိမ်ရွတ်ဆိုကာ ပိတ်လိုက်သည်။ ထို့နောက် စားပွဲပေါ်တွင် တစ်ခါသုံးစက္ကူခွက်ကလေးတွေထဲ ကော်ဖီထည့်ပေးကာ ကိတ်မုန့်များ၊ ပေါင်မုန့်များ ဝေတော့ ကလေးများက ဟန်ဆောင်မှုမရှိ တပျော်တပါး စားသောက်ကြသည်။

စားသောက်ပြီးသောအခါတွင် ဆရာများ သင်ကြားထားသည့်အတိုင်း ခွက်များ၊ ပလတ်စတစ်အိတ်များကို အမှိုက်တောင်းထဲသို့ စနစ်တကျ စွန့်ပစ်ကြသည်။

ဆရာကြီးက တပြုံးပြုံးကြည့်လျက်ရှိသည်။ သူ့ ဆရာကြီး ရပ်နေသော ပြတင်းပေါက်အနီးသို့ ကပ်သွားတော့ ဆရာကြီးက လှည့်ကြည့်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဆရာသက်ဝေ ... စားသောက်ပြီးပြီလား"

"ပြီးပါပြီ ဆရာကြီးခင်ဗျာ။ ကျွန်တော်ကြည့်နေတာ ကြာပြီ ဆရာကြီးရဲ့မျက်နှာက တပြုံးပြုံးနဲ့ ပီတိဖြစ်နေပုံရတယ် ခင်ဗျာ"

ဆရာကြီးက ပြေးလွှားဆော့ကစားနေသော ကလေးများထံမှ အကြည့်မလွှဲသေးဘဲ –

"ဟုတ်တယ် ဆရာ။ ကျွန်တော် ပီတိဖြစ်နေတယ်။ ဒီကလေးတွေဟာ တကယ်တော့ ပုံသွင်းဖို့ အလွယ်ဆုံးအရွယ်တွေပဲလေ။ ဘယ်အရောင်မဆို ဆိုးလို့ အလွယ်ဆုံးအရွယ်ဆိုရင်လည်း မမှားဘူး။ ဒီအရွယ်မှာ သူတို့ကို ကောင်းတာသင်ပေးရင် ကောင်းတာ တတ်ဖို့ လွယ်သလို မကောင်းတာသင်ပေးရင်လည်း မကောင်းတာ တတ်ဖို့ လွယ်တယ်။ ဒါကြောင့် ဒီအရွယ်လေးတွေကို ကျွန်တော်တို့ ဆရာသမားတွေ၊ မိဘတွေက အရိပ်တကြည့်ကြည့်နဲ့ ရှိနေသင့်တယ်။ 'ပုလဲလုံးညီ၊ ကြိုးနှင့်သီ' ဆိုတဲ့ ဆုံးမစာလေး ကျွန်တော်တို့ ငယ်ငယ်က သင်ခဲ့ရဖူးတယ်။ တကယ်တော့ ကလေးတွေဟာ အရောင်အဆင်း အရွယ်အစားတူညီတဲ့ 'ပုလဲရတနာလေးတွေပါ။ ဆင်းရဲတာ၊ ချမ်းသာတာ ဘာမှမရှိဘူး။ ကျွန်တော်တို့ဆရာသမားတွေကတော့ ကြိုးပေါ့ဗျာ။ သူတို့လေးတွေရဲ့ဘဝ စနစ်တကျဖြစ်စေဖို့ သီပေးလိုက်ရမယ့် သီလို့





ပြီးသွားရင် လူတွေက သီလိုက်တဲ့ကြိုးကို မမြင်ဘဲ အသီခံလိုက်ရတဲ့ ပုလဲလုံးတွေကိုပဲမြင်ကြတယ်၊ ပြောမယ်ဆိုရင် ဘယ်အရာပဲဖြစ်ဖြစ် တပည့်တွေဆီက ဘာမှ မမျှော်ကိုးပါဘူး"

"ဆရာကြီးက 'ပုလဲလုံးညီ ကြိုးနှင့်သီ' ရဲ့ အဓိပ္ပာယ်ကို ရှင်းလင်းပြတ်သားစွာ ဥပမာပေးသွားသဖြင့် သူကိုယ်တိုင် ကြက်သီးတွေ တဖျင်းဖျင်းထကာ တစ်ကိုယ်လုံး ကြည်နူးမှုများဖြင့် ပြည့်နှက်သွားလေသည်။

အပြန်လမ်းတစ်လျှောက်တွင် ဆရာကြီးရဲ့စကားနှင့် ပတ်သက်၍ ဆရာမကိုပြန်ပြီး ဖောက်သည်ချမိသည်။ မထင်မှတ်ဘဲ ဆရာနှင့်ကျောင်းသား၏ ဆက်နွှယ်မှုအကြောင်းတရားများကို ဆွေးနွေးမိသည်။

ဒီနေ့တော့ စိုင်းထွန်းအေးက လိမ္မော်ခြံတွင် အရေးတကြီး အလုပ်ကိစ္စရှိသဖြင့် ဦးရွှေနှင့် မနက်အစောကြီးကတည်းက လိုက်သွားသည်။ မနေ့ညကတောင် –

"ငါ အာစရိယပူဇော်ပွဲ လိုက်ခဲ့ဦးမယ်"

ဟုပြောသေး၏။ ယခုလို သူပါမလာတော့လည်း သက်ဝေလင်းနှင့် ဆရာမချိုသင်းခင်သည် စိုင်းထွန်းအေးရှိစဉ်ကလောက်တော့



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်မနေပါ။

စကားတွေပြောနေရင်း သူ ဆရာမရဲ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

ယခုတစ်လော ဆရာမရဲ့မျက်နှာမှာ တော်တော်ချောင်ကျနေသည်။ အာစရိယပူဇော်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုကြောင့် ပင်ပန်းရခြင်း တစ်ခုတည်းအတွက်တော့ မဖြစ်နိုင်ချေ။

နဖူးပေါ် ဝဲကျလာသည့် ဆံစများကို လက်နှင့်ဖယ်နေသော ဆရာမကတော့ သူ့ရဲ့အကြည့်များကို သတိထားမိဟန် မတူချေ။

ဆရာမသည် ယောက်ျားလေးတိုင်းကို မည်သည့်စိတ်များ မဖြစ်တဲ့ ဣကဲ့သို့ ရိုးသားဖြူစင်စွာ ဆက်ဆံခဲ့ခြင်းလား သူသိချင်သည်။

နောက် သူသာမက မည်သူမှ မသိနိုင်သော ဆရာမ၏ နှလုံးသားရေးကိုလည်း သိချင်သည်။ ဆရာမ၏အချစ်ပန်းသည် ပွင့်မလာသေးတာလား။ တစ်ဦးတစ်ယောက်အတွက် ပွင့်ခဲ့ပြီးပြီလား သူ သိချင်သည်။

"ဆရာမအသက်က မိန်းကလေးတစ်ယောက်အနေနဲ့ အိမ်ထောင်ပြုဖို့ အရွယ်ရောက်ပြီဆိုတော့ ဟို ရည်ရွယ်ထားတဲ့လူရှိနေပြီလား။ ကျွန်တော်တို့ကို မိတ်ဆက်ပေးပါလား ဆရာမ"





"ရှင်"

သိချင်စိတ်ကို ထိန်းမရသဖြင့် မေးလိုက်သောအခါ ဆရာမသည် အံ့ဩသွားပုံရ၏။ နောက် သူ့ကို ဖျတ်ခနဲ လှည့်ကြည့်သည်။

အတော်လေးကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားခဲ့သဖြင့် သူတောင် မနေတတ် မထိုင်တတ်ဖြစ်သွားခဲ့သည်။ ထို့ကြောင့်–

"ဆရာမ . . . ကျွန်တော့်မေးခွန်း ရိုင်းသွားသလား မသိဘူး။ ဆရာမ မဖြေချင်လည်း ရပါတယ်။ ကျွန်တော့်မေးခွန်းအတွက် ကျွန်တော် တောင်းပန်ပါတယ် ဆရာမ"

ထိုသို့ဆိုသောအခါ ဆရာမက ပျာပျာသလဲဖြင့် –

"အို မရိုင်းပါဘူး ကိုသက်ဝေ။ မထင်မှတ်ထားတဲ့ မေးခွန်းကို ကြားလိုက်ရတော့ အံ့ဩသွားတာပါ။ တကယ်ဆို ကျွန်မကို ကျွန်မတောင် အဲဒီမေးခွန်းအတွက် ဖြေဆိုစရာအဖြေ မရှိလို့ပါ။ ဆိုလိုချင်တာက အချစ်နဲ့ပတ်သက်ပြီး ကျွန်မ နှလုံးသားမှာတုန်လှုပ်အောင် တစ်ခါမှ မဖြစ်ခဲ့ဘူး ကိုသက်ဝေရဲ့။ ဒါပေမဲ့"

ဆရာမက ဒါပေမဲ့ဟုဆိုကာ စကားကို ရပ်လိုက်သဖြင့် ဒါပေမဲ့ရဲ့နောက်ဆက်တွဲ စကားကို သူ စိတ်ဝင်စားသွားသည်။ အချစ်နှင့် လှုပ်လှုပ်ခတ်ခတ် မဖြစ်ခဲ့ဘဲ ဘယ်အကြောင်းအရာက ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအနေနှင့် ရှိနေသလဲ မစဉ်းစားတတ်ချေ။

"ဒါပေမဲ့ မေတ္တာရေးနဲ့ပတ်သက်ရင် ကျွန်မက ကံမကောင်းဘူး ကိုသက်ဝေ။ အမှန်တော့ ပြန်ပြောလို့ မကောင်းတဲ့အကြောင်းတရားကို ပြန်မပြောချင်ပေမယ့်လည်း သိချင်လို့မေးလာတဲ့လူ ရှိတော့လည်း ကျွန်မ ဖြေပါ့မယ်"

"______"

ဆရာမက သူ့ကိုစိတ်ဆိုးတဲ့ အရိပ်အယောင်မပြဘဲ အတိတ်က အကြောင်းတရားတချို့ကို ခပ်အေးအေး ပြန်ပြောလေသည်။

"ကျွန်မမြို့ထဲမှာ သူငယ်ချင်းတစ်ယောက်နဲ့တွဲပြီး ဘော်ဒါဆောင် ဖွင့်ခဲ့တုန်းက ကျွန်မကို လူတစ်ယောက် ချစ်ခွင့်ပန်ခဲ့တယ်။ တကယ်ဆို သူကသာ ကျွန်မကို ချစ်ခွင့်ပန်တာ ကျွန်မကဖြင့် သူ့ကို သဘောကျခဲ့တာမှ မဟုတ်တာ။ အဲဒါကို ကျွန်မရဲ့ သူငယ်ချင်းက သဘောမပေါက်ဘူး။ သူတို့မိတ်ချင်းက သဘောတူသလိုလို ပြောထားခဲ့တယ်တဲ့။ ဒီတော့ ကျွန်မက သူနဲ့တစ်နေ့လက်ထပ်မယ့် ခင်ပွန်းလောင်းကို ကျွန်မကပဲ အို ပြောရမှာ ရှက်စရာကောင်းပါတယ်"

ဆရာမရဲ့ မျက်နှာ၌ ရှက်ရွံ့မှုများ၊ အနေခက်မှုများ အမှန်တကယ်ဖြစ်ပေါ်သွားလေသည်။





ဤအကြောင်းသည် မည်သူမှမသိခဲ့ရတဲ့ ယခု သူ့ရဲ့မေးခွန်းကြောင့် ဆရာမထံမှ အမှတ်မထင် ထွက်ပေါ်လာရခြင်းကြောင့် သူသာ ပထမဆုံး သိရသူဖြစ်သည်။

စိုင်းထွန်းအေးရဲ့ပုဂ္ဂိုလ်ရေးတစ်ခုခုကြောင့် ဘော်ဒါဆောင်လည်း ပိတ်လိုက်ရသည်ဟုဆိုသည်မှာလည်း ဤကိစ္စပဲ ဖြစ်ရပေမည်။

"ဒီလို စွပ်စွဲခံရတာလောက် ရှက်စရာကောင်းတာ ဘာမှ မရှိတော့ဘူး။ ဆိုလိုချင်တာက ကျွန်မကြိုက်မိတယ် ထားဦး၊ သူတို့က တရားဝင်လက်ထပ်၊ စေ့စပ်ထားတဲ့သူတွေမှ မဟုတ်တာ။ အခု ကြိုက်တောင် မကြိုက်ရသေးဘူး။ မဟုတ်တာ စွပ်စွဲခံရတော့ ရှက်လိုက်တဲ့ဖြစ်ခြင်း။ ဒါကြောင့် ကျွန်မအချစ်ရေးကိုလည်း တော်တော်ကြောက်မိတယ်။ ကိုသက်ဝေရဲ့မေးခွန်းကို ကျွန်မ ဘယ်လိုပြောရမလဲတောင် မသိတော့ဘူး"

သူ ဆရာမရဲ့မျက်နှာကို ငေးကြည့်ရင်း ဆရာမ အမှန်တကယ် ပြောနေမှန်း ယုံကြည်လိုက်၏။

သို့သော် စိတ်ထဲ၌ ဆရာမသည် ဖူးစာရှင်အစစ်နှင့် မဆုံရသေးလို့ အခုလိုပြောတာပါဟု ကွန့်လိုက်မိသည်။

ဆရာမက သူ့ဘက်သို့ လှည့်ကြည့်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ကိုသက်ဝေပုံစံက တစ်ခုခု ထူးခြားနေသလိုပဲနော်။ ဘာလို့ အဲဒီလိုမေးတာလဲဟင်"

"ဟို ဘာရယ်မဟုတ်ပါဘူး ဆရာမ။ ဒါပေမဲ့ ကျွန်တော် တစ်ခုလောက် မေးချင်တယ်။ အဲဒီမေးခွန်းကိုတော့ ဆရာမ အလေး အနက်ထားပြီး ဖြေစေချင်တယ်ဗျာ"

သူ့စကားကြောင့် ဆရာမက မျက်မှောင်ယောင်ယောင်လေး ကြုတ်သွားသည်။

မသိမသာ လှည့်ကြည့်နေရာကနေ သိသိသာသာ လှည့် ကြည့်လာကာ –

"ဘာများလဲ ကိုသက်ဝေ"

ဟု စူးစမ်းဟန်နှင့် မေးလေသည်။

"အချစ်ရေးနဲ့ပတ်သက်ပြီး ဆရာမ ဘယ်တော့မှ မစဉ်းစား တော့ဘူးလား။ တကယ်လို့ ဆရာမ ချစ်သူထားမယ်ဆိုရင် ဘယ်လို လူမျိုးကိုမှ လက်ခံမယ်လို့ စဉ်းစားထားတာလဲဟင်။ ဒါမှမဟုတ် ငါ တော့ တစ်သက်လုံး အပျိုကြီးလုပ်တော့မယ်ဆိုတဲ့အတွေး ရှိနေ သလား သိချင်တယ်ဗျာ"

ဆရာမက သူ့ကို အကြာကြီးငေးသည်။ သူကိုယ်တိုင်လည်း





ဆရာမထံမှ အကြည့်မလွှဲမိချေ။ နောက်ဆုံး ဆရာမကပဲ အကြည့် လွှဲသွားကာ သက်ပြင်းချလေသည်။ အဝေး၌ စိမ်းစိုညို့မှိုင်းနေသော တောင်ကို မျှော်ကြည့်ရင်း –

"ကိုသက်ဝေ . . . ကျွန်မနဲ့ပတ်သက်တဲ့ကိစ္စကို ဘာလို့ ဒီလောက်သိချင်နေရတာလဲ။ ကျွန်မ မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ ကျွန်မဖြေပါ့မယ်။ ဘယ်လိုလူမျိုးကို လက်ခံမလဲ မေးခွန်းအတွက် တော့ မိန်းကလေးတိုင်းက သူတို့ရဲ့ အိမ်ထောင်ရေးကိုတော့ အကောင်းဆုံးဖြစ်စေချင်တာပဲလေ။ ကျွန်မကလည်း မိန်းမတွေထဲက မိန်းမတစ်ယောက်ပါ ကိုသက်ဝေ။ အပျိုကြီးဆိုတာကတော့ လုပ်ချင် လည်း လုပ်မယ်။ မလုပ်ချင်လည်း မလုပ်ဘူး။ အပြတ်တော့ ဘယ် ပြောနိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကောင်းကင်ထက်၌ မီးပုံးများ အပြိုင်အဆိုင် မြင့်တက်နေကြသည်။ ဤယနေ့သည် တန်ဆောင်းမုန်းလပြည့်နေ့ဖြစ်သည်။

မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလပြည့်နေ့၌ တောင်ကြီးမြို့တွင်ကျင်းပသော တန်ဆောင်တိုင်မီးပုံးပျံလွှတ်ပြိုင်ပွဲသည် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးဖြစ်သည်။

တောင်ကြီးတစ်မြို့လုံးတွင်သာမက မြန်မာနိုင်ငံအရပ်ရပ်၌ရှိသော စိတ်ပါဝင်စားသူများ၊ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြည့်ရှုကြသည့် ပွဲတော်ဆိုလျှင်လည်း မမှားချေ။





ဤရန်တိုင်းအောင်ဘုရားရင်ပြင်ပေါ်၌ ကျင်းပသော မီးပုံးပျံလွှတ်ခြင်းကတော့ အများသူငှာ မိမိတို့ဘာသာ အပျော်လွှတ်တင်ခြင်းသာ ဖြစ်သည်။ သို့သော် ဘုရားရင်ပြင်၌ ဘုရားဖူးချည်းသည်များများပြားလှသည်။

"ဆရာမက မေတ္တာရေးမှာ ကံမကောင်းဘူးတဲ့လား"

စိုင်းထွန်းအေးက သူ့ဘာသာတစ်ယောက်တည်း တီးတိုးရေရွတ်နေသည်။ ကမ္ဘာမြေတစ်ခုလုံးပေါ်သို့ သဘာဝအလင်းရောင်ဖိုးလမင်းကြီးက ထွန်းလင်းတောက်ပလျက် ရှိသည်။

လရိပ်အောက်တွင် စိုင်းထွန်းအေး၏မျက်နှာ၌ အတွေးတစ်ခုခု ရှိနေလေသည်။

"အချစ်ဆိုတာ ဘာလဲ၊ ချစ်သူတစ်ယောက်ကို ပေးဆပ်ပြီးချစ်ရတာက အချစ်စစ်လား။ အချစ်နဲ့စစ်မှာ မတရားတာ ဘာမှမရှိဘူးဆိုတာကကော မှန်ရဲ့လား။ ငါ မစဉ်းစားတတ်တော့ဘူး။ သေချာတာတစ်ခုက ကိုယ့်ချစ်သူကို စိတ်မဆင်းရဲစေချင်ဘူးကွာ"

လွန်ခဲ့သောတစ်ပတ်ခန့်က 'မင်းနဲ့ငါ အချစ်နဲ့ပတ်သက်ပြီး ဆွေးနွေးကြည့်ချင်တယ်'လို့ ဆိုသည့်နေ့က စိုင်းထွန်းအေး ပြောခဲ့သောစကားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘုရားရင်ပြင်တော်၌ မီးငြိမ်းလုလုဖြစ်နေသော ဆီမီးတိုင်များကို ငေးနေမိသည်။

ဆီမီးကိုးထောင် မီးထွန်းပွဲကို ညနေ (၆) နာရီက ကျင်းပခဲ့ခြင်းကြောင့် ယခုအချိန်တွင် ဖယောင်းတိုင်များမှာ သိပ်မကျန်တော့ချေ။

လူတို့ဖန်တီးထားသော လျှပ်စစ်မီးများ လုံးဝ မပါဝင်သော သဘာဝအလင်းရောင် ဖိုးလမင်းနှင့် ဆီမီးတိုင်များ၏ အလင်းရောင်သည် ပန်းတင့်လှသည်။

သဘာဝကြီးကို ပို၍ လှပကျက်သရေရှိအောင် ဖန်တီးနေသည့်နှယ်။

ဒီအချိန်မှာ သူ့ရဲ့စိတ်များသည် အမှန်တကယ် ငြိမ်းချမ်းအေးမြနေသည်ကိုတော့ ဝန်ခံပါသည်။

ဒီအချိန်မှာ အချစ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရသည်မှာ ကြည်နူးဖွယ်ကောင်းသည်က ဘာကြောင့်မှန်းမသိ။ သူကိုယ်တိုင်တောင် စိတ်ထဲတွင် ဘာမှ လျှို့ဝှက်ထားခြင်းမရှိဘဲ ဝန်ခံဖို့ အခွင့်သင့်ရှိနေသလို ခံစားရ၏။

"မင်းဝေဒနာက ငါ့ထက်ပိုဆိုးနေပြီလား ဖိုးစိုင်း။ မင်းရဲ့





စိတ်ထဲမှာ တင်းကျပ်နေတယ်လို့ထင်ရင် ငါ့ကိုရင်ဖွင့်လို့ရတယ်နော် သူငယ်ချင်း"

"ငါ အတွေ့ကြီးတဲ့လူတစ်ယောက် မဟုတ်ဘူး သက်ဝေ။ ငါ ဟိုးတစ်နေ့က မင်းကိုပြောခဲ့တယ်နော်။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုတာ။ အမှန်တော့ အဲဒါ အတွေ့သမားတွေရဲ့ လက်သုံးစကားကွ။ တရားသောစစ်ပွဲကို ဆင်နွှဲမှ အနိုင်ရသလို အချစ်ကိုလည်း တရားသောနည်းလမ်းနဲ့ပဲ ရယူသင့်တယ်"

ဤစကား၏အဓိပ္ပာယ်ကို သူ့ဘာသာသူ စဉ်းစားပြီး ယခုမှ ပြန်ပြောင်းပြောခြင်း ဖြစ်မည်။ ထိုနေ့က ဖိုးစိုင်းက အချစ်နှင့်စစ်မှာ မတရားတာမရှိဘူးဟူ၍ အဆုံးသတ်ပြောခဲ့ခြင်း ဖြစ်သည်။

ကလေးများက ဘုရားရင်ပြင်ပေါ်တွင် စိန်ပြေးလိုက်တမ်းကစားနေကြသည်။ သူတို့ဘေး၌ ဖြတ်ပြေးအော်ဟစ်သွားသဖြင့် ဆူညံနေသည်။

ထို့ကြောင့် စိုင်းထွန်းအေးက စကားကို ခဏရပ်လိုက်ခြင်း ဖြစ်သည်။ သူကတော့ ယခုအချိန်တွင် ဘာပြောရမှန်းမသိသေးသဖြင့် အော်ဟစ်ဆော့ကစားနေသည့် ကလေးတွေကို ကြည့်လိုက်၊ ဘုရားရင်ပြင်ပေါ်မှ ကားလမ်းမထက်တွင် စီတန်းနေသော ကားများ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကာယ်များကို ကြည့်လိုက်နှင့် ရှိနေလေသည်။

စိုင်းထွန်းအေးကလည်း ဒီနေ့မှ ဤကိစ္စကို အကြေအလည် ပြောဖို့ ဆုံးဖြတ်ထားပုံရသည်။

"ငါပြောတာကို မင်းသဘောပေါက်ရဲ့လား သက်ဝေ"

"မပေါက်ဘူး"

"ငါသာမကဘူး မင်းလည်း ဆရာမကို စိတ်ဝင်စားနေတယ်လို့ ငါပြောရင် မင်းငြင်းမလား သက်ဝေ"

"ဟင်"

သူ စိုင်းထွန်းအေးကို အလန့်တကြား မော့ကြည့်လိုက်မိသည်။

စိုင်းထွန်းအေး၏မျက်နှာမှာ မင်းငြင်းဖို့ မကြိုးစားနဲ့နော်၊ ငါ အသေအချာသိနေတယ်ဟု စွပ်စွဲနေသလိုလိုပါလား။

အမှန်တော့ သူကော ဖိုးစိုင်းပါ မူးယစ်ရီဝေစေသည့်အရာ ဘာမှသောက်ထားခြင်းမရှိပါ။ ထို့ကြောင့် ထန်းရည်မူးတော့ ကျွဲနိုး ပေါ်ဟု ပြောစရာအကြောင်း မရှိပါ။

"သိပ်အံ့ဩသွားလား သူငယ်ချင်း။ ယောကျ်ားချင်းပဲကွာ။ မြွေမြွေချင်း ခြေမြင်ရုံနဲ့ သိပါတယ်။ အဲဒီအတွက် ငါ စိတ်ဆိုး





သွားမလား။ ဒါမှမဟုတ် ငါက သူ့ရဲ့အရိပ်မှာ နေခဲ့ဖူးသလို ကျေးဇူး ရှိနေတယ်ဆိုတာ ဘာဆိုဘာမှ မတွေးနဲ့။ ဘာမှလည်းမဆိုင်ဘူး။ အပျိုတစ်ယောက်ကို လူပျိုတိုင်းက ကြိုက်ပိုင်ခွင့်ရှိတယ်။ ငါ့မှာ မင်းမကြိုက်ရဘူးလို့ တားပိုင်ခွင့်မရှိသလို ကြိုက်ရဲကြိုက်ကြည့်လို့ ခြိမ်းခြောက်ပိုင်ခွင့်လည်း မရှိဘူး။ အဓိကက မင်းကော ငါကော ဆရာမရဲ့အဆုံးအဖြတ်ကို လက်ခံလိုက်ခြင်းက တရားမျှတမှုတစ်ခုပဲ သက်ဝေ"

စိုင်းထွန်းအေးရဲ့ အတွေးအခေါ်မှာ ရင့်ကျက်ရုံသာမက သမာ သမတ်လည်း ရှိသည်။ ဤစကားစုတွေမှာလည်း အများကြားကောင်း အောင် ပြောနေတဲ့ စကားတွေ မဟုတ်မှန်းကို သူအလိုလိုသိနေသည်။

"မင်းပြောတာ မှန်တော့မှန်တယ် ဖိုးစိုင်း။ ဒါပေမဲ့"

"ဟေး ဟေး ... ကျလာတော့မယ် ကျလာတော့မယ်"

ဆူညံစွာ အော်ဟစ်သံများကြောင့် စကားပြတ်သွားကာ ကောင်းကင်ပေါ်သို့ အလန့်တကြား မော့ကြည့်လိုက်မိကြသည်။

ပတ်ဝန်းကျင်ရှိလူများမှာ တဟေးဟေး တဟားဟားအော် နေကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားရင်ပြင်ပေါ်သို့ ကျတော့ မလိုလို၊ နိမ့်ဆင်းလာတော့ မလိုလို ဖြစ်နေသော မီးပုံးပျံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သူတို့ကိုယ်တိုင်တောင် ရင်ပြင်ပေါ်သို့ ကျတော့မလား အတွေးနှင့် မော့ကြည့်ခြင်းရယ်ပါ။

သို့သော် မီးပုံးပျံသည့် လေတစ်ချက်အဝှေ့တွင် 'ကညနရုံး' ဘက်သို့ တဖြည်းဖြည်း ရွေ့၍ လေကြောင်းမိကာ တဖြည်းဖြည်း မြင့်တက်သွားသည်။

"ဟား ဟား ဟား"

သဘောကျစွာရယ်လိုက်သံက ဖိုးစိုင်းထံမှ ထွက်ပေါ်လာသဖြင့် သူ လှည့်ကြည့်လိုက်သည်။ စိုင်းထွန်းအေးသည် သံတန်းကို ကျောကပ်မှီကာ လက်ပိုက်ထားရင်း အရယ်မပျက်ဖြင့် –

"အဲဒီမီးပုံးပျံကိုမြင်မှ အချစ်ဆိုတာ နီးမလိုလိုနှင့် တဖြည်းဖြည်း ဝေးသွားတတ်စေပါလားဆိုတဲ့ ဒဿနတစ်ခုကို ရလိုက်လို့ကွ။ ဒါပေမဲ့ မင်းနဲ့ငါ ကဗျာတစ်ခုတော့ လုပ်ထားရအောင်။ ဆရာမရဲ့အချစ်ကို မင်းဖြစ်စေ၊ ငါဖြစ်စေ ဘယ်သူပဲရရ ကြည်ဖြူကြေး။ ကျေးဇူးတရားကြောင့် ဘာကြောင့် ညာကြောင့် ဘာမှ ထောက်ထားစရာမလိုဘူးနော်"

"ဟုတ်တော့ ဟုတ်ပါတယ်"





"ဟေး . . . အိုက်စိုင်း"

သူ့စကားက အဆုံးသတ်ခွင့်မရလိုက်ပြန်ပါ။ တစ်ဦး တစ်ယောက်ရဲ့ ခေါ်သံကြောင့် စိုင်းထွန်းအေးက သူ့ဆီ အာရုံမရောက်တော့ချေ။

တကယ်တော့ သူ့ဆီမှာ ပြောစရာစကားတွေ အများကြီးပါ။ ထိုအရာများကတော့ –

"ခွန်ကျော်ခေါင် . . . မင်း လားရှိုးရောက်နေတာလားကွ"

သူ လူစိမ်းအား လှည့်ကြည့်လိုက်သည်။

လူစိမ်းသည် အသားဖြူဖြူ၊ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး တိုင်းရင်းသားတစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် နှုတ်ဆက်နေစဉ် –

"ဪ . . . မိတ်ဆက်ပေးရဦးမယ် ခွန်ကျော်ခေါင်။ ဒါ . . . ငါ့ရဲ့သူငယ်ချင်း သက်ဝေလင်းတဲ့။ ငါ အရင်တုန်းက စာသင်ခဲ့တဲ့ နတ်ရေကန်ကျောင်းမှာ ဆရာလေ။ သက်ဝေ သူကလည်း ကျောင်းဆရာပဲ ခွန်ကျော်ခေါင်တဲ့"

"အို အထင်မကြီးပါနဲ့ ကိုသက်ဝေလင်း။ ကျွန်တော်က ခင်ဗျားတို့လို ဘွဲ့ရတစ်ယောက်မဟုတ်ပါဘူး။ ဆယ်တန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မအောင်သေးတဲ့သူပါ”

“ဟာ . . . အတူတူပဲ ကိုခွန်ကျော်ခေါင်။ ကျွန်တော်လည်း ဆယ်တန်းမအောင်သေးပါဘူး”

ထိုစကားကပင် သူတို့နှစ်ယောက်ကို ပို၍ ရင်းနှီးခွေးထွေး သွားစေသည်။

ကိုခွန်ကျော်ခေါင်သည် ရှမ်းသားဖြူစင်သည့် ပလောင်လူမျိုး တစ်ယောက် ဖြစ်သည်။ အသံက ဝဲတဲတဲနှင့် စကားပြောလျှင် နား ထောင်လို့ကောင်းသည်။

“ခွန်ကျော်ခေါင်က စာတွေ၊ ကဗျာတွေလည်း ရေးတယ် သက်ဝေရ”

“ဟာ . . . ဒါဆို စာရေးဆရာပေါ့”

သူက အံ့ဩအထင်ကြီးသည့်မျက်ဝန်းဖြင့် ပြောသောအခါ ခွန်ကျော်ခေါင်သည် အနေခက်သည့်ဟန်ဖြင့် –

“အဲဒီလောက်လည်း မဟုတ်သေးပါဘူး ကိုသက်ဝေရာ။ ကဗျာနည်းနည်းပါးပါးလောက်ရေးဖြစ်တာပါ”

“ကဗျာပဲရေးရေး၊ ဝတ္ထုပဲရေးရေး အားစိုက်ရတာချင်းတော့ အတူတူပဲလို့ ကျွန်တော် ကြားဖူးတယ် ကိုကျော်ခေါင်ရဲ့။ ဘာပဲဖြစ်ဖြစ်





ကဗျာဆရာဆိုလည်း လေးစားတယ်ဗျာ”

“ဟုတ်ပါပြီဗျာ၊ အခုလိုပြောတဲ့အတွက်လည်း ကျေးဇူးတင် ပါတယ် ကိုသက်ဝေရာ”

“ငါမေးတာ မဖြေရသေးဘူးနော်။ မင်း လားရှိုးပြောင်းလာ တာလား ခွန်ကျော်ခေါင်”

“မဟုတ်ပါဘူးကွာ။ ပညာရေးမှူးရုံးမှာ ကျောင်းတိုင်း တစ် ကျောင်းတစ်ယောက် အစည်းအဝေး မတက်မနေရမို့ ငါတို့ကျောင်း ကိုယ်စား ငါလာခဲ့တာ။ တစ်ပတ်လောက်နေရင် ပြန်တော့မှာ”

“မပြန်ခင် အိမ်ဝင်ခဲ့ဦးလေ”

“အချိန်ရရင် ဝင်ခဲ့မယ်လေ။ ကဲ . . . နောက်မှတွေ့မယ် ကိုသက်ဝေလင်း။ ကျွန်တော် သွားဦးမယ်၊ လမ်းမှာတွေ့လည်းခေါ် နော်”

“စိတ်ချပါဗျာ”

ခွန်ကျော်ခေါင်သည် သူ့ကိုပါ ရင်းနှီးစွာနှုတ်ဆက်ပြီး ထွက် သွားသည်။ ဘုရားရင်ပြင်တော်၌ လူအနည်းငယ်ရှင်းလေသည်။ ကောင်းကင်၌ လမင်းကြီးသည် သူတို့ဦးခေါင်းတည့်တည့်နှင့် တဖြည်း ဖြည်း မြင့်တက်လာသည်။ ရင်ပြင်တော်၌လည်း အေးစက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားအသွားအလာလည်း ရှင်းနေပြီမို့ –

"ငါတို့ပြန်ကြရအောင် ဖိုးစိုင်း။ အမေနေနဲ့ စိတ်ပူနေလိမ့်မယ်"

"အေး ... သွားစို့လေ"

အကယ်၍ ပြောမထွက်ခဲ့သော စကားများကိုသာ စိုင်းထွန်းအေးသာ ကြားခွင့်ရခဲ့မည်ဆိုလျှင်။



## အခန်း (၁၈)

"ကိုသက်ဝေ ဘာပြောလိုက်တာလဲဟင်။ ကျွန်မ နားကြားလွဲသွားတာတော့မဟုတ်ပါဘူးနော်"

"ဆရာမပုံစံကလည်း တအံ့တသြနဲ့"

"ဟုတ်တယ်၊ အံ့သြတာမှ နည်းနည်းလေးမဟုတ်ဘူး။ အများကြီးအံ့သြတာ။ အဲဒီကိစ္စကို ကျွန်မတို့တိုက်တွန်းခဲ့ဖူးတာကရှင့် မုန်းလောက်တဲ့အထိ အခါခါကို။ အခု ဆိုင်းမဆင့် ဗုံမဆင့်ဆိုတော့"

ဆရာမစကားကို ရှေ့မဆက်တော့ချေ။ သို့သော် ဆရာမ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ၌ အပြုံးပန်းဝေနေသည်။ ဆရာမ၏မျက်ဝန်းများသည် ရွှန်းလဲ့နေသည်။ ဒါဟာ ဘာကြောင့်လဲ သူ ဆက်မစဉ်းစားရဲပါ။ သေချာတာ တစ်ခုကတော့ သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေခြင်းပင်။

"မုန်းလောက်တဲ့အထိလို့တော့ မပြောပါနဲ့ ဆရာမရယ်။ ကျွန်တော်က အရင်တုန်းက သက်ဝေလင်းမှ မဟုတ်တော့တာ။ ကိုယ့်ကို ကောင်းစေချင်လို့ ပြောတာလား။ ကိုယ့်ကိုချောက်တွန်းနေတာလား ခွဲခြားသိပါတယ်ဗျာ"

"ဟုတ်ပါပြီ ကိုသက်ဝေ။ အဲဒီလို မှန်ကန်တဲ့အသိတရားဆိုတာ ကိုယ်တိုင်ကျင့်မှ ဖြစ်တာလေ။ အဲဒီလိုကျင့်နိုင်တဲ့ ကိုသက်ဝေကိုလည်း ကျွန်မက ကျေးဇူးတင်ပါတယ်။ ကိုယ့်ကြောင့် လူတစ်ဦးတစ်ယောက် အသိတရားရလာတယ်ဆိုရင် အဲဒီပီတိက ဘယ်အရာနဲ့မှကို လဲလို့ မရအောင် ပိုတယ်"

"ဆရာမကလည်း ပြောင်းပြန်ဖြစ်နေပြီ။ ကျွန်တော်က ကျေးဇူးတင်ရမှာကို။ ဘာပဲဖြစ်ဖြစ် ဒီလို ကျေးဇူးတင်ရမယ့်အထဲမှာ ဖိုးစိုင်းလည်းပါတယ်။ သူနဲ့ မန္တလေးမှာ ပြန်မဆုံဖြစ်ရင် ကျွန်တော့်ဘဝက ရေစုန်မျောသထက် မျောမှာ"

"ဟုတ်ပါရဲ့၊ ကိုသက်ဝေနဲ့ကိုထွန်းအေးက ဆယ်တန်းမှာ





ကွဲသွားတယ်နော်။ လားရှိုးလာခါနီးမှ တွေ့တယ်ဆိုတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ"

"အမှန်အတိုင်းပြောရရင် ကျွန်တော့်မှာ ဖိုးစိုင်းထက်ရင်းနှီးတဲ့ သူငယ်ချင်းတွေ အများကြီးရှိတယ်။ ဒါပေမဲ့ အရေးရယ် အကြောင်းရယ်ဆို ကူညီဖို့ထက် ပျောင်ဖယ်ဖို့ပဲ စဉ်းစားကြတယ်။ ကျွန်တော် အဲဒီလို သူငယ်ချင်းတွေကို တွေးကြည့်ပြီး တော်တော် တရားကျမိတယ်"

"ဒါပေါ့ ကိုသက်ဝေရယ်။ သူငယ်ချင်းကောင်း ဟုတ်မဟုတ်ဆိုတာ အရေးရယ်အကြောင်းရယ်ဆို ဘွားခနဲပေါ်လာတော့တာပေါ့"

"ဘဝထဲက သင်ခန်းစာယူပါလို့ ကျွန်တော့်အဖေက မကြာခဏ ဆုံးမခဲ့တယ်။ ဒါပေမဲ့ အဲဒီတုန်းက မသိခဲ့ဘူး။ အခုမှ ဒီနေ့ဟာ မနက်ဖြန့်အတွက် သင်ခန်းစာဆိုတာ သိတာသိတော့တယ်"

"ဩော် . . . သိသေးတယ်ပေါ့"

ဒီနေ့မှ ဆရာမ၏မျက်နှာ၊ ဆရာမ၏စကားလုံးတွေက ကာလေးဆန်နေသလိုလိုပါလား။ သူပဲ စိတ်ထဲထင်နေသလား မပြောတတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမဝတ်ထားသော ပန်းနုရောင်ဝမ်းဆက်လေးနှင့်အပြိုင် လှနေသည်။ ဖားလျားချထားသော ဆံနွယ်များမှ ပန်းရနံ့သင်းသင်းကို ရ၏။

ဆရာမက လက်ထဲတွင် ကိုင်ထားသည့် အဖြူရောင်ပန်းတင် ပဝါနုနုလေးကို လက်နှစ်ဖက်နှင့် ဖွဖွလေး လုံးချေရင်း နှုတ်ခမ်းကိုက်ထားပြီး ပြုံးနေသည်။

ထိုအမူအရာများသည်ပင် သူ့ရဲ့နှလုံးသားထဲ ပို၍ စွဲထင်စေသလားမသိ။

"အခုချိန်မှာ ကျွန်တော် စကားတစ်ခွန်းလောက် ပြောချင်တယ် ဆရာမ"

"ဘာများပါလိမ့်၊ ခုနကပြောတဲ့ကိစ္စ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး။ တခြားကိစ္စပါ။ ဒါပေမဲ့ ကျွန်တော် ကြိုတင်ခွင့် တောင်းထားချင်တယ်။ အဲဒါက ဒီကိစ္စကို ဆရာမက စိတ်မဆိုးဘူးဆိုမှ ကျွန်တော်ကပြောပြမှာနော်"

"အမယ်လေး လျှို့ဝှက်လှချည်လား ကိုသက်ဝေ။ ဘာတွေမို့ ဒီလောက် ကတိစကားတွေ အထပ်ထပ်တောင်းနေရတာလဲ"

သူ ဘာမှမပြောဘဲ ပြုံးနေတော့ ဆရာမမျက်နှာက သူ့ကို





တဖြည်းဖြည်း စူးစမ်းသည့်အကြည့်နှင့် ကြည့်လာသည်။

"အင်း . . . ကိုသက်ဝေက ကျွန်မခင်မင်နေတဲ့ ယောက်ျားတစ်ယောက် ဖြစ်နေတော့ စိတ်ဆိုးလည်း ကြာကြာဆိုးလို့ ရမယ်မထင်ဘူး။ ကဲ . . . ဘာပြောမလို့လဲ ပြောလေ"

"ကျွန်တော် ဆရာမကို ချစ်တယ်"

"ရှင်"

ဆရာမသည် မထင်မှတ်သောစကားကို ကြားလိုက်ရသဖြင့် ဟသွားသောပါးစပ်ကို တော်တော်နှင့် ပြန်မစေ့နိုင်ချေ။

ပြီးမှ ကပျာကယာ မျက်နှာလွှဲသွားကာ မျက်တောင်များ တဖျတ်ဖျတ်ခတ်နေသည်။ သူ့ဘက်လည်း လှည့်မလာသဖြင့် ဆရာမ ရှက်သွားသလား စိတ်ဆိုးသွားသလား မခန့်မှန်းတတ်ချေ။ သူကိုယ်တိုင်လည်း ပြောထွက်သွားပြီမို့။

"ဒါဟာ အနေနီးစပ်လို့ ဒါမှမဟုတ် စိတ်ကစားနေတာပါလို့ ဆရာမ မထင်စေချင်ဘူး။ ကျွန်တော် ဆရာမကို တကယ်မြတ်မြတ်နိုးနိုးနဲ့ချစ်တာပါ"

"ဒါပေမဲ့ အသက်အရွယ်တွေ ကွာနေကြတာကို ကိုသက်ဝေ မမေ့သင့်ဘူးလေ။ အကယ်၍ ကျွန်မအမေက မောင်လေးတစ်ယောက်

www.burmeseclassic.com



ထပ်မွေးပေးခဲ့မယ်ဆိုရင် ကိုသက်ဝေက ကျွန်မရဲ့မောင်လေးအရွယ်ပဲ မဟုတ်လား။ နောက်ပြီး ကျွန်မရဲ့အိမ်ထောင်ဘက်ဟာ ကျွန်မထက် ဘယ်တော့မှ မငယ်စေရဘူးလို့လည်း ကျွန်မ သန္နိဋ္ဌာန်ချထားတယ် ကိုသက်ဝေ။ ကြီးရင်မို၊ ငယ်ရင်ချိုဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား။ အားနွဲ့တဲ့မိန်းမသားမို့ ကိုယ့်ထက်ကြီးတဲ့သူကိုပဲ မှီချင်တယ်။ ဒါက ကိုသက်ဝေ ကျွန်မအပေါ် မှီလိမ့်မယ်လို့ စော်ကားတာလည်း မဟုတ်ဘူး။ ကျွန်မဘာအတွက် ကျွန်မခံယူထားတာကိုပြောတာပါ"

ဆရာမက သူ့ဘက်ကို လှည့်၍ တည်ငြိမ်စွာပြောလေသည်။ သူ ဆရာမရဲ့မျက်နှာကို မလွှတ်တမ်း စိုက်ကြည့်၍ –

"အခုလို့လည်း ကျွန်တော်မပြောရသေးပါဘူး ဆရာမ။ အခု ချိန်မှာ ဆရာမကို လက်ထပ်လိုက်ရင် ကျွန်တော် ကဲ့ရဲ့ခံရတာထက် ဆရာမသိက္ခာကျမှာ ပိုဆိုးတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပြီး သားပါ။ အရွယ်ကွာခြားမှုတစ်ခုတည်းနဲ့တော့ အချစ်ကို တားဆီးလို့ တော့ မရပါဘူး ဆရာမရယ်"

"သြော် သြော် . . . ဒါကြောင့် ရှင်က ကျွန်မကို ဒီအကြောင်း မပြောခင် စာမေးပွဲဖြေဖို့ အရင်ပြောခဲ့တယ်ပေါ့လေ။ ရှင်တော်တော် လူလည်ကျပါလား ကိုသက်ဝေ"



အမှန်ပင် သူသည် ဆယ်တန်းစာမေးပွဲဖြေဖို့ ဆရာမကို ပြောခဲ့သည်။

ယခုချိန်တွင် ဆယ်တန်းဖြေဖို့ ဖောင်များပိတ်ခါနီးပြီ။ သူ့စိတ် ထဲက လိုလိုလားလား ဖြေချင်စိတ်ရှိနေပါပြီ။ သူသာဖြေမည်ဆိုလျှင် ကျိန်းသေပေါက်အောင်မည်ဆိုတာလည်း သူသိသည်။

ယခုလို ဘာမဟုတ်တဲ့ကောင်နှင့် ဆရာမ ချစ်သူတွေဖြစ် သွားလျှင် ဤပတ်ဝန်းကျင်က သူ့ကို 'အနူလက်နဲ့ ရွှေခွက်နှိုက်တယ်'၊ 'အမဲရိုးက ဟင်းအိုးမှ အားမနာ' ဟု အမျိုးမျိုးမျိုး ကဲ့ရဲ့ပြစ်တင်ကြ ပေလိမ့်မည်။

ဆရာမကိုလည်း ဘယ်လိုကောင်ကိုများ ဘယ်လိုမျက်လုံးနှင့် ကြည့်ကြိုက်လဲဟု ကဲ့ရဲ့ပြစ်တင်မှာမျိုး အဖြစ်မခံနိုင်ပါ။

အသက်အရွယ်ကွာခြားမှုကိုတော့ သူ ဘယ်လိုမှ မတတ်နိုင် ချေ။

သူ့အမေကို ဘာလို့ နောက်ကျမှမွေးလာရသလဲဟု အပြစ် တင်၍မရသလို ဆရာမရဲ့အမေအား ဘာကြောင့် စောမွေးရသလဲဟု ပြော၍ မရပေ။ အသက်အရွယ်ကွာခြားမှုသည် ပမာနမဟုတ်၊ နား လည်မှုသာ အဓိက ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အထပ်ထပ်အခါခါ စဉ်းစားပြီးမှ ဒီစကားကို ပြောခဲ့တာပါ ဆရာမ။ အလွယ်တကူပြောလိုက်တာလည်း မဟုတ်ပါဘူး။ ဆရာမကလွဲရင် ကျွန်တော် ဘယ်မိန်းကလေးကိုမှ ချစ်ကြိုက်လို့ ရတော့မှာမဟုတ်တာလည်းသေချာတယ်။ ကျွန်တော်ချစ်တဲ့သူက ဟောဒီတစ်မိုးအောက်မှာ ဆရာမတစ်ယောက်ပဲ ရှိတာပါ။ ကျွန်တော့်ကို တစ်ခုခုပြောဦးလေ ဆရာမ"

ဘာမှမပြောဘဲ ငြိမ်သက်နေသော ဆရာမကိုကြည့်၍ သူ အားမလို အားမရနှင့် မေးမိသည်။ ဆရာမက သူ့ကို လုံးဝမော့မကြည့်ဘဲ –

"ခက်တယ်ကိုသက်ဝေ။ အခုလိုစကားမျိုး ဘယ်တုန်းကမှ မတွေးခဲ့မိတော့ ဘာမှ မစဉ်းစားတတ်အောင်ပါပဲ။ ကျွန်မ ကိုသက်ဝေကို မောင်လေးတစ်ယောက်လို၊ မိတ်ဆွေတစ်ယောက်လို ရင်းနှီးခဲ့တာလေ။ အခုလို ဆန်းဆန်းပြားပြားဆိုတော့ ကျွန်မ ဘယ်လိုပြောရမလဲ မသိတော့ပါဘူး"

"ဆရာမ ကျွန်တော့်ကို မုန်းနေသလား"

"အို မဟုတ်တာ"

သူ့ရဲ့အမေးစကားကို ဆရာမက ကပျာကယာ ခေါင်းယမ်း၍





တုံ့ပြန်လေသည်။ ဆရာမပြောသကဲ့သို့ လွန်ခဲ့သောရက်များနှင့် ယခုနေ့ရက်ရဲ့ ဆက်ဆံရေးမှာ လုံးလုံးလျားလျား မတူညီတော့ပါ။

အရင်တုန်းက ဆရာမသည် ဘာမဆို ပွင့်ပွင့်လင်းလင်း ရယ်မောလျက် လူတစ်ယောက် ဘယ်လိုစကားကို ဘယ်လိုအဓိပ္ပာယ်မျိုးနှင့် ပြောသလဲ သရုပ်မခွဲတတ်ပါ။

ယခုတော့ သူ ဘယ်လိုအဓိပ္ပာယ်နှင့် ပြောသလဲဟု စူးစမ်းသောအကြည့်နှင့် ကြည့်နေသည်။

"ဒါဆို"

"နေပါဦး ကိုသက်ဝေ။ ကိုသက်ဝေပြောခဲ့တဲ့စကားတိုင်းကို ကျွန်မ နားထောင်ပေးခဲ့တယ်။ ကျွန်မပြောမယ့်စကားတွေကိုလည်း ကိုသက်ဝေ ဂရုတစိုက် နားထောင်စေချင်တယ်။ မမုန်းဘူးဆိုတာ ချစ်လို့မဟုတ်လား မမေးပါနဲ့နော်။ မမုန်းဘူးဆိုတာနဲ့ ချစ်တယ်ဆိုတာ တခြားစီပါပဲ။ ကိုသက်ဝေက ငယ်ပါသေးတယ်။ ကိုယ့်ကိုယ်ကိုယ် သေချာဖို့ ကိုသက်ဝေကြိုးစားလိုက်ပါဦး။ အနေနီးစပ်လို့ ချစ်တယ်ထင်ပေမယ့် အနေဝေးတော့လည်း သွေးအေးသွားတာ မမှတ်ပဲ ကိုသက်ဝေ"

ဆရာမ၏မျက်နှာသည် လေးနက်တည်ကြည်နေသည်။



www.burmeseclassic.com

သူ့ကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနေပြန်သည်။

ခက်တာက သူ ဆရာမကို ချစ်တယ်ဆိုတာ လုံးဝသေချာသည်။

မည်သည့်နည်းနှင့် စမ်းသပ်ရဦးမည်နည်း။

"ကျွန်တော်မသိလို့ မေးချင်တယ်။ စိတ်မရှိပါနဲ့ ဆရာမ။ အခု ဆရာမပြောနေတာတွေက ဆရာမမှာ ကျွန်တော့်အရင် ချစ်ကြိုက်နေတဲ့လူ ရှိနေလို့လား။ အဲဒါကို ပြောဖို့ အားနာနေလို့လား"

"မဟုတ်ပါဘူး ကိုသက်ဝေ။ ကျွန်မ ဘယ်သူ့ကိုမှလည်း မစဉ်းစားရသေးပါဘူး။ မိန်းကလေးတော်တော်များများက ကိုယ့်ကို ချစ်ရေးဆိုလာရင် စဉ်းစားဦးမယ်ဆိုပြီး ပြောလေ့ရှိတယ်။ ကိုသက်ဝေကို ကျွန်မ အဲဒီလိုမပြောချင်ဘူး။ ကိုသက်ဝေက အသက်ငယ်သေးတယ်"

"မဟုတ်သေးဘူး ဆရာမ။ ဆရာမ ရှင်းပြလေလေ ကျွန်တော် နားမလည်လေလေပဲ။ ဆရာမက ကျွန်တော် ဆယ်တန်းမအောင်လို့လား။ ဆရာမထက် အသက်ငယ်လို့ လှည့်ပတ်ပြောနေတာလား"

"လှည့်ပတ်ပြောနေတာလားဆိုတဲ့စကားနဲ့ ကျွန်မရဲ့





စေတနာကို ကိုသက်ဝေ မစော်ကားပါနဲ့။ အခုပြောနေတာက ကျွန်မအတွက် မဟုတ်ဘူး ကိုသက်ဝေအတွက် ပြောနေတာ နားလည်သဘောပေါက်စမ်းပါ"

သူ့စကားကြောင့် ဆရာမ အတော်လေး ဒေါသဖြစ်သွားဟန်တူသည်။

စိတ်လိုက်မာန်ပါ အော်ပြီးမှ သက်ပြင်းချလိုက်သည်။ သူ့ဘက်ကို လုံးဝလှည့်မကြည့်တော့ချေ။

"ကိုသက်ဝေ ငယ်ပါသေးတယ်။ အချစ် အချစ် တစ်ချစ်တည်း ချစ်နေလို့ ဘဝဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး။ တကယ့်ဘဝ အရေးမှာ အချစ်က အရေးပါမှုနည်းတယ်"

"ဒါပေမဲ့ အချစ်ရှိမှ ဘဝရှိမယ်ဆိုတာကကော"

သူ့အမေးကြောင့် ဆရာမရဲ့နှုတ်ခမ်းဖျား၌ လှောင်သလိုလို ပြောင်သလိုလိုအပြုံး ခိုတွဲသွားကာ –

"ဒါပေါ့လေ၊ ကိုသက်ဝေတို့လို လူငယ်တွေပဲ ပြောတာပါ။ အချစ်ရှိမှ ဘဝရှိမယ်ဆိုတဲ့စကား အတွေ့အကြုံ၊ အသက်အရွယ်ရှိတဲ့ သူတွေကတော့ ဒါကို လုံးဝလက်ခံမှာမဟုတ်ဘူး။ နောက်ပြီး ကိုသက်ဝေနဲ့ကျွန်မက အသက်အရွယ်ကွာတယ်။ အိမ်ထောင်တစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးက အသက်အရွယ်ကြီးရင် ကိစ္စမရှိပေမယ့် မိန်းတလေးက အသက်ကြီးရင် ကိစ္စရှိလာပြီ"

"-------"

"အသက်အရွယ်ငယ်တဲ့ ယောက်ျားတစ်ယောက်ကို ယူထားပြီး အမြဲတမ်း နောက်ကြောင်းမအေးအောင် ပူပန်နေရတဲ့အဖြစ်မျိုးလည်း ကျွန်မ အဖြစ်မခံချင်ဘူး"

"ကျွန်တော်ဟာ အဲဒီလိုလူစားမျိုး မဟုတ်ဘူး"

"ကျွတ် ... ကိုယ့်အတွက်ပြောသလား၊ မပြောသလား ဆန်းစစ်တတ်ပါဆို"

"ကျွန်တော့်အတွက်ပြောနေတာ။ ကျွန်တော့်အတွက် ဘာပြောစရာရှိလို့လဲ။ ကျွန်တော့်လို ဆယ်တန်းမအောင်တဲ့လူတစ်ယောက်ကြောင့် ဆရာမပြောဆိုခံရမှာ ကျွန်တော် စိုးရိမ်နေချိန်မှာ ဆရာမက ကျွန်တော့်အတွက်ဆိုတော့"

"တော်ပြီ ကိုသက်ဝေ။ ဒီစကားတစ်ခွန်းတည်းနဲ့ တိုင်ပတ်မနေနဲ့တော့။ ကျွန်မ စကားတစ်ခွန်းအပြတ်ပြောမယ်။ အခု ရှင်ကျွန်မကို ပြောခဲ့တဲ့စကားကို မပြောခဲ့ဘူးလို့ သဘောထားပြီး မန္တလေးကိုပြန်သွားလိုက်ပါ။ ရှင်တစ်နေ့နေ့ ဒီကိုပြန်လာပြီး ဒီစကားကို





ပြန်ပြောခဲ့ဦးမယ်ဆိုရင် ကျွန်မ အဲဒီအချိန် စဉ်းစားပေးမယ်"

"ဟား ... ဝမ်းသာလိုက်တာ ဆရာမရယ်။ စိတ်ချ ဆရာမ ... ဘယ်အချိန်ပဲဖြစ်ဖြစ် ကျွန်တော် ဆရာမအပေါ် ချစ်တဲ့အချစ်ကတော့ ပြောင်းလဲမှာမဟုတ်ဘူး"

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ငါ စာမေးပွဲပြန်ဖြေတော့မယ် ဖိုးစိုင်း"

"ဘယ်လို ငါ နားကြားလွဲသွားတာများလား"

စိုင်းထွန်းအေးမျက်နှာကလည်း ဆရာမရဲ့မျက်နှာကဲ့သို့ တအံ့တသြ ဖြစ်သွားတာကို တွေ့ရသည်။

"ဟုတ်တယ် ဖိုးစိုင်း ... ငါ စာမေးပွဲပြန်ဖြေမယ်။ စဉ်းစားထား တာကတော့ကြာပြီ။ သေချာပြီဆိုမှပြောတာ။ ငါ မန္တလေး သွားခဲ့ရင် ကျောင်းသားတွေကို မင်း ငါ့နေရာမှာဝင်ပြီး သင်ပေးကွာ နော်"





"အဲဒါက ကိစ္စမရှိပါဘူးကွာ။ ဒီလောက်ကောင်းတဲ့ သတင်း ထူးကို ဘာလို့ အခုမှ ပြောရတာလဲ၊ မင်း သိပ်ဆိုးပါလား သက်ဝေ ရာ"

စိုင်းထွန်းအေးက သူ့လက်မောင်းကို ခပ်ဖွဖွထိုး၍ စိတ်တို သလို ပြောလေသည်။

တကယ်တော့ စိတ်မဆိုးကြောင်း ပြုံးနေတဲ့သူ့မျက်နှာက သက်သေခံနေလေသည်။

"ဒါပေမဲ့ ... ငါ ဆယ်တန်းကျကတည်းက စာနဲ့အဆက် အသွယ်ပြတ်နေတာဆိုတော့ ငါ အောင်ပါ့မလား စိုးရိမ်တယ်ကွာ"

"ဘာစိုးရိမ်စရာရှိလို့လဲ သက်ဝေရာ။ ဝိရိယအရာမှာ ကိုယ် ရှေ့သာဓကပြုစရာ၊ စံပြုစရာ ပုဂ္ဂိုလ်တွေ ရှိနေတာပဲ။ လွယ်လွယ်နဲ့ ဥပမာပေးရရင် ပုဂံခေတ်က ဦးကြင်ဥ၊ ဦးကျည်ပွေ့ကိုပဲကြည့်။ မင်း ထက် အဆပေါင်းများစွာ အသက်ကြီးတယ်။ မင်းကဖြင့် စာတွေကျက် မှတ်ခဲ့ရသေးတယ်။ အဲဒီဦးကျည်ပွေ့ဆို အသက်ခြောက်ဆယ်အရွယ် ထိ စာမတတ်ခဲ့ဘူး"

"ဟုတ်လား"

"ဒါပေမဲ့ ဘုရင့်ရဲ့ လှောင်ပြောင်သရော်မှုကို မခံချင်စိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလိုက်တာ ဦးကျည်ပွေ့ အတက်ပေါက်ပြီလို့တောင် နာမည်ကျော်ခဲ့တယ်"

ထို့နောက် သူသည် ဆံရာမနှင့်ပတ်သက်သမျှကို တစ်လုံးမကျန် စိုင်းထွန်းအေးအား ပြန်ပြောပြလိုက်သည်။ စိုင်းထွန်းအေးက ငြိမ်သက်နေသဖြင့် –

"မင်း ငါပြောတာတွေ နားကောထောင်နေရဲ့လား ဖိုးစိုင်း"

စိုင်းထွန်းအေးက မျက်တောင်ခတ်၍ ခေါင်းတညိတ်ညိတ်လုပ်ရင်း –

"နားထောင်နေပါတယ် သက်ဝေ။ ဒီလိုဆိုရင် ဆရာမက မင်းပြောတဲ့စကားတွေကို အယုံအကြည်မရှိတဲ့သဘောရှိရဲ့။ ဒါကြောင့် ပြန်လာခဲ့မယ်ဆိုရင် စဉ်းစားပေးမယ်လို့ ပြောတာပေါ့"

"အဲဒီလိုသဘော သက်ရောက်သွားသလား"

"ဒါပေါ့ သူငယ်ချင်း။ အဲဒီလိုသက်ရောက်သွားတယ်။ မင်းကို ကြည့်ပြီး ငါတစ်ခုစဉ်းစားမိတယ်။ ငါ့စကားကိုလည်း ဆရာမ ယုံကြည်လက်ခံပေးမှာ မဟုတ်လောက်ဘူး။ မင်း ဘယ်လိုစဉ်းစားထားသလဲ ပြောပါဦး"

"ဆရာမက ကတိတည်မယ့်လူတစ်ယောက်လို့ ငါထင်တယ်





ဖိုးစိုင်း။ ဒါကြောင့် ငါ ဒီနှစ်စာမေးပွဲပြန်ဖြေမယ်။ အောင်ကိုအောင်ရမယ်လို့လည်း ငါအာမခံတယ်။ ဆရာမက ငါသွားပြီး ပြန်မလာတော့ဘူး ထင်လို့ပြောတာ။ စိတ်ချ ငါ ရောက်အောင်ပြန်လာခဲ့မယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဖိုးစိုင်း"

သူ စကားစဖြတ်လိုက်သဖြင့် စိုင်းထွန်းအေးက သူ့ကိုမော့ကြည့်သည်။

စိုင်းထွန်းအေးသည် သူ့အပေါ် သူငယ်ချင်းကောင်းပီသခဲ့တာကို နေခဲ့သည့်အတောအတွင်းမှာ သူသိခဲ့ပြီးပြီ။

"မင်း ဘာတွေစဉ်းစားနေတာလဲ သက်ဝေ။ ဆက်ပြောလေ"

"ငါ ဆရာမကို ဖွင့်ပြောပြီးပြီဆိုတော့ မင်းလည်း ဖွင့်ပြောဖို့ကျန်သေးတယ်။ ဘာ ခေါင်းယမ်းနေတာလဲ ဖိုးစိုင်း။ အချစ်နဲ့စစ်မှာ တရားမျှတဖို့လိုတယ်လို့ မင်းပြောခဲ့တာ မဟုတ်လား။ အခု ဆရာမက ငါ့ကို ဒီလို ကြိုးရှည်ရှည်နဲ့ လှန်ထားခဲ့ပေမယ့် မင်းရဲ့စကားကို လက်ခံပေးချင် လက်ခံပေးလိမ့်မယ်။ ဒီအတွက် မင်းစိတ်ထဲမှာ ငါ့ကို အားနာတာ၊ မျက်နှာပူတာ ဘာမှဖြစ်စရာမလိုဘူး။ အခါက မင်းပြောခဲ့သလို ဆရာမရဲ့ဆုံးဖြတ်ချက်ပဲ။ မင်းဖြစ်စေ ငါဖြစ်စေ ဘယ်သူ့ကိုရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



သွားသွား ကြည့်ဖြူကြေးဆို။ မင်းမှာတော့ အဲဒီအတွေးရှိပြီး ငါ့မှာကော ရှိခွင့်မရတော့ဘူးလား ဖိုးစိုင်း။ ငါသွားရင် ဆရာမကို ဖွင့်ပြောပါ့မယ် လို့ ဆိုတဲ့ကာတိ ငါလိုချင်တယ် သူငယ်ချင်း"

သူ့စကားများက ယတိပြတ်ဖြစ်နေသည်။ စိုင်းထွန်းအေးက သူ့မျက်နှာကို အကြာကြီးစိုက်ကြည့်နေသည်။

သူကိုယ်တိုင် စိုင်းထွန်းအေးထံမှ အကြည့်မလွှဲမိချေ။ ထိုစဉ် စိုင်းထွန်းအေးသည် သူ့ရဲ့ပခုံးကို ခပ်ဆတ်ဆတ်ပုတ်ကာ –

"စိတ်ချ သူငယ်ချင်း"

သူတို့နှစ်ယောက် လက်ဖဝါးချင်းရိုက်လိုက်သည်။

ပြီးတော့ သူတစ်ယောက်တည်း အိပ်ခန်းထဲဝင်လာတော့ စိုင်းထွန်းအေးက နောက်မှလိုက်လာရင်း–

"ဘာတွေ ပျာယာခတ်နေတာလဲ သက်ဝေ"

တန်းပေါ်မှ သူ့ရဲ့အဝတ်အစားများကို သူယူလာသည့် ကျောပိုးအိတ်ထဲသို့ လုံးထွေးထည့်နေသဖြင့် စိုင်းထွန်းအေးက နားမလည်သလို မေး၏။

"ငါ ဒီနေ့ မန္တလေးဆင်းမယ် ဖိုးစိုင်း"

"ဟ . . . မင်းရူးနေသလား သက်ဝေ။ အဲဒီလောက် အလော





သုံးဆယ်ဖြစ်ဖို့ မလိုဘူးလေကွာ။ လက်မှတ်လည်းမဖြတ်ရသေးဘူး။ မနက်ဖြန်မှ ပြန်လည်းရရဲ့သားနဲ့ ဘာတွေစောလာနေတာလဲ။ ခိုင်းမခဆင့် ဗုံမဆင့်ကြီးကွာ"

"လောတာမဟုတ်ဘူး သူငယ်ချင်း။ ဒီချိန် (RTC) ဘက်က ကားစီးရင်ရတာပဲ၊ စောပါသေးတယ်။ ဒီချိန် ကားလည်း ပေါပါတယ် ကွာ"

သူ့စကားများကို စိုင်းထွန်းအေးသည် လက်မခံနိုင်သည့်ဟန်နှင့် ခေါင်းတယမ်းယမ်း ဖြစ်နေလေသည်။

ယခု အိမ်တွင် ဦးရွှေကော၊ အမေနန်းပါ မရှိ။ အလှူအိမ် သွားနေကြသည်။ ဘာမှမပြောဘဲ ပြန်လျှင် ပြဿနာဖြစ်၍ ပြန်သည် ထင်ပေလိမ့်မည်။

သက်ဝေ ဘာကြောင့် ဖုတ်ပူမီးတိုက်ဖြစ်နေသလဲ ဆိုတာ တော့ သိမည်မဟုတ်။ စိုင်းထွန်းအေး စိတ်ထဲ မနေ့က ဆရာမနှင့် သက်ဝေပြောခဲ့သည့် စကားများမှာ ယခု ပြန်ပြောပြသည်မှာ အကျ အစင်ကော ဟုတ်ရဲ့လား။

မိမိစိတ်မချမ်းသာဖြစ်စေမည့် စကားများကိုရှောင်၍ ပြောခြင်း လား။ ဆိုလိုသည်က သက်ဝေအား ဆယ်တန်းမအောင်၍ လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူးဟု ခါးခါးသီးသီးပြောသောကြောင့် စိတ်နာပြီး စာမေးပွဲကို ပြန်ဖြေဖို့ ဆုံးဖြတ်လိုက်ခြင်းကော မဖြစ်နိုင်ဘူးလား။

စိုင်းထွန်းအေးသည် ခေါင်းကို တဖျင်းဖျင်းနှင့် ကုတ်ကာ–

"ဒါနဲ့ မင်း ဆရာမကို နှုတ်မဆက်တော့ဘူးလား"

စိုင်းထွန်းအေးရဲ့ အမေးစကားများကြောင့် အဝတ်အစားများကို စုပြုံထည့်ထားသော ကျောပိုးအိတ်ဇစ်ကို ဖိသိပ်ဆွဲနေရာမှ သူ့လှုပ်ရှားမှုများ အနည်းငယ် တုံ့နှေးသွားသည်။

သို့သော် တဒင်္ဂသာဖြစ်၏။ ကျောပိုးအိတ်ကြိုးတစ်ဖက် အတွင်းသို့ လက်လျှိုသွင်းကာ -

"နှုတ်မဆက်တော့ပါဘူး ဗိုးစိုင်းရာ။ တစ်သက်လုံး ပြန်မတွေ့တော့မယ့် လူတွေကျနေတာပဲ။ ငါသွားမယ်ဆိုတာ ဆရာမလည်း သိနေတာပဲ။ နေးတာနဲ့ မြန်တာပဲ ကွာတယ်။ ငါသွားမယ်။ လိုက်ပို့ဖို့ ပြင်မနေနဲ့။ သွားပြီသူငယ်ချင်း။ ငါ မန္တလေးက ပြန်ရောက်မှ တွေ့ကြတာပေါ့"

သူ့ခြေလှမ်းများမှာ ပေါ့ပါးနေသည်။

အမှန်တကယ်လည်း သူ့မှာ ဆရာမကို နှုတ်ဆက်ဖို့ ဆန္ဒမရှိပါ။ နှုတ်ဆက်ခြင်းဆိုသည်မှာ မကောင်းသောအတိတ်နိမိတ်





ဖြစ်သည်ဟု သူ ယူဆထားသောကြောင့် ဖြစ်သည်။

လူတို့သည် မိမိ၏ ကံကြမ္မာကိုသာမက လူသားအားလုံး၏ ကံကြမ္မာကိုပါ မမြင်နိုင်ချေ။

လူဆိုသည်မှာ မိမိဖြစ်ချင်တာထက် ကံကြမ္မာဖြစ်ချင်တာကို လိုက်ပါသရုပ်ဆောင်ပေးနေရသည့် အရုပ်များဆိုလျှင်လည်း မမှားချေ။ လောက၌ ဒီနေ့ဘာဖြစ်မလဲ၊ မနက်ဖြန် ဘာဖြစ်မလဲ ကြိုတင်ခန့်မှန်း၍ မရ။ ကြိုတွေးထားသည့်အတိုင်း ဖြစ်လာချင်မှ ဖြစ်လာမည်။

ထို့ကြောင့်လည်း အခြေအနေပေးနေသောအချိန်တွင် လုပ်စရာရှိသည်များကို တဖွတ်ထိုးလုပ်ကိုင်ခြင်းသည် အရာရာနှင့် မသင့်တော့တဲ့အချိန်မျိုး၌ စဉ်းစားချင့်ချိန် ဝေဖန်လုပ်ကိုင်ခြင်းထက်ပို၍ အကျိုးသက်ရောက်မှု ရှိသည်ဟု တချို့က လက်ခံကြသည်။

သို့သော် မဆင်မခြင် တွေးတောမှု၊ မဆင်မခြင် ဆုံးဖြတ်မှု၊ မဆင်မခြင် လုပ်ကိုင်မှုများသည် ဘဝတစ်ခုလုံးကို ပျက်စီးစေနိုင်သည် ဆိုသော စကားကိုတော့ မေ့ထား၍ မရပေ။

မမြင်နိုင်သော အနာဂတ်တွင် လူတို့ဘဝအား အပြောင်းလဲကြီး ပြောင်းလဲနိုင်သည်။ ထိုပြောင်းလဲခြင်းသည် ကောင်းသော ပြောင်းလဲခြင်းလား၊ ဆိုးသောပြောင်းလဲခြင်းလား ဆိုတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝံ့ီးသူ ကံဇာတ်ဆရာကသာ သိပေလိမ့်မည်။

သူ (RTC) ရှေ့တွင် ကားစောင့်ရင်း အတွေးဝက်ပါထဲ ချာချာလည်နေခြင်းဖြစ်သည် သူတွေးနေသည်မှာ အတော်ကြာနေပြီ။

ကားများက ခုထက်ထိ ရောက်မလာသေးချေ။ မနက်အစော ကြီး မဟုတ်ပေမယ့် နေရောင်ခြည်သည် နှင်းများရစ်သိုင်းထားသဖြင့် ထိုးမထွက်နိုင်ချေ။ တောင်ထိပ်တွင် မြူနှင်းများ ဝိတ်ဝိတ်ဖုံးလျက် ရှိသည်။

အမှန်တော့ ဤအချိန်တွင် မန္တလေးကားများ ဝင်စပြုနေချိန် ဖြစ်ပြီး ပြန်ထွက်ဖို့မှ အတော်လေးလိုသေးသည်။

ဘာကြောင့် အလျင်စလို ထွက်လာခဲ့မိသလဲ ကိုယ့်ကိုယ် ကိုယ်တောင် နားမလည်။

ဟော ရှေ့မှာ အဖြူရောင်လိုက်ထရပ်တစ်စီး လာနေသည်။

သူ ကားလမ်းထက် အနည်းငယ်တိုးကာ လက်ပြတားလိုက် မိ၏။ ကားလေးသည် သူ့အနီးသို့ ညင်သာစွာရပ်လိုက်သည်။

"မန္တလေးရောက်မလား အစ်ကို"

ကားသမားက ခေါင်းယမ်းကာ –

"ဒို့တန့်ယန်းကို သွားမှာဗျ"





"ဪ . . . တောင်းပန်ပါတယ်နော်။ ကျွန်တော်က မန္တလေး သွားမယ်မှတ်လို့"

သူ နောက်သို့ဆုတ်လိုက်သောအခါ ကားက မောင်းထွက် သွားသည်။

သူ နောက်ထပ်လမ်းဘက်သို့ မျှော်ကြည့်နေစဉ် အဖြူရောင် ဗင်ကားတစ်စီး သူ့ရှေ့သို့ ထိုးရပ်လိုက်သည်။ သူ ကားထဲသို့ စူးစမ်း သလိုကြည့်လိုက်သောအခါ –

"ဟင်"

✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မန္တလေးပြန်မလို့ ဟုတ်လား ကိုသက်ဝေ"

"ဟုတ်တယ် ကိုကျော်ခေါင်၊ အပြီးပြန်တာတော့ မဟုတ်ပါဘူး"

ကားပေါ်တွင် သူရယ်၊ ခွန်ကျော်ခေါင်ရယ်၊ ကားဆရာရယ်သာ ပါဝင်သည်။

ကားက မန္တလေးသို့ တိုက်ရိုက်ရောက်မည့်ကားဖြစ်ပြီး ခွန်ကျော်ခေါင်က ကျောက်မဲတွင် ဆင်းနေမည့်သူ ဖြစ်သည်။

ခွန်ကျော်ခေါင်သည် သူနှင့် အသက်မတိမ်းမယိမ်းဖြစ်ကာ





သူက အနည်းငယ် ငယ်နိုင်သည်။ ထို့ပြင် သူထက် ပို၍ ရင့်ကျက်တည်ငြိမ်သည့်အသွင်ကိုလည်း တွေ့မြင်နိုင်သည်။

"ဪ . . . ဒါနဲ့ ကိုကျော်ခေါင်လည်း ကျောင်းဆရာ တစ်ယောက်ဆိုတာ ဟိုနေ့ညက ပြောလိုက်သံကြားတယ်နော်"

သူ့စကားကြောင့် ခွန်ကျော်ခေါင်က ပြုံးသည်။

"တကယ်တော့ ကျွန်တော်တို့က ဆရာမည်ကာမတ္တပါ ကိုသက်ဝေလင်း"

ခွန်ကျော်ခေါင်၏စကားမှာ ဘာကိုဆိုလိုမှန်း သူ သိပ်နားမလည်ချေ။

ထို့ပြင် . . . ဘာမှမပြောဘဲ ငြိမ်သက်နေသဖြင့် သူလည်း အလိုက်တသိဖြင့် ပတ်ဝန်းကျင်သို့ အကြည့်ကို ပို့ထားလိုက်သည်။

မြို့ပြင် မယ်ဟန်ရွာသို့ ကားက ဖြတ်ကျော်လာခဲ့သည်။

လမ်းဘေးဝဲယာ၌ အိမ်ခြေများ စိပ်သည်။ တိုက်ခံအိမ်များ ပေါသည်။

သို့သော် လမ်းဘေးတွင်သာ အိမ်ခြေစိပ်ပြီး အထဲဘက်သို့ ကျလေလေ အိမ်ခြေကျဲလေလေ ဖြစ်သည်။

ဟိုးနောက်ဘက်တွင် လယ်ကွက်များ၊ ခိုက်ခင်းများသာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ဒီဘက်နောက်ဘက်ခပ်ကျကျတွင် ဖရဲသီးစိုက်ခင်း ကျယ်ကြီးများ ရှိသည်။

ကြက်သွန်ဖြူခင်းများမှာလည်း မြကမ္ဗလာကဲ့သို့ စိမ်းစိုလျက် ရှိလေသည်။ အဝေးက လှမ်းကြည့်လျှင် စပါးခင်းလိုလိုနှင့် အပင် သန်သည်။

လမ်းက အကွေ့အကောက်များ အနည်းငယ် စတင်လာ သည်။ တန့်ယန်းလမ်းခွဲအနီးသို့ရောက်လာသောအခါ ကားသည် ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်သွားကာ ခွန်ကျော်ခေါင်တစ်ယောက်တည်း ဆင်းသွားလေသည်။

ကားသမားက –

"ဆရာ ... အညောင်းပြေ ခဏဆင်းချင်ဆင်းလို့ ရတယ် နော်"

ဆိုသောကြောင့် သူလည်း ကားပေါ်က ဆင်းလိုက်သည်။ ဒီဘက်အပိုင်းမှာတော့ တန်တာလျားရှည်လျားသော ပြောင်းခင်းများသာ ရှိတော့သည်။

ခွန်ကျော်ခေါင်လာနေသည်ကို မြင်သဖြင့် သူ ကားပေါ် ပြန်တက်လိုက်သည်။ မြို့အထွက်သို့ရောက်ပြီမို့ ကားအရှိန်က





အနည်းငယ် မြန်လာသည်။ ယခုတော့ သစ်ပင်တော်တောင်များမှအပ မည်သည့်အိမ်ခြေကိုမှ မတွေ့ရတော့ချေ။

"စောစောက ကျွန်တော်ပြောလိုက်တဲ့စကားကြောင့် ကိုသက်ဝေလင်း နားရှုပ်သွားတယ်ထင်တယ်"

သူ နှုတ်ဖြင့် ဘာမှမပြောသော်လည်း ခေါင်းညိတ်ပြလိုက် သည်။

"ကျွန်တော်စာသင်တဲ့ရွာလေးက အရမ်းခေါင်တယ် ကိုသက် ဝေလင်း။ ကျွန်တော်တာဝန်ကျတဲ့ရွာလေးက နမ့်ဆန်မြို့အနီးက တောင်ကျော်ရွာတဲ့"

"လက်ဖက်မြို့တော် နမ့်ဆန်ကို ပြောတာလား"

"ဗျာ ... လက်ဖက်မြို့တော် ဟုတ်လား။ သိပ်ကောင်းတဲ့ စကားလေးပဲ။ ကျွန်တော် အဲဒီစကားကို သဘောကျလိုက်တာ။ ဟုတ် တယ် နမ့်ဆန်က လက်ဖက်တောင်ရှိတဲ့အရပ်ပဲ။ ဒါပေမဲ့ ... ကျွန် တော်က ပလောင်လူမျိုးတော့ မဟုတ်ဘူးနော်။ ပအိုဝ်းတိုင်းရင်းသား ဗျ။ ငယ်ငယ်ကတည်းက နမ့်ဆန်မှာ ကြီးတော့ ပလောင်တိုင်းရင်းသား လို့တောင် ဆိုနိုင်ပြီလေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တိုင်းရင်းသား တွေက မြန်မာနိုင်ငံဆိုတဲ့ မိခင်က မွေးဖွားလာတဲ့ တစ်မိသားပေါက်



www.burmeseclassic.com

www.burmeseclassic.com



မွေးချင်းမောင်နှမတွေလို့တောင် ကျွန်တော်က တင်စားလိုက်ချင်တယ်ဗျာ”

လှိုက်လှိုက်လှဲလှဲပြောလိုက်သော ခွန်ကျော်ခေါင်ရဲ့စကားကြောင့် သူ့စိတ်ထဲတွင် အမှတ်မထင် ကဗျာတစ်ပုဒ် စဝ်လိုက်မိသည်။ နှုတ်ကလည်း –

“မြန်မာဆိုတာ
ကရင်ကယား၊ ကချင်များနှင့်
ချင်းအားထည့်ပေါင်း၊ မွန်ထပ်လောင်းကာ
ရှစ်သောင်းရခိုင်၊ ရှမ်းများမြိုင်၍
ဗမာလှိုင်လှိုင်ပေါ်သည့် တိုင်အောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု
မှတ်တွင်ခေါ်၏”

“လုံးဝအနှစ်သာရရှိတဲ့ ကဗျာပဲ။ ကိုသက်ဝေလို လူတော်တစ်ယောက်နဲ့ ခင်မင်ခွင့်ရတဲ့အတွက် ကျွန်တော် ကံကောင်းပါတယ်”

“ကျွန်တော် မတော်ပါဘူးဗျာ။ ညံ့လို့တောင် စာမေးပွဲကျခဲ့တာပဲကြည့်။ ဒီလောက်နဲ့ ချီးမွမ်းဖို့မသင့်ပါဘူး”

“ကိုသက်ဝေဆိုချင်တာက ဆယ်တန်းအောင်မှ၊ ဘွဲ့ရမှ





လူတော်လို့ ဆိုချင်တာလား။ လောကမှာ အတန်းပညာချို့တဲ့ပေမယ့် အသိပညာရှိလို့ ကောင်းနေတဲ့ လူကောင်းတွေ ရှိနေတာကော အသိအမှတ် မပြုတော့ဘူးလား”

ဟော . . . လူတော် လူကောင်း။

သူ ဒုတိယအကြိမ် ကြားလိုက်ရပြန်ပြီ။ ခွန်ကျော်ခေါင်တော့ လူတော်နှင့်လူကောင်းကို သူနားလည်သလို အဓိပ္ပာယ်ဖွင့်သွားခဲ့သည်။

“တကယ်တမ်းပြောရရင် ကျွန်တော်က အခြေအနေအကြောင်းတရားအမျိုးမျိုးကြောင့် ဆယ်တန်းစာမေးပွဲ မအောင်မြင်ခဲ့ဘူး ကိုသက်ဝေ။ ဒါပေမဲ့ ကျွန်တော် စိတ်ဓာတ်မကျဘူး။ အသိပညာအတတ်ပညာဆိုတာ သင်ယူလို့မကုန်တဲ့အရာပါ။ ပညာဆိုတာ ဘာမှန်းမသိ၊ ရိုးသားတဲ့ တောသူတောင်သားတွေကို ကိုယ်သိသလောက်ပညာဖြန့်ဝေခွင့်ရတာကို ကျွန်တော် ဂုဏ်ယူတယ်။ လက်ရှိ ကျွန်တော့်ဘဝကို ကျွန်တော် ကျေနပ်တယ်။ စာမေးပွဲမအောင်တာ တစ်ခုတည်းနဲ့ လူဖြစ်မရှုံးတာကို သက်သေပြနိုင်ရင်တော်ပြီ။ အဲ တစ်ခုတော့ရှိတယ်။ ကိုယ် ဘာမှမဟုတ်တာ ကိုယ့်ကိုယ်ကိုယ် သိတယ်။ အဲဒါကိုငါ ဘာကောင်ကွလို့တော့ လက်မ မထောင်မိစေနဲ့၊ အကျုံးဝင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



အားမာန်ပါလှသည့် ခွန်ကျော်ခေါင်၏စကားများကို နား ထောင်ရင်း သူ ကြက်သီးများ တဖျန်းဖျန်းထအောင် ကျနစ်သွားခဲ့ သည်။

ကြည်နူးသွားသည်။

ထို့ပြင် ဗမာတစ်ယောက်လောက် အသိဉာဏ်မကြွယ်တဲ့ တိုင်းရင်းသားတစ်ယောက်က သူ့၌ရှိသော အသိဉာဏ်၊ ပညာဉာဏ်ဖြင့် သူ့ကိုယ်ကျိုးမငဲ့ကွက်၊ အများကောင်းကျိုးထဲ၌ ပျော်နေတာကိုမြင်ပြီး ရဲရဲဝံ့ဝံ့မှ မကြည့်ရဲသည့်အဖြစ်။

သူကကော လူတော်နှင့်ပတ်သက်၍ လည်းကောင်း၊ လူကောင်းနှင့်ပတ်သက်၍ လည်းကောင်း မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆို ဖို့ စဉ်းစားမိခဲ့ပြီလဲ။

"ကျွန်တော်စာသင်နေတဲ့ တောင်ကျော်ဆိုတဲ့ ပလောင်ရွာ လေးက ရထားလမ်းမပေါက်၊ ကားလမ်းမပေါက်တဲ့ ရွာလေးပါ ကို သက်ဝေ။ အတန်းပညာကို ဘယ်သူမှ ဟုတ်တိ ပတ်တိ မတတ်ကြ ရှာဘူး။ ရွာကျောင်းဆိုတာကလည်း အမိုးမလုံတဲ့ တဲကျောင်းလေးပါပဲ၊ အနေဆင်းရဲ အစားဆင်းရဲတော့ အဝေးက တာဝန်ကျတဲ့ ဆရာ ဆရာမတွေက ပြန်ပြန်ပြေးကြတယ်"





"ဪော်"

"နောက်ဆုံး ပညာတတ်တဲ့ ရွာခံလေးတွေပဲ မိဘဆရာခန့် ခန့်မယ်ဆိုတော့လည်း အလယ်တန်းလောက်တတ်တဲ့သူတောင် ခပ်ရှားရှား။ တကယ် ဆရာရှားပါးတဲ့ အရပ်ဒေသပါ ကိုသက်ဝေ။ ကျွန်တော်ပြောတာ ပိုလွန်းတယ်၊ လွန်လွန်းတယ်လို့ ကိုသက်ဝေ ထင်ကောင်းထင်မယ်။ တိုးတက်နေတဲ့ခေတ်မှာ ဒါမျိုးမရှိနိုင်တော့ဘူး လို့ မထင်ပါနဲ့၊ မတွေးပါနဲ့။ တကယ်လို့ ကိုသက်ဝေသာ ကျွန်တော်တို့ ရွာလေးကို ရောက်ရင် ဪော် ပြောတာထက်တောင် ဆိုးနေပါလားလို့ တွေးနိုင်တယ်"

ဤအရာသည် အမှန်တကယ်ဆိုလျှင် သူ ယခု လားရှိုးမြို့၌ ရင်ဆိုင်ခဲ့ရသော သင်ကြားရေးသည် ဘယ်မှာလာ ခက်ခဲနိုင်ဦးမည် နည်း။

မြို့ပေါ်၌ ဘွဲ့ရပညာတတ် လူငယ်မောင်မယ်များပေါသည်။ အချိန်မရွေး ဆရာခေါ်ယူ၍ရသည့် အရပ်ဒေသဖြစ်သည်။

ငွေရေးကြေးရေးအားဖြင့် နည်းပါးသည်ဟု ဆိုငြား ယခုလို ရွာများလောက်တော့ ရှားပါးမှာ မဟုတ်တာကလည်း သေချာပါသည်။

ယနေ့ခေတ် မြန်မာနိုင်ငံတော်တွင် ဘွဲ့ရပညာတတ်များ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်များလွှန်းလှပါသည်။

နိုင်ငံတော်က ဘာကြောင့် ဘွဲ့ရလူငယ်များအတွက် အလုပ်မပေးနိုင်သလဲဟု ဘုပြောနေသူများရှိသည်။

ယခုပဲကြည့်။ ခွန်ကျော်ခေါင်ပြောနေသည့် စကားထဲတွင် ဆရာ ဆရာမတချို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကို ဖန်ပြကာ တာဝန်မှ ရှောင်ဖယ်နေကြသည်။

ကိုယ်ကျိုးအတွက်ကြည့်ပြီး ဆရာမှဲ့နေကြရသည့် ကလေးငယ်များ၏အကျိုးကို မကြည့်။ သူတို့ကိုယ် သူတို့ သနားစရာကောင်းသည်ဟု အသံကောင်းဟစ်နေသည်မှာ ကျောကော့အောင်ရိုက်ပစ်ဖို့ကောင်းနေတော့သည်။

"အမှန်အတိုင်းပြောရရင် ကျွန်တော်က စကားလုံးမကြွယ်၊ အသိမကြွယ်တော့ ကိုသက်ဝေတို့လောက်လည်း မတွေးတတ်၊ မပြောတတ်ပါဘူး။ အသိပညာ ဗဟုသုတရမယ့်စာအုပ်တွေက ကျွန်တော့်အတွက် လမ်းပြကြယ်တွေပါပဲ"

အပြုသဘောကို တွေးတတ်သူများသည် ဘဝတစ်လျှောက်မှာ ကြုံတွေ့နေရတဲ့ အဖြစ်အပျက်များအပေါ် ကောင်းတာလည်း ရှိမယ်။ ဆိုးတာလည်းရှိမယ်လို့ မြင်တတ်ကြသည်။





သူတို့သည် ဘဝကို အကောင်းဘက်က ပိုမြင်အောင် ကြည့်တတ်ကြလို့ သူတို့ရဲ့ဘဝဟာ ပိုပြီး သာယာလာတာကို တွေ့ရသည်ဟူသော စကားများမှာ ခွန်ကျော်ခေါင်နှင့် ပိုပြီးကိုက်ညီနေတာကို တွေ့ရသည်။

အကောင်းမြင်တတ်သော ခွန်ကျော်ခေါင်၏ဘဝမှာ အခက်အခဲရှိလျှင်တောင် ပျော်ပျော်နေတတ်၍ သာယာလှပနေမှာတော့ အမှန်ပင်။

"စကားကောင်းနေလိုက်တာနဲ့ မေ့တော့မလို့။ ကျောက်မဲရောက်ရင် ကျွန်တော် ဆင်းနေခဲ့တော့မယ်။ ပြီးမှ နမ့်ဆန်ကားကို တစ်ဆင့်စီးတော့မယ်"

ဘဝ၌ မစားဖူးသော အစားအစာမရှိရလေအောင် စားခဲ့ရဖူးသည်။ မဝတ်ဖူးသော အဝတ်အစားမရှိအောင် ဝတ်ခဲ့ဖူးပြီ။

မိဘများအပေါ် အလိုက်မသိလောက်အောင်လည်း ဆိုးနွဲ့ခဲ့ဖူးပြီ။ ရည်မှန်းချက်ပန်းတိုင် ကြီးကြီးလည်း ထားခဲ့ဖူးပြီ။ သို့သော် ဖြစ်မလာခဲ့ချေ။

ဖြစ်မလာခဲ့သဖြင့် တစ်လောကလုံးကို အရွဲ့တိုက်၊ ဆိုးမိုက်ရာနှင့် ရည်မှန်းချက်သည် ပြည့်မြောက်လာမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"လမင်းကို လိုချင်လို့ ထိုင်ငိုနေရင် ကြယ်တာရာလေးတွေနဲ့ လွဲတတ်တယ်" ဟူသော ဆရာမရဲ့ စကားလေးကို ပြန်ကြားယောင်ရသည်။

"လူတော်တစ်ယောက်ဖြစ်ဖို့လွယ်ပေမယ့် လူကောင်း တစ်ယောက်ဖြစ်ဖို့အတွက် အနစ်နာခံမှု၊ စွန့်လွှတ်မှုတွေ ရှိသင့် ရှိရမယ်။ ပေးဆပ်သင့် ပေးဆပ်ရမယ်။ ဘဝအတွက် ဘာမှ လေးနက်မှုမရှိတဲ့ လူတစ်ယောက်အဖြစ် နေမယ့်အစား လူတော် ဒါမှမဟုတ် လူကောင်း ဖြစ်အောင် ကြိုးစားစေချင်တယ်"

ဆိုသော အမေ့ရဲ့ဆုံးမစကားကိုလည်း နားထဲတွင် ကြားယောင်မိသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော အရပ်ဒေသက ကလေးတွေရဲ့ဘဝကို ကိုယ်ချင်းစာ မြင်ယောင်ကြည့်မိသည်။

မိမိဘဝ၌ မလုပ်ဖူး၊ မစားဖူးသည်မရှိရအောင် လုပ်ခဲ့ဖူး စားခဲ့ဖူးပြီ။ ဘာကို ထပ်မံလိုချင်ရမည်နည်း။

"ကိုကျော်ခေါင်"

သူသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်သည့်နှယ် ခွန်ကျော်ခေါင်ကို လှည့်ကြည့်ခေါ် လိုက်တော့ ခွန်ကျော်ခေါင်ကလည်း





သူ့ဘက်သို့ ပြန်လှည့်ကာ –

"ဘာပြောစရာရှိလို့လဲ ကိုသက်ဝေ။ ဪ ... ဒါက တန့်ယန်းလမ်းခွဲမှာတုန်းက ကိုသက်ဝေအတွက် ကျွန်တော် ဝယ်ခဲ့တဲ့ အချိုရည်နဲ့ မုန့်တွေ။ လက်ဆောင်ပေးချင်လို့ပါ။ နည်းတယ် များတယ် မအောက်မေ့ပဲ ကျွန်တော်ရဲ့လက်ဆောင်ကို လက်ခံပေးပါနော်"

ခွန်ကျော်ခေါင်က ကျွတ်ကျွတ်အိတ်နှင့် ထုပ်ထားသည့် အချိုရည်ဘူး၊ ပါမုန့်ထုပ်များကို ကမ်းပေးရင်း ဆိုလေသည်။

တိုင်းရင်းသားတစ်ယောက်၏ စေတနာ၊ စိတ်ရင်းမှာ ဖြူစင်လှသည်။ သူ ထိုလက်ကိုတွန်းဖယ်ကာ –

"ကျွန်တော့်ကို ခင်ဗျားတို့ရွာ ခေါ်မလား ကိုကျော်ခေါင်"

"ဗျာ"

"ဟုတ်တယ် ... ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ပြီ။ ကိုကျော်ခေါင်ပြောသလိုပေါ့။ ဆယ်တန်းအောင်တော့လည်း လူ့လောကရဲ့တိုးတက်ရာ တိုးတက်ကြောင်း ဘာမှမလုပ်ရင် အနှိုးမရှိတဲ့လူဖြစ်မှာ ပါဆိုတဲ့စကားကို ကျွန်တော် လက်ခံပါပြီ။ အမိက,က လူ့လောကအတွက် ကိုယ်တတ်နိုင်သလောက် ပင်ရောက်ကူညီမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အကျိုးမရှိပေဘူးလား။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ခင်ဗျားတို့ရွာလေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးရင်း ကျွန်တော့်ဘဝကို မြှုပ်နှံဖို့ ဆုံးဖြတ်လိုက်ပြီဗျာ"

"ဟာ . . . တကယ်လား ကိုသက်ဝေ။ ဝမ်းသာလိုက်တာဗျာ"

သူ့လက်ကိုကိုင်၍ ဝမ်းသာအားရ မေးလိုက်သည့် ခွန်ကျော်ခေါင်၏ မျက်နှာကိုကြည့်ပြီး သူ အပြုံးနှင့် ခေါင်းညိတ်လိုက်သည်။

✸



## အခန်း (၂၀)

"မင်း ဘယ်လိုမေးလိုက်တာလဲ သူငယ်ချင်းရာ။ ငါနဲ့ဆရာမက ဘာလို့လက်ထပ်ရမှာလဲ။ ဆရာမကကော ငါ့ကို လက်ထပ်လိမ့်မယ်လို့ မင်း ဘာလို့ထင်ရတာလဲ"

စိုင်းထွန်းအေး၏ အမေးစကားများကို သက်ဝေရှင်း မဖြေနိုင်ပါ။

လမ်းပေါ်၌ မပြီးပြတ်ခဲ့သောစကားကို ရွာရောက်မှ မေးဖို့ ဆုံးဖြတ်ထားသည်။ သို့သော် မိုးစုန်းစုန်းချုပ်မှ ရွာရောက်သဖြင့် ဘာမှ မေးခွင့်မရချေ။



www.burmeseclassic.com

www.burmeseclassic.com



မနက်ရောက်တော့ သူတို့ဝန်ထမ်းရဲ့ အိမ်ထောင်ဘက်ကို တောင်ကျော်ရွာမှာ သမီးတောင်းရမ်းပွဲလုပ်သည့်ဆီသို့ မလိုက်ဘဲ သက်ဝေလင်းနေသော တဲအိမ်လေးသို့ ပြေးရောက်လာ၍ မေးခြင်း ဖြစ်သည်။

သူ ယခုမြင်နေရသော သက်ဝေလင်းသည် တစ်ချိန်က ကြော့ကြော့မော့မော့ ဖြစ်ခဲ့သော သက်ဝေလင်းမဟုတ်တော့ပေ။

"ငါ နားလည်အောင် ရှင်းပြစမ်းပါ သူငယ်ချင်းရာ"

"အဲဒါအသာထားပါဦး ဖိုးစိုင်း။ မင်းကကော ငါထွက်လာတော့ ဆရာမကို ဖွင့်မပြောဘူးလား။ ဖွင့်ပြောရက်နဲ့ ဆရာမက မင်းကို လက်မခံတာလား။ ငါ့ကိုအရင်ပြောပါဦး"

သူမေးခွန်းကြောင့် စိုင်းထွန်းအေးမျက်နှာ၌ တအံ့တသြ ဖြစ်သွားကာ –

"ဒါ ဒါဆို ... မင်းက တမင်ရှောင်ထွက်သွားတာလား"

"အဲဒီလိုသဘောတော့ မဟုတ်ဘူး ဖိုးစိုင်း။ လောကကြီးကို အကောင်းတိုင်းကြည့်မြင်တတ်သွားတာ။ ပစ်တိုင်းထောင်လို ကျရာ ဘဝမှာ ပျော်တတ်သွားတာ၊ အခု ငါပျော်တယ်။ ဒီမှာ မင်းမြင်တဲ့ အတိုင်း ဘာမှမရှိဘူး။ ခေါင်ရိုက်ရွာပါးတဲ့အရပ်ဒေသမှာ ဘာလို့





ပျော်ရသလဲ အကြောင်းအရင်းက တစ်ခုပဲရှိတယ်။ ဒီက ကလေးတွေ ကို ငါ သံယောဇဉ်ဖြစ်နေပြီ၊ နောက် အနာဂတ်မှာ ထွန်းလင်းလာမယ့် ကြယ်ပွင့်လေးတွေလို့ ရည်မှန်းပြီး ငါ အလင်းပေးခဲ့တဲ့ ကြယ်ပန်း ကလေးတွေ သူတို့နဲ့ ငါ ဘယ်လိုမှ မခွဲနိုင်ဘူး ဖိုးစိုင်း"

စိုင်းထွန်းအေးက သူပြောသည့်စကားများကို နားလည်ဟန် မတူချေ။ ခေါင်းတယမ်းယမ်းနှင့်ရှိနေလေသည်။

တစ်ချိန်က ဆရာမသည် နှမ်းတစ်လုံးဖြင့် ဆီမဖြစ်နိုင်ဆို သည့်အဆိုကို ဖျက်၍ နှမ်းတစ်လုံးဖြင့် ဆီဖြစ်နိုင်ကြောင်း ဥပမာ ကောင်း ပေးနိုင်ခဲ့သည်။

စိုင်းထွန်းအေးကလည်း လောကထွင် ကောင်းကင်၏ အရေး ပါပုံအကြောင်း ဤကဲ့သို့ ပြာလွင်လွင်ကောင်းကင်သည် မြန်မာနိုင်ငံ တွင်သာ ရှိကြောင်း ပြောပြခဲ့ဖူးသည်။

သူကလည်း လမင်းရဲ့အလင်းရောင်နှင့် ပျိုးပေးခဲ့သော ကြယ်ပန်းကလေးများအကြောင်းကို ပြောပြချင်ပါသည်။

"အရင်ဆုံး ငါပြောချင်တာက ငါ့အကြောင်း"

သူ မကြားရဲသလိုနှင့် မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ သက်ဝေလင်း"

မင်း ဒီအခြေအနေကို မြင်ချင်ခဲ့တာပဲ မဟုတ်လား။ မင်း အပေါ် အရမ်းကောင်းခဲ့တဲ့ သူငယ်ချင်းနဲ့ ဆရာမ ပေါင်းဖက်သွားတဲ့ ကိစ္စ မင်း ဘာလို့ မကြားရဲသလို ဖြစ်နေရတာလဲ။

"ငါ အိမ်ထောင်ကျနေပြီ။ ဒါပေမဲ့ ဆရာမနဲ့တော့မဟုတ်ဘူး"

"ဟင်"

သူ့ ဦးခေါင်းက စိုင်းထွန်းအေးရှိရာဘက်သို့ ကပျာကယာ လှဲလိုက်သည်။ နောက် အလောတကြီးကြည့်မိခြင်းရယ်ပါ။ ယခုကျ တော့ စိုင်းထွန်းအေးရဲ့ မျက်နှာက အထူးတည်ငြိမ်နေသည်။

"မင်းတော့မသိဘူး။ ငါကတော့ ငါ့ကိုယ်ငါ သေချာဆန်းစစ် မိလို့လည်း ဆရာမကို ဖွင့်မပြောခဲ့တာ"

"ဘာကိုသိတာလဲ"

သူ့လေသံက အလောတကြီးနိုင်သွားသည်။

"တကယ်တော့ ချစ်တာနဲ့ လေးစားအထင်ကြီးတာ တခြားစီ ပဲ သက်ဝေ။ ငါက ဆရာမကို အရမ်းလေးစား အထင်ကြီးခဲ့တာ။ ဒါပေမဲ့ ချစ်တယ်လို့ ဖွင့်ပြောဖို့ကျ နှုတ်ကလည်း မထွက်သလို၊ စိတ်ကလည်း လက်မခံနိုင်ဘူး"





"ဒါဆို မင်း ဆရာမကို ဖွင့်မပြောခဲ့ဘူးလား"

စိုင်းထွန်းအေးက ခေါင်းအသာယမ်းကာ –

"ဟုတ်တယ် ... ငါ မပြောခဲ့ဘူး။ ငါ့သူငယ်ချင်း ဖွင့်ပြောနဲ့ တဲ့ မိန်းကလေးတစ်ယောက်ကို ငါ စောင့်ရှောက်ရမယ့်တာဝန် ရှိတယ်လို့ ခံယူပြီး"

"ဘာ ... မင်း အဲဒါ ဘာအဓိပ္ပာယ်ရှိလို့လဲ။ ငါ့ကို မင်း ဘယ်လိုတွေ ကတိပေးခဲ့တာလဲ"

မထင်မှတ်ဘဲ ဒေါသတကြီး ထဖြစ်သော သက်ဝေလင်း ကြောင့် စိုင်းထွန်းအေးတောင် လန့်သလို ဖြစ်သွားသည်။

ပစ်စလက်ခတ်နှင့် ဖြစ်ချင်သလို ဖြစ်နေသော သက်ဝေလင်း ရဲ့ပုံစံမှာ လူကြမ်း၊ စိတ်ကြမ်း ဖြစ်နေပါလား။

"မင်း ကတိမတည်တဲ့ကောင်ပဲ"

"သက်ဝေ ... ခုချိန်မှာ ငါတို့ ပြီးခဲ့တဲ့ကိစ္စတွေ ငြင်းခုန်နေဖို့ မဟုတ်ဘူးလေ။ ခု ငါလည်း အိမ်ထောင်ကျနေပြီ။ သားတစ်ယောက် တောင်ရနေပြီ။ ဒီကိစ္စကို ပြန်ပြောလို့သင့်ပါတော့မလား"

"_____"

ဖိုးစိုင်းရဲ့ အကျိုးသင့်အကြောင်းသင့်စကားကြောင့် တ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တရှိုရှိုဖြစ်နေသော သူ့ရဲ့စိတ်များ ငြိမ်သက်သွားသည်။

ဒါပေမဲ့ စိတ်တော့မကောင်းပေ။ သူ သိပ်ချစ်သောဆရာမ နှင့် သူအချစ်ဆုံးသူငယ်ချင်းဆီမှာ စိတ်ချလက်ချ အပ်ထားချင်ခဲ့သည်။

"ဆရာမက ဒီနေ့အချိန်ထိ မင်းကိုပဲ စောင့်မျှော်နေခဲ့တယ် ဆိုတဲ့ကစကားက ငါ အပိုတွေပြောနေတာ မဟုတ်ဘူး သူငယ်ချင်း။ သူထင်နေတာက မင်း စာမေးပွဲအောင်ပြီး တက္ကသိုလ်ရောက်သွား၊ ရှယ်တူတန်းတူတွေနဲ့တွေ့ပြီး သူ့ကိုမေ့သွားတယ်လို့ ထင်နေတာ"

"ငါ ဆရာမကို ဘယ်တော့မှ မမေ့ဘူး ဖိုးစိုင်း။ ငါ့အတွက် မှန်ကန်တဲ့နည်းလမ်းကောင်းတွေ ညွှန်ပြပေးခဲ့တဲ့ ဆရာမ၊ အေးမြတဲ့ မေတ္တာနဲ့ ချစ်ခြင်းတရားတစ်ခုကို သင်ကြားပေးခဲ့တဲ့ ဆရာမကို ငါ ဘယ်တော့မှ မမေ့ဘူး။ ဆရာမကို ငါချစ်တယ်၊ နောင်လည်း ချစ်ဦးမှာပါ။ ဒါပေမဲ့ ကောင်းကင်မှာ လမင်းနှစ်ခု ထွန်းလင်းတယ်ဆိုတာ မင်း ကြားဖူးလို့လား။ ပေါင်းစပ်လို့မရတဲ့ လမင်းနဲ့ နေမင်းပဲ ဖိုးစိုင်း။ ဆရာမက အလင်းရောင်ပေးတဲ့ နေမင်းဆိုရင် နေမင်းရဲ့အလင်းရောင်ကို သွယ်ဝိုက်ခံယူနေတဲ့ လမင်းက ငါပဲ"

"ဘာလဲ ... မင်း အနုပညာဆန်နေတာလား။ ဒါမှမဟုတ် စိတ်ကူးယဉ်နေတာလား၊ သက်ဝေ။ စိတ်ကူးဆိုတာ အတွေးထဲမှာပဲ ယဉ်လို့ကောင်းတာနော်။ လက်တွေ့ဘဝမှာ စိတ်ကူးတွေဟာ ထင်တိုင်း ဖြစ်မလာဘူးကွ"

စိုင်းထွန်းအေးက ကရုဏာဒေါသနှင့်ပြောလေသည်။ သူက ခေါင်းမာတတ်သောသူတစ်ယောက်ရဲ့ အပြုံးနှင့်ပြုံးကာ -

"ငါ စိတ်ကူးယဉ်နေတာ မဟုတ်ဘူး ဖိုးစိုင်း။ ဒါနဲ့ မင်း အခု ဘာလုပ်နေတာလဲ"

"ငါ သတ္တုတွင်းမှာ အလုပ်ဝင်နေတာ ကြာပြီ၊ ငါ့အမျိုးသမီးလည်း ကျောင်းဆရာမပဲ၊ ငါ့သားကတော့ (၂) နှစ် မပြည့်သေးဘူး။ ငါ့ဘဝကတော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ ဆရာမကော မင်းရဲ့ဘဝ ပါ"

"ဖိုးစိုင်း"

"ငါ ဆက်ပြောပါရစေ။ ဆရာမအဖြစ်က ဘယ်လောက် သနားစရာကောင်းသလဲ။ ဒါပေမဲ့ ဆရာမက မင်းကိုကော ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး။ သူ့ဘာသာသူသာ သူဟာ မေတ္တာရေးနဲ့ပတ်သက်ရင် ဘယ်တော့မှ ကံမကောင်းတဲ့သူပါတဲ့"

"------"







www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သူငယ်ချင်း ... လူဆိုတာ ဘာပဲလုပ်လုပ် အစွန်းရောက်ရင် ဘယ်တော့မှ မကောင်းဘူးဆိုတာ မင်းမှတ်ထားစမ်းပါ။ တစ်ချိန်က ဘယ်သူတွေ ဘယ်လောက်ဆုံးမဆုံးမ ဆုံးမလို့မရအောင် မင်း အစွန်းကုန် ဆိုးပြခဲ့တယ်။ ဟော ခုကျပြန်တော့ မိဘ၊ ချစ်သူတွေရဲ့ခံစားချက်တွေကို မသိကျိုးကျွံပြုပြီး အစွန်းကုန် ကောင်းနေပြန်ရော။ အဲဒီလို လုပ်နေရတာ ကောင်းတယ်လို့ မင်းထင်နေသလား။ ဘယ်သူမှလည်း မင်းကို လက်ခုပ်လက်ဝါးတီးပြီး ကောင်းချီးသြဘာ ပေးမယ် မဟုတ်ဘူးဆိုတာ ငါ ကျိန်းသေပြောရဲတယ်"

✸



## အခန်း (၂၁)

စိုင်းထွန်းအေးသည် သူ့ကို တစ်ခါမှ စိတ်မဆိုးဖူး စိတ်ဆိုးသွားလေသည်။ ပြန်သည့်အချိန်ကပင် လာမနှုတ်ဆက်။ သူကိုယ်တိုင်လည်း မသွားဖြစ်။

"မင်းမိဘတွေဆို မင်းမပြောမဆိုနဲ့ ပျောက်သွားလို့ ဘယ်လောက် သောကဖြစ်နေရသလဲ မင်း ကိုယ်ချင်းမစာတတ်ဘူးလား။ ငါတို့ကတော့ ကိုယ့်အိမ်ကနေ ပြောသွားတုန်းကတော့ မနှင်းဝေမြန်မယ်ဆိုလို့ ကြော် ... အေးအေးပေါ့။ မင်းမိဘတွေဆိုက ဖုန်းလာမှ မင်းပျောက်နေမှန်း သိရတာ ငါတို့ ဘယ်လောက်သောကဖြစ်ခဲ့ရသလဲ

www.burmeseclassic.com



မင်းသိလား”

စိုင်းထွန်းအေးသည် သူ့ကို ထမထိုးရုံတမယ် ကြိမ်းမောင်းပြီး ပြန်သွားလေသည်။

“အခုလာတဲ့ ဧည့်သည်တွေနဲ့ ဆရာနဲ့ခင်တယ်ဆို လာဧည့်ခံပေးပါဦးနော်”

“ကျွန်တော် နမ့်ဆန်သွားစရာရှိလို့ မလာနိုင်တာ တောင်းပန်ပါတယ်”

တကယ်ဆို ဒီရွာမှာ ရောက်ကတည်းက ရွာရဲ့သာရေး၊ နာရေး ဘာအရေးမှမရွေးဘဲ သူ ဝင်ရောက်ကူညီခဲ့တာ တစ်ရွာလုံးအသိပင်။

ယခု သူက ငြင်းပြီး ရှောင်ထွက်ခဲ့တဲ့ ဘယ်လိုပြောကျန်ခဲ့မလဲ သူမသိ။ သူသိတာတစ်ခုကတော့ စိုင်းထွန်းအေးကို သူ ရင်မဆိုင်ရဲ။

ကိုယ့်မှာ လူတွေမှန်းလောက်တဲ့အပြစ် လုပ်မထားသော်ငြားလည်း ဘာမှမလုပ်သည့်အပြစ်က ပိုကြီးနေသလား မပြောတတ်။

သူလည်း အသွေးနှင့် အသားနှင့်လူပဲလေ။ မိတကို လွမ်းသည့်အခါများရှိသည်။ ဆရာမကို ပြင်းပြင်းပြပြ သတိရမိသည့်အခါများလည်း ရှိသည်။





ဒါပေမဲ့ မြန်မာနိုင်ငံရဲ့အောက်မှာ တစ်မြေတည်း တစ်ရေတည်း နေနေရတာပဲလေဆိုသည့် ဖြေသိမ့်စိတ်များနှင့် နေနေခဲ့ရတာကိုလည်း ဘယ်သူပြောမလဲ။

ဒါကိုလည်း စိတ်ကူးယဉ်ဆန်ခြင်းလို့ ပြောဦးမလား။ သူ တကယ်ပင် နမ့်ဆန်တွင် တစ်နေကုန်အောင် အချိန်ဖြုန်းနေမိသည်။

ဒီနေ့ညနေ စိုင်းထွန်းအေးတို့ ချက်ခြင်းပြန်ကြမှာကိုလည်း သူသိနေသည်။ အမှန်တော့ သူ ဒီမှာရှိနေတဲ့အကြောင်း ဆရာမကို ပြန်မပြောပါနဲ့ဟု သူ ဗိုးစိုင်းကို ပြောချင်သော်လည်း သူ့ကို ဒေါသဖြစ်နေသောကြောင့် ပြော၍ ရနိုင်မည်မထင်။

သူ မှောင်ရီပျိုးမှ ကြိုတဲ့ထော်လာဂျီနှင့် ရွာထဲသို့ ပြန်လိုက်ခဲ့သည်။

ယခုတော့ တောင်ကျော်ရွာလေးသည် သူရောက်ရှိနေသည့် လေးငါးနှစ်အတွင်း အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့ပါပြီ။

ဖွံ့ဖြိုးသင့်သလောက်လည်း ဖွံ့ဖြိုးတိုးတက်ခဲ့ပါပြီ။ ရွာထဲမှ ကလေးများလည်း စာတတ်သင့်သလောက် တတ်ခဲ့ပြီမို့ သူ့ရဲ့ ပေးဆပ်မှု ဆုံးရှုံးရမှုများအတွက် ဖြေသာသည်ဟု ဆိုနိုင်သည်။

“ဆရာ ဆရာ့အတွက်ဆိုပြီး ဟိုဧည့်သည်က ပေးသွားတာ”

www.burmeseclassic.com



သူ့ရဲ့အိမ်လေးရှေ့သို့အရောက် ကျောင်းသားလေး တစ်ယောက်က စာတစ်စောင် လာပေးသည်။

ဟိုညီ့သည်ဆိုတာ စိုးထွန်းအေးကလွဲ၍ ဘယ်သူမှ မဖြစ်နိုင်တာမို့ သူ စာကို လှမ်းယူပြီး –

"ညီ့သည်တွေ ပြန်သွားကြပြီလား ကျော်လှ"

"ပြန်သွားကြပြီ ဆရာ"

"ဪ"

"ဆရာ ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

"ရပြီ ကျော်လှ။ ဆရာဆီမလာနဲ့တော့နော်။ ဆရာ နေသိပ်မကောင်းလို့ သူငယ်ချင်းတွေကို လိုက်ပြောလိုက်ဦး"

"ဆရာ ဆရာနေမကောင်းဘူးဆိုရင် ရွာထဲက ဆေးမှူးကို သွားပင့်ပေးရမလား ဆရာ"

သူ့ဘာသာသူတစ်ယောက်ထဲ တွေးချင်ရာတွေးနေဖို့အတွက် ပါးစပ်ထဲ တွေ့ကရာဆင်ခြေတစ်ခုကို ကောက်ပြောလိုက်သောအခါ ကလေးက သူ့ကို စိုးရိမ်သည့်ဟန်နှင့် မေးလေသည်။

ဆင်းရဲနွမ်းပါးသည့်ရွာလေးမို့ ကျူရှင်ဆိုတာ အသာထား၊ တချို့ ဝမ်းရေးကြောင့် ကျောင်းတက်ရက်မမှန်သော ကလေးတွေ





တောင် ဒုနှင့်ဒေး။

ထို့အတွက်ကြောင့် ကလေးတွေအားနိုင်မည့် ညဘက်လိုအခါမျိုးတွင် သူ့အိမ်တွင် ခေါ်ကာ စာပြပေးတတ်၏။

သူ မောင်ကျော်လှ၏ခေါင်းကို အသာပွတ်ကာ –

"ရတယ် မခေါ်နဲ့သား၊ ဆရာ့မှာ ဆေးရှိတယ် သွားတော့"

ကလေးတွေကို မလိမ်ရဘူး၊ မညာရဘူး သင်ကြားခဲ့သည့်သူက ကလေးတစ်ယောက်ကို လိမ်ညာမိသည့်အတွက် လိပ်ပြာမလုံသဖြင့် ခပ်မြန်မြန် ကျောခိုင်းလိုက်သည်။

အိမ်ထဲရောက်တော့ ဖယောင်းတိုင်မီးထွန်းညှိကာ ဘုရားမီးပူဇော်လိုက်သည်။ ခါတိုင်းဆို ညမနက်အတွက် ထမင်းဟင်းကို မနက်ကတည်းက ချက်တတ်သည်။

ညနေဘက်ကျတော့ ကလေးတွေကို စာပြနေရတာနှင့် ကိုယ်တိုင်လည်း စာဖတ်နေရတာနှင့် ထမင်းဟင်းမချက်ချင်တော့ပေ။

ယနေ့ကျတော့ ဖိုဆိုင်းကို ရင်မဆိုင်ရဲသည့်နှင့်ပင် မနက်စောစောကတည်းက နမ့်ဆန်ကို ထွက်ခဲ့သဖြင့် ဘာမှမချက်ထားခဲ့ရ။ ယခုကျတော့လည်း ဘာမှ ချက်ချင် ပြုတ်ချင်စိတ်မရှိ။

ထို့ကြောင့် နံရံတွင်ချိတ်ထားသော ငှက်ပျောသီးတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



သွားဖြုတ်ကာ ငှက်ပျောသီးနှင့် ရေပင် မိုက်ထဲဖြည့်လိုက်သည်။

ခုချိန်မှာ စားချင်သောက်ချင်စိတ်ထက် စိုင်းထွန်းအေး စာတစ်တန် ပေတစ်တန်နှင့် ဘာတွေရေးထားမလဲဆိုတာကိုပဲ သိချင်စိတ်ပြင်းပြနေမိသည်။

သူ့ကို မတွေ့ရသည့်အတွက် ပိုတိုး၍ စိတ်တိုနေကောင်းတိုနေပေလိမ့်မည်။

ဗလာစာရွက်ခေါက်လေးကို သူ ကမျာကယာ ဖွင့်ဖတ်လိုက်သည်။

သက်ဝေ ...

မင်းကို လူပြုစားတာလားလို့ မေးရအောင်လည်း မဟုတ်သေး။ ရူးသွားတာလား မေးရအောင်လည်း မင်းမရူးသေးတာ ငါတွေ့နေတော့ ဘယ်လိုမေးရမလဲ မသိတော့တာတော့ အမှန်ပဲ။

မြတ်ဗုဒ္ဓက ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ကို လွဲမှားစွာ ကျင့်ကြံခဲ့မိတယ်။ နောက်မှ မဇ္ဈိမပဋိပဒါ လမ်းစဉ် (အလယ်အလတ်) လမ်းစဉ်ကသာ တရားကိုရနိုင်မယ့်လမ်းဆိုတာ သိမြင်ပြီး လူသားတွေ ဒုက္ခက လွတ်မြောက်နိုင်မယ့် တရားထူး တရားမြတ်တွေကို ပြသနိုင်တော်မူခဲ့တယ်။





အစွန်းရောက်တဲ့အယူရှိတဲ့သူဟာ ဗုဒ္ဓဘာသာဝင်စကားနဲ့ပြောရရင် ဒိဋ္ဌိပဲ။ သက်ဝေ မင်းက ဒိဋ္ဌိဖြစ်နေပြီ။

လူဆိုတာ ဘာကိုလုပ်လုပ် အစွန်းနှစ်ဖက်ကို လွတ်နိုင်အောင် လုပ်ရတယ်။ ထားပါတော့ ငါ ဒီထက်မက ပြောမိရင် မင်းဒီစာကို စုတ်ဖြဲကောင်း စုတ်ဖြဲတော့မယ် မဟုတ်လား။

တကယ်ဆို မင်းက မင်းထင်ရာလုပ်သွားမယ်ဆိုရင် ဆရာမကို မျှော်လင့်ချက်ပေးထားခဲ့ဖို့တော့ မကောင်းဘူး သက်ဝေ။ တကယ်လို့ မင်းသာ ငါ့ရဲ့ညီအစ်ကိုတော်တယ်ဆိုရင် မင်းကို နားနားလေးပိတ်ထိုးမိမှာ သေချာတယ်။

တစ်ခုတော့ပြောရဦးမယ်။ မင်းရဲ့အကြောင်းကိုတော့ ငါဆရာမကို ပြန်ပြောရလိမ့်မယ်။ ကိုယ့်မျှော်လင့်နေတဲ့လူတစ်ယောက်က ကိုယ်မရှိပေမယ့်လည်း နေတတ်နေပြီဆိုမှတော့ မျှော်လင့်စောင့်စားနေတယ်ဆိုရင်လည်း အပိုပဲမဟုတ်လား။

မင်းလည်း မင်းရဲ့ဘဝနဲ့မင်း အသားကျနေပြီပဲ။ ကိုယ့်ဘဝကိုယ် ရှိနေခါမှ တစ်ဖက်လူကို တုတ်နှောင်ထားတယ်ဆိုရင် ဘယ်ကောင်းမလဲ။

ဪ ... နောက်တစ်ခုကတော့ ငါပြောင်းဆိုချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းအမေက မင်း သေများသေပြီလားဆိုတဲ့စိတ်နဲ့ အိပ်ရာထဲလဲနေတာ ကြာပြီ။ မင်းမိဘတွေကို ဆက်သွယ်လိုက်ပါဦး။ မင်း သူတို့ဆီမှာ သွားမနေနိုင်ဘူးဆိုရင်တောင် မင်းအသက်ရှင်နေတယ်ဆိုတဲ့ အသိလေး သူတို့မှာရှိနေရင် ပြန်ထူထောင်လာနိုင်မှာပါ။

သူတို့အတွက် မင်းက တစ်ဦးတည်းသောသား။ တစ်ဦးတည်းသော အားကိုးရာမဟုတ်လား။ ကျွေးမွေးဖို့ နေနေသာသာ ဥပေက္ခာပြု ခံထားရတယ်ဆိုရင် ဘယ်မိဘက စိတ်ချမ်းသာနိုင်မှာလဲ။

ဒါပါပဲ။

ဒါပါပဲရဲ့နောက်မှာ ဘာလက်မှတ်မှမထိုး၊ ဘာနာမည်မှ မရေးထားသဖြင့် စိုင်းထွန်းအေးတစ်ယောက် သူကို တူးခါးနေအောင် ချဉ်သွားခဲ့ပြီလား။

"ကျွေးမွေးဖို့နေနေသာသာ ဥပေက္ခာပြုခံထားရတယ်ဆိုရင် ဘယ်မိဘက စိတ်ချမ်းသာနိုင်မှာလဲ"

မဟုတ်ဘူး မဟုတ်ဘူး ဖိုးစိုင်း။ ငါ မင်းတွေးထားသလောက် မဟုတ်ဘူး။

ခုချိန်မှာ ငါ မိုက်ရိုင်းဆိုးသွမ်းနေတဲ့ လူတစ်ယောက်မဟုတ်တော့တဲ့အတွက် ငါ့မိဘက ဂုဏ်ယူနေလိမ့်မယ်လို့ ငါတွေးထားတာ။





ဟုတ်တယ်၊ ငါမှားသွားတယ်။ သေတယ် ရှင်တယ် မသိရတဲ့ သားသမီးအတွက် ဘယ်မိဘက စိတ်ချမ်းသာနိုင်မှာလဲ။

ငါဟာ ဒီနေ့အချိန်ထိ ကိုယ့်စိတ်နဲ့ကိုယ် အသက်မရှင်နိုင်သေးပါလား။

သူများက လမ်းပြမှ၊ သူများက အမှားထောက်ပြမှ လမ်းမှန်ပေါ် လျှောက်တတ်တာ။ ငါဟာ ဘာအသုံးကျတဲ့ကောင်လဲ။ ငါဟာ ဘာသုံးစားလို့ရတဲ့ကောင်လဲ။

အား။

ဒုန်း ဒုန်း။

ဂလုံ။

သူ ဝါးကွပ်ပျစ်ကို တဒုန်းဒုန်း တဒိုင်းဒိုင်းထုကာ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ အော်ဟစ်နေမိသည်။

တစ်နေကုန် ခေါင်းကိုက်တာတွေ အမြင်မကြည်တာတွေနှင့် ပေါင်းကာ လူက သွေးဆူလွယ်နေသည်။

"ဆရာ"

"ဝေ့ဆရာ ဆရာ ဘာဖြစ်တာလဲဟေ့"

"ဒေါက် ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အော်ဟစ်သောင်းကျန်းသံကြောင့်ထင် အနီးအနားက အိမ်များမှ လူတချို့ရောက်လာကာ သူ့ အိမ်တံခါးကို ခေါက်၍ စိုးရိမ်တကြီး ခေါ်နေကြသည်။

သူ အော်ခေါ်သံတွေလည်း ကြားသည်။ တံခါးခေါက်သံတွေကိုလည်း ကြားသည်။ လူက လေးလေးလံလံ ဖြစ်နေတာ ဘာကြောင့်ရယ်မသိ။ တံခါးဆီသို့ တရွေ့ရွေ့တိုးကပ်သွားကာ။

✸



## အခန်း (၂၂)

ဘယ်တော့မှ မပြန်ဘူးဟု ဆုံးဖြတ်ထားခြင်းမရှိသော်ငြား အိမ်ပြန်ဖို့ အမှန်တကယ် စိတ်မဖြစ်မိပါ။

သမီးမိန်းကလေးတစ်ယောက်မဟုတ်သည့်အတွက် အမေ သူ့ကို စိုးရိမ်ပူပန်မှုရှိမှာ မဟုတ်ဟု တွေးထားခြင်းသည် အတွေးနည်းနည်းများနေလေသလား။

အိမ်ပြန်ချိန်တို့သည် အင်မတန် နွေးထွေးမှုပ်အကောင်းကြောင်း အိမ်ဝေးသူတစ်ယောက်တော့ သိပေလိမ့်မည်။

"အမေ"



www.burmeseclassic.com

www.burmeseclassic.com



လို့ သူ့ရဲ့ခေါ်သံကို ဇဝေဇဝါဖြစ်ရင်း အိပ်ရာထဲက ကျိုးရှုန်း ထသည့်အမေကို ခပ်တင်းတင်း ပွေ့ဖက်ကာ သူ ကလေးလေး တစ်ယောက်လို ရှိုက်ငိုခဲ့မိသည်။

"သား"

"____"

"သား ငါ့သားလေး။ ငါ့သားလေး ပြန်ရောက်လာသေးတယ် နော်"

"သားကိုခွင့်လွှတ်ပါ အမေ"

"ဘယ်လိုဖြစ်ခဲ့တာလဲ၊ ဘယ်လိုအခြေအနေဆိုးတွေကြောင့် မင်းပုံစံက တောထဲကလူရိုင်းတွေနဲ့ တူနေရတာလဲ သား"

အမေက သူ ကြည့်မဝခဲ့ရသော သားလေးတစ်ယောက်ကို အဝတ်အစားနွမ်းနွမ်းဖတ်ဖတ်၊ ဆံပင်တွေ၊ ပါးမြိုင်းမွေးတွေ ရှုပ်ယှက် ခတ်နေသည့် သူ့အား ဟိုစမ်း ဒီစမ်းနှင့် မေးလေသည်။

အဖေက သူတို့သားအမိနှစ်ယောက် အလွမ်းသည်နေသည် ကို မျက်ရည်ဝဲ့သော အကြည့်တွေနှင့် ကြည့်နေခဲ့သည်။

ဒီအချိန်မှာ အဖေ့ဆီက –

"မင်း အသုံးမကျတဲ့ကောင်"





"မိဘအပေါ် နည်းနည်းလေးမှ သိတတ်မှုမရှိတဲ့ကောင်"

စသည့် ပြစ်တင်ပြောဆိုမှု တစ်ခုခု ကြားကိုကြားရဖို့ သူ မျှော်လင့်ခဲ့ပေမယ့် အဖေ့ဆီကတော့ အမေ့ဆီကပါ သူ့ကို အပြစ်တင် ခြင်း စိုးစဉ်းမျှ မရှိချေ။

"စိုင်းထွန်းအေးနဲ့ ဘာတွေဖြစ်လို့ ပျောက်သွားတာလဲ"

ဆိုတာမျိုးလည်း မမေး။

"အမေ ဖိုးစိုင်း။ သားနဲ့ပတ်သက်ပြီး ဘာတွေပြောသေးလဲ"

"သားက ဘယ်လိုပြောစေချင်တာလဲ"

အမေက သူ့ကို ကလေးငယ်တစ်ယောက်ကို အစွမ်းကုန် အလိုလိုက်မည့် လေသံနှင့် မေးလေသည်။

သူ ဘာမှမပြောတော့ဘဲ အမေ့ရင်ခွင်ထဲ ကလေးတစ် ယောက်လို နိုဝင်မိပြန်သည်။

ခြောက်နှစ်နီးပါး မိဘရင်ခွင်ထဲကနေ ထွက်ပြေးခဲ့တဲ့သူ။ ယခုဆို သူက အသက် (၂၆)၊ (၂၇) အရွယ် ရင့်ကျက်ရတော့မည့်သူ တစ်ယောက်။

စိုင်းထွန်းအေးနှင့် မတွေ့ခင်က သူ အပြောင်းအလဲကြီး ပြောင်း လဲသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင့်ကျက်ကြီး ရင့်ကျက်ခဲ့သည်ဆိုသော အတွေးများသည် ဖိုးစိုးနှင့် တွေ့ဆုံသည့်အချိန် ရေပေါ် အရုပ်ရေးသကဲ့သို့ ဘာမှ အရာမထင်တော့ပေ။

သူ့တွင် လိုအပ်ချက်တွေ၊ ဆန္ဒတွေ ပုန်းလျှိုးကွယ်လျှိုး ရှိနေခဲ့တာကို ကာယကံရှင် သူကမသိ။ သူစိမ်းလူတစ်ယောက်က ပုတ်ခတ်နှိုးကာမှ အိပ်လွမ်းသည့် ဝေဒနာက အတော်ကြီးဆိုးနေကြောင်း ခံစားလိုက်ရသည်။

"သားရဲ့မသိတတ်မှု၊ မလိမ္မာခဲ့မှုတွေအတွက် အဖေနဲ့အမေကို သား ဝန်ချကန်တော့ပြီး တောင်းပန်ပါတယ် အဖေနဲ့အမေ"

"သား"

အမေ့မျက်ဝန်းဆီက ပီတိမျက်ရည်တွေ ယိုစီးလာခဲ့သည်။

ယခုချိန်မှာ အဖေ့ဆီက ဘာစကားသံမှ ထွက်မလာပေမယ့် အသံတိတ်ပြုမူသည့် အပြုအမူများက စကားပြောနေတာထက် လေးနက်နေခဲ့သေးသည်။

အဖေက အမေထိုင်နေသော ခုတင်ဘေးတွင် ကပ်ထိုင်လိုက်သည်။

အတူယှဉ်တွဲထိုင်နေသည့် အဖေနှင့်အမေကို ကျော့နပ်အားရ





လောက်တဲ့အထိ ကြည့်ပြီးမှ သူ ခုတင်အောက်သို့ ဆင်းထိုင်လိုက်သည်။

လက်ဆယ်ဖြာထိပ်မှာမိုး၍ –

"အဖေနဲ့အမေအပေါ် သား ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားခဲ့တာတွေရှိရင် ခွင့်လွှတ်ပေးပါ"

သူ့ အဖေနဲ့အမေရဲ့ ခြေကို ထိခြင်းငါးပါးဖြင့် ထိကာ ရှိခိုးကန်တော့စဉ် အဖေ့ထံမှ ပထမဆုံး –

"ငါ့သား ဒီအဖေနဲ့ နောက်နောင် ဘယ်တော့မှ မခွဲသွားဘဲ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် နေထိုင်သွားနိုင်ပါစေ"

တုန်ယင်နေသော အဖေ့ရဲ့ဆုတောင်းသံတွေအဆုံး အမေ့ထံမှ အသံထွက်ငိုရှိုက်သံကို စိတ်မကောင်းစွာ ကြားလိုက်ရသည်။

အမေ့ထံမှ ဆုပေးစကားကို ကြားလိုလှပေမယ့် ဝမ်းနည်းစိတ် လွှမ်းကဲနေသည့် ယခုအချိန်မှာတော့ အမေ့ထံမှ ဆုပေးစကား ကြားရမှာမဟုတ်တာကိုလည်း သူ သိနေပြန်သည်။

"အဖေ ကျွန်တော့်ကို ဟိုတစ်ခါတုန်းကလို နားရင်းကြည်း ကြည်း တစ်ချက်လောက် ထိုးပါလား။ ထိုးစမ်းပါအဖေရယ်"

တိတ်ဆိတ်ငြိမ်သက်မှုကို မလိုလားသဖြင့် သူ အဖေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုယူကာ သူ့မျက်နှာအနီးကပ်ကာ တောင်းဆိုမိသည်။

အဖေက သူ ဆုပ်ကိုင်ထားသောလက်ကို အတင်းတောင့်ခဲထားကာ –

"သားမှာ ဘာအပြစ်မှ မရှိဘူးဆိုတာ အဖေတို့တွေ ယုံကြည်တယ်။ ဘာလို့ထိုးရမှာလဲ"

"အဖေတို့က ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ ယုံကြည်ပေမယ့် ကျွန်တော်ကတော့ အသက်အရွယ်ရနေပြီဖြစ်တဲ့ မိခင်နဲ့ ဖခင်ကို နေကောင်းလား၊ ကျန်းမာရဲ့လား စာရေးဖို့မပြောနဲ့ လူကိုယ်တိုင် တောင် ရောက်မလာခဲ့ဘူး။ အဲဒီအတွက် ကျွန်တော် ကြီးလေးတဲ့ အပြစ်တစ်ခုကို ကျူးလွန်ထားသလို ခံစားရတယ် အဖေ။ ကျွန်တော် ကျေနပ်အောင် ထိုးပါ အဖေ"

လက်သီးဆုပ်ကာ ကိုယ့်ကိုယ်ကိုယ် မုန်းတီးစွာပြောမိတော့ အဖေက သူ့ကို ခပ်တင်းတင်း လှမ်းဖက်ကာ ကျောကို ခပ်ဖွဖွသပ်ကာ

"ဒီချိန်မှာ ဒီစကားတွေက ဘယ်လိုလုပ် အသုံးဝင်တော့မှာလဲ သား။ ဖာတ်လမ်းတစ်ပုဒ်ဆိုရင် ဒါက ဇာတ်သိမ်းခန်းပဲ။ ဇာတ်သိမ်းခန်းဆိုရင် ပျော်ပျော်ပါးပါး ဇာတ်သိမ်းရတယ်။ အငိုနဲ့ ဇာတ်မသိမ်းရဘူးကွ"





"သားမှာ ဘာအပြစ်မှမရှိဘူး၊ တစ်ခုပဲရှိတယ်"

သူတို့သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖွေ့ဖက်နေသည်ကို အမေက ကြည်နူးပီတိဝေဖြာတဲ့အကြည့်နှင့် ကြည့်ရင်းမှ ဆိုခြင်းဖြစ်သည်။

သူ့အဖေရဲ့ပေါင်ပေါ် မေးတင်ထားရင်းမှ အမေ့ထံ လှမ်းကြည့်မိတော့ အမေက ကျလာသည့်မျက်ရည်တွေကို မသုတ်ဘဲ မျက်နှာလွှဲကာ –

"ဒီလောက်ထိ အိမ်ကို တမ်းတနေတာ ပြန်မလာအောင် ထိန်းထားနိုင်တာက ဆိုးလှတယ်"

"အမေ"

အမေ့ရဲ့စကားက သူ့ရဲ့အချက်ကို ကောင်းစွာ ထိမိုက်သွားစေလေသည်။ တကယ်ဆို အိမ်လွမ်းသူရဲ့ ဝေဒနာဖွင့်ထွက်လာအောင် ဆွပေးခဲ့သည့် ဖိုးစိုင်းသာ တောင်ကျော်ရွာသို့ရောက်မလာခဲ့လျှင် သူ အိမ်ကို ဘယ်တော့မှ မပြန်တော့ဘူးလား။

ထိုမေးခွန်းကို ကာယကံရှင် သူတောင် မဖြေနိုင်ချေ။

"တဲ ကဲ သားကို ဒီပုံစံအတိုင်း မြင်ရတာ အမေ စိတ်ဆင်းရဲတယ်ကွဲ့။ မနေ့တစ်နေ့က အမေ့ရှေ့မှာ မြူးမြူးကြွကြွ သန်ရှိနေတဲ့ သားက



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှာ လူရုပ်တောင်မပေါ်တော့တဲ့အဖြစ်ကို အမေ ရင်နာလွန်းလို့။ ဘွား ရေမိုးချိုး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ရိတ်ချေ"

"ဟုတ်ကဲ့ပါ အမေ"

"သားကြိုက်တဲ့ ကြက်သားကာလသားဟင်း ရှင်ချက်ပါလား ကိုဘကျော်။ ကျွန်မက မြူရွက်ကို မြေပဲဆံများများနဲ့ သုပ်မယ်"

သူ ဝင်ဝင်လာခြင်းတုန်းက အိပ်ရာပေါ်တွင် လူမမာလုံးလုံး ဖြစ်နေသော အမေက ယခုကျတော့ အိမ်ရှင်မလုံးလုံး ဖြစ်ကာ စီမံ နေလေပြီ။

သူကြိုက်တတ်သော အစားအစာကိုပင် ချက်ချင်းသတိရကာ ထချက်ဖို့ ပြင်နေပြီ။

"အမေ ကျွန်တော် ဘာနဲ့ပဲဖြစ်ဖြစ် စားတတ်နေပါပြီ၊ ဘာမှ မလုပ်ပါနဲ့တော့။ ကျွန်တော့်ကြောင့် အမေပင်ပန်းမှာကို ကျွန်တော် မကြည့်ရက်ဘူး"

"-----"

"သား ဘယ်လိုပြောလိုက်တာလဲ၊ မင်းက ဘာနဲ့ဖြစ်ဖြစ် စားတတ်နေပေမယ့် မင်းအမေက မင်းကြိုက်တဲ့ဟင်းတွေကို ချက် ကျွေးချင်နေတာ။ မင်းမဟန့်တားပါနဲ့ကွာ"





သူ့ရဲ့စကားကြောင့် တက်တက်ကြွကြွနှင့် အိပ်ခန်းထဲမှ ထွက်ဖို့ပြင်နေသော အမေ့ရဲ့မျက်နှာက ညှိုးခနဲဖြစ်သွားသည်။

အမေက ငြိမ်သက်သွားသောအခြေအနေ၌ လျှပ်မြန်စွာ ထိန်းကာ သူ့ကို ဟန့်တားလေသည်။

စိတ်မကောင်းသည့် အရိပ်အယောင်တွေနှင့် ညှိုးကျသွားသောအမေ့ကို သူ တောင်းပန်သလို ကြည့်ကာ –

"ဒါဆို သား ရေသွားချိုးတော့မယ် အမေ။ ပြောင်း အမေ ပုစွန်ချဉ်လေးပါ သုပ်ပေးနော်"

အမှန်တော့ သူ ဘာနဲ့ဖြစ်ဖြစ် စားတတ်နေပြီဆိုတာက တကယ်ပါ။

ဒါပေမဲ့ ကျွေးချင်လွန်း၍ စီမံခန့်ခွဲနေသည့် အမေ စိတ် မကောင်းဖြစ်မည်စိုး၍ သူပြောလိုက်ခြင်း ဖြစ်သည်။

ယခုမှ အမေ့ရဲ့မျက်နှာက ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားကာ အဖေ့ ကို လှမ်းကြည့်ပြီး –

"ဒီချိန် ဈေးမပိတ်လောက်သေးဘူး။ ကိုဘကျော် ကျွန်မကို ဈေးမှာလိုအပ်တာတွေ သွားဝယ်ပေးဦး။ သားရေ ရေလည်းသေချာ ချိုးဦး။ နားရွက်နောက်တွေ၊ လည်ပင်းတွေ ချေးသေချာတိုက်ဦးနော်။



www.burmeseclassic.com

www.burmeseclassic.com



မင်းက ရေချိုးပျင်းက ပျင်းနဲ့''

ယခုတော့ အိမ်ဝေးသူတစ်ယောက်ရဲ့ အိမ်လွမ်းဝေဒနာ သက်သာသယောင် ရှိလာသည်။ ဆည်းလည်းလို ချိုသာသော မိခင်ရဲ့ စိမ်ခန့်ခွဲမှုတွေကပဲ သူ့ရဲ့ဝေဒနာကို သက်သာပျောက်ကင်းစေသလား မသိ။

သူ သူ့ရဲ့အိပ်ခန်းလေးထဲသို့ ဝင်လာခဲ့သည်။ သူ့ရဲ့ အိပ်ခန်းလေးသည် သူ့ကို မပြောင်းလဲစွာ စောင့်ကြိုနေခဲ့သည်။

ပထမဆုံး သူလုပ်မိသည်က နွေးထွေးသော အိပ်ရာထက် ဝုန်းခနဲ ပစ်လှဲချလိုက်ခြင်းပင်ဖြစ်သည်။

✸



# ကြယ်ပန်းတစ်စင်း လမင်းတာရာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ယခုတော့ ကျွန်တော်သည် ကျွန်တော့်ရဲ့အခြေအနေကို ကောင်းစွာ သတိပြုမိတော့သည်။

တစ်စုံတစ်ဦးရဲ့ ထိန်းကွပ်မှုမရှိတဲ့ ကျွန်တော့်ဘဝ ရပ်တည်၍မရချေ။ ထိုတစ်ဦးတစ်ယောက်ရဲ့ လမ်းညွှန်မှုဖြင့် ကျွန်တော် စာမေးပွဲ ဆက်ဖြေခဲ့သည်။

ကျွန်တော့်အပေါ် အာမျှော်လင့်ချက်၊ ဘာရယူလိုစိတ်မှမရှိဘဲ စောင့်မျှော်နေခဲ့တဲ့ 'ဆရာမ'။ ကျွန်တော်ချစ်မြတ်နိုးစွာ ခေါ်ဝေါ်မိတဲ့ 'မ' ဟာတော့ ကျွန်တော့်ဘဝရဲ့ အလင်းရောင်ပေါ့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မရဲ့နေမင်းဆိုရင် ကျွန်တော်က နေမင်းရဲ့အလင်းရောင်ကို
ဝစ်ဆင့်ပြန်လည်ရယူတဲ့ လမင်းလို့ဆိုတော့ 'မ' က ပြုံးရယ်ပြီး
ျွန်တော့်ကို စိတ်ရှည်သည်းခံသည့်အကြည့်၊ အစ်မက မောင်ငယ်
ာစ်ယောက်အပေါ် ချစ်မြတ်နိုးသည့်အကြည့်နှင့်ကြည့်ကာ –

"မောင့်ရဲ့အလင်းရောင်နဲ့ ကြယ်ပန်းတစ်ခင်းကို ပြုစုပျိုး
ထောင်တဲ့အကြောင်းကော ပြောဦးလေ မောင်ရဲ့"

တဲ့။

ဟုတ်ပါရဲ့။

ယနေ့ မြန်မာနိုင်ငံတော်မှာ ပညာရေးလောကတွင် ဆရာမ
းတွသာ ကြီးစိုးနေသည့်အချိန် ကျွန်တော်တို့လို လူနည်းစု ကျောင်း
ဆရာများကလည်း ကိုယ်တတ်နိုင်သည့်အားနှင့် ကြယ်ပန်းလေးတွေ
ကို ပြုစုစောင့်ရှောက်နေသည် မဟုတ်လား။

'မ' ရဲ့ကူညီစောင်မမှုနှင့် ကျွန်တော် ဆယ်တန်းစာမေးပွဲကို
ာင်ဖြေခဲ့ရာ ဂုဏ်ထူးမထွက်ခဲ့သော်လည်း အောင်မြင်ခဲ့ပါသည်။

"ခြောက်နှစ် ခုနစ်နှစ်လောက် အဆက်ပြတ်နေတာ ဒီနှစ်
ပြန်ဖြေတာ အောင်တယ်ဆိုတော့ ဂုဏ်ယူစရာပေါ့ မောင်ရယ်။ အဲဒီလို
တော်တဲ့မောင့်ကို ကျွန်မက အနမ်းနဲ့ဂုဏ်ပြုရမှာပေါ့"





နဖူးပေါ် နွေးထွေးစွာကျရောက်လာသည့် အနမ်းနွေးနွေးကို
ထာဝရသိမ်းထားချင်သည်။

ဒီလိုကျတော့လည်း ဘဝက နေပျော်ကျေနပ်စရာပါလား။

"ဝေးကွာခဲ့တဲ့အချိန်တွေကို နှမြောလိုက်တာ မရယ်"

"ကျွန်မကတော့ အဲဒီဝေးကွာမှုကို ကျေးဇူးတင်တယ် မောင်"

ငါးနှစ်လောက် 'မ' နှင့် ဝေးခဲ့ရသည့်အတွက် သူ့မှာ နေမထိ
ထိုင်မသာ ဖြစ်ရသည့်အကြောင်း ပြန်ပြောပြတော့ 'မ' က သူ့ကို
ခပ်ပြုံးပြုံးနှင့်ပြောသဖြင့် သူ မကျေနပ်သလို ကြည့်လိုက်သည်။

"ဟုတ်တယ်လေ၊ မောင်သာ ကျွန်မကို တကယ်မချစ်ဘူး
ဆိုရင် တခြားမှာ အိမ်ထောင်ကျနေလောက်ပြီ၊ တကယ်ချစ်လို့ဆိုတာ
အချိန်က စကားပြောသွားတာပေါ့"

ဒီလိုဆိုတော့လည်း ဟုတ်နေပါလား။

စိုင်းထွန်းအေးကတော့ –

"ငါ့မှာ သမီးလေးရှိပြီဆိုတော့ မင်းတို့ သားမွေးကွာ။ မွေးလာ
တဲ့ ကလေးနှစ်ယောက်ကို ခုကတည်းက စေ့စပ်ပေးထားရအောင်"

ဆိုတော့ 'မ' မျက်နှာနီနီဖြင့် –

"မုန့်ဆီကြော်က ဘယ်နေမုန့်းမသိဘူး" ဟု ဆိုလေသည်။



www.burmeseclassic.com

သူ ဆယ်တန်းအောင်တော့ ရိုးရိုးတက္ကသိုလ်တွင် ရိုးရိုးဘွဲ့သာယူပြီး ကလေးတွေကို ပြုစုပျိုးထောင်သည့်ဘော်ဒါဆောင် ဖွင့်လိုက်သည်။

တစ်နိုင်တစ်ပိုင် ပုံစံနှင့် ကလေးတွေကို တစ်တန်းမှာ ဘယ်နှယောက်ဟု သတ်မှတ်ကာ တကယ်တတ်အောင် သင်ပေးသည်။

ငွေရေး ကြေးရေးကို အဓိကမထားဘဲ ဉယျာဉ်မှူးက သူက ပန်းပင်လေးတွေကို ဂရုတစိုက်နှင့် အရိပ်တကြည့်ကြည့် စောင့်ကြည့်နေသလို ကြည့်ရှုစောင့်ရှောက်ခဲ့သည်။

အလုပ်ဆိုတာ ဘာဆိုတာမှ မလုပ်ခဲ့ဖူးဘဲ ပထမဆုံး စလုပ်ခဲ့ဖိသည့်အလုပ်က ကျောင်းဆရာ။ ကျောင်းဆရာဖြစ်လာရမယ်လို့ အိပ်မက်တောင် မမက်ခဲ့ဘူးဘဲ ကျောင်းဆရာဘဝမှာ (၆) နှစ်နီးပါး။

ပြောရဦးမည်။ ကျွန်တော်ပြန်ပြောနေသည့်ကိစ္စများမှာ အဆက်အစပ်မရှိသလို ဖြစ်နေပြီလားမသိ။

ခက်တာက ပြောင်းလဲသွားသည့် ကျွန်တော့်အကြောင်းအားလုံးကို ပြန်မျှဝေချင်နေသည့်ဇောနှင့် စကားတွေက ဟိုရောက်ဒီရောက်။

စောစောက ကျွန်တော်ပြောခဲ့ပါပကော။ ဆရာဆိုတာ





ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူနည်းစုဆိုတာ။ ကျွန်တော် နားထောင်ခဲ့ရသည့် ဆရာမောင်သာချို၏ စာပေဟောပြောပွဲတစ်ခုတွင်မှ ဆရာတွေရဲ့ အခန်းကဏ္ဍနှင့် ပတ်သက်၍ ဤသို့ ပြောခဲ့ပါသည်။

ကျွန်တော့်တပည့် မောင်သိန်းတန်တစ်ယောက် ကျောင်းကို စက်ဘီးနဲ့ မနက်တိုင်းသွားပါတယ်။ သူ ကျောင်းသွားတိုင်း အဖြူအစိမ်း မဝတ်သဖြင့် ဘာကြောင့်လဲမေးတော့ မောင်သိန်းတန်က–

"ကျွန်တော်တို့ ဆရာတွေဘဝက ရင်နာစရာကောင်းတယ်ဆရာရာ"

"ဟေ ဘာကြောင့်လဲကွ"

"ကျွန်တော် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ လက်ဖက်ရည်မှာသောက်တော့ စားပွဲထိုးလေးကို မုန့်ချလို့ပြောပါတယ်။ အဲဒီစားပွဲထိုးလေးက ကျွန်တော့်ကိုကြည့်ပြီး ဘာမှမပြောပါဘူး။ နောက် နာရီဝက် ကြာတဲ့အထိ မုန့်ကရောက်မလာတော့ ကျွန်တော် စိတ်တိုတိုနဲ့ 'ဟေ့ကောင် ငါ မင်းကို မုန့်ချလို့ပြောနေတာ မကြားဘူးလား' ဆိုတော့ ကောင်လေးက ကျွန်တော့်ကို တကယ်စားမှာလားလို့ မေးတယ်။ ကျွန်တော် တော်တော် စိတ်ဆိုးတယ်ဆရာရယ်။ ဘာမှ ပညာမတတ်တဲ့ စားပွဲထိုးလေးကတောင် ကျွန်တော်တို့ ဆရာတွေကို လေးစားရ

www.burmeseclassic.com



ကောင်းမှန်းမသိပါဘူး။ အဲဒါကို ကျွန်တော်ရင်နာတယ် ဆရာ”

ဆိုသလို မြန်မာနိုင်ငံမှာ သာမန်ကျောင်းဆရာတစ်ယောက်ကို အထင်ကြီးလေးစားတယ်ဆိုတာ ခပ်ရှားရှားပါ။

သို့သော် ကျွန်တော်တို့သည် အလုပ်တစ်ခုကို လူအထင်ကြီးအောင် လုပ်ချင်ရုံသက်သက်မဟုတ်။ မည်သူ့ကို အထင်ကြီးကြီးသေးသေး ဂရုမစိုက်။

ကိုယ်ဝါသနာပါရာ ကိုယ်လုပ်တာ လူတွေ ဘာပြောပြော ဂရုမစိုက်။

ဘယ်လောက်ပဲ အထင်သေးသေး ဘယ်သူက ‘ဆရာ ဆရာမ’ နှင့် လွတ်ကင်းတဲ့သူ ရှိခဲ့လို့လဲ။

ဆင်းရဲလွန်းလို့ ကျောင်းကဆရာ ဆရာမတွေနှင့် ဝေးကွာခဲ့လျှင်တောင် ဘဝတက္ကသိုလ်မှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေနဲ့တော့ မလွဲမသွေ ကြုံတွေ့ခဲ့ရသည် မဟုတ်တုံလော။

ထို့ကြောင့် ကျွန်တော်ကတော့ ဂုဏ်မရှိရှိ၊ ငွေမရှိရှိ မြတ်နိုးစွာ ရွေးချယ်ခဲ့သည့်အလုပ်ကိုတော့ ဘယ်သောအခါမှ စွန့်လွှတ်မည် မဟုတ်ပေ။

“လမင်းက ကြယ်ပန်းလေးတွေကို ပြုစုစောင့်ရှောက်ဖို့ဆိုရင် နေမင်းက လမင်းကို အလင်းရောင်ခွန်အားတွေ ပေးသနားဖို့ လိုတယ် နော်”

ဟုဆိုတော့ ‘မ’ က ကျွန်တော့်ကို ရင်ခွင်ထဲမှာ ထွေးပွေ့ကာ

“ပြောနေစရာလိုသေးလို့လား မောင်ရယ်။ ကျွန်မက မောင့်ရှေ့ကနေ ဦးဆောင်တဲ့သူ မဖြစ်ချင်ဘူး။ မောင့်နောက်ကနေ မောင်လိုအပ်သမျှကို ပံ့ပိုးပေးနေရတဲ့သူ ဖြစ်ချင်တာလေ”

တဲ့။

ကျွန်တော်နဲ့မရဲ့ကြားက အပေးအယူမျှတမှုတွေကြောင့် ဝေးကွာခြင်းဆိုတာ ဘယ်တော့မှ ရောက်မလာနိုင်တော့ပါ။

လှိုင်းကြာမြို့ (လားရှိုး)







www.burmeseclassic.com